ကံ
ကျော်
ဝတ်
ရည်

mgyoe.com
SAMPLE BOOK

# ဇင်ကိုကို

## ဝတ္ထုတိုပေါင်းချုပ်

ဇင်ကိုကို

[illegible]



mgyoe.com

mgyoe.com SAMPLE BOOK



ISBN 978-99971-0-378-9
K0378
9 789997 103789

COVERDESIGN: NAYMYOSAY

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဩဂုတ်လ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - နေမျိုးဆေး
တန်ဖိုး - ၇၈၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# မောင်ကိုကို

## ထွာကြုံလောင်းချည်

မောင်ကိုကို
ဘာသာပြု



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မာတိကာ


- အမှာစာ ၉
- ဆည်းဆာတွေ၏ ခြားထားတဲ့ ကိုယ်တို့ရဲ့ အချစ် ၁၃
- ရွှေဆိုင် ၁၈
- ပန်းဖျော့ဆွယ်တာ ၂၈
- နံနက်ခင်း နှင်းဆီပွင့် ၃၆
- လမ်းလျှောက် လူတစ်ယောက် ၄၂
- ကျွန်တော်၏ ညနေစောင်း ၄၈
- အိပ်မက် ၅၆
- ဖွဲ့စည်းမှု ၆၅
- ပြတင်းပေါက် ၇၄
- အောင်ဘာလေနှင့် ရွှေငါးလေး ငါးကောင် ၈၂
- သားကလေး ၈၈
- ပွဲတော်က ဝါးမျိုသွားတဲ့ ည ၉၈
- ညီမလေး၏ ည ၁၀၇


mgyoe.com

mgyoe.com SAMPLE BOOK


- ကဖေးဆိုင်လေးသို့ ၁၁၄
- ဘဝအမောနှင့် ကျောက်စက်ရေ ၁၂၄
- အေနှင့် ဘီ ၁၃၇
- စပို့ရှပ် ၁၄၆
- ငွေးငွေး မွေးမွေး ဒဏ္ဍာရီ ၁၅၂
- မခင်စောမြင့် ဝတ္ထု ၁၆၆
- ချစ်မေတ္တာရေများ ၁၇၅
- ပဋမမြောက်အလွှာ ၁၈၄
- ဗာဂျီးနီးယားဝုဖ်ကို လိုက်လို့ရှာ ၁၉၁
- ဂစ်တာလေးတစ်လုံးရဲ့ လပြည့်ည ၁၉၈
- ကျွန်တော့်ဆရာရဲ့ အင်္ဂလိပ်စာသင်တန်း တက်တဲ့ နံနက် ခုနစ်နာရီ ၂၀၄
- ငှက်ပြာလေးနဲ့ ကျွန်တော် ၂၀၉
- အစ်ကိုရေ… ဘယ်မှာလဲ ၂၁၇
- ပြည်မြို့ အငွေ့အသက် ၂၂၃
- မြို့ကလေးနှင့် ကျွန်တော် ၂၂၇
- ကျွန်တော်၏ မေမေ ၂၃၅
- ဆေးမင်ကြောင် ၂၄၉
- ဟိုတယ် ၂၅၅
- မုဆိုးတို့ရဲ့ လဝန်း ၂၆၁
- ကားတံခါးကို ဒိုင်းခနဲ ပြင်းပြင်းထန်ထန် ဆောင့်ပိတ်ဖို့
ကျွန်တော် ဘယ်တုန်းကမှ မမေ့ပါ ၂၆၉
- မြေခွေးခေါင်းနဲ့ သစ်သီးပုပ် သုံးလုံး ၂၇၅
- သစ်ရွက်ငွေလရောင် အချစ်သီချင်း ၂၈၁
- အချစ်၏ ရယ်မောသံကြောင့် ပန်းများ ပွင့်ခဲ့သည် ၂၈၉
- ရွှေမန်းတင်မောင် ဝတ္ထု ၂၉၂
- ကျွန်တော်တို့ ထပ်မံတွေ့ဆုံကြမည် ၃၀၃
- တိမ်တွေ ပြာဖို့၊ ချစ်ဖို့ ၃၀၆
- ပင်လယ်ပြာလေးက ဇီဇဝါပန်း ပွင့်သောည ၃၁၁
- ပန်းသီးပင်လေးနှင့် ကျွန်တော် ၃၁၇
- မန္တလေးစက်ဘီး နာမည်ကြီးတယ် ၃၂၂
- ရောဝတီ လက်ဖက်ရည်ဆိုင် ၃၂၆
- မြိတ်မြို့မှာ ၃၃၁


mgyoe.com

mgyoe.com SAMPLE BOOK


- ပီစီကေ ၃၃၇
- ကျုပ်ရဲ့ ဘော့စ်ကို ကျုပ် မုန်းတာ ကြာပေါ့ ၃၄၂
- အချစ်ရေ… ကိုယ်တို့နှစ်ယောက်ဟာ မြို့တစ်မြို့ ဖြစ်တယ် ၃၄၆
- ပန်းချီကား ၃၅၄
- တို့နှစ်ယောက် မော်တော်ဆိုင်ကယ်ကို စီးလို့ ၃၅၉
- ပျံသန်းနေသည့် သီချင်းသစ်လေး ၃၆၄
- အိတ်စ်ပရက် ၃၇၆
- ပိုးဟပ် ၃၈၁
- ဂစ်တာလေးတစ်လုံးရဲ့ ဂျင်းဘောင်းဘီ ၃၈၅
- ကျားရဲ ၃၈၈
- မြို့ကလေးက ကိုထွေးအကြောင်း ၄၀၂
- ရပ်ကွက် ၄၀၈
- တံမြက်စည်း ၄၁၈
- ဂမ္ဘီရ ၄၂၇
- ပေါ့ပေါ့ပါးပါး ဖြတ်သန်းသွားတဲ့ ပိုးမွှားရုပ်ပုံလွှာ ၄၃၄
- ဓား ၄၄၀
- ကျုပ်ရဲ့ တစ်ကိုယ်တော်ပြပွဲဟာ ကျုပ်ကျောပေါ်မှာ လူတွေနဲ့ ၄၅၁
- ကြက်ဥ၊ လမုန့်၊ ဖိနပ် ၄၅၆
- မြစ်ပြင်ပေါ်မှာ ၄၆၃
- အရှူး… မောင်ကိုကို ၄၆၉
- ဆရာတို့ဆီမှာ ပေါ်ဦးသက် လာသလား ၄၇၅
- ဂျိုကာ ၄၇၉
- ထိုညက ပန်းချီ မဆွဲဖြစ်ပါ ၄၈၆
- အသံတစ်ခု ငတ်တယ်လို့ သူမက ပြောတယ် ၄၉၂
- လျှော်ဖွပ်ခြင်း ၅၀၃
- ငယ်သူမို့ ၅၀၈
- သရဲနှင့် စကားပြောခြင်း ၅၁၃
- ခေတ်ပုံပြင် ၅၁၅
- ဗာစကိုပိုပါ တြိဂံ ၅၂၁
- မန္တလေးမြို့၏ ညတစ်ည ၅၃၂


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဝတ္ထုတိုကို ရှုမဝမဂ္ဂဇင်းမှာ စတင်ငြိခဲ့၏။ ထိုအချိန်က ကြည်အေး ဝတ္ထုတိုပေါင်းချုပ် ဆိုတာမျိုး မပေါ်သေး။ မဂ္ဂဇင်းထဲက ဖြုတ်ပြီး ချုပ်ထားသော ကြည်အေးဝတ္ထုတိုများကို စာအုပ်အဟောင်းရောင်းသူထံမှ ဝယ်၍ ရတတ်သည်။

ဒဂုန်တာရာ ဝတ္ထုတိုပေါင်းချုပ်အထူကြီးကို ပုဂံစာအုပ်တိုက်က ထုတ်ထားသည်။ ကျွန်တော် ကိုင်ထားသည်။ လမ်းလျှောက်နေသည်။ ဝတ္ထုတိုတွေက ကျွန်တော့်ဝန်းကျင်က နှင်းမြူထဲမှာ တွဲလဲခိုလျက်။

၁၉၇၅၊ ၁၉၇၆။ ရှုမဝမှာ ဘယ်သူ အသစ်အဖြစ် ပါဝင်လာမလဲ။ ကျွန်တော့်အာရုံကို သစ်စေသော ဝတ္ထုတိုက ဘယ်ဟာလဲ၊ အမြဲစောင့်စားလျက်။

စိတ်က ရှုမဝမှာ ဝတ္ထုတို ဝင်ရေးချင်နေ၏။ ဆင်ခြင်သိက အခုနေ ဝတ္ထုတို ရေးလျှင် ဒဂုန်တာရာနှင့် ကြည်အေးတို့၏ စကားပြေက ကျွန်တော့်ဝတ္ထုတိုကို လွှမ်းမိုးနေမည်ဟု သုံးသပ်မိ၏။

ကျွန်တော့်ဝတ္ထုတိုကို ဖတ်လိုက်လျှင် မြန်မာအရေးအသားထဲက ဘယ်သူနှင့် တူနေသည်၊ ဘယ်ဝါနှင့် တူနေသည် ဆိုတာမျိုးကို ကျွန်တော်သည် မလိုလား။ ဝတ္ထုတို ဖတ်ရာမှာလည်း ခေတ်သစ်ဝတ္ထုတိုမျိုးကိုသာ ဖတ်ချင်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုတွေ အများကြီး စုပ်ယူချင်သည်။ မြန်မာဝတ္ထုတိုလောက်ကိုပဲ စုပ်ယူမလား။

၁၉၇၆ ကစ၍ နိုင်ငံရပ်ခြားဝတ္ထုတို စာအုပ်ကလေးများကို စတင်ဝယ်ယူ စုဆောင်းသည်။ အင်္ဂလိပ်စာကို မကျွမ်းကျင်။ သူ့ဝတ္ထုတိုကို ခံစားချင်လွန်း၍ ကြိုးစားဖတ်သည်။ စာတစ်မျက်နှာတည်းကို ထပ်တလဲလဲ ဖတ်၏။

စိတ်ထဲက လက်ခံထားသည်မှာ ဝတ္ထုတိုအသစ်ပုံသဏ္ဌာန်။ ဆမ်းမားဆက်မွန် ဝတ္ထုတိုမျိုးကို ကျွန်တော် လုံးဝ မကြိုက်။

အယ်လ်ဘာတို မိုရေးဗီးယား။

ကျွန်တော် ဖတ်ကြည့်သည်။ ကြိုက်သည်။

ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်၍ နားလည်သွားလျှင် အရမ်းပျော်သွား၏။ တစ်ပုဒ်ကို နှစ်ရက်၊ သုံးရက် ဖတ်သည်။ သူ့စကားပြေအကြောကို သိသွား၏။

ဂျိမ်းဂျွိုက်စ်။ ဒပ်ဗလင်နာ။

ဖတ်သည်။ ကျွန်တော့် စိတ်ခံစားမှုနှင့် နီးစပ်သည်။ စိတ်လှုပ်ရှားရ၏။

အားနက်စ် ဟဲမင်းဝေး။

သူ့ဝတ္ထုတိုပေါင်းချုပ် သုံးအုပ်စလုံးကို ရအောင် ဝယ်၏။ ရန်ကုန်၊ ပန်းဆိုးတန်းက ရတာ များသည်။ ဟဲမင်းဝေးကို အတိုဆုံး ဝတ္ထုတိုလေးများက စ၍ ဖတ်သည်။ Men Without Women.

သူ့စကားပြေ၏ ရှင်းလင်းမှုကို ကျွန်တော် အရမ်းကြိုက်သည်။ သူ့ဝတ္ထုတိုကို ဖတ်ပြီးလျှင် ဆက်စပ်တွေးတောရတာတွေက အများကြီး။ အဓိပ္ပာယ်က ဝတ္ထုတို၏ နောက်ကွယ်မှာ ရှိနေသည်။ ဇာတ်ကောင်၏ အနောက်က နောက်ခံဘက်ဂရောင်းမှာ ခေတ်ကြီး တစ်ခေတ်လုံး ဖြစ်၏။

အဲလ်ဘတ်ကမူး–

Exile and the Kingdom.

သူ့ဘဝမှာ ဝတ္ထုတို ခြောက်ပုဒ်တည်းသာ ရေးခဲ့တာလား။ ကျွန်တော် အကြိမ်ကြိမ် ဖတ်သည်။ စည်းအပြင်ကလူ စာအုပ်လို စကားပြေက မရှင်း။ Exile and the Kingdom. ထဲက ဝတ္ထုတို ခြောက်ပုဒ်ကို ကျွန်တော် အကြိမ်ကြိမ် ဖြတ်သန်းခဲ့၏။ တောင်ကမ်းပါးယံမှာ အဖုအထစ်များလည်း ရှိ၏။ နင်းမိသည်။

ဂျွန်စတိန်းဘတ်၏ The Snake ကို ဖတ်သည်။ သူ့ဝတ္ထုက ဘာပြောချင်တာလဲ။ အဲဒီမိန်းမ၏ မွတ်သိပ်မှုက ဘာလဲ။ ကျွန်တော်သည် အင်္ဂလိပ်လိုဖတ်ရင်း သိသွား၏။ ဝတ္ထုတို၏ သိမ်မွေ့မှုအနုပညာ။ ဝတ္ထုတိုမှာ ဆန်းကြယ်သိမ်မွေ့သော အနုပညာ ရှိနေ၏။

ဗာဂျီးနီးယားဝုဖ်

ဆော်ဘဲလိုး

ကပ်ဖကာ

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ ဝတ္ထုတိုများကို ကျွန်တော် ရပြန်သည်။ မော်ဒန်ဆန်သော ဝတ္ထုတိုကိုသာ ဝယ်၏။

နောက်တော့ German Writing Today စာအုပ်ကို ရပြန်၏။

ကျွန်တော့်အသည်းစွဲ ဖြစ်သွားသည်။Time and Space ရောထွေးမှုများ။ အသစ်ကို ပေးသော ဝတ္ထုတိုများ။

၁၉၇၆ ကစ၍ နိုင်ငံရပ်ခြား မော်ဒန်ဝတ္ထုတိုများကို ကျမ်းစာလို ဖတ်လာခဲ့သည်။ ဖတ်သည်၊ ခံစားသည်၊ စုပ်ယူသည်။ ဝတ္ထုတိုလေးကို အမြဲတွေးသည်။ ဝတ္ထုတို ချမရေးပါ။ နိုင်ငံရပ်ခြား ဝတ္ထုတိုကိုသာ စုပ်ယူနေသည်။ ၁၉၇၆ မှ ၁၉၈၅ အထိ။

၁၉၈၅ တွင် 'ညီမလေး၏ ည' ကို နှုတ်ဖြင့် ရွတ်ဆို အသံသွင်း၏။ ကိုယ့်အသံကို ကိုယ် ပြန်နားထောင်၏။ ထိုအသံကို စာရွက်ပေါ်မှာ ချရေး၏။ စကားပြေမှာ ရစ်သမ်ပါသလား။ နောက်ရက်များတွင် 'ကဖေးဆိုင်လေးသို့' ဝတ္ထုတိုကို ချရေး၏။ မန္တလေးက စာအုပ်အဟောင်းရောင်းသော မိတ်ဆွေကို ပြကြည့်၏။ "လုံးဝ မကြိုက်ဘူး၊ အဆက်အစပ်တွေက မှားယွင်းနေတယ်" ဟု သူက ပြောပြီး ကျွန်တော့်ဝတ္ထုတို လက်ရေးစာမူကို ကျွန်တော့်အား ချက်ချင်းပြန်ပေး၏။

ကျွန်တော့်စိတ်ကတော့ ဝတ္ထုတိုမှာ အဲဒီလို မှားယွင်းလွဲချော်နေမှုကို ကြိုက်နှစ်သက်နေသည်။ ကိုယ်ကြိုက်တဲ့ မဂ္ဂဇင်းက ဘာလဲ။ ရှုမဝ။ အယ်ဒီတာက ဘယ်လို ဆုံးဖြတ်မလဲ။ မှားယွင်းသော အခင်းအကျင်း၊ မှားယွင်းသော စကားပြေ၊ မှားမှားယွင်းယွင်း တင်ဆက်မှု။ ကျွန်တော် ကြိုက်သည်။

'ညီမလေး၏ ည' နှင့် 'ကဖေးဆိုင်လေးသို့' ကို စာအိတ်အညိုထဲတွင် ပူးထည့်သည်။ ရှုမဝသို့ စာတိုက်ကနေ မှတ်ပုံတင်ပြု၍ ပို့လိုက်၏။

၁၉၈၅၊ မေလ၊ 'ညီမလေး၏ ည'။

၁၉၈၅၊ ဇွန်လ၊ 'ကဖေးဆိုင်လေးသို့'။

ရှုမဝမှာ နှစ်လ ဆက်တိုက်ပါလာ၏။

ကျွန်တော့်ဝတ္ထုတိုသည် ရှုမဝက စခဲ့၏။ ထိုအချိန်က ဝင်းတိုးရခက်သော ရှုမဝက စခဲ့၏။ ရှစ်နှစ်၊ ကိုးနှစ်က ဝတ္ထုတိုကို လက်နှင့် ချမရေးခဲ့။ စိတ်နှင့် ရေးခဲ့၏။ သေချာနေပြီ။ အုံခဲနေပြီ ဆိုတော့မှ လက်နှင့် ချရေးလိုက်၏။

'မောင်ကိုကို ဝတ္ထုတိုပေါင်းချုပ်' တွင် ကျွန်တော့်တစ်ကိုယ်လုံး ဝတ္ထုတို ဖြစ်နေသော ကာလများက ရေးသားခဲ့သော ဝတ္ထုတိုများ ပါဝင်ပါသည်။ သေချာသည်။

*လေးစားစွာဖြင့်*
*မောင်ကိုကို (အမရပူရ)*

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဆည်းဆာတွေ၏ ခြားထားတဲ့ ကိုယ်တို့ရဲ့အချစ်

(၁)

ဆည်းဆာ ဆိုတာဟာ ကြည်မော ရီဝေဖွယ်ရာ၊ ယစ်မူးစွဲလမ်းဖွယ်ရာ အလှပန်းချီကား တစ်ချပ်လို့ ငယ်ငယ်က မှံစားနားလည်ခဲ့ဖူးတယ်။ ခုတော့...

(၂)

အချစ်ရေ...

အချစ်ကကော ဆည်းဆာတွေကို ဘယ်လိုခံစားချက် ဓာတ်ခံမျိုးနဲ့ ကြည့်မြင်ဆုံးဖြတ်ဖူးပါလိမ့်။ ယခုပစ္စက္ခမှာ ကိုယ်နဲ့ အချစ်တို့ရဲ့ကြား တားဆီးခုခံထားတဲ့ ဆည်းဆာကားချပ်တွေကို 'အချစ်' ရဲ့ နှလုံးသားနဲ့ တွေ့ထိ ခံစားကြည့်ဖူးပါသလား...။ လူတွေရဲ့ သာမန်မျက်စိမျိုးနဲ့ မကြည့်ဘဲ နှလုံးသားထဲက အချစ်ပြည့်လျှမ်းတဲ့ စိတ်မျက်စိနဲ့ 'အချစ်' ကြည့်ကြည့်လိုက်စမ်းပါ...။ အချစ် တွေ့ရမယ်လေ...။ ကိုယ်တို့နှစ်ယောက်ရဲ့ကြားမှာ တားဆီးခုခံထားတဲ့ဆည်းဆာကားချပ်တွေကိုအချစ်လည်း တွေ့ရလိမ့်မယ်။ လှပစိုပြည်တဲ့ဆေးရောင်စုံ

mgyoe.com

mgyoe.com SAMPLE BOOK
တွေကိုလည်း ဘယ်လို ကောက်ကျစ်တဲ့ နတ်ဆိုးက အငြိုးကြီးစွာ သိမ်းဝှက်ထားသလဲ မသိဘူးနော်။ ဆည်းဆာတွေဟာ မှောင်မည်းသိပ်သည်းလို့။

(၃)

ဆည်းဆာတွေကို မြူခိုးတွေနဲ့ ဖွဲ့စည်းထားတယ်။ မှောင်ရိပ်တွေနဲ့ သိပ်သည်းစေတယ်။ အဲဒီ ဆည်းဆာများစွာ ဖွဲ့စည်းထားတဲ့ ကြားခံဒြပ်ကြီးက အချစ်နဲ့ ကိုယ်နဲ့ကို မတွေ့ မမြင်၊ မဆုံစည်းရအောင် တမင်တားဆီးလို့ နေတယ်။

အချစ်က ဆည်းဆာရဲ့ ဟိုဘက်မှာနော်...။ ကိုယ်က ဆည်းဆာရဲ့ ဒီဘက်မှာလေ။ 'အချစ်'ကို ကိုယ့် တကယ့်ကမ္ဘာထဲမှာ မတွေ့နိုင်ဘူး။ အချစ်က ကိုယ်နဲ့ ဟိုးအဝေး...အဝေးကြီးမှာလားဟင်။ ဒါမှမဟုတ် အချစ်က ဟိုး အမြင့်ကြီးမှာလား...။ ကိုယ့်လက်တွေက တိုတောင်းလှချည်ရဲ့ ဆိုပြီး တစ်ခါတလေလည်း အားငယ်လိုက်တာ အချစ်ရာ။

(၄)

အချစ်က ဆည်းဆာရဲ့ ဟိုတစ်ဖက်မှာ ပျော်နေသလားကွယ်။ ဆည်းဆာတွေ ခြားထားလို့ ကိုယ့်အမြင် မှုန်ဝါးတဲ့နေရာ တစ်နေရာမှာ အချစ်ရဲ့ '၂၅'နှစ်မြောက် မွေးနေ့ပွဲလေး ကျင်းပနေပါသလား။ အဲဒီအချိန်မှာ အချစ်က အချစ်ရဲ့သူငယ်ချင်းတွေနဲ့အတူ ပျော်ရွှင်စွာ ရှိနေကြမယ်နော်။ အချစ်ရဲ့ အဘိဓမ္မာဆန်ဆန် လေးနက်တဲ့စိတ်ဟာ သွယ်လျ ပေ့ါပါးတဲ့ အချစ်ခန္ဓာကိုယ်ထဲက ခုန်ထွက် လွင့်စဉ်ပြီး ရယ်မောသံတွေအကြားမှာ ဆင်ခြင်မှုမဲ့ မြူးထူး ကခုန်နေပြီလား။ အချစ် စိတ်လွတ် ကိုယ်လွတ် ပျော်နေပြီလား... ဟင်။

အချစ်ရေ... အနှစ်သာရရှိတဲ့ ပျော်ရွှင်မှုအစစ်ဟာ ချစ်ခြင်းမေတ္တာအစစ်နဲ့ တွေ့ထိမှသာ ဖြစ်ထွန်းစည်ပင်နိုင်တာပါ။ ပျော်ရွှင်မှု အတုတွေထဲမှာ ချစ်ခြင်းမေတ္တာရဲ့ အသည်းနှလုံးဟာ အကြာကြီးရှင်သန်လို့ မဖြစ်နိုင်ဘူးနော်။ အသည်းနှလုံးဆိုတာ 'ထာဝရ' နဲ့ 'ယာယီ'၊ 'အစစ်' နဲ့ 'အတု' ဆိုတာတွေကို ခွဲခြားတတ်တယ် အချစ်ရဲ့။

ဒါပေမဲ့လေ...ကိုယ့်ကို မမြင် မတွေ့နိုင်တဲ့နေရာမှာ နေရမှ အချစ်ပျော်မယ် ထင်ခဲ့ရင် ဆည်းဆာတွေဟာ သည့်ထက်ပိုပြီး သိပ်သည်းထူထပ်ပါစေတော့ကွယ်...။

(၅)

အချစ်ရေ...

တကယ်ပဲ သိလား။ ဟိုအရင်ကတော့လေ၊ ဆည်းဆာတွေဟာ ကိုယ့်ရင်ကို ခုလောက် နွမ်းကြေ ရှတစေလိမ့်မယ်လို့ တစ်ခါမှ မတွေးထင်ခဲ့မိဘူး...။ နောက်ပြီး အချစ်ကို စတင်
mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ခဲ့မိတာကလည်း သိပ်ချစ်ဖို့ကောင်းတဲ့ အလှဆည်းဆာလေးတစ်ခုရဲ့ အောက်မှာမဟုတ်လား။ အမြင် အေးငြိမ်းတဲ့ အလှဆည်းဆာလေးရဲ့ အောက်မှာ ဆည်းဆာထက်တောင် ပိုပြီး တည်ငြိမ်လှပနေတဲ့ အချစ်ကို တွေ့လိုက်ရတော့... ကိုယ့်အတိတ် စိတ်ကူးရုပ်ပုံလွှာထဲက ချစ်သူဟာ 'အချစ်'ပဲ ဖြစ်တယ်လို့ တထစ်ချ သတ်မှတ် လက်ခံလိုက်တော့တယ်။

ဟီရိသြတ္တပ္ပတရားကို ထာဝစဉ် ထိန်းသိမ်းမယ့် လက္ခဏာတွေကို အချစ်ရဲ့ လှလွန်းစိုရွှန်းတဲ့ မျက်ဝန်းလေးတွေထဲမှာ ကိုယ် ရှာဖွေ တွေ့ရှိနေမိတယ်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနဲ့ ဣဿာ မစ္ဆရိယတွေ ကင်းပစင်ကြယ်တဲ့ အချစ်ရဲ့ အဇ္ဈတ္တသန္တာန်ဟာ ပါးလျားပြေပြစ် ဖြူနုတဲ့ အချစ်ရဲ့ မျက်နှာလေးပေါ်မှာ သိသာထင်ရှားစွာ ထင်ဟပ်လို့နေရဲ့။

အို...ကိုယ် ငယ်ငယ်ကတည်းက ကိုယ့်စိတ်ကူး မျှော်မှန်းချက်ထဲမှာ ချစ်ခဲ့၊ မြတ်နိုးခဲ့၊ ပြုစုယုယခဲ့ရတဲ့ ကိုယ့် 'အချစ်'ပါကလား။ စိတ်ကူးထဲမှာသာ မျှော်ခေါ်တောင့်တနိုင်မယ်၊ စိတ်ကူးထဲမှာသာ တွေ့ကြုံဆုံစည်းနိုင်မယ် ထင်ခဲ့တဲ့ အချစ်ရဲ့ ရုပ်ပုံလွှာကို တကယ့် သက်ရှိ ရုပ်ကမ္ဘာကြီးထဲမှာ ကိုယ် တကယ် တွေ့နေရပြီကောကွယ်။

ကိုယ်လေ 'အချစ်'နဲ့ တွေ့ရတဲ့အတွက် ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး သဘာဝတရားကို ကျေးဇူးတင်လိုက်တာ။ အလှဆုံး ဆည်းဆာလေးကို တောက်ပ ထင်လင်းအောင် ဖန်တီး အားဖြည့်ပေးတဲ့ ရွှေရောင်နေခြည်တွေကို ကျေးဇူးတင်လိုက်တာ။ အချစ်ကိုကောတဲ့။ အို... ကိုယ့်ရှေ့ရောက်နေတဲ့ အချစ်ကလေးကိုတော့ ကမ္ဘာပေါ်မှာ ကျေးဇူး အတင်ဆုံး ဆိုတာ ပြောဖို့ မလိုတော့ပါဘူး။

တွေ့ချင်နေတဲ့ 'အချစ်'ကို တွေ့တွေ့ချင်း တွယ်ငြိမိတဲ့အတွက်တော့ 'အချစ်' ကိုယ့်ကို ခွင့်လွှတ်ပါနော်။

## (၆)

အချစ် ဆိုတာ ရေလို မဟုတ်ဘူး 'အချစ်'ရဲ့။ ရေဆိုတာ အရောင်အမျိုးမျိုး ဆိုးနိုင်၊ စွဲထင်စေနိုင်တယ်။ ခွက်အမျိုးမျိုးအလိုက် ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲ ဆောင်ယူလို့လည်း ရတယ်။ အချစ် ဆိုတဲ့ မမြင်ရတဲ့ အနှစ်သာရကတော့ အရောင်ဆိုးလို့လည်း မရဘူး။ ပုံသဏ္ဍာန် အမျိုးမျိုးလည်း ပြောင်းလဲ ဆောင်ယူလို့ မရဘူးနော် 'အချစ်'။ 'အချစ်' ကလည်း ပြောဖူးတယ် မဟုတ်လား။ 'အချစ် ဆိုတာ ဖန်တီးယူလို့ မရဘူး' တဲ့။ ဖန်တီးယူလို့ မရသလို ပြောင်းလဲ ပစ်လို့လည်း မရဘူး အချစ်ရေ။ အချစ်စစ်ကို ကိုယ်စားပြုတဲ့ ရုပ်ပုံဟာ တစ်ပုံတည်းပဲ တိတိကျကျ ခိုင်ခိုင်မာမာ ရှိရမယ်လေ။ ချစ်ရမယ့် ချစ်သူကို ရုပ်ကမ္ဘာကြီးထဲမှာ မတွေ့ရမီကတည်းက ရင်ထဲမှာတော့ အဲဒီချစ်သူရဲ့ ရုပ်ပုံဟာ ဖြစ်ထွန်း တည်ရှိပြီးသား မဟုတ်လား။ ချစ်သူရဲ့ စိတ်နေစိတ်ထား၊ ချစ်သူရဲ့ အမူအကျင့်၊ ချစ်သူရဲ့ ဝါသနာအထုံ၊ ချစ်သူရဲ့ မျက်နှာ၊ ချစ်သူရဲ့ ခန္ဓာဗေဒ တည်ဆောက်ထားပုံ အချိုးအစား။ အားလုံးဟာ စိတ်ကူးရုပ်ပုံလွှာထဲမှာ စနစ်တကျ ပီပြင် ကြည်လင်ခဲ့ပြီးသားလေ။

mgyoe.com

mgyoe.com SAMPLE BOOK

အချစ်ရေ၊ အချစ် မအံ့ဩပါနဲ့နော်။ အချစ်ကို မတွေ့၊ မသိ၊ မခင်ရမီကတည်းက အချစ်ရဲ့ ရုပ်ပုံကို ကိုယ် စွဲလမ်းယစ်မူး တသခဲ့ရတယ်ဆိုတာ အချစ် မအံ့ဩပါနဲ့နော်။ အရောင် စိုပြည်စုံလင်တဲ့အလှဆည်းဆာလေးရဲ့အောက်မှာဆည်းဆာထက်တောင် ပိုလှနေတဲ့အချစ်ကို ကိုယ် ချစ်ခဲ့ မြတ်နိုးခဲ့တာဟာ ဆန်းကြယ်ထွေပြားခြင်း မရှိဘူး ဆိုတာ အချစ် အံ့ဩမှုကင်းစွာ နားလည်ပါတယ်။

(၇)

ဒါပေမဲ့ အချစ်ရယ်။ ကိုယ် တစ်ခု လစ်ဟင်း ချို့ယွင်းသွားခဲ့တယ်။ ကိုယ့်ရဲ့ အမှတ်သညာထဲမှာ၊ ကိုယ့်အတွေးအခေါ်ထဲမှာ၊ ကိုယ့်စိတ်ကူးမှန်ကူကွက်ထဲမှာ အချစ်ရဲ့ရုပ်ပုံလွှာကို ကိုယ်ကိုယ်တိုင် ဖန်ဆင်းထွင်းထုပြီးသား။ ကိုယ်နှစ်သက်တဲ့ စိတ်ဝိညာဉ်လေးကိုလည်း အဲဒီရုပ်တုလေးထဲမှာ ကိုယ်ကိုယ်တိုင် ထည့်သွင်းခဲ့ ပြီးသား။ ရင်တွင်းက ရုပ်ပုံနဲ့ ပြင်ပကမ္ဘာထဲက ရုပ်ပုံနှစ်ခုဟာလည်း အားလုံး ထပ်တူကျလို့။ ပြေပြစ်ဆီလျော် ချောမွေ့လို့။

ဒါပေမဲ့လေ 'ဘဝ' ဆိုတာကို ကိုယ် ထည့်သွင်းမစဉ်းစားခဲ့မိဘူး။ နေထိုင် ကျင်လည်ရတဲ့ လူမှုပတ်ဝန်းကျင် ဆိုတာကို ကိုယ် မတွေးခေါ်ခဲ့မိဘူး။ ဒီဘဝ ဆိုတာကို (အချစ်ရဲ့ 'ဘဝ' ကို၊ ကိုယ့်ရဲ့ 'ဘဝ') တွေးခေါ်ဆင်ခြင်လိုက်တဲ့ အချိန်မှာတော့ ဆည်းဆာများစွာဟာ ကန့်လန့်ကာတွေလို တစ်လွှာပြီး တစ်လွှာ ကောင်းကင်က ကျလာခဲ့ ပြီလေ။

ချောကလက်ရောင် ကိုရီလာလေးက အချစ်ကို တင်ခေါ်ပြီး ဆည်းဆာ တောအုပ်ထဲ အတင်းမောင်းပြေးတော့ ကိုယ် ငိုကျန်ရစ်ခဲ့ရတယ်။ အဲဒါ 'အချစ်' သိရဲ့လားကွယ်။

(၈)

တစ်ခါတစ်ရံမှာတော့ 'အချစ်' ကလေ ဆည်းဆာ ကန့်လန့်ကာတွေကြားကနေ အချစ်ရဲ့ မျက်နှာလေးကို လှစ်ခနဲ လှစ်ခနဲ ထုတ်ထုတ်ပြပြီး အပြုံးလေး ပြုံးပြုံးသွားတယ်။ ဒါပေမဲ့ အချစ်ရေ၊ ပြကွက်တွေက သိပ်ကို မြန်ဆန်လွန်းတယ်နော်။ အချစ်ဟာ ချက်ချင်းပဲ ငုပ်လျှိုးပျောက်ကွယ်သွားတာပဲ။ အချစ်ရဲ့မျက်နှာလေးကို ကိုယ် ဝိုးတဝါးပဲ တွေ့ခွင့်ရလိုက်တယ်။ အဲဒီအချိန်ခဏအတွင်းမှာတော့ မှောင်နေတဲ့ ကိုယ့်ရင်ထဲကို လျှပ်နွယ် လျှပ်ပန်းတွေ ဝင်းလက် ပြိုးပြက်လင်းလက်သွားသလို ခံစားလိုက်ရတယ်။ ကြက်သီးရှိန်းမြ ဖြစ်ရတယ်။

ဒါပေမဲ့ ခဏငယ်လေးတွေ အတွင်းမှာပဲ အချစ်က ပိုနေမြဲ ကျားနေမြဲ ပြန်ဖြစ်သွားတာပါပဲ။ ထူထဲလုံခြုံနွေးထွေးတဲ့ အချစ်ရဲ့ ရိပ်မြုံတွေထဲကို အချစ်က ပြန်လည် ပြေးဝင်ခိုလှုံသွားတာပါပဲ။ ကိုယ့်ရှေ့မှာ ကန့်လန့်ကာတွေ ကျလာပြန်ပြီ အချစ်ရေ။ ပိန်းပိတ်အောင်မှောင်နေတဲ့ ဆည်းဆာ ကန့်လန့်ကာကြီးတွေရဲ့ နောက်ထဲကို အချစ် ရောက်လို့သွားမြန်ပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ရင်ထဲမှာ အမောတွေ၊ အလွမ်းတွေနဲ့ ဆို့နစ်ကြေကွဲပြီး ကြယ်မဲ့၊ လမဲ့၊ ရွှေမဲ့၊ မြမဲ့ အမှောင်ထုကြီးထဲမှာ 'ဘုန်းမောင်တစ်ယောက်တည်း'သာ ဖြစ်နေရသူက ကိုယ်ပါ။ 'အချစ်' ကို သိပ်ချစ်တဲ့ ကိုယ်ပါ။

(၉)

အချစ်ရယ်… ဆည်းဆာ ကန့်လန့်ကာကြီးတွေရဲ့ နောက်ကွယ်မှာ အချစ်ဟာ 'အချစ်' တစ်ယောက်တည်း နေတာတော့ မဟုတ်ဘူးနော်။ အချစ်နဲ့အတူ ဘယ်သူတွေ၊ ဘာပစ္စည်းတွေ ရှိနေကြပါလိမ့်။ အချစ်ကလေးဟာ နှောင်ကြိုးအထပ်ထပ်နဲ့များလား။ အချစ်အပေါ် သြဇာပြည့်ဝတဲ့ အချစ်ရဲ့ပတ်ဝန်းကျင်ကြားထဲမှာ အချစ်မျက်နှာကလေး ဖြူဖျော့ နွမ်းနယ်နေသလား။ ညှိုးလျ ခြောက်သွေ့နေလေမလား။ ဒါမှမဟုတ် သတ္တိကောင်းတဲ့ 'အချစ်' လားကွယ်။

ခမ်းနားဧရာကြီးတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေဟာ အချစ်အတွက် နှောင်ကြိုးဖြစ်နိုင်သလို၊ ကိုယ့်အဖို့လည်း ကြောက်မက်ဖွယ်ရာတွေ ဖြစ်နိုင်တယ်နော်။

'လူဟာ ပစ္စည်းရဲ့ကျေးကျွန် မဟုတ်ဘူး' ဆိုတဲ့ အတွေးအခေါ်ကို ရဲရဲတင်းတင်း ယုံကြည်ခဲ့ပေမယ့် အချစ်ကို ချစ်မိတော့ အဲဒီရုပ်ဝတ္ထုပစ္စည်းတွေဟာ စက်ဆုပ်ရွံ့မုန်းဖွယ် လွှမ်းမိုးကြလေမလားလို့ ထိတ်လန့်တုန်လှုပ်ရပြန်တယ်။

ကိုယ့် 'ကြောက်စိတ်' တွေကို နားလည်ပါ အချစ်ရယ်။

ဆည်းဆာကန့်လန့်ကာ၊ ဇာခန်းဆီး ပါးလှပ်လှပ်၊ ရုပ်ဒြပ်ဝတ္ထုပစ္စည်းများ သြဇာပြည့်ဝတဲ့ ပတ်ဝန်းကျင်။ အဲဒါတွေရဲ့ နောက်ကွယ်မှာမှ သိပ်လှ၊ စိတ်သဘောထား ပြည့်ဝ၊ သိပ်ပြီးလည်း ဆင်ခြင်တုံတရားရှိတဲ့ အပြုံးလှဲ့လှဲ့ပိုင်ရှင် ကိုယ့် 'အချစ်'။ ကိုယ့် 'အချစ်' ရဲ့ ရင်ထဲမှာ ကိုယ် အမြဲရှင်သန်စေချင်တာ 'အချစ်မေတ္တာ'၊ 'သစ္စာတရား'၊ 'သတ္တိကောင်းခြင်းများ'။

(၁၀)

ဆည်းဆာကန့်လန့်ကာတွေ ကြားကနေ အစွမ်းကုန် တစ်ဟုန်ထိုးပြေးထွက်ကာ အင်အားပြည့်ဖြိုးပြီး သတ္တိကောင်းတဲ့ 'အချစ်' ကို အလှဆုံး အရုဏ်ဆည်းဆာလေးရဲ့ အောက်ကနေ ကိုယ် စောင့်လို့ကြိုပါ့မယ်နော်။

ပျားရည်လို ချိုမြတဲ့ နှင်းရည်စက်တွေဟာ တစ်ပြေးတည်း နွယ်ယှက်ကူးပြောင်းသွားကြမယ့် အချစ်နဲ့ ကိုယ်တို့ရဲ့ သွေးကြောတွေထဲမှာ ချောမွေ့စွာ လှည့်ပတ်စီးဆင်းဖို့ စိုင်းပြင်းနေကြလေရဲ့။

အဲဒီ မွှေးရည်လန်းဆတ်တဲ့ အနာဂတ်မှာ ပန်းကလေးတွေဟာ ရောင်စုံကွယ်။

*ရှုမဝမဂ္ဂဇင်း၊ မေလ၊ ၁၉၇၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ရွှေဆိုင်

တနင်္ဂနွေနေ့ နံနက်ပိုင်းမှာ ဖြစ်ပါသည်။ လမ်းမကြီး၏ နံဘေးရှိ ဗာဒံပင်လေး တစ်ပင်အောက်ရှိ ပလက်ဖောင်းပေါ်တွင် ကျွန်တော် မတ်တတ်ရပ်နေပါသည်။ ကျွန်တော့်တာဝသည် မှိုင်းညို့လျက်။ သို့ကြောင့်ပင် အရောင်မှိုင်းသော အဝတ်အထည်မျိုးကို ကျွန်တော် ဝတ်ဆင်ဖို့ စိတ်ဝင်စားပါ၏။ တနင်္ဂနွေ ရောင်ခြည်သည် လိမ္မော်ရောင် တောက်ရှွန်းလျက် လှပနေပါသည်။ ကျွန်တော်သည် ခပ်မှိုင်းမှိုင်း ချောကလက်ရောင် ဂါးဘန်း စပို့ရှပ် တစ်ပတ်နွမ်းလေးကို ဝတ်ဆင်ထားပါသည်။ ဝတ်ဆင်ရသည်မှာ သက်သောင့်သက်သာ ရှိ၏။ မပူအိုက်။ မစေးကပ်။ ပေါ့ပါးသည်။ လုံချည်မှာမူ ခရမ်းရောင် ရခိုင်လုံချည် ဆန္ဒင်းမကင်း ကွက်စိပ်စိပ်ကို ဝတ်ထားပါသည်။ လုံချည်ကလည်း အသစ် မဟုတ်ပါချေ။ တစ်ပတ်နွမ်းပင် ဖြစ်ပါ၏။ လုံချည် တစ်ပတ်နွမ်းသည် ဝတ်၍ကောင်း၏။ တစ်ပတ်နွမ်း မိန်းမကော မည်သို့နည်း။ ချစ်၍ကောင်းပါသလား။ ကျွန်တော် မသိပါချေ။ သင် သိလျှင်လည်း မည်သူ့ကိုမျှ တစ်ဆင့် ပြန်လည်ဖောက်သည် ချမနေပါနှင့်။ ဤကိစ္စကို သင့်စိတ်ထဲ၌ပင် ထားလိုက်ပါ။

ကျွန်တော့်ကိုယ်ပေါ်တွင် မည်သည့် ရွှေထည်ပစ္စည်းမျှ ဝတ်ဆင်မထားပါချေ။ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေလက်ပတ်နာရီ၊ ရွှေလက်ကောက်၊ ရွှေနားသန်သီး။ ထိုပစ္စည်းတွေ ကျွန်တော့်၌ မရှိပါချေ။ ကျွန်တော်သည် ကိုယ်ပေါ်၌ မည်သည့် ရွှေထည် ငွေထည်မျှ

mgyoe.com

mgyoe.com SAMPLE BOOK
မကပ်ငြိစေဘဲ နေထိုင်ရခြင်းကို လိုလား၏။ အနည်းဆုံး နာရီတစ်လုံး လက်ကောက်ဝတ်မှာ ပတ်ထားရသည်ကိုပင် ကျွန်တော် ဝန်လေးတတ်ပါသည်။

ကျွန်တော် ညက အိပ်မက်မက်ပါသည်။ အိပ်မက်ထဲ၌ မြွေကြီးတစ်ကောင်က ကျွန်တော့်ကို သေသေချာချာစိုက်ကြည့်နေသည်။ ကျွန်တော်သည် မြွေကြီးကို မြင်သောအခါ အသည်းနှလုံးနေရာမှ လန့်ထိတ်သွားသည်။ ထိုသို့လန့်ထိတ်သဖြင့် ကျွန်တော်သည် မြွေကြီးနှင့် ဝေးရာသို့ ထွက်ပြေး၏။ မြွေကြီးက ကျွန်တော့်နောက်မှ လိုက်လာသည်။ ကျွန်တော်သည် ပထမ ဖြည်းဖြည်းလေး ပြေးမိသည်။ မြွေကြီးကလည်း ကျွန်တော့်နောက်မှ ဖြည်းဖြည်းပင် လိုက်လာနေ၏။ ကျွန်တော့် ပြေးနှုန်းအတိုင်း မြွေကြီးက ပြေးလိုက်လာနေသည်။ သည့်နောက် မြွေကြီးက မြန်မြန်ပြေး၍ လိုက်လာနေသည်။ ကျွန်တော့်ကို မိလုမိခင် ဖြစ်လာသည်။ ကျွန်တော် အရမ်းပင် ကြောက်သွားသည်။ ကျွန်တော့်ကို သူ ကိုက်တော့မည်လား။ ကျွန်တော် သေသွားနိုင်ပါသည်။ ကျွန်တော်သည် ကြောက်စိတ်ဖြင့် ပြေးနှုန်းကို မြှင့်၍ ပြေးမိသည်။

မြွေကြီးကလည်း ပို၍ မြန်မြန်လိုက်လာသည်။ ကျွန်တော် တအားပြေးသည်။ ကျွန်တော်သည် မြွေကြီးနှင့် တစ်ပေလောက်သာ ကွာဝေးတော့သည်။ ပြေး…ပြေး…ပြေး… ကျွန်တော် ပြေးနေသည်။ မြွေကြီးက ကျွန်တော့်ကို မီတော့မည်။ နည်းနည်းလေး လိုတော့၏။ သွားပြီ။ ကျွန်တော့်ကို ထိတော့မည်။ အားလုံးကို ကျွန်တော် နှုတ်ဆက်ရတော့မည်။ ကျွန်တော် ခလုတ်တိုက် လဲကျသွား၏။ မြွေကြီးသည် ကျွန်တော့် ကို…။

ထိုအချိန်မှာပင် ကျွန်တော်သည် အိပ်ရာမှ လန့်နိုးသွားပါ၏။ အိပ်ရာထက်မှာ ကျွန်တော် အကြောက်မပြေသေးပါ။ ကျွန်တော် ချွေးတွေ ပြန်နေသည်။ ကံသီသဖြင့် မြွေကြီး၏ ရန်မှ လွတ်မြောက်ခဲ့သည်။ သို့သော် ထိုရန်က မအေးသေးသလိုပင်။ ဘေးဘီကိုကြည့်သည်။ မြွေကြီး မရှိပါ။ ပခုက္ကူချည်စောင် တစ်ထည်သာ ကျွန်တော့်ဘေးမှာခေါက်လျက်သား ရှိနေပါသည်။

ကျွန်တော်သည် ခုတင်ပေါ်မှ နေ၍ အောက်သို့ မဆင်းရဲဘဲ ဖြစ်နေသည်။ ကျွန်တော် ကြောက်နေပါသည်။ ရင်ထဲ၌ ပူလောင်နေသည်။ သို့သော် ရေ ထမသောက်ရဲပါ။ အပေါ့အပါး ထမသွားရဲပါ။ ကျွန်တော့်ဘေးနားက စောင်ကို ဖြန့်လိုက်သည်။ အိပ်ရာထဲ၌ စောင်ခေါင်းမြီး ခြုံ၍ ပြန်အိပ်ပစ်လိုက်သည်။ သို့သော် တော်တော်နှင့် ပြန်၍ အိပ်မပျော်။ မြွေကြီးကို မြင်နေသည်။ အာရုံရိပ်ထဲ၌ မြွေကြီး။ ထိုအရိုန်သည် ဒေါသ လောင်ကျွမ်းမှုကြောင့် ဖြစ်ထွန်းလာသည့် အရှိန်ပင်လော။ မြွေကြီးသည် ကျွန်တော့်အပေါ် အဘယ်ကြောင့် ဒေါသ ပြင်းထန်နေရပါဘိ သနည်း။ မြွေကြီး၏ မျက်လုံးတွေက နီရဲတောက်လောင်နေသည်ဟု ကျွန်တော် ထင်၏။

ဤဗာဒံပင်လေး၏ အောက်တွင် ယခုလို ရပ်နေသော အချိန်မှာပင် အာရုံထဲ၌ မြွေကြီးကို ပြန်မြင်နေရသည်။ ကြောက်စိတ်ဖြင့် ကြက်သီးထချင်လာသည်။ တနင်္ဂနွေနေ့

mgyoe.com

mgyoe.com SAMPLE BOOK
နံနက်ပိုင်းပါ။စနေနေ့ညဦးသန်းခေါင်ကျော်မဟုတ်ပါဘူး။ဒီပတ်ဝန်းကျင်မှာ မြွေကြီးကိုလည်း မတွေ့နိုင်ပါဘူး။ဘယ့်နှယ်ဗျာ၊မြို့လယ်ကောင်ကြီး။ကျွန်တော့်နံဘေးက လမ်းမကြီးပေါ်၌ မော်တော်ကားတွေ တပွမ်ပွမ် ဟွန်းတီးလျက် သွားလာနေကြသည်။ မလှမ်းမကမ်းမှာ ဘတ်စ်ကားမှတ်တိုင်လည်း ရှိ၏။ ဘတ်စ်ကား ထိုးဆိုက်လိုက်လျှင် လူတွေ ကားပေါ်က ပြုံပြီး ဆင်းလာကြသည်။ ဆင်းသည့် လူတွေတောင် မဆင်းရသေးဘူး။ တက်သည့် လူတွေကလည်း လုယက်တိုးဝှေ့ တက်နေကြသည်။

ဘတ်စ်ကားပေါ်မှ ဆင်းသည့် လူတွေက ကျွန်တော် ရပ်နေသည့် ဘက်သို့ လာနေကြ၏။ ဒီလူတွေအထဲမှာ ကျွန်တော့်အသိ တစ်ယောက်တလေများ ပါလေမလားဟု ကျွန်တော် တွေးတောစရာ မလိုပေ။ ကျွန်တော့်လုပ်ငန်းခွင်ထဲမှ မျက်နှာသိ လူတစ်ယောက်တလေများ ပါလာမည်လား။ ဒါလည်း မတွေးတောချင်ပါဘူးလေ။

ကျွန်တော်သည် လွန်ခဲ့သော ရက်ပိုင်းငယ်လေးအတွင်းမှ ဤမြို့သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဤမြို့၏ ဌာနတစ်ခုတွင် အငယ်တန်း အရာရှိကလေးတစ်ဦးအဖြစ် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါ၏။ ဘော်ဒါဆောင် တစ်ဆောင်တွင် ကျွန်တော်သည် တစ်ကိုယ်တော် နေထိုင်သည်။ ကျွန်တော်၏ အဘိဓာန်၌ "နှစ်ယောက်" ဆိုသည့် စကားလုံး မရှိပါ။ အခန်းတစ်ခန်းတည်းမှာ၊ ခုတင်တစ်လုံးပေါ်မှာ မည်သည့်လူသား တစ်ဦးတစ်ယောက်နှင့်မျှ ညလုံးပေါက်ဖြစ်စေ၊ ညဦးဝက်လောက်ဖြစ်စေ အတူတူ မအိပ်စက်ဖူးပါချေ။

ငယ်ရွယ်စဉ်အခါက အမေ့ရင်ခွင်မှာ အိပ်စက်ခဲ့ဖူးပါသလား။ ဤသည်မှာလည်း မသေချာပေ။ ကျွန်တော် ငယ်စဉ်က ကိစ္စအချို့ကို ကျွန်တော့်အမေသာ ရှိနေလျှင် ပြန်လည်ပြောပြမည်မှာ သေချာသည်။ သားရယ်၊ သားငယ်ငယ်တုန်းက ဘယ်လိုဆော့တာ။ ဒါမှမဟုတ်လည်း သားငယ်ငယ်တုန်းက ကဗျာတွေကို သင်ကြားမပေးဘဲ သားဘာသာ ရွတ်တတ်တာ။ ဒါမှမဟုတ်လည်း သားငယ်ငယ်တုန်းက စာရွက်အဖြူတွေ တွေ့ရင် ခဲတံ တစ်ချောင်းနဲ့ ပန်းသီးပုံလေးတွေချည်း ဆွဲနေတော့တာပဲ။ ထိုကဲ့သို့အမေ့စကားလုံးများမှတစ်ဆင့် ကျွန်တော်၏ ကလေးသူငယ်ဘဝ ရုပ်ပုံကားချပ်များကို ကျွန်တော့်လက်ဖြင့် ဆွဲယူပွတ်သပ် အိပ်မက်မက်ခွင့် မရပါချေ။

ကျွန်တော့်ဘဝ၏ ကြီးပြင်းအရွယ်ရောက်မှု တစ်လျှောက်လုံးမှာ ကျွန်တော့်အပါးတွင် နေထိုင်ခဲ့သူတစ်ဦးကသာလျှင် ကျွန်တော်၏ ငယ်စဉ်က အတ္ထုပ္ပတ္တိကို ပြောပြနိုင်ပါလိမ့်မည်။ ထိုသူသည် မည်သူ ဖြစ်မည်နည်း။

လူတို့၏ တစ်ဆင့်စကားဖြင့် ကျွန်တော်သိရသမျှမှာ ကျွန်တော် မမွေးဖွားမီကပင် ကျွန်တော့်အဖေ သေဆုံးခဲ့သည်။ ကျွန်တော့်ကို မွေးဖွားပြီး မကြာမြင့်မီမှာပင် ကျွန်တော့်အမေ သေဆုံးသွား၏။

မိန်းမကြီးတစ်ယောက်က ကျွန်တော့်ကို မွေးစားသည်။ ထိုမိန်းမကြီးတစ်ယောက်ထံမှ နောက်ထပ် လူကြီးတစ်ယောက်ထံ။ ထိုလူကြီးတစ်ယောက်ထံမှ တစ်ဆင့် လူမျိုးကြီး
mgyoe.com

mgyoe.com
SAMPLE BOOK
ဦးသာဒွေးထံ။ ကျွန်တော့် ဦးနှောက်အသိဉာဏ် ဖွံ့ဖြိုးချိန်မှစ၍ ကျွန်တော့်ကို စောင့်ရှောက်သူ ဖြစ်လာရသော ဦးသာဒွေးတစ်ယောက်ကိုမူ ကျွန်တော် ကောင်းကောင်း အမှတ်ရသည်။ ကျွန်တော့်ဘဝ၏ မှတ်တမ်းများမှာ သူ မပါဝင်၍ မဖြစ်ပါ။ အသားဖြူဖြူ၊ နှာခေါင်းပွပွ၊ ပါဝါမျက်မှန်ထူထူ၊ နဖူးပြောင်ပြောင်၊ ဆံပင်ကျဲကျဲ၊ ဝမ်းဗိုက်က ရွဲ့ရွဲ့။ ကျွန်တော့်အပေါ်တွင် အင်မတန် လူဆန်စွာ ကြင်နာခဲ့သည့် ဦးသာဒွေး ဖြစ်ပါသည်။

ဦးသာဒွေးသည် ကျွန်တော်၏ ဖခင်အရင်း မဟုတ်ပါချေ။ ထို့ကြောင့် ကျွန်တော်သည် သူ့ကို တစ်ကြိမ်တစ်ခါမျှ 'အဖေ' ဟု မခေါ်ခဲ့ဖူးပါချေ။ ကျွန်တော်၏ ဘဝတွင် မည်သည့် မိန်းမကြီးတစ်ယောက်ကိုမျှ 'အမေ' ဟု တစ်ခါမျှ မခေါ်ခဲ့ဖူးပါချေ။

သားတစ်ယောက်က သူ၏ ဖခင်တစ်ဦးအပေါ်မှာ မည်ကဲ့သို့သော ခံစားချက်မျိုး ရှိပါသနည်း။ မည်ကဲ့သို့သော သဘောထားမျိုး ရှိပါသနည်း။ ထိုအရာကို ကျွန်တော် မသိပါချေ။ သားတစ်ယောက်က သူ၏ မိခင်တစ်ဦးအပေါ်မှာ မည်ကဲ့သို့သော သဘောထားမျိုး ရှိပါသနည်း။ မည်ကဲ့သို့သော ခံစားချက်မျိုး ရှိပါသနည်း။ ထိုအရာကို ကျွန်တော် မသိပါချေ။ ညီတစ်ယောက်က အစ်ကိုအရင်းအပေါ်၊ မောင်တစ်ယောက်က အစ်မတစ်ယောက်အပေါ်၊ အစ်ကိုတစ်ယောက်က ညီ၊ ညီမလေးတို့အပေါ် မည်ကဲ့သို့သော ခံစားချက်မျိုးတွေဖြင့် ခံယူတုံ့ပြန်ဆက်ဆံပါသနည်း။ ကျွန်တော် မသိ။ ကျွန်တော် မသိ။

စိုပြည်သိုက်ဝန်းသောမိသားစုတွေသူတို့အချင်းချင်းမည်သို့ဆက်ဆံကြလေသနည်း။ ကျွန်တော် ဘာမျှ မသိပါ။

ကျွန်တော်သိသည်မှာ ဟောဒီတနင်္ဂနွေ နံနက်ခင်းတစ်ခုမှာ ဟောဒီ ဗာဒံပင်လေး တစ်ပင်၏ အောက်၌ ကျွန်တော်သည် မတ်တတ်ရပ်လျက် ရှိပါ၏။

ဗာဒံပင်လေးနှင့် ဆယ်ပေကျော်ကျော် ဝေးကွာသည့် နေရာ၌ ရွှေဆိုင်တစ်ဆိုင် ရှိပါသည်။ အုတ်တိုက်တစ်လုံး၏ အောက်ဆုံးအထပ်ကို ရွှေဆိုင်အဖြစ် တည်ထောင် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။

ရွှေဆိုင်တွင် မှန်ဗီရိုလေးတွေထဲ၌ လက်ဝတ်ရတနာပစ္စည်းမျိုးစုံကို တွေ့နိုင်ပါ၏။ မြလည်ဆွဲ၊ ပုလဲလည်ဆွဲ၊ နီလာလက်စွပ်၊ ရွှေဆွဲကြိုး၊ ရွှေလက်ကောက် အထူ အပါး၊ ရွှေဒင်္ဂါးပြားလေးတွေ၊ ကျွန်တော် အမျိုးအမည် မဖော်ပြတတ်သည့် ရွှေထည်ပစ္စည်းတွေ၊ ကျွန်တော်သည် ရွှေဆိုင်ကို ငေးစိုက်ကြည့်နေမိ၏။

ရွှေဆိုင်၏ အတွင်းဘက်တွင် ဆိုင်ပိုင်ရှင်တွေကို တွေ့ရပေသည်။ သမီးနှင့် အမေ ဖြစ်ဟန်တူသည်။ အသားဝါဝါ မိန်းမနှစ်ယောက် ဖြစ်ပါသည်။ မိန်းမကြီးမှာ မျက်နှာပြည့်ပြည့် ဝိုင်းဝိုင်း၊ နှုတ်ခမ်းထူထူ၊ မျက်ပေါက်ကျဉ်းသည်။ သမီးငယ်မှာ အသက် ၁၇၊ ၁၈ လောက်ပင် ရှိဦးမည်။ ဆံပင်တွေကို ဖြတ်ပြီး အကြေကောက် ကောက်ထားသည်။ သမီးက အမေလို မျက်နှာ မဝိုင်း။ မျက်နှာ သွယ်သည်။ မျက်လုံးမျက်ဖန် လှပြီး ကြည်နေ၊ စိမ်းနေသည်။ နှာတံပေါ်သည်။ ပြည့်ဝန်းသည့် နှုတ်ခမ်းအစုံကလည်း ဖူးဖူးငုံငုံ၊ နီနီရဲရဲ။ ရာဇဝတ် ပြစ်မှု တစ်စုံ
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရာ မငြိစွန်းဘူးဆိုလျှင်၊ သွေးထွက်သံယို ထိခိုက်ခံရမှု မဖြစ်ဘူးဆိုလျှင် ကျွန်တော်သည် အသားဝါဝါ ကောင်မလေး၏ နီရဲသည့် နှုတ်ခမ်းအစုံကို ထဲထဲဝင်ဝင် လေ့လာချင်ပါ၏။ သမီးဖြစ်သူ ကောင်မလေးသည် စကားပြောလည်း ညက်ပုံရ၏။ ရွှေဝယ်သူ၊ ပစ္စည်းမေးမြန်းသူမှန်သမျှကို သူမကပင် ပြေပြစ်သော စကားဖြင့် တုံ့ပြန်နေဟန်ရှိ၏။ သူမသည် စကားကို တစ်ခါ ရပ်နားတိုင်း တစ်ခါ ပြုံးပါသည်။

ကျွန်တော့်အဖို့ အံ့သြထူးဆန်းသလို ဖြစ်နေသည်မှာ ရွှေဆိုင်တွင် ရွှေဝယ်နေကြသည့် လူတွေနှင့် ပတ်သက်နေပါသည်။ လူတွေသည် စုပြုတိုးဝှေ့၍ ရွှေဝယ်နေကြသည်။ လမ်းဟိုဘက်က စပျစ်သီးဆိုင်မှာပင် ဝယ်သူ သိပ်ပြီး မရှိလှပေ။ ရွှေဆိုင်မှာမူ လူတွေက လှုပ်ရှုပိုင်းအုံနေကြ၏။ လူတွေမှာ စပျစ်သီး သိပ်ပြီး ဝယ်မစားကြဘူးလား။ ရွှေတွေကို ဝယ်ပြီး စားနေကြသလား။ သူတို့အတွက် ရွှေဝယ်ကြသည်မှာ လုံးလုံးလှလှ လိမ္မော်သီးဆိုင်တွင် လိမ္မော်သီးတွေ ဝယ်ခြမ်းနေကြသလိုပင် ဖြစ်ပါ၏။

ကျွန်တော်သည် ရွှေဆိုင်ကို တအံ့တသြ ဆက်လက်ကြည့်ရှုနေမိသည်။ ကျွန်တော့်ဘဝ၌ ရွှေထည်ကို ဝယ်ယူရသည်၊ သိမ်းဆည်းရသည်၊ ဝတ်ဆင်ရသည်၊ ထိုကဲ့သို့ ရွှေနှင့် ပတ်သက်၍ တစ်ခါမျှ မပြုလုပ်ဖူးပါ။ ပြုလုပ်ဖို့ပင် စိတ်ကူးမရှိခဲ့ပါ။ ယခုတော့ ကျွန်တော့်မျက်စိအောက်မှာ လူတွေ အများကြီးသည် ရွှေဆိုင်၌ ရွှေထည်ပစ္စည်းတွေ တိုးဝှေ့ဝယ်ယူနေကြပါကလား။ ငွေကို ခြိုးခြံချွေတာစွာ စုဆောင်းပြီး ရွှေဝယ်ယူနေကြခြင်းလည်း ဖြစ်နိုင်သည်။ ငွေတွေကို လုပ်အားများစွာ မစိုက်လိုက်ရဘဲ အကြံကောင်း ဉာဏ်ကောင်းလေး သုံးပြီး ဖောဖောသီသီ ခပ်ချောင်ချောင် ရလိုက်ကြ၍ ရွှေဝယ်ယူနေကြတာကော မဖြစ်နိုင် ဘူးလား။

ကျွန်တော်သည်လည်း ထိုလူတွေကို ကြည့်၍ အားကျပြီး ရွှေဝယ်ချင်စိတ်တွေ ဖြစ်ထွန်းမလာဘူးလား။ ဆိုင်တွင် ရွှေတစ်ကျပ်သား၏ ဈေးနှုန်းကို ရေးထားသည်။ အခေါက်ရွှေလည်း ငါးထောင်ကျော်။ ဒင်္ဂါးရွှေလည်း ငါးထောင်ကျော်။ ကျွန်တော် ရွှေလက်စွပ်တစ်ကွင်းလောက် ဝယ်ဝတ်ကြည့်ချင်သေးလို့လား။ ရွှေဒင်္ဂါးပြားလေးတွေကို လက်ကောက်သဖွယ်ဖြစ်အောင် ဆက်သွယ်ပြီး ဝတ်မည်လား။ ဌာနတွင်း ငွေစုငွေချေး အဖွဲ့ငယ်မှ ငွေများများ ချေး၍ရမည် မဟုတ်။ ကျွန်တော့်မှာ အစုငွေ အင်မတန်နည်းသေး၏။

ရွှေဆိုင်၏ နံရံမှာ ထောင်ထားသော ကျောက်သင်ပုန်းကြီးပေါ်တွင် ရေးသားထားသည့် စာတန်းတစ်ခုကို ကျွန်တော် ဖတ်ကြည့်နေမိပြန်သည်။

"မည်သည့် ရွှေထည်ပစ္စည်းများကိုမှ 'လုံးဝ' မဝယ်ပါ။ ဤဆိုင်မှ ဝယ်ယူထားသော ရွှေထည်ပစ္စည်းများကိုသာ ဘောက်ချာနှင့်တကွ ပြန်လည်ဝယ်ယူမည်"

ကျွန်တော့်အင်္ကျီ၏ အိတ်ထောင်ထဲကို ယောင်ယမ်းပြီး စမ်းကြည့်နေမိ၏။

ရွှေဝယ်ဘောက်ချာ... ရွှေဝယ်ဘောက်ချာ။

အိတ်ထောင်ထဲ၌ ရွှေဝယ်ထားသည့်ဘောက်ချာတစ်စောင်တလေများ ရှိနေမည်လား။

ဟိုတုန်းက ရွှေဝယ်ဖြစ်သည် ထားဦး။ ဤဆိုင်မှ ဝယ်ဖြစ်ခဲ့မည် မဟုတ်ပါချေ။

mgyoe.com

mgyoe.com
SAMPLE BOOK

မြစ်ဝကျွန်းပေါ် မြို့တစ်မြို့မှ ဟောဒီအထက်မြန်မာပြည်၏ မြို့ကြီးသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်မှာ ဘာမျှ မကြာလှသေးပေ။ စောစောက ကျွန်တော် ပြောခဲ့သည့်အတိုင်း အငယ်တန်းအရာရှိကလေးဘဝ ဖြစ်၍ ဤမြို့သို့ ရောက်ရှိလာသည်။ ဤမြို့တွင် အသားဝါဝါ မိန်းမချောချောတွေ ပေါများသည်။ ရွှေဆိုင်တွေ ပေါများသည်။ စတိုးဆိုင်တွေ ပေါများသည်။ အမျိုးသမီး အလှပြင်ဆိုင်တွေ ပေါများသည်။ နိုင်ငံခြားပစ္စည်း၊ နိုင်ငံခြားအင်္ကျီအရောင်းဆိုင်တွေ ပေါများသည်။ ဆံပင်ညှပ်ဆိုင်၊ ဆံပင်ကောက်ဆိုင်တွေ ပေါများသည်။ ရွှေခြေချင်းဝတ်ထားသည့် မိန်းမကိုမူ ကျွန်တော် ရောက်ကတည်းက ယခုအထိ မတွေ့ရသေးပါချေ။

ကျွန်တော်၏ အိတ်ထောင်ထဲ၌ ရွှေဝယ်ဘောက်ချာတစ်စောင်မျှပင် မရှိပါချေ။ ငယ်စဉ်ကတည်းက ယခုအထိ ပင်ပန်းစွာ လုပ်ကိုင်ပြီး အစားအသောက် မရှာဖွေခဲ့ရသည့် ကျွန်တော်။ ရွှေထည်တော့ တကယ်ပင် မဝတ်ဖူး၊ မဝယ်ဖူးပါချေ။ ကျွန်တော့်ကို မွေးစားခဲ့သည့် ဦးသာရွှေ၏ အလုပ်အကိုင်က ဘာပါလိမ့်။ သူနှင့် အတူနေစဉ်က သူ၏ အိမ်မှာ ဘာပစ္စည်းမှလည်း ပြသရောင်းချထားတာ မတွေ့ရှိပါ။ သူသည် အစိုးရအမှုထမ်းလည်း မဟုတ်ပါ။ အိမ်မှာလူတွေဝင်တာထွက်တာတော့တွေ့ရတတ်သည်။ သူနှင့် တိုးတိုးတိတ်တိတ် စကားပြောတတ်ကြသည်။ သူက ငွေတွေ ထုတ်ပေးလိုက်တတ်သည်။ အချို့ကလည်း သူ့ထံ ငွေတွေ လာပေးတာကို ကျွန်တော်တွေ့ရသည်။ ဦးသာရွှေသည် သူ၏ စီးပွားရေးအလုပ်နှင့် ပတ်သက်ပြီး ကျွန်တော့်ကို တစ်ခွန်းတစ်ပါဒမျှ မဟဖူးခဲ့။ ကျွန်တော့်ကို ဘာမျှလည်း မခိုင်းခဲ့။ ဘယ်ကိုမှလည်း မလွှတ်ခဲ့။ ဦးသာရွှေသည် အပေါင်ခံသည်။ ငွေချေး၍ စားသည်ဟု သူများ တကာတွေ ပြောကြတာကို သဲ့သဲ့မျှ ကြားဖူးသည်။ ဒါကလည်း ကျွန်တော့်ကိစ္စ မဟုတ်ပါချေ။ ကျွန်တော့်ကို ဦးသာရွှေက ကျောင်းလခ မှန်မှန်ပေး၍ ကျောင်းထားခဲ့သည်။ အဝတ်အသင့်အတင့် ဆင်ပေးသည်။ ထမင်း မှန်မှန်ကျွေးခဲ့သည်။

ဦးသာရွှေသည် ကျွန်တော့်ကို ထမင်းလည်း မချက်ခိုင်းခဲ့။ ထမင်းချက် ကောင်မလေး တစ်ယောက်ကိုမှလည်း မငှားရမ်းခဲ့။ ဦးသာရွှေသည် ထမင်းကို ကိုယ်တိုင် ချက်သည်။ ဈေးသို့ ကိုယ်တိုင် ဟင်းဝယ်ထွက်သည်။ တစ်ခါတစ်ရံတွင် ကျွန်တော်နှင့် ဦးသာရွှေသည် ညနေစာ အတူတူစားကြ၏။ ကျွန်တော် အိမ်မှာမရှိဘဲ အပြင်ထွက်နေသည့်အချိန်နှင့် ညစာစားချိန် တိုက်ဆိုင်နေလျှင် ဦးသာရွှေက စားနှင့်သည်။ ကျွန်တော့်အတွက် သပ်ရပ်စွာ ခူးခပ်လျက် အုပ်ဆောင်းနှင့် အုပ်ထားသည်။ ပြန်လာတော့ ကျွန်တော့်ဘာသာ အသင့်စားသောက်ရုံသာ။

ထူးဆန်းသလို ရှိသည်မှာ ဦးသာရွှေနှင့် ကျွန်တော် နှစ်အတော်ကြာကြာ အတူနေခဲ့ကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကား ဟက်ဟက်ပက်ပက် မပြောဆိုကြဖူးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသို့လည်း အတူတူ မသွားခဲ့ကြဖူးပါ။ ပွဲလည်း အတူတူ မကြည့်ခဲ့ကြဖူးပါ။ ကျွန်တော် တက္ကသိုလ်တက်တော့ ဆောင်ဒါဆောင်မှာ နေသည်။ ဦးသာရွှေက လစဉ် ငွေမှန်မှန် ပို့ပေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်နောက်ဆုံးနှစ်တွင် ကျွန်တော် ပညာသင်ကြားနေစဉ် ဦးသာဋ္ဌေးက ကျွန်တော့်ထံသို့ ငွေတစ်နှစ်စာ ပို့လိုက်၏။ ဤသို့ တစ်ခါတည်းနှင့် ငွေတွေအများကြီး ပို့လိုက်သည်မှာ ဘာကြောင့်များပါလိမ့်ဟု ကျွန်တော် ရက်တရက် စဉ်းစားဖြစ်သေး၏။ နောက်တော့ ဤအကြောင်းအရာကို ကျွန်တော် တွေးတောမနေဖြစ်တော့ပေ။ ငွေတွေကို သာ သံသေတ္တာထဲ ထည့်၍ သိမ်းထားလိုက်၏။ ပုံမှန်ပင် ကျွန်တော် သုံးစွဲသွား၏။ ဦးသာဋ္ဌေး က ငွေတွေ အများကြီး ပို့လိုက်ခြင်းကိစ္စကို လုံးဝ မစဉ်းစားဖြစ်တော့။ ဦးသာဋ္ဌေးကိုလည်း သတိတရ မရှိလှပါပေ။ လက်ဖက်ရည် သောက်လိုက်၊ သီချင်း နားထောင်လိုက်၊ ရုပ်ရှင် ကြည့်လိုက်၊ တစ်ခါတစ်ရံ အရက်သောက်လိုက်၊ ကျောင်းစာ နည်းနည်းပါးပါး ဖတ်လိုက်ဖြင့် တက္ကသိုလ်နေ့ရက်များကို ကျွန်တော် ဖြတ်သန်းနေမိ၏။ တက္ကသိုလ်နောက်ဆုံးနှစ် နှစ်ဝက် ကျိုးသွားချိန်မှာပင် ကျွန်တော့်ဘော်ဒါဆောင်သို့ ကျွန်တော့်အတွက် ကြေးနန်းစာ တစ်စောင် ရောက်ရှိလာ၏။

ကြေးနန်းစာက ဖော်ပြသည်မှာ 'ဦးသာဋ္ဌေး ကွယ်လွန်' ဟူ၍ ဖြစ်ပါသည်။

ကြေးနန်းစာရရှိပြီး နောက်တစ်နေ့မှာပင် ကျွန်တော်သည် ဦးသာဋ္ဌေးနှင့် ကျွန်တော် အတူတူနေထိုင်ရာ မြို့ကလေးသို့ ပြန်လာခဲ့သည်။ အိမ်သို့ ရောက်သောအခါ အိမ်ပေါ်မှာ ဦးသာဋ္ဌေး၏ ရုပ်ကလာပ်ကို ခုတင်တစ်လုံး ခုခံ၍ ပြင်ဆင်မွမ်းမံထားသည်ကို တွေ့ရ၏။ ဦးသာဋ္ဌေး၏ ဆွေမျိုး ဆိုသူတွေကလည်း အိမ်ပေါ်၌ ရောက်နှင့်နေကြသည်။ သူတို့ တစ်သက် လုံး နေထိုင်လာခဲ့ ကြသလိုပင်။ မှင်အပြည့်နှင့်။ ခပ်တည်တည်၊ ခပ်မြိန့်မြိန့်။ အရာခပ်သိမ်း သူတို့လက်၊ သူတို့ခြေ ဖြစ်နေကြပြီ။ ဤအတွက်လည်း ကျွန်တော့်ရင်၌ မည်သို့မျှ ထူးခြား စွာ မခံစားရပါ။ ဦးသာဋ္ဌေး၏ အသုဘ သုသာန်သို့ ချစဉ်က ကျွန်တော် မငိုကြွေးပါ။ ကျွန်တော် တစ်ခါမျှ မမြင်ဖူးသော ရပ်ဝေးမှ ဦးသာဋ္ဌေး၏ နှမဆိုသူက အော်ကြီးဟစ်ကျယ် ငိုသည်။ ဖွဲ့ကာနွဲ့ကာ ငိုသည်။

ရက်လည်ဆွမ်းကျွေးပြီးသောအခါ ကျွန်တော်သည် ဘော်ဒါဆောင်သို့ပြန်လာခဲ့၏။ ကျွန်တော်နှင့် ဦးသာဋ္ဌေး နေထိုင်သော နေအိမ်မှာ ဦးသာဋ္ဌေး၏ နှမ နေရစ်ခဲ့သည်။ ကျွန်တော့် ကိုသူမ ငွေအနည်းငယ် ထည့်ပေးနေသေး၏။ ကျွန်တော် မယူတော့ပါ။ ကျွန်တော့်မှာ လုံလောက် စွာ ရှိနေပါသည်ဟု သူမကို ပြောပြဖြစ်၏။ ကျွန်တော် ဤအိမ်သို့ မည်သည့်အခါမျှ ပြန်လာ တော့မည် မဟုတ်ကြောင်း ကျွန်တော့်နှုတ်မှ မပြောဖြစ်ပါချေ။ သူမကိုမူ သိစေချင်ပါ၏။

မည်သို့ပင်ဆိုစေ ဦးသာဋ္ဌေး၏ ကျေးဇူးတရားကြောင့်ပင် ကျွန်တော်သည် တက္ကသိုလ် ပညာကို သင်ကြားအောင်မြင်ခွင့် ကြုံရသည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုရပြီးနောက် ရုံးတစ်ရုံး တွင် ကျွန်တော် အလုပ်ရသည်။ 'စာရေး' ဆိုသည့် ဝေါဟာရကို ကျွန်တော်သည် ငယ်စဉ် ကလေးကပင် တီတစ်ကောင်ကဲ့သို့စက်ဆုပ်ခဲ့၏။ သို့သော်ကျွန်တော်သည် အောက်တန်းစာရေး အဆင့်မှ စတင်လျက် အလုပ်ဝင်ရောက်ရ၏။ လေးနှစ်လောက် ကြာသောအခါ ကျွန်တော် အထက်တန်းစာရေး အဆင့်သို့တိုးမြှင့်ခံစားရသည်။ အထက်တန်းစာရေးအဆင့်တွင် လေးနှစ်

mgyoe.com SAMPLE BOOK
ကြာသည်။ ကျွန်တော်သည် ဌာနဆိုင်ရာစာမေးပွဲတစ်ခု ဖြေရသည်။ အောင်မြင်သည်။ အငယ်တန်း အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ခံစားရသည်။ ကျွန်တော့် ရာထူးသစ်၊ ကျွန်တော့် အမှုထမ်း စာအုပ်၊ ကျွန်တော့် ကိုယ်ရေးစာတွဲများနှင့်အတူ ဟောဒီမြို့ကြီးသို့ ကျွန်တော် ပြောင်းရွှေ့ အမှုထမ်းရသည်။

လူအချို့က ကျွန်တော် ဤကဲ့သို့ မှန်မှန်လေး ရာထူးတက်သွားသည့်အတွက် ကုသိုလ်ကံ ကောင်းသည်ဟု ပြောကြ၏။ စာရေး ဆိုသော ဝေါဟာရကို စက်ဆုပ်သဖြင့် ဟိုတုန်းက ကျွန်တော်သည် စာရေး ဆိုသည့် အမည်သတ်မှတ်ချက်ဖြင့် ကျွန်တော့် ကိုယ် စိတ် နှစ်ပါးကို ခပ်ခွာခွာ ထားပြီး နေထိုင်ခဲ့ပါသည်။ ကျွန်တော်ဟာ လူတစ်ယောက်ပဲ။ ကျွန်တော်သည် လူတစ်ယောက် ဖြစ်သည်။ နှလုံးသားအတွင်း၌ စာရေးတစ်ဦး၏ အမှတ် အသား ခံစားမှုမျိုး မရှိဘဲ လူတစ်ယောက်အဖြစ်ပင် နေထိုင်ခဲ့သည်။ ယခုကဲ့သို့ အငယ်တန်း အရာရှိကလေး ဖြစ်လာသောအခါ၌လည်း ကျွန်တော့်တွင် မည်သို့ ကဲ့သို့မျှ ခံစားမှုမျိုး ဖြစ်ပေါ် မလာပေ။ ကျွန်တော်ဟာ လူတစ်ယောက်ပဲ။ ကျွန်တော်သည် လူတစ်ယောက် ဖြစ်သည်။

စိမ်းစိုသော ဗာဒံပင်လေး၏ အောက်မှာ မြို့တွင်းအိမ်များဆီသို့ ရေပို့လွှတ်သည့် ရေပိုက်လုံး သွယ်တန်းထားသည်။ မြေတွင် ကပ်လျက် သွယ်တန်းထားခြင်း ဖြစ်၏။ ကျွန်တော့် ခြေထောက်နားမှ ရေပိုက်က ပေါက်ပြီး ရေတွေ ပန်းထွက်နေသည်။ ပလက်ဖောင်း နံဘေး တစ်လျှောက် ရေတွေ စီးဆင်းနေသည်။ မြို့တော်၏ လမ်းကြီးဘေး၌ ကြည်လင်သည့်ရေ စီးဆင်းနေသည်မှာ ကျွန်တော့်အဖို့တော့ ချစ်စရာမြင်ကွင်းလေး ဖြစ်နေ၏။ အင်္ကျီညစ်ညစ်၊ ဘောင်းဘီမည်းမည်း ကောင်လေးငယ်ငယ်လေးတစ်ယောက်က ဗာဒံရွက်ကြွေ တစ်ရွက်ကို လှေလေးတစ်စင်းအဖြစ် မှတ်ယူခံစားလျက် ရေထဲ၌ မျှောနေသည်။

မနေ့ညက ပြန်လည် အိပ်ပျော်သွားပြီးမှ နောက်တစ်ကျော့ ထပ်မက်သည့် အိပ်မက် တစ်ခုကို သတိရလာသည်။ အိပ်မက်ထဲတွင် ကျွန်တော့်ဇနီး သေဆုံးသွား၏။ လေးနှစ် အရွယ် သမီးလေးတစ်ယောက်ကို အသက်ထက်ဆုံး စောင့်ရှောက်ရစ်ပါဟု ကျွန်တော့်ကို တတွတ်တွတ်ပြောပြီး 'ဇနီးသည်' သေဆုံးသွားခြင်း ဖြစ်ပါသည်။ 'ဇနီးသည်' သေဆုံးချိန်မှာ လေးနှစ်အရွယ် သမီးလေးက ပန်းရောင်ဂါဝန် ဝတ်ထားလျက်။ သမီးလေးသည် ကျွန်တော့် ရင်ခွင်ထဲမှ နေ၍ သေဆုံးသွားသော မေမေ့ကို မငိုယိုဘဲ မျက်တောင်မခတ် ကြည့်နေသည်။

တကယ်တမ်း လက်တွေ့ဘဝ၌မူ 'ဇနီးသည်' ရှိသူ မဟုတ်ပါချေ။ ဘဝမှာ တစ်ခါမျှ အိမ်ထောင် မကျဖူးသေးပါ။

အိမ်ထောင်ရှင် အမျိုးသားတစ်ယောက်က သူ၏ ဇနီးသည်အပေါ်မှာ မည်ကဲ့သို့သော သဘောထားမျိုး၊ မည်ကဲ့သို့သော စိတ်ထားမျိုး ရှိသနည်း။ ကျွန်တော် မသိပါချေ။

တစ်ခါတစ်ရံတော့ ညမှာ မိန်းမနှင့်အတူ အိပ်ချင်သည်။ ကိုယ့်မိန်းမ၏ လည်ကုပ် သားဖွေးဖွေးလေးကို နမ်းမွှေးပြီး မိန်းမဘေးမှာအိပ်ကြည့်ချင်သည်။ သွေးသားကိစ္စအတွက် အတူတူ အိပ်ချင်ခြင်း မဟုတ်ဘဲ ဘဝအမော ပြေအေးလိုမှုအတွက် ဖြစ်ပါသည်။ မိန်းမ
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက်ကို ကိုယ့်အားမှာထားပြီး အတူတူ အိပ်စက်ရသည့် ခံစားမှုမျိုး ကျွန်တော့် တစ်သက်တွင် တစ်ခါမျှ မကြုံကြိုက်ဖူးပါချေ။ အဲဒီခံစားမှုက ဘာနဲ့ တူသလဲ။ ငှက်ပျောသီး စားရသလို အေးပြီး ချိုသလား။ ဒါမှမဟုတ် ဖရဲသီး စားရသလိုလား။ သရက်သီးမှည့်ရဲ့ အရသာလား။ ကျွန်တော်နဲ့ ဓာတ်သဘာဝချင်း မညီညွတ်တဲ့ မိန်းမဖြစ်ခဲ့ရင်တော့ ဒူးရင်းသီးရဲ့ အခွံတစ်ခုကို ဖျစ်ညှစ်ဆုပ်ကိုင်ထားရသလို နေမှာပဲ။

ကျွန်တော့်မျက်လုံးအကြည့်သည် ရွှေဆိုင်ဆီသို့ ပြန်လည်ရောက်ရှိသွား၏။ ရွှေဝယ်သူ ကျဲပါးသွားပြီ။ ကျွန်တော်က ရွှေဆိုင်ကို ကြည့်နေသလို ရွှေဆိုင်ပိုင်ရှင် မိန်းမကြီးကလည်း ကျွန်တော့်ကို ကြည့်နေ၏။ မိန်းမကြီး၏အကြည့်သည် ကျွန်တော့်အပေါ် မလိုလားမှု သစ်သီးပုပ်တစ်လုံး ဖြစ်နေ၏။ သစ်သီးပုပ်သည် ပုပ်လာသည်။ ရှုံ့တွ၍ လာသည်။ ကျွန်တော် ကလည်း သူတို့ရွှေဆိုင်ကိုပင် ကြည့်မြဲ ကြည့်နေ၏။ သမီးဖြစ်သူ ကောင်မလေးက ရွှေဝယ်သူ တစ်ဦးကို စကားပြန်လည်ပြောရင်း ကျွန်တော့်ကို မသိမသာ အကဲခတ်နေပါသည်။

ရွှေထည်တွေကို ကြည့်ရခြင်းဖြင့် ကျွန်တော် စိတ်ချမ်းသာနေသည်။ (ဒါတောင် ခပ်လှမ်းလှမ်းက ကြည့်ရတာ)။ ပိုင်ဆိုင်လျှင် ပူပန်နေရဦးမည်။ မပိုင်ဆိုင်ဘဲ ကြည့်ရခြင်းက စိတ်ချမ်းသာ၏။

ရွှေဆိုင်ပိုင်ရှင် ကောင်မလေးကို ကြည့်ရခြင်းဖြင့်လည်း ကျွန်တော် စိတ်ကြည်နူးနေပါသည်။

ရွှေဆိုင်ပိုင်ရှင်မိန်းမကြီးသည် နံဘေးနားက တယ်လီဖုန်းခွက်ထဲမှ တယ်လီဖုန်းကို ဆွဲယူလိုက်သည်။ ဂဏန်းကွက်တွေကို လှည့်နေသည်။ မိန်းမကြီးသည် တစ်စုံတစ်ယောက်နှင့် တယ်လီဖုန်း အဆက်အသွယ် ရရှိသွားပြီ၊ သူမ စကားပြောနေသည်။ စကားပြောရင်း ကျွန်တော့်ကို ကြည့်နေ၏။ သိပ်မကြာလှပါ။ တယ်လီဖုန်းခွက်ကို သူမ ပြန်လည် ချထားလိုက်သည်။

မိန်းမကြီး၏ မျက်လုံးတွေက ကျွန်တော့်မျက်နှာပေါ်မှာ၊ ကျွန်တော့်ကိုယ်လုံးပေါ်မှာ၊ ကျွန်တော့်ခြေထောက်တွေပေါ်မှာ၊ ကျွန်တော့်ဖိနပ် သည်းကြိုးအနီညိုပေါ်မှာ၊ ကျွန်တော့် ခေါင်းပေါ်မှ ဆံပင်ဖြူတစ်ချောင်းပေါ်မှာ။

မိန်းမကြီး၏ မျက်လုံးတွေသည် ညက ကျွန်တော် အိပ်မက်မက်သည့် မြွေကြီး တစ်ကောင်၏ မျက်လုံးတွေနှင့် သွားပြီး တူနေသည်။ မကြာမီပင် မိန်းမကြီး၏ မျက်လုံး တွေသည် ညက မြွေကြီးတစ်ကောင် ဖြစ်သွားပါသည်။ မျက်လုံးတွေက ကျွန်တော့် ကိုယ်ခန္ဓာကို တင်းကျပ်စွာ ရစ်ပတ်ထားသည်။ ကျွန်တော် လူးလွန့်လှုပ်ရှား၍ မရ။ ကောင်မလေး၏ မျက်လုံးတွေထဲမှာမူ ကျွန်တော့်ကို ကယ်တင်လိုသူတစ်ဦး၏ ကြင်နာမှု အရိပ်အယောင်မျိုး ပေါ်လွင်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

မိန်းမကြီးသည် ကျွန်တော့်ကို ကြည့်နေရာမှ လမ်းတစ်ဖက်သို့ ကြည့်လိုက်သည်။ မြွေကြီးတစ်ကောင် ကျွန်တော့်ကို တင်းကျပ်စွာ ပတ်ထားရာမှ တစ်ပတ်လောက် လျှောချပစ်လိုက်သလို ကျွန်တော် ခံစားရသည်။ ကျွန်တော် လှုပ်ရှားနိုင်ပြီ။ ကျွန်တော် လှုပ်ရှား၍ ရလာသည်။

ကျွန်တော်သည် မိန်းမကြီး ကြည့်နေရာသို့ အမှတ်မထင် ကြည့်လိုက်မိ၏။ လူတစ်ယောက် ကျွန်တော့်ထံသို့ လာနေ၏။ ဝက်မှင်ဘီး အကျႌအညီ၊ ဖိနပ်သုတ်ဆေး အကျႌအညီဖြင့် ပြောင်လက်အောင် ပွတ်တိုက်ထားသော ရှူးဖိနပ်အနက်ကို တွေ့ရသည်။ ရှူးဖိနပ်သည် ကျွန်တော့်ထံသို့ တန်းတန်းမတ်မတ် သွက်သွက်လက်လက် လာနေသည်။ ရှူးဖိနပ်နှင့် ကတ္တရာလမ်းမ ထိခိုက်သံကို ကျွန်တော် ပို၍ နီးကပ်စွာ ကြားလာရသည်။ ကျွန်တော့်ကို ရစ်ပတ်လိုသည့် နောက်ထပ်၊ နောက်ထပ် မြွေတစ်ကောင်၏ သဏ္ဌာန်ကို ကျွန်တော် မြင်နေရသည်။ သူ တဖြည်းဖြည်း နီးလာနေပြီ။

မိန်းမကြီး၏အကြည့်က သူ့ထံမှ လွှဲဖယ်လျက် ကျွန်တော့်ထံသို့ ပြန်လည် ဆိုက်ရောက်လာသည်။ ညက အိပ်မက်ထဲ၌ မြင်မက်သော မြွေကြီးသည် ကျွန်တော့်ကိုယ်ခန္ဓာကို တင်းကျပ်သည်ထက် တင်းကျပ်အောင် ရစ်ပတ်နေပြန်ပါပြီ။ ဒီ့ထက် တင်းကျပ်အောင် ရစ်ပတ်လျှင်ဖြင့် ကျွန်တော့်အရိုးတွေ ကြေမွကာ သေသွားဖို့ပဲ ရှိတော့၏။

ကျွန်တော်သည် ရွှေဆိုင်က ကောင်မလေး၏ မျက်လုံးတွေကို ကြည့်နေမိသည်။

ကောင်မလေး၏မျက်လုံးတွေသည် အကြိမ်တစ်ရာမက သက်ပြင်းချနေသည်။

အဲဒီကောင်မလေး၏ မျက်လုံးထဲမှာ ကျွန်တော်သည် 'အချစ်' ဆိုသည့် ဘာသာရပ်ကို ရှာဖွေလေ့လာနေမိ၏။

*ဒဂုန်မဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၇ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ပန်းဖျော့ဆွယ်တာ

ကျွန်မသည် နွားနို့ကို မကြိုက်။ ကူးလ်ဖီးလည်း မကြိုက်။ ပူတင်းလည်း မကြိုက်။ ဝက်သားပေါင်းလည်း မကြိုက်တတ်ချေ။

တောင်ကြီးမြို့မှ လာသည့် နေကြာစေ့လှော်ကို ကျွန်မ ကြိုက်သည်။ မှော်င် မှော်င်ဟု မောင်းကလေးထု၍ တစ်မျိုး၊ ကက်ဆက်ဖြင့် မေခလာ သီချင်းဖွင့်၍ တစ်ဖုံ၊ တွန်းလှည်းနှင့် လမ်းတကာ လှည့်လည်ရောင်းချသည့် ဝေါ့သီးစိတ်၊ သီးသီးစိတ်၊ ဆီးဖြူသီးစိတ်အရောအနှောသုပ်ကို ကျွန်မ ကြိုက်သည်။ မစီမာ သရက်ပေါင်းကို ကျွန်မ ကြိုက်သည်။ ပန်းဖျော့ရောင် ဆွယ်တာအင်္ကျီကို ကျွန်မ ကြိုက်သည်။ မပြတ်သားမှုကို ကျွန်မ ကြိုက်သည်။

ဖေဖေနှင့် မေမေက ညစာစားပြီးလျှင် ဘုရားသို့ အမြဲသွားကြသည်။ အာရုံခံတန်ဆောင်းအတွင်းက မွေးပွကော်ဇောပေါ်မှာ ဖေဖေနှင့် မေမေ တရားထိုင်နေပါလိမ့်မည်။ ယနေ့ည မိုးချုပ်လျှင် အေးနိုင်သည် ထင်၏။ ဖေဖေနှင့် မေမေ စောစော ပြန်စေချင်သည်။ ကျွန်မ၏ ဖေဖေရော မေမေပါ ကျန်းမာရေးကောင်းကြသည်၊ နောက် ခေါင်းမာကြသည်။

မောင်လေးက အောက်ထပ်တွင် နိုင်ငံခြား ရုပ်အင်္ကျီ၊ နိုင်ငံခြား ဘောင်းဘီ၊ ဂျာကင်အင်္ကျီ အရောင်းဆိုင် ဖွင့်ထားသည်။ ယနေ့ ဥပုသ်နေ့ ဖြစ်သည်။ မောင်လေး၏

mgyoe.com

mgyoe.com SAMPLE BOOK
ဆိုင် မပိတ်။ ဈေးချိုတော်ရုံအတွင်းက ကျွန်မ၏အထည်ဆိုင်တွင် ကျွန်မ ယနေ့ ထိုင်စရာ မလို။ တစ်နေ့လုံးပင် ကျွန်မသည် အပေါ်ထပ်မှာ ယခုလထုတ် မဂ္ဂဇင်းစာအုပ် နှစ်အုပ် သုံးအုပ်၊ ၁၉၇၀ ပြည့်နှစ်ထုတ် ဂျိမ်းစ်ဂျွိုက်စ်၏ ဝတ္ထုတိုစာအုပ် တစ်အုပ်နှင့်အတူ နေထိုင်ခဲ့သည်။ မောင်လေး ဆိုင်ပိတ်လိုက်ပြီး ကျွန်မကို ဂစ်တာလာတီးပြလျှင် ကောင်းမည်။ မောင်လေးက လည်း အပေါ်ထပ်သို့ တက်မလာ။

ကျွန်မ၏ခင်ပွန်း ကိုမင်းနိုင်က တောင်ကြီးမြို့သို့ ဘွိုင်လာ စစ်ဆေးရေးကိစ္စဖြင့် ခရီးထွက်နေသည်။ သူ ဟိုမှာ ကျန်းမာရဲ့လား၊ အလုပ် အဆင်ပြေရဲ့လား၊ တောင်ကြီးမှာ သိပ်အေးနေသလား စသည်ဖြင့် သူ့အတွက် ပူပန်စိတ်ဖြင့် ကျွန်မ ဘာမျှ တွေးတောမနေ ချင်ပေ။ ဂျွိုက်စ်၏ 'နာကျင်ဖွယ်ရာ ကိစ္စတစ်ခု' ဝတ္ထုတိုလေးအကြောင်း ကျွန်မ တွေးတော နေချင်သည်။ ကျွန်မက စာနည်းနည်းဖတ်ပြီး များများ တွေးချင်သည်။

ကိုမင်းနိုင် အိမ်မှာ မရှိသည့်အတွက် ကျွန်မ၏အတွေးများ လွတ်လပ်စွာ လွင့်မျော နိုင်သည်။ ကိုမင်းနိုင်သာ ရှိလျှင်...။

"ဟော့...မင်း ဘာတွေ တွေးနေတာလဲ၊ မင်းက တွေးလှ ငေးလှချည့်လား‌ကွ၊ ဘာလဲ မင်းက တွေးခေါ် ရှင် ဖြစ်ချင်နေတာလား၊ စိတ်ကူးယဉ် စာရေးဆရာမလေး ဖြစ်ချင် နေတာ လား" ဟု သူ ကျွန်မကို အပြစ်တင်ပေမည်။

သူသည် ကျွန်မ၏အတွေးများ ၊စိတ်ကူးများအပေါ်မှာ အမြဲပင် သံသယဝင်တတ် ၏ ။ သူ့မှာလည်း သူ့အကြောင်းနှင့်သူ ရှိမည်။

ယခုမူ သူ အိမ်မှာ မရှိချေ။ ကျွန်မ၏ အတွေးများကို သူ မနှောင့်ယှက်နိုင်၊ မဖျက်ဆီးနိုင်။ ဤအတွက်ပင် ကျွန်မ စိတ်ချမ်းသာမှု ရရှိနေ၏ ။ 'သူ့အကြောင်းနှင့် သူသည်' တောင်ကြီးမြို့မှာသာ ရှိနေပါစေ။

ကျွန်မတို့ တိုက်ပြတင်းဝမှာ ကျွန်မ ရပ်နေသည်။ ကျွန်မ ရပ်နေသည့် ပြတင်းဝမှာ ခန်းဆီး မရှိချေ။ ခန်းဆီးတစ်ခု တပ်ဆင်ထားရလျှင် ကောင်းမည်။ ဘာခန်းဆီး တပ်လျှင် ကောင်း မည်လဲ။ သရက်ထည်စ။ ပါတိတ်စ။ ချည်အချိတ် ထဘီအဆင်လှလှ။ မဟုတ်သေးဘူး။ ဇာခန်းဆီး။ အို...အကြေစလှလှကို ခန်းဆီး တပ်ထားလျှင်ကော။ လေထဲမှာတော့ တဖျပ်ဖျပ် လွင့်ပါးနေမည် မဟုတ်။

မှောင်ရီပျိုးစအချိန် ဖြစ်သည်။ လမ်းဓာတ်မီးတိုင်များ၌ပင် မီးလင်းလျက် ရှိနေ ချေပြီ။ ကျွန်မ၏ တိုက်ခန်းထဲမှာ အမှောင်ရိပ်များ ဝင်ရောက်နေရာယူထားပြီးသား ဖြစ်နေ ၏ ။ မီးခလုတ် တစ်ချက် ဖွင့်လိုက်လျှင် ရ၏ ။ အမှောင်ရိပ်တို့ ရုတ်ခြည်းပျောက်သွားမည်။ သို့သော် ကျွန်မ မီးခလုတ်ဆီ မသွားချင်။
mgyoe.com

mgyoe.com SAMPLE BOOK

ခြေလှမ်းအနည်းငယ် ရွေ့လျားလိုက်လျှင် ကျွန်မသည် မီးခလုတ်ဆီ ရောက်သွားမည်။ လျှပ်စစ်မီးချောင်းရောင်ဖြင့် တိုက်အပေါ်ထပ်တစ်ခုလုံး လင်းချင်းလာမည်။ တိုက်နံရံမှ ဆေးသားအပြာနုရောင်များ ပေါ်လွင်တောက်ပလာမည်။ အပြာနုရောင်သည် အေးမြမှုကိုလည်း ကျွန်မအား ပေးဦးမည်။ မီးရောင်ထဲမှာ ကျွန်မ၏စိတ်များသည် ကြည်သန့်သွားမည်လား။

သို့သော်ကျွန်မသည်မီးခလုတ်ဆီခြေလှမ်းသုံးလေးလှမ်းလှမ်းရမည့်အတွက်ပင်ပျင်းရိနေမိ၏။ ကတ္တရာလမ်းမပေါ် လျှောက်သွားနေကြသော လူတွေကို ကျွန်မ ကြည့်နေချင်သေး၏။ သူတို့၏အဝတ်များပေါ်တွင် မာကျူရီမီးရောင်များ လှပစွာ စွန်းကွက်နေ၏။

🗎

ဟိုတုန်းက ဤနာရီစင်အနီးမှ ကတ္တရာလမ်းမသည် ညဈေးတန်းကြီးတစ်ခု ဖြစ်၏။ နေ့ခင်းက မော်တော်ကားများ သွားလာရာ ကတ္တရာလမ်းမ နက်ပြောင်ပြောင်ကြီးသည် ညအခါ၌ အဝတ်အထည်ဆိုင်၊ ထိုးမုန့်၊ လမုန့်ဆိုင်၊ စာအုပ်ဆိုင် စသော ဆိုင်မျိုးစုံတို့ဖြင့် နေရာမလပ် ပြည့်ညပ်နေ၏။ မီးရောင်အောက်မှ ပစ္စည်းများသည် ကတ္တရာလမ်းမကို လွှမ်းခြုံထားကြ၏။ ဤသည်မှာ ကျွန်မအတွက် ထူးဆန်းအံ့သြဖွယ်ရာ ပဥ္စလက်ပြကွက်တစ်ခုလို အမြဲဖြစ်နေ၏။

ညနေ ခြောက်နာရီဆိုလျှင် ညဈေးတန်းသည် ဖွဲ့စည်းစပြုပြီ။ ည ခုနစ်နာရီ၊ ရှစ်နာရီမှာ လူအသွားအလာတို့ဖြင့် ဈေးဝယ်၊ ဈေးသည်တို့ဖြင့် ညဈေးသည် ရင်ခုန်ဖွယ်ကောင်းစွာ အရောင်အသွေး စုံလင်လာ၏။ ညဈေး၏အသံဗလံများကို ကျွန်မတို့ တိုက်အပေါ်ထပ်မှ အတိုင်းသား ကြားနေရသည်။ လမ်းထောင့် လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကောင်လေး၏အသံကို ညဆယ့်နှစ်နာရီလောက်အထိ ကြားနေရတတ်၏။ ညဈေး ပြီးကွဲသော်မှ ထိုဆိုင်က မပိတ်တတ်သေးချေ။ မေမေကမူ ညဈေးသည် ဆူသည်ဟု ဆို၏။ ကျွန်မအတွက်မူ ညဈေးသည် ကျွန်မ၏ ပျော်ရွှင်မှု ဖြစ်၏။

ကျွန်မ ကြည့်နေသော နေရာ၌ ယခင်က သုံးရောင်ခြယ် စာအုပ်ဆိုင် ရှိသည်။ သုံးရောင်ခြယ်စာအုပ်ဆိုင်မှစာအုပ်ရောင်းသူ လူလတ်ပိုင်းအရွယ်တရုတ်ကပြားလေးသည် လုပ်တာကိုင်တာ အလွန်သွက်လက်၏။ သို့သော် ကျွန်မ စိတ်ဝင်စားသည်က ထိုသုံးရောင်ခြယ် စာအုပ်ဆိုင်ရှင်၏ ဖျတ်လတ်သည့် လှုပ်ရှားမှု မဟုတ်ပါချေ။

ကျွန်မ စိတ်ဝင်စားသည်မှာ သုံးရောင်ခြယ် စာအုပ်ဆိုင်၏ ထင်းရှူးသေတ္တာအလွတ်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသော ကျွန်မ၏ချစ်သူ ဖြစ်ပါသည်။ မောင်သည် သုံးရောင်ခြယ်၏ ညစဉ် လာနေကျဧည့်သည် ဖြစ်နေပြီ။ ည ခြောက်နာရီမှ ရှစ်နာရီခွဲအထိ စာအုပ်ဆိုင်မှာမောင် အမြဲရှိ၏။ ကျွန်မအဖို့ ဒီပြတင်းဝမှာ အမြဲရပ်ပြီး မောင့်ကို ကြည့်နေလို့

mgyoe.com

mgyoe.com SAMPLE BOOK
ဖြင့် မသင့်တော်ချေ။ တစ်ညလျှင် နှစ်ကြိမ်တော့ ဒီပြတင်းဝဆီ ကျွန်မ လာ၏။ မောင်နှင့် ကျွန်မ အကြည့်ချင်း စကွန့်အနည်းငယ် ဆုံလိုက်တိုင်း စကြဝဠာ တစ်ခုလုံးရှိ စကားလုံး များစွာကို အသည်းနှလုံး နှစ်ခုမှ ပြောဆိုကြပြီး ဖြစ်သွား၏။

တကယ်တော့ မောင်က ဣန္ဒြေရပါသည်။ ပြတင်းဝမှာ ကျွန်မ ရှိနေသည် ဟူသော အသိနှင့်ပင် မောင် ကျေနပ်သည် ဆို၏။ မောင်က ကျွန်မတို့ တိုက်ပြတင်းဝကို လူမြင်မကောင်း လောက်အောင် အမြဲစူးစိုက်ကြည့်နေသည် မဟုတ်ပေ။ စာအုပ်ဆိုင်ရှင်နှင့် စကားပြောသည့် အခါ ပြောနေ၏။ ရှေ့လမ်းမပေါ်မှာ ဖြတ်သန်းသွားသော လူတွေကို မောင် ငေးသည့်အခါ ငေးနေတတ်၏။

မောင်နှင့် ကျွန်မသည် ကျောင်းမှာလည်း နေ့စဉ်လိုလို ဆုံရသည်ပင်။ မောင်နှင့် ကျွန်မ အဓိကဘာသာတွဲချင်း မတူကြ။ တက္ကသိုလ် ရောက်သည့်နှစ်လည်း မတူကြချေ။ မောင်က ကျွန်မထက် တစ်နှစ် နောက်ကျသည်။ သို့သော် တစ်ကျောင်းတည်း မဟုတ်ပါလား။ တစ်ယောက်နှင့် တစ်ယောက် ချစ်သူဖြစ်သွားကြသည်မှာ သိပ်အဆန်းအပြားကြီး မဟုတ်။

"မနေ့ညက မို့မို့ ပြတင်းဝမှာ လာရပ်တာ ခုနစ်နာရီ ဆယ်မိနစ်မှာ တစ်ခါ၊ ရှစ်နာရီ သုံးမိနစ်မှာ တစ်ခါ"

ရေနီမြောင်း အနောက်ဘက် အသုပ်ဆိုင်မှာ ထိုင်ကြသောအခါ ညက ကျွန်မ ပြတင်းပေါက်ဝမှာ ထွက်ပြီး မောင့်ကို ရပ်ကြည့်သော အချိန်ကို မောင် အမြဲ ပြန်ပြောပြ တတ်၏။

"မောင် အဲဒီဆိုင်ကို ညတိုင်း လာထိုင်တော့ ဆိုင်ရှင်က မငြိုငြူဘူးလားဟင်"

"အို... မို့မို့ကလည်း၊ မောင်က အဲဒီဆိုင်က စာအုပ် ဝယ်တတ်သလို မောင့်စာအုပ် တွေလည်း သူ့ကို မကြာမကြာ သွားရောင်းဖူးတာပဲ၊ မောင်တို့ ခင်နေကြတယ်လေ၊ နောက်ပြီး မောင်နဲ့ မို့မို့အကြောင်းလည်း သူ သိပြီးသားပဲဥစ္စာ၊ သူက မောင့်အပေါ် နားလည်ပါတယ်"

"မောင် အကုန်ပြောထားတယ်ပေါ့လေ၊ မို့မို့နဲ့ မသိတဲ့လူကို မောင်နဲ့ မို့မို့အကြောင်း ပြောပြတာ မို့မို့ မကြိုက်ပါဘူး"

"မောင် မပြောပါဘူး၊ သူ့ဘာသာသူ သိနေတာ"

မောင်က ရယ်ကျဲကျဲ ဆိုသည်။

"အို... မောင် မပြောဘဲ သူ သိပ့်မလားလို့"

ကျွန်မက နှုတ်ခမ်းစူယောင် ပြု၏။ မောင်က ကျွန်မကို ချင်းသုပ်တစ်ဇွန်း ခပ်ယူ၍ လှမ်းပေးသည်။ ကျွန်မ ချင်းသုပ်ကို ညက်အောင် ဝါးနေချိန်မှာ မောင်က ရေနွေးကြမ်း တစ်ပန်းကန် ငှဲ့ပေးပြန်သည်။

ကျွန်မနှင့် မောင် ခုနက စကားကို ဆက်လက် မဆွေးနွေးဖြစ်တော့။ ကျွန်မ ချင်းသုပ်ဖိုး ရှင်းပေးလိုက်သည်။ တက္ကသိုလ်ပရိဝုဏ်၏ တောင်ဘက် လယ်ကွင်းများဆီသို့ ကျွန်မတို့ သွားကြ၏။
mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ လမ်းရိုးအတိုင်း လျှောက်သွားသည်။ မောင်က လယ်ကန်သင်းရိုး မြင့်မြင့်လေးပေါ်မှ ပြေးကာ လွှားကာ သွားသည်။

ကောက်လှိုင်းစည်းအပုံတွေ၏ နံဘေးမှာ ကျွန်မနှင့်မောင် ထိုင်မိကြသည်။ ကျွန်မ ခြေမျက်စိလေးကို သေချာမကြည့်ရတာကြာလို့ ပြစမ်းပါဦးဟု မောင်က ပြုံးပြုံးလေး ပြော၏။

ကျွန်မ ခစ်ခနဲ ရယ်မိသည်။

ကျွန်မ မောင့်ကို သိပ်ချစ်ပါသည်။

ကျွန်မ ချစ်သည့် မောင့်ကို ကျွန်မကပင် စတင်ရက်စက်ခဲ့ပါသည်။ ချစ်သော မောင့်ကို ရက်စက်ရသည်မှာတကယ်ပင် ကြေကွဲဖို့ကောင်း၏။သုံးရောင်ခြယ်စာအုပ်ဆိုင်က ထင်းရှူးသေတ္တာအလွတ်ကလေးပေါ်မှာ ခါတိုင်းလို မောင် ထိုင်နေသည့် ညတစ်ညမှာပင် ဖြစ်၏။ ထိုညက လသည် စောစောပင် သာနေ၏။ ကျွန်မ သနပ်ခါးရေကျဲ အဖွေးသား လိမ်းထား၏။ လသာသော ညဦးတွေမှာ သနပ်ခါး အဖွေးသား လိမ်းပြီး ပြတင်းပေါက်မှာ ရပ်နေသည့် ကျွန်မကို မောင် အလွန်ကြည့်ချင်သည်ဟု မောင်က မကြာခဏ ပြောဖူး၏။

သို့သော် ထိုညက ကျွန်မ ပြတင်းဝ၌ မရပ်ဖြစ်ပါချေ။ တစ်ချိန်တွင် ကျွန်မ၏ ခင်ပွန်းဖြစ်လာတော့မည့် ကိုမင်းနိုင်နှင့် သူ၏ မိဘများ အိမ်သို့ ရောက်ရှိလာကြသည်။ ကိုမင်းနိုင်နှင့် ကျွန်မကို စေ့စပ်ကြောင်းလမ်းရေးအတွက် ဖြစ်၏။ ဖေဖေနှင့် မေမေတို့၏ သဘောထားကို ကျွန်မ မငြင်းပယ်ဖြစ်။ မကန့်ကွက်ဖြစ်ပါပေ။

ဧည့်ခန်းတွင်းရှိ ဆိုဖာပေါ် ထိုင်၍ ဖွင့်ထားသည့် ပြကြင်းပေါက်ကို ကျွန်မ ဝမ်းနည်းရိဝေစွာ ကြည့်နေမိပါသည်။ မေမေက ဧည့်သည်တွေကို ဧည့်ခံစကား ပြောနေ၏။ ကိုမင်းနိုင်က ကျွန်မကို လှမ်းလှမ်း စကားပြော၏။ ကျွန်မ ဧည့်ဝတ်ကျေရုံမျှသာ တုံ့ပြန်ဖြစ်၏။ ညနေစောင်းက လိမ်းထားသည့် ရှင်မတောင်သနပ်ခါးများအတွက် ကျွန်မ နှမြောနေမိ၏။ ယခုတော့ ဤသနပ်ခါးများသည် မောင့်အတွက် မဟုတ်တော့ပါလား။ နောင်တစ်ချိန်တွင် သနပ်ခါးအဖွေးသားနှင့် ကျွန်မကို ကိုမင်းနိုင် နမ်းမွှေးခွင့်ရပေလိမ့်မည်။ ကိုမင်းနိုင်က ကျွန်မကို နမ်းနေသည့်အခါ ကိုမင်းနိုင်၏ ပခုံးပေါ်မှကျော်၍ ပြတင်းပေါက်ကလေးကို မြင်နေမည်လား၊ မောင့်ကို မြင်နေမည်လား။

ကျွန်မနှင့် ကိုမင်းနိုင် စေ့စပ်ပြီး တစ်လအတွင်းမှာပင် လက်ထပ်ဖြစ်သည်။ ကျွန်မတို့ လက်ထပ်ပြီး နောက်တစ်နှစ်မှာ မောင်က မဂ္ဂဇင်းကဗျာဆရာ ဖြစ်သွားသည်။

မောင့် လူအဖြစ်၏ အရိပ်အယောင် အစအနကိုတော့ ကျွန်မ မမြင်ရ၊ မတွေ့ရတော့ချေ။

မောင့်ဘဝ၊ မောင့်ရုပ်ပုံ၊ မောင့်မျက်နှာကို မောင်၏ ကဗျာများထဲ၌ပင် ရှာဖွေရ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်မသည် ပြတင်းပေါက်မှတစ်ဆင့် ကတ္တရာလမ်းမကြီးကို ငေးကြည့်ရင်း ပြောင်းရွှေ့သွားပြီဖြစ်သော ညဈေးတန်းကြီးကို လွမ်းဆွတ်နေမိသည်။ ညဈေးတန်း နေရာသစ်သို့ ကျွန်မ မရောက်ဖြစ်တော့။ သုံးရောင်ခြယ်စာအုပ်ဆိုင်မှာ ယခင် ထင်းရှူးသေတ္တာလေး ရှိပါသေးသလား။ ကျွန်မ၏ မောင်ကော ဘယ်မြို့မှာလဲ။ မာနကြီးသည့် မောင်က ကျွန်မကို ဘယ်တော့မှ မျက်နှာပြတော့မည် မဟုတ်ပေ။ ကျွန်မက မောင်၏ ခံစားမှု စာတစ်စောင် ဖတ်ချင်နေတာ။

ကျွန်မ ပြတင်းပေါက်မှ ခွာခဲ့သည်။ မီးခလုတ်များ အားလုံးကို ဖွင့်လိုက်သည်။ တိုက်အပေါ်ထပ် တစ်ထပ်လုံး အရမ်းလင်းချင်းသွား၏။ ကျွန်မ မီးဖိုဆောင်ကို ဝင်၍ မတ်ခွက်ဖြင့် ကော်ဖီတစ်ခွက် ဖျော်သည်။ ကော်ဖီခွက်ကို ဧည့်ခန်းတွင်းရှိ စားပွဲပေါ်မှာ ကျွန်မ ချထားလိုက်သည်။

ကျွန်မတို့ အခန်းထဲမှ ဗီရိုကြီးတစ်လုံးဆီသို့ ကျွန်မ သွား၏။ ဗီရိုအောက်ဆုံးထပ်၏ သော့ကို ကျွန်မသေချာသိမ်းဆည်းထားသည့်နေရာမှယူခဲ့သည်။ ဗီရိုအောက်ဆုံးထပ်တွင် မဂ္ဂဇင်းတွေ အများကြီးပဲ။ အဲဒီမဂ္ဂဇင်းတွေ အားလုံးထဲမှာ မောင့်ကဗျာ တစ်ပုဒ်စီ ပါဝင်နေ၏။

မဂ္ဂဇင်းတွေကို တနင့်တပိုး ပွေ့ပိုက်လျက် ဧည့်ခန်းစားပွဲဆီသို့ ကျွန်မ လာခဲ့၏။ ကျွန်မ ဆိုဖာပေါ်ကို ထိုင်ချလိုက်သည်။ မဂ္ဂဇင်းတွေကို ကျွန်မနံဘေး ဆိုဖာပေါ်မှာ တင်လိုက်သည်။

စာအုပ်ကို ယူလိုက်ပြီး စားပွဲပေါ်မှာ ချထားသည်။ ဘယ်မဂ္ဂဇင်း၊ ဘယ်မျက်နှာဖုံး၊ ဘယ်စာမျက်နှာမှာ မောင်၏ ဘယ်ကဗျာပါမှန်း ကျွန်မ အလွတ်သိ၏။

ကျွန်မ ကော်ဖီခွက်ကို လှမ်းယူသည်။ ကော်ဖီ တစ်ကျိုက်ကို အရသာခံပြီး ဗိမ်နှင့် ဆွဲသောက်၏။ မောင့်ကဗျာကို ကျွန်မ ဖတ်သည်။ မောင်၏ ကဗျာများတွင် ဘာကြောင့် အသည်းကွဲခံစားမှု မပါဝင်ရပါသနည်း။ မောင့်ကဗျာ၏ အကြောင်းအရာတွေက သိနားလည်ရနည်းနည်းခက်သလိုပင်။ တွေးရ၊ တောရသည်။ ကျွန်မအတွက်မူ မခက်ခဲပါ။ မောင်၏ အသည်းနှလုံးကို ကျွန်မ နားလည်ပြီးသား မဟုတ်လား။

ကိုမင်းနိုင် ရှိလျှင် ကျွန်မ မောင့်ကဗျာ ပါဝင်သည့် မဂ္ဂဇင်းများကို ဤသို့ ဖတ်ရမည် မဟုတ်။ တစ်အုပ်ချင်းသာခိုးကြောင်ခိုးဝှက် ဖတ်ရသည်။ နောက်မှ ကဗျာပါ အကြောင်းအရာကို ဖြည်းဖြည်းချင်း တွေးရသည်။ ကိုမင်းနိုင်က ကျွန်မ ဖတ်သည့် မဂ္ဂဇင်းတိုင်း၏ မာတိကာကို အမြဲယူကြည့်တတ်၏။ မာတိကာမှာ မောင့်နာမည်ကို တွေ့သွားလျှင် မလွယ်ချေ။

"မင်းက မင်းအကောင်ကို အခုထိ စွဲလမ်းနေတုန်းလား၊ အဲဒီအကောင်ဟာ အခုထိ သေကို မသေနိုင်သေးဘူး"

ကိုမင်းနိုင်သည် ရခါစကလို မဟုတ်တော့။ သူ့စကားများက ရိုင်းစိုင်းလာသည်။ သူသည် အလွန် သဘောထားသေးသည့်လူ ဖြစ်၏။ အရက်မူးလျှင် သူ့စိတ်ဓာတ်ကို ပိုပြီး

mgyoe.com

mgyoe.com SAMPLE BOOK

သိရ၏။ ကျွန်မ၏ မောင်က အရက်သောက်ထားလျှင် အလွန်ချစ်စရာကောင်း၏။ ချစ်သူ ဘဝက မောင့်ကို ကျွန်မ ရမ်နှစ်ပက် ဝယ်တိုက်ဖူးသည်။

မောင့်ကဗျာပါသည့် နောက်ထပ်မဂ္ဂဇင်းတစ်အုပ်ကို ကျွန်မ ဆွဲယူသည်။ စားပွဲပေါ် တင်သည်။ ကော်ဖီတစ်ကျိုက် သောက်ပြန်သည်။ မောင့်ကဗျာပါသည့် စာမျက်နှာကို ကျွန်မ လှန်လိုက်သည်။ မောင့်ကဗျာကို တွေ့သည့်အခါ ကျွန်မ ကျေနပ် ပြုံးလေး ပြုံးမိ၏။ ကျွန်မ နှုတ်ခမ်းလေး လှပစွာ တွန့်ကွေးနေမည်။

ထိုစဉ် ငြိမ်သက်နေလွန်းသော တိုက်အပေါ်ထပ်တွင် တယ်လီဖုန်းသည် ဆူညံစွာ အော်မြည်ရလာသည်။ ဘာကြောင့် ဒီလောက်အရေးတကြီး နိုင်ရတာလဲ။ အထည်ဈေး အတက် အကျကို ပြောကြမည်လား။ အဲဒါတွေလည်း ကျွန်မ မုန်းနေပြီ။ ငွေစက္ကူ ရေတွက်ရတာတွေ ကိုလည်း ကျွန်မ မုန်းနေပြီ။ လူမျိုးစုံနှင့် စကားပြောဆိုရတာလည်း ကျွန်မ စိတ်ကုန်နေပြီ။ ကိုမင်းနိုင် တောင်ကြီးက လှမ်းဆက်သလား။ ကိုမင်းနိုင် ပြန်လာတော့မည်လား။

ကျွန်မသည် တယ်လီဖုန်းရှိရာသို့ အေးဆေးစွာ လျှောက်လှမ်းသွားသည်။

တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို... ဒေါ်မို့မို့လား"

ကျွန်မနှင့် မရင်းနှီးလွန်းသည့် အသံ။ ဟိုအဝေးကြီးက အသံ။ မိုးသံ လေသံနှင့် အခြား ဆူညံသံများလည်း တစ်ဖက်မှ တယ်လီဖုန်းလိုင်းထဲ ဝင်နေ၏။ အသံ ရောထွေးနေ၏။

"ဟုတ်ကဲ့၊ ပြောပါရှင်"

ကျွန်မ အသံကို အနည်းငယ်မြှင့်ပြီး အော်ရသည်။

"ဒီမယ် ကိုမင်းနိုင်လေ၊ ခင်ဗျားယောကျ်ား ကိုမင်းနိုင်လေ..."

တစ်ဖက်မှ ရပ်နားထားပြန်သည်။

ကျွန်မ စိတ်မရှည်ချင်။ ကိုမင်းနိုင်၏ မိတ်ဆွေတစ်ယောက် ဖြစ်မည်။ ဒီအချိန်တွင် ကိုမင်းနိုင် အရက်မူးနေပေလိမ့်မည်။ ဒါကြောင့် သူ့မိတ်ဆွေက လှမ်းဆက်ပုံ ရ၏။ သူ ပြန် လာမည့်အကြောင်း ထိုလူက လှမ်းအကြောင်းကြားတာပဲ ဖြစ်ရမည်။

"ကိုမင်းနိုင် ဘာဖြစ်လဲရှင့်၊ သူ ပြန်လာမယ့်ရက်ကို ပြောမှာ မဟုတ်လား၊ ပြောပါ၊ ကျွန်မ နားထောင်နေပါတယ်"

"ကိုမင်းနိုင် တောင်ကြီးကနေ မန္တလေးကို အပြန်လမ်းမှာ ကားမှောက်လို့၊ အဲဒီ အချိန်က မိုးတွေကလည်း တအားရွာနေတာ"

"ရှင်... ပြန်ပြောစမ်းပါဦး"

ကျွန်မ တအားအော်မိသည်။ ကျွန်မအသံသည် တိုက်ထဲမှာ ပဲ့တင်ထွက်နေ၏။

တစ်ဖက်မှ တယ်လီဖုန်းလိုင်းသည် ရုတ်တရက် ပြတ်သွား၏။ ကျွန်မ တယ်လီ ဖုန်းကို ကိုင်ထားဆဲ ဖြစ်သည်။ တစ်ဖက်မှအသံကို ကျွန်မ စောင့်စားနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုအချိန်မှာပင် တိုက်အပေါ်ထပ်သို့ ဖေဖေနှင့်မေမေ တက်လာကြသည်။ ကျွန်မ မောင်လေးလည်း ဂစ်တာတစ်လုံး ပိုက်လျက် မေမေ့နောက်မှ ကပ်လိုက်လာသည်။ မောင်လေး၏ ခြေသံတွေက နည်းနည်းလေး တက်ကြွပြင်းထန်နေသလိုပင်။ အရေးထဲ မောင် ဘယ်မြို့မှာများ နေထိုင်ပါသလဲ ဆိုသည့် အတွေးက ဝင်လာသေး၏။ ချက်ချင်း ပြန်ဖျောက်ပစ်ရ၏။ မေမေနှင့် မောင်လေးတို့ ကျွန်မအနီးအပါးသို့ ရောက်ရှိလာကြ၏။

တယ်လီဖုန်းကို ကိုင်ထားသောကျွန်မသည် ပန်းဖျော့ရောင် ယုန်မွေးဆွယ်တာကို ဝတ်ထားသည်။

*ပေဖူးလွှာမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၈၇ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# နံနက်ခင်း နှင်းဆီပွင့်

လက်ဖက်ရည်ဆိုင်ကလေး၏ ရှေ့မျက်နှာစာတွင် ချခင်းထားသည့် ကုလားထိုင်လေး တစ်လုံးအပေါ်၌ ကျွန်တော်သည် ထိုင်လျက် ကတ္တရာလမ်းမကို မျက်နှာမူပြီး…

အချိန်မှာ နံနက်ခင်း အဦးအသစ်ကလေး။ မြို့တော်၏ သန့်ရှင်းရေး အလုပ်သမားတွေက ကတ္တရာလမ်းမပေါ်မှာ အမှိုက်သရိုက်များ လှည်းကျင်းသုတ်သင် ပြီးစီးသွားပြီ။ ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်၌ ရည်ရွယ်မျှော်မှန်းချက် ကိုယ်စီနှင့် ဘုရားဖူးသူ လူအချို့ အသက်ရှင်သန် လှုပ်ရှားနေကြမည်။ မန္တလေး ဈေးချိုတော်၏ တံခါးများကိုမူ မဖွင့်ကြသေး။ မည်သို့ပင်ဖြစ်စေ သင့်စိတ် ကြည်နူးချမ်းမြေ့ပါစေဟု ကျွန်တော် ဆန္ဒပြု ဆုတောင်းပါ၏။

သား၊သမီး၊ ခင်ပွန်း၊ ငွေကြေး၊ တိုက်တာ အဆောက်အအုံ။ ကမ္ဘာထဲရှိ အတွေ့အပြားသော ရုပ်ဝတ္ထုပစ္စည်းတွေ စုံလင်ကြွယ်ဝခြင်းရှိသည့် အရွယ်လတ် အမျိုးသမီး။ အိပ်ရာမှ အာရုံနိုးထနေပါလျက် ခန္ဓာကိုယ် ထမထိုင်ဖြစ်သေး။ လမ်းမလျှောက် ဖြစ်သေး။ မျက်နှာ မသစ်ဖြစ်သေး။ လူသားတစ်ဦး၊ အိပ်ရာထဲ၌ပင် ဟိုဘက် သည်ဘက် လူးလှိမ့်နေ

mgyoe.com

mgyoe.com SAMPLE BOOK

ပါ၏။ သူမ၏အသည်းနှလုံးအတွင်း တဖျစ်ဖျစ်မြည်အောင် တောင်းဆိုနေသည်မှာ အချစ်။ အချစ်။ အချစ် ဖြစ်ပါ၏။ ကံကောင်း၊ ကံဆိုး တစ်ခုခုနှင့် ကြုံကြိုက် တိုက်ဆိုင်ပါက သူမ၏ တစ်သက်တာ၌ အချစ်ဆိုသည့် အရာကို တစ်နှစ်စာမျှ တွေ့သွားနိုင်၏။ စွန့်စားရဲလျှင် "ရသသစ်"ကို တူးဖော်တွေ့ရှိနိုင်ပါသည်။ အချစ်သည် လူသားတစ်ဦး။ လူသားတစ်ဦးသည် အချစ် ဖြစ်၏။ ထိုသို့ နှလုံးသားဘက်မှ ဆိုလိုက်လျှင် ကျွန်တော့်အတွေးအခေါ် လွန်ကျူးသည်ဟု ခင်ဗျား ဝေဖန်ဦးမည်လော။ ပန်းကလေးတစ်ပွင့် သဘာဝအတိုင်း ကြွေဆင်းနေသည်ကို ကျောက်တုံးကြီးတစ်ခုပေါ် ထိုင်ပြီး ကြည့်နေဖူးပါသလား။ အလွန်ကြည့်၍ ကောင်းသည့် ရှုခင်းလေး ဖြစ်သည်။

သူမသည် အတွင်းဘက်၌ ပန်းရောင်၊ အပြင်ဘက်၌ အဝါ၊ အပွင့်ကြီး ပွင့်ဖတ်ပြည့်၊ ရနံ့သင်း၍ ပွင့်တံရှည်သော 'အချစ်သီချင်း'အမျိုးအစား နှင်းဆီပန်းများကို ပန်းအိုး အလှ ထိုးဖို့ ဝါသနာ ထုံ၏။ သူမ၏ ခေါင်းထက်မှာမူ အလွန်ယဉ်ကျေးသိမ်မွေ့သော ပန်းနုရောင် အသွေးနှင့် အလွန်ပင် မွှေးလှသော 'အရုဏ်သစ်' နှင်းဆီပွင့်ကို ပန်ဆင်ဖို့ နှစ်သက်၏။

ထိုအမျိုးသမီး ဝယ်ယူနေကျ ပန်းသည်မလေးက အမျိုးသမီး၏ တိုက်ကြီးကို ကျော်လွန်ဖြတ်သန်းလျက် အသံမြင့် အော်ဟစ်နေပါပြီ။ ပန်းသည်မလေးသည် အသည်း နှလုံးမှ လည်းကောင်း၊ နှုတ်ခမ်းမှလည်းကောင်း အချစ်…အချစ် ဟု မအော်ဟစ်ပါ။ အချစ် လိုချင်သည်ဟု မတောင်းဆိုပါ။ သူမ၏ပန်းများ မြန်မြန်ဆန်ဆန် ရောင်းချ ကုန်စင်ရန်အတွက် သာ သူမ အော်ဟစ်နေပါသည်။ ပတ်ဝန်းကျင်ကို အသံပြု တင်ပြနေပါသည်။

နှင်းဆီခင်းထဲတွင် နှင်းဆီဖူးတွေ ရှိနေဦးမည်။ နံနက်ထက်စောသည့် အရုဏ်ဦးမှာ ပွင့်ခဲ့သည့် နှင်းဆီတွေကိုတော့ ပန်းခူးသမားက ခူးပြီးသွားပါပြီ။ ပန်းခူးသမားသည် အမြဲပင် လက်ဦးမှု ရယူ၏။ နှင်းဆီပွင့်ဖတ်ကလေးကိုမှ ရွေးချယ် စားသုံးကြည့်ချင်သည့် ငှက်ပြာ ကလေးက အစဉ်အမြဲပင် နောက်ကျ ကျန်ရစ်သည်။

ယခုအချိန်မှာ ထိုနှင်းဆီခူးသူသည် နှင်းဆီခူး၍ အားရပြီး (မောပန်းပြီး) သူ၏ အိပ်ရာထက်၌ တစ်ရေးတစ်မော ထပ်မံအိပ်စက်ချင် အိပ်စက်နေမည်။ ထိုသို့ မဟုတ်ခဲ့လျှင် လည်း နောက်လာမည့် အရုဏ်ဦးတွေ၊ အရုဏ်ဦးတွေမှာ နှင်းဆီတွေ ပိုဖူး၊ ပိုပွင့်လာအောင် ပန်းခူးသမားသည် နှင်းဆီပင်များကို ရေလောင်းချင် လောင်းနေပေလိမ့်မည်။

ပေါင်းသင်၊ အင်ဒရင်း ပိုးသတ်ဆေးရည် ပက်ဖျန်း၊ အရွက်နာတွေ ဖယ်ရှင်း၊ နိုက်တြိုဂျင်နှင့် ဖော့စဖရိပ်ဓာတ် ပါဝင်သည့် မြေသြဇာအာဟာရ ကျွေးမွေး၊ ကိုင်းကူး၍ မျိုးပွား၊ အဖူးမြှုပ်၍ မျိုးပွား စသည့် နှင်းဆီပင် ပြုစုပျိုးထောင်ခြင်းဆိုင်ရာ အလုပ်တစ်ခုကို လုပ်ချင် လုပ်နေနိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အရှေ့ဦးတုန်းက ထိုလူ ကျွမ်းကျင်စွာ စူးဆွတ်သွားခဲ့သည့် နှင်းဆီပန်းတွေက တော့ ယခုအချိန်တွင် ပန်းသည်မလေးတွေ၏ ဗန်းတွေထဲမှာ၊ ပန်းတန်းက စင်မြင့်ဆီမှာ၊ ဘုရားရှေ့မှောက်မှာ၊ ဧည့်ခန်းတွင်းရှိ မဟော်ဂနီ စားပွဲပေါ်က ကြွေပန်းစိုက် အိုးထဲမှာ၊ တက္ကသိုလ်ဆရာမလေး၏ ဆံမြကေသာထက်မှာ အသီးသီး ဝင့်ကြွားစွာ နေရာယူထားကြ ပါလိမ့်မည်။

သို့သော် ကတ္တရာလမ်းမပေါ်၌ မတော်တဆ ကျကျန်ရစ်ခဲ့သည့် နှင်းဆီ တစ်ပွင့် တလေတော့ ရှိချင်ရှိနေ၏။ ထိုနှင်းဆီပွင့်၌ အမည်ရှိမည်။ 'ပထမ အချစ်' ဖြစ်ချင်ဖြစ်မည်။ 'ငြိမ်းချမ်းရေး' ဖြစ်ချင်ဖြစ်မည်။ 'မက်ဒရင်း' ဖြစ်ချင်ဖြစ်မည်။ 'တက်ဖဲနီ' ။ 'ကလီယို ပက်ထရာ' ။ 'ဒေါက်တာဖော့စ်' ။ 'ချန်တာ' ။ အဲဒီအထဲက တစ်ခုခု ဖြစ်ချင်ဖြစ်မည်။ သို့သော် အခြားအမျိုးအမည်တစ်ခု ဖြစ်ဖို့ပို၍ သေချာပါသည်။ ထိုနှင်းဆီပွင့်ကို တိုယိုတာဟိုင်းလပ်စ် မော်တော်ကား မောင်းသွားသူက မြင်မိသည် မဟုတ်။ ထိုလူ မြင်လျှင်လည်း နှင်းဆီပွင့်ကလေး၊ သနားစရာ ဆိုသည့်စာနာမှုအသိဖြင့် ညှာတာမည် မဟုတ်။ အရှိန်ဖြင့် ပြေးနေသည့် ကားတာယာ ဘီး၏ နင်းခြေမှုအောက်၌ နှင်းဆီပွင့်သည် ပိပြားကြေမွလျက် အရုပ်ဆိုးသွားပေမည်။

နံနက်ခင်းနှင့် မထိုက်တန်သည့် 'ပန်းတစ်ပွင့်၏ သွေးထွက်သံယိုမှု' ကိစ္စတစ်ခုသည် လမ်းမကြီးပေါ်မှာ ဖြစ်ပွား အသံမြည်သွားပေမည်။

ပလတ်စတစ်အိတ် အဟောင်းအနွမ်း အစုတ်အပြလေးတွေကို ပြန်လည်ရောင်းစား ဖို့ရန် လိုက်လံရှာဖွေ ကောက်ယူနေသည့် ချာတိတ်လေးတစ်ဦး။ ထိုချာတိတ်ကလေးသည် ကတ္တရာလမ်းမပေါ်က နှင်းဆီပွင့်ကို တွေ့သွားသည် ဆိုပါစို့။ နှင်းဆီ၏ ကံကြမ္မာမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ သွားပေမည်။

ချာတိတ်သည် နှင်းဆီပွင့်ကို တယုတယ ကောက်ယူလိုက်မည်။ နောက်ပြီး သူ၏ လွယ်အိတ်အဟောင်းလေးထဲသို့ နှင်းဆီပွင့်ကို သိုဝှက်စွာ ထည့်သွင်းလိုက်မည်။

ချာတိတ်လေးသည် လမ်းကြိုလမ်းကြား အနှံ့ရောက်သည်။ တိုက်ကြို တိုက်ကြား အနှံ့ရောက်သည်။ တိုက်ဘေး ရေဆိုးမြောင်းတွေထဲက၊ အမှိုက်ပုံတွေထဲက၊ ဘတ်စ်ကားဂိတ် တွေအနီးက ပလတ်စတစ်အိတ် အဟောင်းလေးတွေကို အဖျားချွန် တုတ်တစ်ချောင်းဖြင့် မွှေနှောက်ကောက်ယူနေမည်။

ချာတိတ်လေး၏ စိတ်ထဲ၌ အဆိပ်မဲ့သည့် ပျော်ရွှင်မှုပိုးကောင်လေးတွေ တရွရွ ပြေးလွှား တက်ဆင်းနေကြ၏။ နှင်းဆီပွင့် ကောက်ရထား၍ပင်လော။ ပလတ်စတစ်အိတ် အဟောင်းတွေ များစွာ ရရှိ၍ပင်လော။ သူ၏ ညာဘက်ပခုံးပေါ်မှာ မည်းညစ်ဟောင်းကြေ နေသည့် မြွေရေခွံအိတ်ကြီးတစ်လုံး။ ပလတ်စတစ်အိတ် အဟောင်းလေးတွေ ပြည့်သည်ထက် ပြည့်လာပြီ။ သူ၏ ဘယ်ဘက်ပခုံးဆီမှာ နှင်းဆီပန်းတစ်ပွင့်ထည့်ထားသည့် လွယ်အိတ်ကလေး။ ထိုလွယ်အိတ်ထဲ၌ အခြား မည်သည့်ပစ္စည်းမျှ ချာတိတ် မထည့်တော့။ ဒီလိုနှင့်ပင် နေညို လာသည်။ ချာတိတ် အလုပ်သိမ်းချင်ပြီ။ ချာတိတ် အိမ်ပြန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ချာတိတ်လေး အိမ်သို့ပြန်ရောက်ပြီး မရှေးမနှောင်းအချိန်၌ပင် ချာတိတ်လေး၏ အစ်မသည်လည်း အလုပ်က ပြန်လာ၏။ ချာတိတ်က သူ၏ အစ်မကို ထိုနှင်းဆီပန်းပွင့် လက်ဆောင်ပေးလိုက်သည်။

"မမအတွက် နှင်းဆီပန်းပွင့်"

နှင်းဆီပန်းကလေးကား နွမ်းနေပြီ။ သို့သော် ချာတိတ်၏အစ်မသည် နွမ်းနယ် နှင်းဆီကို အမြတ်တနိုး နမ်းမွှေးနေသည်။ ချာတိတ်လေးသည် ကျေနပ်နေ၏။ အစ်မသည် လည်း ကြည်နူးနေ၏။ တစ်နေ့ကုန်လုံးမှာ 'ကြည်နူးမှု' ဆို၍ ဟောဒီတစ်ခုပဲ ရှိနေခွင့်ရသည့် ပမာ ကြည်နူးနေပါသည်။ ချာတိတ်လေး၏ အစ်မသည် နှင်းဆီပန်း အနွမ်းလေးကို နောက် တစ်ခါ ထပ်၍ မွှေးလိုက်ပြန်သည်။ 'လူမိန်းမ' တစ်ယောက်အဖြစ် လူသားတစ်ဦးထံမှ တန်ဖိုးထား ဆက်ဆံခံရမှုကို ဟောဒီ မောင်ငယ်လေးထံမှပဲ ရနိုင်တော့မည် ထင်သည်။

ထိုပလတ်စတစ်အိတ် ကောက်သည့် ကောင်လေး၏ အစ်မသည် မည်သည့်အလုပ် လုပ်ကိုင်ပါသနည်း။ ထိုကိစ္စကို ကျွန်တော် မတွေးတောချင်ပါ။

ကျွန်တော့်ရှေ့တွင် ပန်းသယ်ဆောင်သူ ကျကျန်ရစ်ခဲ့သည့် နှင်းဆီပန်းပွင့် မရှိပါ ချေ။ ကျွန်တော့်ရှေ့တွင် ပလတ်စတစ်ကောက်သည့် ကောင်လေး မဖြတ်သန်းပါချေ။ ထိုကောင်လေး၏ အစ်မကိုလည်း တစ်ခါတစ်ဆစ်မျှ ကျွန်တော် မတွေ့မြင်ဖူးပါချေ။ အို... မဟုတ်သေးပါ။ ကျွန်တော့်အတွေးအခေါ် မှားယွင်းချွတ်ချော်ပြီ။ ထိုချာတိတ်လေး၏ အစ်မ ကို မမြင်ဖူးပါဟူ၍ ကျွန်တော် မည်ကဲ့သို့ တပ်အပ်သေချာ ပြောနိုင်ပါမည်နည်း။

မြို့ဆင်ခြေဖုံးက အိမ်ကလေးတစ်လုံးထဲမှာ...။

ထိုမိန်းကလေး၏ ခေါင်းပေါ်က နှင်းဆီပန်းပွင့်ကို ကျွန်တော် ဖြုတ်ယူ ခြေမွဖူး ပေ မည်။ ဟုတ်သည်။ ဤသည်မှာ အမှန်တကယ် ပြောဆိုနိုင်သည်။ အကြောင်းမှာ ကျွန်တော် သည် မြို့ဆင်ခြေဖုံးက အိမ်ကလေးတစ်လုံးဆီသို့ မကြာခဏ ရောက်လေ့ရောက်ထရှိ၏။ တစ်ခါတွင် ထိုဆင်ခြေဖုံးက အိမ်ကလေးထဲမှာ ကျွန်တော် တွေ့ခဲ့ဖူးသည့် မိန်းကလေး တစ်ယောက်က "မောင်လေးက ပလတ်စတစ် ကောက်တယ်" ဟု ကျွန်တော့်ကို ပြောပြဖူး၏။ ကျွန်တော် ရေးတေးတေး မှတ်မိလာတာတွေ ရှိသည်။

ဘာအကြောင်းမျှ မမေးမြန်းဘဲ ဘာကြောင့် ဇာတ်လမ်း၊ ဇာတ်ကွက်လေးများကို ပြောပြရတာပါလိမ့်။ တွေ့တာ ကြုံတာ ပတ်သက်စပ်ဆိုင်နေတာတွေထဲက တစ်ခုခုကို တစ်ယောက်ယောက်အား ပြန်ပြောပြချင်သည်မှာ မိန်းမတို့၏ သဘာဝပင်လော။ ကျွန်တော် ကတော့ ဆန့်ကျင်ဘက်လိင် တစ်ဦးဦးနှင့် အတူရှိနေချင်၍ ထိုအိမ်ကလေးသို့ ရောက်သွား ခြင်း ဖြစ်ပါသည်။ အဲဒါကလည်း ပုရိသ သဘာဝပင်လော။

အိမ်ကလေးသို့ ရောက်သွားသည့် အခါတိုင်းလိုလို ကျွန်တော်သည် မူးယစ်ရီဝေ လျက်။ ထို့ကြောင့် ထိုအိမ်ကလေးထဲမှာ ကျွန်တော် ဘာတွေ လုပ်နေခဲ့သည်၊ ဘာတွေဖြစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သည် ဆိုတာကို ကျွန်တော်ကိုယ်တိုင် အသေးစိတ် မမှတ်မိပါ။ မှတ်မိရန်လည်း ကျွန်တော် မကြိုးစားပါ။ အားမထုတ်ပါ။

ဖြစ်နိုင်ပါသည်။ မိန်းကလေးက သိပ်အဖိုးမတန်သည့် နှင်းဆီတစ်ပွင့်ကို ဦးခေါင်းထက်မှာ အမြတ်တနိုး ပန်ဆင်ထားလျက်။ ကျွန်တော့်အတွက်မူ ဤသည်မှာ ကစားစရာတစ်ခု ဖြစ်၏။ တက္ကသိုလ် ဆရာမလေးတစ်ဦး၏ ဦးခေါင်းထက်မှ နှင်းဆီပွင့်ကို ဖြုတ်ယူခွင့်ရရှိရန်အတွက် ကျွန်တော့်တွင် အခက်အခဲ ရှိနေ၏။

🗎

သို့သော် အခုန အိမ်ကလေးဆီ သွားပြီး အခုန မိန်းကလေး၏ခေါင်းပေါ်မှ နှင်းဆီပွင့်ကို ဖြုတ်ယူစော်ကားခွင့် ကျွန်တော့်တွင် ရှိနေသည်။ မည်သူက ဤအခွင့်အရေး ပေးထားခဲ့ပါသနည်း။ တရားမျှတမှု၏ ပါးပြင်ကို ကျွန်တော့်လက်ဖြင့် ဘယ်နှချက် ရိုက်နှက်ခဲ့ဖူးပြီနည်း။ ကျွန်တော့်လက်ဝါးတွေ နီရဲကျိန်းစပ်နေသည်။

🗎

လက်ဖက်ရည်ဆိုင်ကလေးအတွင်းထဲမှ ၁၉၈၆ ခုနှစ်ထဲမှာ ကျွန်တော် ချစ်သော ခင်မောင်တိုး၏သီချင်းသံသည် ကတ္တရာလမ်းမပေါ်ထိ လွင့်ပျံ့နေပါသည်။ ကတ္တရာလမ်းမပေါ်တွင် ဘတ်စ်ကားအဖြစ် အသုံးပြုဆဲ ချက်ပလက် ကားဟောင်းကြီးတွေ မောင်းသွားကြသည်။ အဆေးပြေးကားကြီးတွေမောင်းသွားကြသည်။လော်ရီကားကြီးတစ်စီး၏ ရှေ့ခန်း ကားမောင်းသူ၏ နံဘေး၌မိန်းမရွယ်တစ်ယောက် လိုက်ပါသွားသည်။ကားမောင်းသူသည်အယ်လဘာတိုမိုးရားဗီးယား၏ 'လော်ရီဒရိုင်ဘာ' နှင့် မစွမ်း ဇာတ်လိုက် စရိုက်ချင်း တူညီ နေလိမ့်မည်ဟု ကျွန်တော် မထင်ပါ။ ကောက်ရိုးလှည်းတစ်စီးသည် ဝန်အပြည့်အမောက်ဖြင့် တအိအိ လာနေလျက်။ ထိုကောက်ရိုးလှည်းပေါ်မှာ အသာအိပ်လိုက်သွားလျှင် မည်သည့် တိုင်းနိုင်ငံသို့ ကျွန်တော်ရောက်ရှိသွားမည်နည်း။တိုယိုတာဟိုင်းလပ်စ် အဝါရောင်သည် ကောက်ရိုးလှည်းကို ကျော်ဖြတ်သွားပြီ။ ထိုတိုယိုတာဟိုင်းလပ်စ် အဝါရောင်သည် ကျွန်တော့် ဦးလေး ပိုင်ဆိုင်သော မော်တော်ကား ဖြစ်၏။ ထိုမော်တော်ကားကို ကျွန်တော် တစ်ကြိမ်တစ်ခါမျှပင် မစီးဖူးပါချေဟု ဆိုလျှင် သင် ယုံကြည်မည်လော။ လမ်းများများ လျှောက်ထားခဲ့သဖြင့် ကျွန်တော့်ခြေထောက်တွေ အလွန်သန်မာကြောင်းကိုမူ သင် ယုံကြည်သင့်ပါ၏။

🗎

ကျွန်တော့်ရှေ့မှ ကတ္တရာလမ်းမပေါ်၌ နှင်းဆီတစ်ပွင့်တလေကို တွေ့နိုင်မည်လောဟူ၍ ကျွန်တော် စူးစမ်းရှာဖွေ ကြည့်ရှုနေမိ၏။ ဘဝအလွမ်းဆန်သော်လည်း လှပသည့် အနာဂတ်

mgyoe.com

mgyoe.com SAMPLE BOOK

ကို ကြို့ဆိုထားသည့် 'လမ်းဆက်နှင်မယ်' အမည်ရှိ သီချင်းလေးသည်လည်း လမ်းမပေါ်၌ နှင်းဆီပွင့်ကို လိုက်လံရှာဖွေနေမည်လား။ မသိ။

လမ်းမပေါ်၌ နှင်းဆီပွင့်ကို ကျွန်တော် မတွေ့ရှိပါ။ ချာတိတ်လေး တစ်ယောက်တလေကို မျှလည်း ကျွန်တော် မတွေ့ရှိပါ။ ထို့အတူ ချာတိတ်လေး၏ အစ်မကိုလည်း ကျွန်တော် မတွေ့ရှိပါ။

သို့သော် ကျွန်တော့် အာရုံရိပ်ထဲတွင် ကတ္တရာလမ်းမတွေ အများကြီး ဖြစ်နေကြသည်။ ထို ကတ္တရာလမ်းမတွေ အပေါ်၌ နှင်းဆီပွင့် တစ်ပွင့်စီ တွေ့နေရသည်။

ဟိုမှာ ချာတိတ်လေး တစ်ယောက်၊ လမ်းလျှောက်လာနေသည်။ ကျွန်တော့်ဆီ တည့်တည့်။ မြို့ဆင်ခြေဖုံးမှာ ကျွန်တော် မှတ်မိနေသော အိမ်ကလေး တစ်လုံး၊ ထိုအိမ်ကလေး ထဲမှာ ချာတိတ်ကလေး၏ အစ်မ။

ကျွန်တော်သည် အာရုံထဲ၌ပင် မြို့ဆင်ခြေဖုံးက အိမ်ကလေးတစ်လုံး ရှိရာသို့ သွားနေ၏။ အိမ်ကလေးအရှေ့သို့ ကျွန်တော် ရောက်သွားပြီ။ လှေကားအိုသည် ခနော်နီ ခနော်နဲ့။ ကျွန်တော် တက်သွားသည်။ တံခါးရွက်ကို ကျွန်တော် မခေါက်တော့။ တွန်းဖွင့်လိုက်၏။ တံခါးရွက်သည် အသံအနည်းငယ်မြည်ပြီး ပွင့်သွား၏။ တန်ဖိုးမကြီးမြင့်သည့် နှင်းဆီပွင့် တစ်ပွင့် ပန်ဆင်ထားသည့် မိန်းမ။ သူမသည် ဒူးယားစီးကရက် တစ်လိပ် သောက်လျက်။ တစ်ယောက်တည်း အညိုရောင်ဝါးကြမ်းခင်းပေါ်၌ ထိုင်နေ၏။ ထိုမိန်းမ ထိုင်နေပုံသည် ကျွန်တော် မြင်ဖူးသည့် တက္ကသိုလ်ဆရာမလေးတစ်ဦး၏ ထိုင်နေပုံနှင့် လုံးဝ ကွဲလွဲပါသည်။

ကျွန်တော်သည် သူမ၏ဦးခေါင်းထက်မှ နှင်းဆီပွင့်ကို ဖြုတ်ယူခြေမွချင်လာပါ ပြီ။ ကျွန်တော်သည် သူမအနီးသို့ တိုးကပ်သွား၏။ သူမသည် လုံးဝ မရွေ့လျားပါ။ သူမ၏ ရင်ခုန်သံကို ကျွန်တော် မကြားရ။ ပန်းပွင့်ရင်ခုန်သံကို ကျွန်တော် ကြားရသည်။ ပန်းတစ်ပွင့် ၏ ရင်ခုန်သံမှာမူ အဘယ်ကြောင့် မသေဆုံးရပါသနည်း။ ထိုပန်းတစ်ပွင့်၏ ရင်ခုန်သံသည် ကျွန်တော့်ကို ချောက်ချားစေ၏၊ တုန်လှုပ်စေ၏။ နောက်ဆုံးတွင် ထိုပန်းတစ်ပွင့်၏ ရင်ခုန် သံအောက်၌ ကျွန်တော်၏ ရင်ခုန်သံသည် နစ်မြုပ်သွား၏။ နောက်...။

*ဒဂုန်မဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၈၆ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# လမ်းလျှောက် လူတစ်ယောက်

(၁)

လမ်းမပေါ်တွင် လူတွေ လမ်းလျှောက်နေကြသည်။ လူ့ဘဝ၏ ကိစ္စအသီးသီးအတွက် လူတွေ လမ်းလျှောက်နေကြ၏။

(၂)

လူ့ဘဝ၏ ကိစ္စအသီးသီးထဲ၌ ငွေကြေးလည်း ပါဝင်၏။ ကျန်းမာရေးလည်း ပါဝင်၏။ လက်မှတ်ထိုးထားသည့် စာရွက်တစ်ရွက်လည်း ပါဝင်၏။ ပေါင်မုန့်လည်း ပါဝင်၏။ အိမ်ကလေးတစ်လုံးလည်း ပါဝင်၏။ အချစ်မေတ္တာလည်း ပါဝင်၏။ လူတစ်ယောက်အတွက် သဘာဝကျနစွာ လိုအပ်သည့် လိင်ကိစ္စလည်း ပါဝင်၏။ 'စတီဖင်စပင်းဒါး'၏ ကဗျာတစ်ပုဒ်လည်း ပါဝင်၏။ 'မဒမ်ဗိုဗာရီ' ဝတ္ထုနှင့် 'လေဒီချက်တာလီရဲ့ ချစ်သူ' ဝတ္ထုစာအုပ်တို့လည်း ပါဝင်၏။

အချို့သော လူတွေအတွက် အပျော်အပါး၊ အသောက်အစားနှင့် 'ပေါ့ရွှတ်ရွှတ်အနေအထိုင်' ပါဝင်လိမ့်ဦးမည်။ ကိုယ့်ဘဝထဲမှာ ကိုယ် နှစ်သက်သည့် ကိစ္စကို ကိုယ့် ရွေးချယ်ဆုံးဖြတ်မှုနှင့်ကိုယ် ထည့်သွင်းနိုင်ပါသည်။ ဘဝ၏ ယာယီကိစ္စထဲမှာ ဗွီဒီယိုကို ထည့်သွင်းဦးမည်လား။

mgyoe.com

mgyoe.com
SAMPLE BOOK

အချို့ကမူ အနုပညာနှင့် အတွေးအခေါ် ကိစ္စကို ဘဝအတွင်းသားထဲတွင် သိုမှီးခိုင်မာစေမည်။ ဘဝထဲ၌ ကိစ္စအသီးသီးကို အချိုးအစားကျနစွာ ဖွဲ့စည်းထားလျှင် ဘဝ၏ ရစ်သမ် အတန်အသင့် ပြေပြစ်မည်ဟု ကျွန်တော် ထင်မြင်မိပါသည်။

သင့်ကို ကျွန်တော် အကြံပြုခြင်း မဟုတ်ပေ။

ကျွန်တော့်ထင်မြင်မှုကို တင်ပြခြင်းမျှသာ ဖြစ်၏။

## (၃)

ဤလမ်းမကြီးပေါ် လမ်းလျှောက်ကြဖူးသူတွေ အရေအတွက်အားဖြင့် အလွန်ကို များပြားပေမည်။ ကျွန်တော့် အသိမိတ်ဆွေများစွာ ဤလမ်းမကြီးပေါ်၌ လမ်းလျှောက်ဖူးပေမည်။ ကိုရောဘတ်လည်း ဤလမ်းမကြီးပေါ်၌ လမ်းလျှောက်ဖူး၏။ သူ့တွင် နောက်ဆုံးပေါ် ဒတ်ဆန်းကားလေး ရှိ၏။ သို့ရာတွင် သူသည် ဤလမ်းမပေါ်၌ လမ်းလျှောက်ဖူး၏။ ကျွန်တော်တို့ အလုပ်ဌာန၌ သူ ဝန်ထမ်းဘဝ စူးစမ်းလေ့လာမှု သဘောလား၊ အပျော်သဘောလား မသိ။ အလုပ် လုပ်ကိုင်သွားခဲ့သည်။ ထိုစဉ်က သူနှင့် ကျွန်တော် ဤလမ်းမပေါ် ဖြတ်သန်းပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ မကြာခဏ အတူသွားခဲ့ကြသည် မဟုတ်ပါလား။

ကျွန်တော်၏ဌာနတွင်းမိတ်ဆွေ တရုတ်ကပြားမလေး မမြင့်မြင့်သိန်းလည်း ဤလမ်းမပေါ်၌ လမ်းလျှောက်ဖူးပေမည်။ မျက်နှာမှာ၊ အသည်းနှလုံးမှာ၊ ပခုံးပေါ်မှာ အပြုံးပန်းတွေ ဝေဆာစွာ ချိတ်ဆွဲဆင်မြန်းလျက် လမ်းလျှောက်နိုင်ပါစေ။ မိန်းကလေးရေ... မျက်ရည်တစ်စ ကြွေကျလျက် လမ်းလျှောက်နေရသူ ဘယ်သောအခါမှ မဖြစ်ပါစေနှင့်။

ကိုနေအောင်၊ ကိုသန့်ဇင်၊ ဆရာဝန် မောင်မောင်အေး၊ ပန်းချီဒီဇိုင်းဆရာ ဗိုလ်စော၊ ဘဝ၏ကိစ္စအသီးသီးထဲမှ တစ်စုံတစ်ခုကို ဆောင်ရွက်ဖို့အတွက် သူတို့သည် ဤလမ်းမပေါ်၌ လမ်းလျှောက်ဖူးကြပေမည်။

ဟောဟိုလူတစ်ယောက်လမ်းလျှောက်နေသည်မှာအလျင်စလိုနိုင်လွန်းလှပါဘိ။

၈၁ လမ်းပေါ်မှ ကိုယ်ပိုင်ဆေးခန်းတစ်ခုဆီ ပင်နီဆီလင်တစ်လုံး ထပ်မံထိုးဖို့ ကိစ္စအတွက် ခင်ဗျား ဤလမ်းမပေါ်မှတစ်ဆင့် လမ်းလျှောက်၍ သွားဖူးသေးသလား။ အဲဒါတော့ဗျာ... စိတ်ညစ်ဖို့လည်း ကောင်း၏။ နောက်ပြီး... ရယ်လည်း ရယ်ရ၏။

နောင်ကြဉ်သွားအောင် သိန်းဖေမြင့်၏ ဝတ္ထုဟောင်းတစ်အုပ်ကို ရှာဖတ်ပါ။

## (၄)

သန်းခေါင်ကျော်တွင် ကျွန်တော်သည် အိပ်ရာမှ ထထထိုင်ဖူး၏။ ဒါ အချစ်ဆိပ်ကြောင့်လား။ ရမ္မက်စိတ်ကြောင့်လား။ အိပ်မက်ဆိုးသဖြင့် အိပ်ရာမှ လန့်နိုးခြင်းလား။ သို့မဟုတ်လျှင် အနုပညာ ဇောအဟုန် ကပ်ငြိခြင်း ခံရ၍ပင်လော။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က စကားပြောဖော် လိုချင်သည်။ ပတ်ကားဖောင်တိန် လိုချင်သည်။ ပတ်ကား စုပါကွင့် မင်အိုးအစစ် လိုချင်သည်။

စကားပြောဖော်သည် မိန်းကလေး ဖြစ်စေချင်၏ ။ သူမသည် ချောမောပြေပြစ်ပြီး ပညာတတ်ရမည်။ အချို့က ကျွန်တော့်ကို ဆန့်ကျင်ဘက် လိင်အပေါ် အာရုံရှိလွန်းသူဟု သတ်မှတ်ချင်ကြ၏ ။ တကယ့်တကယ်မူ ကျွန်တော်သည် မိန်းမသားနှင့် ကိုယ်ခန္ဓာ ရင်းနှီးနီးကပ်ရမည့် အရေးကို အတွေးထဲ၌ပင် ရွံရှာနေတတ်၏ ။ ကျွန်တော် ပခုံးတွန့်မိ၏ ။

ဆောင်းရာသီတွင် ကျွန်တော်သည် နံနက် သုံးနာရီကျော်ကျော်တွင် အစဉ်လိုလို အိပ်ရာမှ နိုးနေတတ်၏။ ထိုအခါ ရေထသောက်ချင်သည်။ သောက်ရေအိုးစင် ရှိရာသို့ ခြေသံမကြားအောင် သွားရ၏ ။ သောက်ရေအိုးဖုံးနှင့် ရေအိုးနှုတ်ခမ်းတို့ ခပ်ကြမ်းကြမ်း ထိခတ်မိက အသံမြည်သွားနိုင်သည်။

အကယ်၍ အသံမြည်သွားလျှင်–

"ညက ငါ့သား အရက်သောက်လာတယ် မဟုတ်လား၊ ဒါကြောင့် တစ်ရေးနိုးမှာ ရေထသောက်တာပဲ"

နံနက် နေပွင့်လျှင် အမေက ကျွန်တော့်ကို ပြောဆိုဝေဖန်မည်။

သောက်ရေအိုးဖုံးနှင့် သောက်ရေအိုးနှုတ်ခမ်း ထိခတ်သံ မထွက်စေရ။

သောက်ရေတစ်ခွက် ခပ်ယူသောက်၏ ။

တံခါးဆီ သွားသည်။ တံခါးကန့်လန့်ကို အသံမမြည်အောင် ကျိတ်ဖွင့်ရ၏ ။

မှောင်ရိပ်နှင့် နောက်ဖေးလမ်းကြားဆီသို့ ကျွန်တော် ထွက်သွား၏ ။

ဝဏ်ပါလမ်းကြောင်းသို့ ကွေ့ပတ်လျှောက်ခဲ့ပြီး လမ်းဓာတ်မီးတိုင် ကျိုးကျဲရှိရာ လမ်းမသို့ ကျွန်တော် ရောက်လာသည်။ အခြားလူတွေ အိပ်ပျော်ဆဲ။ မိမိမှာ နိုးထ လမ်းလျှောက်နေခွင့်ရသည့် အဖြစ်။ ဒါကို ကျွန်တော် ကျေနပ်၏ ။ မင်္ဂလာလမ်းအတိုင်း ကျွန်တော် အားရအောင် လမ်းလျှောက်နေသည်။ ထိုမှတစ်ဆင့် မီးရထားသံလမ်း၏ နံဘေးသို့ ကျွန်တော် ရောက်လာသည်။ သံလမ်းနံဘေးမှ ကပ်လျှောက်လာသည်။

ဖိနပ်ဦးဖြင့် ကျောက်ခဲတစ်လုံးကို ထိတွေ့မိ၏ ။

ကန်ထုတ်လိုက်သည်။

လာပြန်ပြီ။ ကျောက်ခဲတစ်လုံး။

ဟော... နောက်ထပ် ကျောက်ခဲလေးတစ်လုံး။

ကန်ထုတ်လိုက်ပြန်သည်။

ကျောက်ခဲလေး ဘယ်ဆီသို့ လူးလိမ့်သွားပါသနည်း။

ကျွန်တော်သည် မီးရထား ဘူတာရုံလေးရှေ့သို့ ရောက်သွား၏ ။ ဘူတာရုံလေးရှေ့မှ စင်္ကြံပေါ်မှာ လူတွေ စောင်ခြုံပြီး ထိုင်နေကြသည်။ ရထားအလာကို စောင့်နေကြခြင်းပင်။ ကျွန်တော်သည် သူတို့နှင့် ရောထွေးလိုက်၏ ။ သို့သော် ကျွန်တော် မတ်တတ် ရပ်နေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

လွန်ခဲ့သော ဆယ်နှစ်က ကျွန်တော် ဘွဲ့ရပြီးခါစ ဖြစ်သည်။ ကျွန်တော် တစ်နှစ်လောက် အလုပ်လက်မဲ့ ဖြစ်နေ၏။ သူငယ်ချင်းတစ်ယောက်နှင့် နံနက်စောစောတွင် အပျင်းပြေ သဘောဖြင့် ဤဘူတာရုံကလေးမှပင် စစ်ကိုင်းမြို့သို့ လိုက်သွားခဲ့၏။

စစ်ကိုင်းမြို့ထဲမှာ လမ်းလျှောက်ကြ၏။ ကျွန်တော်တို့ နှစ်ယောက်မှာ ပါသည့် ပိုက်ဆံလေးတွေ အစုရှယ်ယာလုပ်ပြီး အကြော် ဝယ်စားကြသည်။ လက်ဖက်ရည် ဝယ်သောက်ကြသည်။ အပြန်စရိတ် မချန်ကြတော့။ အပြန်မှာလည်း အလုပ်သမား ရထားဖြင့် လက်မှတ်မဝယ်ဘဲ လိုက်သွားမည်။ သို့သော် စစ်ကိုင်းမြို့ထဲတွင် လျှောက်လည်နေကြသည်မှာ အချိန် ကြာသွား၏။ ကျွန်တော်တို့နှစ်ယောက် ဘူတာရုံ ရောက်သောအခါ ရထားကို မမီလိုက်တော့။ မီးရထားသည် ထွက်သွားနှင့်ချေပြီ။

ကျွန်တော်တို့နှစ်ယောက်သား စစ်ကိုင်းမြို့ထဲမှာ ကြံရာမရဘဲ သောင်တင်နေကြ၏။ ထို့နောက် မြို့ထဲမှာအလှူရှင်လောင်း လှည့်သည်နှင့် ကြုံသည်။ ဝတ်ကောင်းစားလှနှင့် အမျိုးသမီးတစ်ယောက်က ဂျစ်ကားတစ်စီးပေါ်မှ လမ်းပေါ်သို့ ပိုက်ဆံတွေ ပစ်ကြဲချ၏။

"လာဟေ့... သူငယ်ချင်း၊ တို့ ပိုက်ဆံ ဝင်လုကြမယ်"

ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း ပိုက်ဆံတွေ ဝင်လုကောက်ကြသည်။

နှစ်ယောက် ရသည့် ပိုက်ဆံအကြွေတွေ ပေါင်းကြည့်၏။ နှစ်ယောက်စရိတ် မလုံလောက်။ သို့နှင့် ခြောက်မိုင်ခရီးကို သုံးမိုင် ကားစီးသည်။ ကားခ ပေးရ၏။ ကျန် သုံးမိုင်ကို လမ်းလျှောက်လျက် အိမ်သို့ ပြန်ကြ၏။ လွန်ခဲ့သောဆယ်နှစ်က ပျော်စရာတစ်ခုကို ကောက်ရခြင်းပင်ဟု ယခု တွေးမိသည်။ ပြုံးဖွယ် ပျော်ဖွယ် အတိတ်ကလေးပင်။

ယခု ဘူတာရုံလေးရှေ့မှာမူ ကျွန်တော့်တွင် အဖော်မပါချေ။ သို့သော် ပိုက်ဆံပါသည်။ အချိန်ပိုစောသည်။

နှင်းကို ဖြိုခွဲလာသော ရထားဥသြသံကို ကြားရ၏။ မီးရောင်အဝါ မြင်ရပြီ။ လူတွေ လှုပ်ရှားလာကြသည်။လက်မှတ်ရောင်းသည့်အပေါက်ဝကလေးဆီသို့လူတစ်ယောက်နှစ်ယောက် ပြေးလွှားသွားကြ၏။ ရထားသည် ဘူတာရှေ့၌ နှာကျင် မာန်ဖီနေသော တိရစ္ဆာန်တစ်ကောင်လို အသံပြုနေ၏။ ကျွန်တော်သည် လူအုပ်နှင့်အတူ ရထားပေါ်သို့ တက်လိုက်သွား၏။ ကျွန်တော် မီးရထားလက်မှတ် မဝယ်ချေ။ ကျွန်တော် မွေးဖွားခဲ့ရာ ရွှေခဲကျေးရွာကလေးဘေးမှ ရထား ဖြတ်သန်း ခုတ်မောင်းနေ၏။ ယခုအိမ်နှင့် ကျေးရွာကလေးမှာ မဝေးသော်လည်း ကျွန်တော် မရောက်ဖြစ်ချေ။ နှင်းထုနှင့် အမှောင်ကို ရထားသည် ထိုးဖောက်လျက်။ တံခါးရွက် မရှိတော့ပြီဖြစ်သော အပေါက်ဝမှာ ကျွန်တော် မတ်တတ်ရပ်လျက် လိုက်ပါလာရ၏။

ရထားတွဲထဲ၌ ဆေးလိပ်မီးရောင် တရဲရဲကို တွေ့ရ၏။ တွဲထဲမှာ ဒါသည်လျှင် အတောက်ပဆုံး၊ အလင်းလက်ဆုံး။ ဆေးလိပ်မီးရောင် တရဲရဲသည် မီးရထားဖြင့် ခရီးသွားနေ၏။ ကျွန်တော့်မျက်လုံးက အမှောင်ကို ကျင့်သားရအောင် ကြိုးစားနေသည်။ ကောင်းကင်

mgyoe.com

mgyoe.com
SAMPLE BOOK

မှာ လ ရှိ၏။ တိမ်ရွေ့သွားပြီ။ မည်သူ ယောကျ်ား၊ မည်သူ မိန်းမ သဲကွဲလာသည်။ ခန္ဓာကိုယ် တည်ဆောက်ပုံ ကောက်ကြောင်းသဏ္ဌာန် ကြည့်ခြင်းဖြင့် သိ၏။ ကျွန်တော့်ရှေ့မှာ တောင်း အလွတ်တစ်လုံး ဆွဲကိုင်ထားသည့် မိန်းမသားတစ်ဦး။

ရထားသည် စစ်ကိုင်းတံတားပေါ် ဖြတ်သန်းစပြုပြီ။ ကျွန်တော် အောက်သို့ ငုံ့ကြည့် လိုက်သည်။ ဇလီဖားတုံးတွေ အကြားမှတစ်ဆင့် လရောင်ပက်ထားသည့် ဧရာဝတီမြစ် ရေမျက်နှာပြင်ကို မျဉ်းမတ်အတိုင်း မြင်နေရ၏။ ကျွန်တော့်ခြေတစ်ဖဝါးစာမျှပင် ရွေ့စရာ နေရာ မရှိ။ လူတစ်ယောက်က တွန်းလိုက်လျှင် ကျွန်တော်သည် အောက်သို့ လွယ်လင့်တကူ ကျသွားနိုင်၏။

ကျွန်တော်အသည်းထိတ်သည်။ လေအေးတိုက်ခတ်မှု ဒဏ်ကိုလည်း ခံစားနေရ၏။

ကျွန်တော်သည် ရှေ့မှ မိန်းမသား၏ လက်မောင်းတုတ်တုတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိ၏။ ထိုမိန်းမသားသည် ကျွန်တော့်ပစ္စုပ္ပန် အနေအထားကို နားလည်ဟန် တူသည်။ မည်သို့မျှ မလှုပ်ရှား။ ကျွန်တော်သည် ပို၍တင်းကျပ်စွာ ဆုပ်ကိုင်မိ၏။ သူမ၏ ဖလန်နယ်အနွေးထည်စ စုတ်ပြဲသွားနိုင်သည်။ စစ်ကိုင်းဘူတာသို့ ရောက်လာပြီ။ မီးရထားသည် ဥသြဆွဲလျက် ရပ်နား၏။ လက်မှတ်စစ် မရှိသော နေရာ၊ သံဆန်ခါတံခါးဝ မရှိသော နေရာ၊ အုတ်လှေကားထစ် မရှိသော နေရာ၊ လက်မှတ်မဲ့တွေ ဆင်းနေကျ မြေလမ်း ဆင်ခြေလျှောမှ တစ်ဆင့် ကျွန်တော် အောက်သို့ ဆင်းသည်။ စစ်ကိုင်းမြို့ထဲ လမ်းနည်းနည်းလျှောက်မည်။ နောက်ပြီး လက်ဖက်ရည်သောက်မည်။ ကျွန်တော့်မှာ ပိုက်ဆံပါသည်။

အိတ်ထဲ ပိုက်ဆံ ငါးဆယ်လောက် ကျန်ရှိသေးလျှင် စစ်ကိုင်းမြို့ထဲမှာ စာရေး ဆရာကြီးတစ်ဦး၏ အိမ်သို့ သွားမည်။ သူ အိပ်ရာမှ မထသေးလျှင် သူ့ကို နှိုးမည်။ သူ့ထံမှ ဥရောပဝတ္ထုတို တစ်အုပ်၊ နှစ်အုပ် ဝယ်မည်။ ကျွန်တော် ဟာလျှင် စာအုပ်ဝယ်ဖို့မှန်း သူ သိ၏။ ကျွန်တော်သည် စာအုပ်ဝယ်လျှင် မည်သည့်အခါမျှ ဈေးမဆစ်ချေ။ စာအုပ်ကိုလည်း ဖွဲ့နပဲကြီးစွာ ညလုံးပေါက် ထိုင်မဖတ်ချေ။ သွားရင်းလာရင်း ခရီးသွားဟန်လွှဲ ဖတ်သည်။

လျှပ်စီးလက်တာကို ကျွန်တော် မြင်ဖူးသည်။ ဘာမျှ သေချာစနစ်တကျ မလုပ်ဘဲ အမှတ်တမဲ့ ဖြစ်သွားတာလေးတွေ၊ ဖိတ်စဉ်ကျသွားတာလေးတွေက ပို၍ အနုပညာဆန် တတ်၏။ အနုပညာသည် သူ့ဟာနှင့်သူ ရှိနေသည်ပင်။

## (၅)

တစ်ခါတစ်ရံတွင် ကျွန်တော်သည် နံနက် ငါးနာရီမထိုးမီ အိပ်ရာမှ နိုးနေတတ်၏။ စိတ်မှ သတိတရ ရှိလျှင် ဤအချိန်တွင် အဆင်သင့် နိုးနေသည့် ပုဂ္ဂိုလ်တစ်ဦးထံသို့ ကျွန်တော် သွားသည်။ ထိုပုဂ္ဂိုလ်သည် စာပေလိုက်စားသည့် ဦးပဥ္စင်းတစ်ပါး ဖြစ်၏။ ဦးပဥ္စင်းနှင့် ကျွန်တော် တောင်သမန်တံတားကြီးပေါ်မှာ စကားတပြောပြောဖြင့် လမ်းလျှောက်ကြသည်။ တံတား ကြမ်းခင်းပေါ်တွင် နှင်းရည်တွေ စိုရွှဲနေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ဟေမာသည် ဒဂုန်တာရာ၏ ကဗျာတွေကို ချစ်ခင်တတ်ပါသလား။ ဟေမာ၏ နာမည်ကို ဒဂုန်တာရာ မှည့်ပေးသည်ဟု ကျွန်တော် ဖတ်ဖူးသည်။ ဤအတွက်ပင် ဟေမာ၏ အနုပညာအပေါ် ကျွန်တော် အချစ်တစ်မျိုး ပိုမိသည်။ မြို့ထဲမှ ကွန်ဆာဖေးတစ်တစ်ဦးနှင့် ကျွန်တော် မတော်တဆ စကားပြောဖြစ်သွားသည်။ အဆင်မပြေပါ။ သူက အသစ်ကို မခံစားတတ်သူ။ သို့အတွက် သူသည် အသစ်ကို မလိုလား မထောက်ခံသူ ဖြစ်နေတော့၏။

နံနက်ခင်း အလုပ်အသွားတွင် ဈေးချိုရှေ့မှ လမ်းမကြီးအတိုင်း ကျွန်တော် အမြဲ လမ်းလျှောက်သွား၏။ ရာသီသီးနှံတွေ ရောင်းသည့် ကောင်မလေးတစ်ယောက်ကို ကျွန်တော် နှုတ်ဆက်လေ့ရှိသည်။ မိုးကောင်းကင် တစ်ခုတည်းအောက်မှာ ကျွန်တော်တို့ နေထိုင်ကြသည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မသိကျွမ်းသေးသော်လည်း နှုတ်ဆက်၍ ရ၏။ နှုတ်ဆက်ရင်းဖြင့် ခင်မင်သွားကြမည်။ ဤသည်မှာလည်း ယဉ်ကျေးမှုလက္ခဏာ တစ်ရပ်ပင်။

နေ့လယ်ခင်း၌ ကျွန်တော်သည် အလုပ်ကုလားထိုင်တွင် ကြာကြာထိုင်၍ မရပါချေ။ ဖင်မမြဲဘူးဟု လူကြီးတွေက ကျွန်တော့်ကို ပြောကြသည်။ ဟုတ်သည်။ စာအုပ်ကို သတိရသည်။ သီချင်းကို သတိရသည်။ လမ်းနံဘေးတွင် စာအုပ်ဆိုင်တွေ၊ ပန်းချီပြခန်းတွေ၊ သီချင်းတောင်းဆိုပွဲတွေ မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေစေချင်၏။ စာအုပ်ဆိုင်မှ စာအုပ်ရောင်းသူသည် တစ်ချိန်တွင် ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦး ဖြစ်သွားနိုင်၏။ "ဟိန်းနရစ်ဗိုးလ်" ကို အားကျပါ။

ကျွန်တော်က လမ်းလျှောက်ရင်း အနုပညာကို ဆည်းပူးချင်သည်။ လမ်းလျှောက်နေရင်း ရောဘတ်ဖရော့စ်၏ ကဗျာတစ်ပိုဒ်ကို ကျက်သွားချင်သည်။ လမ်းလျှောက်နေရင်း ဖော်ဝင်းထွဋ်၏ သီချင်းတွေကို နားထောင်ချင်သည်။ သူ၏ အက်ကွဲရှတသည့် အသံကို ကျွန်တော် ကြိုက်၏။ ညီမလေးလည်း ကြိုက်နိုင်သည်။ 'ငါ့နှလုံး၏ ခုန်သံတိုင်းမှာ' ကို တစ်စုံတစ်ယောက်က စာသားထည့်၍ သူ ဆိုစေချင်၏။ ဩော်... ပိုက်ဆံထည့်လိုက်လျှင် လိမ္မော်ဖျော်ရည် တစ်ခွက် ထွက်လာသော ဖျော်ရည်လုပ်သည့် စက်ကလေးတွေလည်း လမ်းနံဘေးမှာ ရှိနေစေချင်၏။

## ( ၆ )

စိတ်ကူးစိတ်သန်း အဆင့်အတန်းမြင့်သူ လူတစ်ယောက်အတွက် သူ့စိတ်အလိုကို ဖြည့်ဆည်းပံ့ပိုးနိုင်သည့် ရုပ်ဝတ္ထုများစွာ လမ်းနံဘေးမှာ ရှိနေရမည်။ ထိုရုပ်ဝတ္ထုတွေကို စုပ်ယူစားသုံးခွင့်လည်း သူ့မှာ ရှိနေရမည်။ ထိုသို့ဖြစ်လျှင် ကျွန်တော်တို့ ကမ္ဘာသည် ပို၍ လှပမည်။

လူတစ်ယောက် လမ်းမပေါ်တွင် လမ်းလျှောက်နေသည်။

တစ်ခါက မီးရထားပေါ်မှာ တွေ့ကြုံခဲ့သည့် မိန်းမသားကို သတိရသည်။

ဆောင်းရာသီ နံနက် လေးနာရီကို သတိရသည်။

*ဒဂုန်မဂ္ဂဇင်း၊ မတ်လ၊ ၁၉၈၈ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော်၏ ညနေစောင်း

## (၁)

ကျွန်တော်တစ်ယောက် နောက်ကျပြီ ထင်သည်။

ကျွန်တော့်မြို့ကို ဖြတ်သန်းသွားမည့် မီးရထား ယခုဆို မန္တလေးဘူတာကြီးမှ ထွက်ခွာသွားလောက်ပြီ။ မီးရထားသည် ကျွန်တော့်မြို့၏ မော်တော်ကားလမ်းကို ကန့်လန့်ဖြတ်ကူးစဉ် ဒရဝမ်သည် သံတံခါးကို ပိတ်ထားလိမ့်မည်။ ကားများကို ရပ်တန့်စေရမည်။ ထိုလူ တာဝန်သိပါစေ။ ညနေစောင်းကြီးမှာ အိပ်မပျော်ပါစေနှင့်။ ကျွန်တော့် သူငယ်ချင်းတွေက ထိုမီးရထားသံလမ်း ဂိတ်တံခါးအနီးက လက်ဖက်ရည်ဆိုင်မှာ ညနေစောင်းတိုင်း ထိုင်ကြသည်။ မီးရထားလာချိန် ကျွန်တော့်သူငယ်ချင်းတွေ ထိုင်နေသော လက်ဖက်ရည်ဆိုင်ရှေ့၌ မော်တော်ကားတွေ ရပ်ထားကြမည်။ ကျွန်တော့်သူငယ်ချင်းများက ကျွန်တော့်ကို သတိမရကြ။ သေချာသည်။ ကားပေါ်က ကောင်မလေးတွေကို သူတို့ ကြည့်နေကြမည်။ ဒါ သဘာဝကျ၏။ မီးရထား၏ နောက်ဆုံးတွဲသည် သံတံခါးကို ကျော်လွန်သွားလျှင် သံတံခါး ပွင့်လာမည်။ ကားများ မောင်းထွက်သွားကြမည်။ သူငယ်ချင်းတွေက မဂ္ဂဇင်း ဝတ္ထုတိုတွေအကြောင်း၊ သီချင်းအကြောင်း၊ ကောင်မလေး တစ်ယောက်ယောက်အကြောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ပြောနေကြမည်။ သေချာသည်။ မည်သူမျှ တရားစာ မရွတ်ဖတ်။ မည်သူမျှ ကျောင်းစာ ကျက်မှတ်နေမည် မဟုတ်ကြ။ သူငယ်ချင်းတွေ အားလုံးလိုလို ဘွဲ့တစ်ခုစီ ရရှိပြီးကြပြီ။

ကျွန်တော်တို့မြို့မှာ လူငယ်တို့နှုတ်ဖျား ရေပန်းစားသော အပျိုစင် ဆရာဝန်မလေး တစ်ဦး ရှိ၏။ မြို့ကလေး၏ ရပ်ကွက်ပွဲတော်တွေမှာ သူမကို မဖိတ်ကြားသော အိမ်ကြီး အိမ်ကောင်းဟူ၍ မရှိပါ။ လူကြီးလူကောင်းဘိုင်း၊ အိမ်ကြီးအိမ်ကောင်းတိုင်း၊ တိုက်ကြီး တာကြီးတိုင်းက ဂုဏ်သရေရှိသော ဆရာဝန်မလေးကို ဖိတ်ကြားဧည့်ခံ ကျွေးမွေးကြသည်။ ထိုအိမ် ဂုဏ်သရေရှိဖို့အတွက် ဆရာဝန်မလေး လာရောက်ခဲ့သည်။ ဆရာဝန်မလေးသည် အစားမကြီး။ ကျွန်တော့်လိုလည်း အစားအစာကို အောက်တန်းကျစွာ မစားတတ်ပါ။ ကျွန်တော်သည် ထမင်း သုံးနပ်လောက် မစားဖြစ်ဘဲ နေပြီးမှ ထမင်းနှင့် ပြန်လည်တွေ့ဆုံ စားဖြစ်သောအခါ မတရားသဖြင့် မဟားတရား စားပစ်တတ်၏။ ကျွန်တော့်အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုက လူကြီးလူကောင်း မဆန်။ လူယဉ်ကျေး မဆန်။ 'ကလေကချေ' ဆန်သည်။ နောက်ပြီး ကျွန်တော်က နှလုံးသားရေးရာကိစ္စမှာ နာမည်ပျက်လူဆိုး။ လူဆိုး။ လူဆိုးတစ်ယောက်ပါ။ သို့သော် ကျွန်တော့် ရင်ထဲ၌ ခံစားတတ်သော၊ နားလည်တတ်လွန်းသော အသည်းနှလုံး တည်ရှိ၏။ အဲဒါ မိတ်ဆွေ သိပါ၏လော။ မြမြင့်မိုရ်ရည် သိပါ၏လော။

ဆရာဝန်မလေး မြမြင့်မိုရ်ရည် ဆေးခန်းက ပြန်ပြီလား။ လမ်းမီးတွေ ပျက်ပြီး မှောင်နေသော လမ်းပေါ်မှာ သူမတစ်ယောက်တည်း ဆေးခန်းကနေ စက်ဘီးစီးပြီး ပြန် တာကို ကျွန်တော် မြင်ဖူးပါ၏။ ကျွန်တော့်အနေနှင့် ထိုဖြစ်ရပ်ကို လုံးဝ မလိုလားပါ။ မဖြစ် သင့်ဘဲ ဖြစ်ပွားရသော နိုင်ငံခြားစစ်ပွဲတစ်ခုကို ရုပ်မြင်သံကြား ဂြိုဟ်တုသတင်းစဉ်မှာ တစ်ခါက ကြည့်လိုက်ရဖူးသလို ကျွန်တော် ခံစားနာကျင်ရ၏။

ထိုညက ကျွန်တော်သည် ထိုကိစ္စကို ပြန်လည်တွေးမိပြီး အိပ်ရာထဲမှာ ရှိုက်ကြီး တငင် ငိုကြွေးခဲ့ရဖူး၏။ သူမ မိန်းကလေးအဖော်တစ်ယောက်နှင့် ပြန်စေချင်၏။ ကျွန်တော့် ဘဝ၏ ပြိုကွဲချိန်တချို့မှာ ကျွန်တော်သည် လက်ဖက်ရည်ဆိုင်မှ ထိုင်ပြီး သူမအပြန်ကို တစ်ညတလေ စောင့်ကြည့်ခဲ့ဖူး၏။ ဒီ့ထက်ပိုပြီး ကျွန်တော် ဘာမျှ မလုပ်ဆောင်ပါ။ မစိုးရိမ် ကြပါနှင့်။ ကျွန်တော့်မှာ နှလုံးသားရေးရာကိစ္စရပ်နှင့် ပတ်သက်၍ အစွန်းအထင်းနှင့် ကြုံကြိုက် ရသောအခါ သူမကို တစ်ချက်လေး ကြည့်ဖို့အတွက်ပင် ကျွန်တော် လိပ်ပြာမလုံတော့ပါ။ သူမ အိမ်ထောင်ပြုဦးမှာလား။ ဂုဏ်သရေရှိ ပညာတတ် ပိုက်ဆံရှိ အပျိုကြီးတစ်ဦး၏ဘဝ သို့ သူမ ရွေ့လျားကူးပြောင်းသွားမှာလား။ အမှန်ကို ပြောပါမည်။ သူမသည် လှပါ၏။ ရုပ်ရည် သန့်ပြန့်သည်။ ကျွန်တော် တစ်ဖက်သတ်အချစ်ဖြင့် ချစ်နေလိုပါသည်။ သူမအတွက် တစ်စုံတစ်ရာ အနှောင့်အယှက် မဖြစ်စေရပါ။ ရယူပိုင်ဆိုင်လိုမှု ကင်းမဲ့သော အချစ်သည် ရင်ထဲ၌ လောင်စာအင်အား နည်းပါး၏။ ကျွန်တော် သူမ၏အချစ်ကို မတောင်းဆိုပါ။ ကျွန်တော့်ဘဝသည် ပျက်လက်စဖြင့် ဆက်လက်ပျက်ပါစေ။ ကျွန်တော် ရေနစ်ပါတော့မည်။ ကျွန်တော်သည် ဘဝမြစ်ထဲမှာ ပတ်ဝန်းကျင်လှိုင်းလုံးတွေ အပြင်းအထန် ရိုက်ပုတ်တာ

mgyoe.com

mgyoe.com SAMPLE BOOK

ခံရပြီ။ ကျွန်တော် မွန်းနေပါပြီ။ အသက်ရှူ၍ မဝတော့။ သို့သော် ကျွန်တော် ဆက်လက်ကူးခပ်ဆဲပင်။ 'မေခလာ' မကယ်တင်ပါနှင့်။ ကျွန်တော့်ထိုက်နှင့် ကျွန်တော့်ကံ၊ ဖြစ်တာတွေဟာ ဖြစ်ပါစေ၊ ရှိတာတွေဟာ ရှိပါစေ မေခလာရယ်။

နေပါဦး။ သူမသည် ဆရာဝန်မတစ်ဦး မဟုတ်ခဲ့လျှင်၊ ရုပ်ရည် မချောမော မပြေပြစ်ခဲ့လျှင်၊ ပိုက်ဆံချမ်းသာသူတစ်ဦး မဟုတ်ခဲ့လျှင် ခင်ဗျား သူမကို ချစ်နိုင်ပါမည်လားပြောပါဦး။ ခင်ဗျား သူမကို ဘာ့ကြောင့် ချစ်တာလဲ။ သူမဆီက ဘာကို မျှော်လင့်ပါသလဲ။ သာမန် စိတ်လှုပ်ရှားမှုသည် ချစ်ခြင်းမေတ္တာ မဟုတ်ပါ။ အချစ်မေတ္တာ ဆိုတာရဲ့ အောက်မှာ လေးနက်ခိုင်မာတဲ့ အကြောင်းအရာ တစ်ခု၊ နှစ်ခုတော့ ရှိနေရမည်။ ရှိနေသင့်သည်။ ဝါသနာ၊ လောကအမြင်၊ ယုံကြည်ချက်၊ သူမနှင့် ခင်ဗျား တူညီမှု ရှိကြပါသလား။

ကျွန်တော်နှင့် သူမ တူညီတာ တစ်ခု ရှိသည်။ သူမသည် နွေရာသီတွင် လမ်းဘေးမှ မန်ကျည်းဖျော်ရည် ဝယ်သောက်တတ်၏။ လမ်းဘေး ဘတ်စ်မှတ်တိုင် အနီးအနားက မုန့်လင်မယားဆိုင်မှာ မုန့်လင်မယား တစ်ကျပ်ဖိုးလောက် ဝယ်စားတတ်သည်။ ဆေးခန်းအသွားတွင် လမ်းဘေး မုန့်ဟင်းခါးဆိုင်၌ တစ်ပွဲလောက် ဝင်စားတတ်သည်။ ကျွန်တော်က လမ်းဘေးက သဘော်သီးမှည့်ဆိုင်မှာ သဘော်သီးစိတ် နှစ်စိတ်၊ သုံးစိတ် မကြာခဏ ဝယ်စားလေ့ရှိ၏။ အဲဒါ သူမနှင့် ကျွန်တော် တူညီတာပါပဲဗျာ။

## (၂)

ခပ်ဝေးဝေးဆီမှ မီးရထားဥသြသံ သဲ့သဲ့ကို ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော့်မြို့ကို သွားမည့် အခြားရထားတစ်စီး၏ အသံ ဖြစ်နိုင်ပါသည်။ ရထားတစ်စီး ဟုတ်ချင်မှလည်း ဟုတ်မည်။ ကျွန်တော့်မြို့ကို သွားမည့် ရထားလည်း ဟုတ်ချင်မှ ဟုတ်မည်။ ကျွန်တော် မပြောနိုင်။ ကျွန်တော် ပြောနိုင်သည်မှာ နာရီစင်ကြီး၏ ဂီတဆန်ဆန် နာရီထိုးသံကို ကျွန်တော့် နေရာမှ မကြားရပါ။ အခြားလူတွေ ကြားချင် ကြားမည်။ ကျွန်တော် လုံးဝ မကြားရပါ။

ပြီးဆုံးခဲ့သည့် ရက်သတ္တပတ်တွေ အတွင်းထဲမှာ ကျွန်တော်သည် သူငယ်ချင်းတွေနှင့် အတွဲအဖက် များနေသည်။ သွားလာလည်ပတ်မှု များနေသည်။ မနက်မိုးလင်းလျှင် လက်ဖက်ရည်ဆိုင် သွားကြသည်။ အဲဒီလက်ဖက်ရည်ဆိုင်မှ ဖွင့်လေ့ရှိသော အသံချွဲပျစ်ပျစ် အဆိုတော်ကို ကျွန်တော်တို့ မလိုချင်ကြတော့။ ထို့ကြောင့် 'ဖေးမ်' ရုပ်ရှင်ကားထဲမှ သီချင်းတွေကို သွင်းထားသော 'ဖေးမ်' သီချင်းခွေကို ကျွန်တော့် ဂျင်းဂျာကင်အိတ်ထဲ အစဉ်အမြဲ ထည့်ဆောင်သွားသည်။

'ဖေးမ်' ရုပ်ရှင်ကားထဲမှာ 'အိုင်ရင်းကာရာ' သီချင်းဆိုတာ၊ ပေါက်ပေါက်ကွဲကွဲ ကခုန်တာ၊ စကားပြောတာ၊ လှုပ်ရှားသရုပ်ဆောင်တာ၊ ပရိသတ်မဲ့ ဓာတ်ရုံကြီး၏ ဓာတ်ခုံ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ် စန္ဒရားဆောမှာ ခံစားမှုပြည့်ဝစွာ သီချင်းဆိုတာ၊ ဇာတ်သိမ်းခန်းမှာ သူမ အရမ်း လှိုက်လှဲ ပူဇွေးစွာ သီချင်းဆိုတာ။ အရာခပ်သိမ်းကို ကျွန်တော် ကြိုက်သည်။ အာရုံထဲမှာ စွဲလမ်းနေ၏။ ထိုရုပ်ရှင်ကားကို ဝင်းလိုက်ရုံပေါ်မှ မဆင်းမချင်း ကျွန်တော် ညနေတိုင်း သွားကြည့်ခဲ့၏။ လက်ဖက်ရည်ဆိုင်မှာ 'ဖေးမ်' သီချင်းများကို နားထောင်ရင်း ဖေးမ်ထဲမှ ရုပ်ပုံတွေ၊ ပြကွက်တွေကို မြင်ယောင်လာသည်။ ခက်တာက ကျွန်တော့်သူငယ်ချင်းတွေက ထိုရုပ်ရှင်ကားကို မကြည့်ဖူးကြချေ။ ကျွန်တော် သူတို့ ခံစားလို့ ရလာအောင် မည်သို့ ပြောပြရပါမည်နည်း။

ကျွန်တော်တို့တစ်တွေ မန္တလေးတောင်ခြေ ရာပြည့်ကွင်းထဲမှာ ဂီတပွဲတော်တွေ သွားကြည့်ကြသည်။ ကျွန်တော်တို့မှာ ပိုက်ဆံတတ်နိုင်သူများ မဟုတ်ကြ။ လွန်စွာအရေးပါ အရာရောက်သော ပုဂ္ဂိုလ်များလည်း မဟုတ်ကြ။ ထို့ကြောင့် ကျွန်တော်တို့ မေတ္တာလက်မှတ် မရကြ။ အောက်ထစ်ဆုံး နောက်ပိတ်ဆုံးအဆင့် ဖြစ်သည့် တစ်ဆယ်ကျပ်တန်းမှ ဝင်ကြည့်ကြသည်။ စိုင်းထီးဆိုင်ကို အဝေးကြီးမှ ကြည့်နေရသည်မှာ အားမရ။ ခိုင်ထူးနှင့် တူးတူးကို ကွယ်လွန်သူ 'သန်းဌေး' ရေးသည့် သီချင်းတွေ ဆိုပေးဖို့ အော်ဟစ် တောင်းဆိုကြသည်။ 'အဆင်သင့်ပဲဟေ့'။ 'တို့ လာတယ်'။ တေးရေး ဆရာလေး ကွယ်လွန်ပြီးခါမှ သီချင်းတွေ အသံသွင်းဖြစ်ပြီး မြန်မာပြည်အနှံ့အပြား ပျံ့ဝဲနေသည်။ တေးရေးဆရာလေး မကွယ်လွန်မီက ဘဝမှာ ဘယ်လိုအခက်အခဲတွေ၊ ဘယ်လို ရုန်းကန်မှုတွေနှင့် ပြည့်နှက်နေခဲ့ပါလိမ့်။ တေးရေး ဆရာလေးသည် ကဗျာများစွာလည်း ရေးသားကောင်း ရေးသားထားခဲ့ပေလိမ့်မည်။ လှိုင်းလုံးတွေ ရိုက်ပုတ်တာကို သူ ခံစားခဲ့ရဖူးမည်။

နောက်ဆုံးတွင် ကျွန်တော်တို့သည် ဂီတပွဲတော်၏ ညှို့ငင်ဆွဲဆောင်မှုကို မတွန်းလှန်နိုင်တော့။ တစ်ဆယ်တန်းမှနေ၍ သံဆူးကြိုးကို ကျော်လွှားကာ နှစ်ဆယ်ကျပ်တန်းက ပရိသတ်နှင့် ပူးပေါင်းရောနှောလိုက်ကြသည်။ ဒရမ်တွေ၊ ဂစ်တာတွေ၊ အော်ဂင်တွေ၊ သီချင်းတွေနှင့် ပို၍နီးရာ။ ပို၍နီးရာ။ သံဆူးကြိုး။ သံဆူးကြိုး။ စည်းမျဉ်းတစ်ခုကို ခုန်ကျော်တာ ကျွန်တော့်အတွက် ပျော်စရာပါ။ ဟိုတုန်းကလည်း ကျွန်တော်တို့မြို့က ရုပ်ရှင်ရုံမှာ အလယ်တန်း (တစ်ကျပ်ခွဲတန်း) မှ နောက်ဆုံးတန်း (နှစ်ကျပ်တန်း) သို့ နောက်ပြန် ကျော်ချလေ့ရှိသည်။ ချစ်သူက နောက်ဆုံးတန်းမှာသာ ရုပ်ရှင်ကြည့်တတ်၏။ ကျွန်တော်က အလယ်တန်းကသာ ကြည့်တတ်၏။ ကျွန်တော်တို့မြို့က ရုပ်ရှင်ရုံမှာ ဒီစီ အပေါ်ထပ်တန်း မရှိချေ။ နှစ်ကျပ်တန်းသည် အမြင့်ဆုံး။

(၃)

လူ၏ ခန္ဓာကိုယ်ထဲမှ၊ အသွေးအသားထဲမှ အာရုံခံဆဲလ် အစုအဝေးနယ်မြေထဲသို့ ကျရောက်လာသော လိမ္မော်ရောင်အလင်းတန်း သေးသေးမျှင်မျှင်ကလေးသည် ဝတ္ထုတိုတစ်ပုဒ် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

သွား၏။ ပန်းလေးတစ်ပွင့်သည် လူ၏ အာရုံခံအဖွဲ့အစည်းအပေါ်သို့ ကြွေကျမလား။ ခေါင်းလောင်းတစ်ချက် ထိုးလိုက်ရာမှာ ခေါင်းလောင်းသံ၏ အပိုင်းအစလေးတစ်ခုသည် လူ့နှလုံးသားအပေါ် ဖိတ်စဉ်ကျလာမလား။ အစက်ကလေး တစ်စက်၊ အပြောက်ကလေး တစ်ပြောက်။ မျဉ်းကြောင်းငယ်လေး တစ်ကြောင်း။ လျှပ်စစ်ဆိုင်ရာ အချက်ပြ အလင်းမြား လေး တစ်စင်း။ အားလုံးသည် ဝတ္ထုတိုတစ်ပုဒ်၏ ပြည့်ဝရုပ်ပုံဆီသို့ ဦးတည်ရွေ့လျားနေကြသည်။

ကျွန်တော် သောက်နေသော လက်ဖက်ရည်ကြမ်းသည် အရသာရှိ၏။ နေ့လယ်က ကျွန်တော့်အလုပ်ထဲမှာ မပျော်ပိုက်ပါ။ ကျွန်တော့်နာရီ၌ နေ့စွဲ မပါသဖြင့် ကနေ့ ဘာနေ့လဲ ဆိုတာ ကျွန်တော် မသိပါ။ ကျွန်တော် မှတ်မိသည်က မနေ့ကရော၊ တစ်နေ့ကရော၊ အရင်နှစ်တွေတုန်းကရော အလုပ်ထဲ၌ ကျွန်တော် မပျော်ပိုက်ခဲ့ပါ။ ကျွန်တော် ဈေးချိုထဲ လျှောက်လည်သည်။ မြီးရှည် စားသည်။ ရွှေရင်အေး သောက်သည်။ အိတ်ထဲမှာ ပိုက်ဆံမရှိသော နေ့များတွင်မူ ဈေးချိုထဲ ရောက်သောအခါ အလိုလို စိတ်အားငယ်လာတတ်၏။ နေ့လယ်က ရွှေရင်အေး သောက်ချင်သဖြင့် ရွှေဆိုင်တန်းထဲက ဖြတ်သန်းသွားကြ၏။ ရွှေဆိုင်ပေါ်က မိန်းမတစ်ယောက်သည် ငွေစက္ကူတွေ ရေတွက် နေသည်။ သူမ၏ ငွေစက္ကူရေတွက်သံသည် ကျွန်တော့်အသည်းနှလုံးကို မိုးကြိုးပစ်နေ၏။ ဈေးချိုထဲမှာ ကျွန်တော် မျက်စိလည် လမ်းမှားနေသည်။ ရွှေရင်အေးဆိုင်သို့ ကျွန်တော် မရောက်တော့။ ဈေးချိုတော်၏ အပြင်ဘက်သို့ ပြန်ထွက်သည်။ ကျွန်တော့် အလုပ်ခွင်သို့ ကျွန်တော် ပြန်မသွားတော့။ လူ တစ်ယောက်က ကျွန်တော့်ဗီရိုသော့ကို ခတ်လိုက်လိမ့်မည်။ ကျွန်တော် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ပြီး တစ်ဆိုင် ထိုင်သည်။ ပဲပေါက်စီ တစ်လုံးပြီး တစ်လုံး စားသည်။ မန္တလေးမြို့တွင် မည်သည့်ဆိုင်က ပဲပေါက်စီသည် အကောင်းဆုံး ဖြစ်ပါသနည်း။ ထိုင်စိန်လား။

## (၄)

ရန်ကုန်မြို့ ရန်ကင်းတိုက်ခန်းမှာနေသော ကောင်မလေးတစ်ယောက် ဒဂုန်တာရာ၏ ကဗျာတွေ ဖတ်နေသည်။ ကသာမြို့က ဆရာမတစ်ယောက်က ကျွန်တော့်ကို မိတ်ဆွေစာရင်းမှ ပယ်ဖျက်လိုက်ပြီ။ ပုဂ္ဂိုလ်ဘဝနှင့် အနုပညာဘဝသည် အမှန်တော့ တခြားစီပင် ဖြစ်၏။

ကျွန်တော့်ရှေ့မှာ ဘိုင်စကယ်တွေ၊ မော်တော်ဆိုင်ကယ်တွေ၊ မော်တော်ကားတွေ။ ရပ်နားနေကြသည် မဟုတ်ပါ။ သူ့ထက်ငါ အလုအယက် အပြေးပြိုင်နေကြ၏။ သူတို့သည် နောက်ကျသူများ ဖြစ်လိုကြဟန် မတူပါ။ ကျွန်တော်၏ လက်ယာဘက် ဘေးမှာ လမ်း ၃၀။ လမ်း ၃၀ အတိုင်း အထက်သို့ တက်သွားမလား။ မီးရထား ဘူတာရုံသို့ ရောက်ရှိသွားနိုင်သည်။ လမ်း ၃၀ အတိုင်း အောက်သို့ ဆင်းသွားမလား။ သကျသီဟဘုရားပရိဝုဏ်၏ အနားသတ် အုတ်တံတိုင်းနံဘေးက မော်တော်ကားဂိတ်သို့ ရောက်သွားနိုင်၏။ မော်တော်ကားဂိတ်က

mgyoe.com

mgyoe.com
SAMPLE BOOK
နီးသည်။ မီးရထားဘူတာရုံက နည်းနည်း ဝေးသေး၏။ မန္တလေးဘူတာကြီး၏ နောက်ကျော ဘက်မှ ကပ်လျက် မန္တလေး ညဈေးတန်း တည်ရှိ၏။ မန္တလေး၏ ၃၃ လမ်းသည်လည်း ညအခါတွင် စာအုပ်တန်း ဖြစ်နေသည်။ ရန်ကုန်နှင့် မန္တလေး အဲ့သြစဖွယ် တိုက်ဆိုင်မှု မဟုတ်ဘူးလား။ ၃၃ လမ်း အမည်ရှိ စတီရီယိုသီချင်းလေးကို ကျွန်တော် သိပ်ချစ်သည်။ 'နေ့စဉ် နေ့စဉ် သွားရာလမ်း လူ့တန်ဖိုးကို မြှင့်တင်စမ်း' သီချင်းလေးကို ကျွန်တော် ကြားဖူး သလို ဆိုကြည့်နေမိ၏။ 'အဆင်ပြေပါစေ ၃၃ လမ်းမ၊ ပျော်ရွှင်ပါစေ ၃၃ လမ်းမ'။

တက္ကသိုလ်မှ ဘွဲ့ရပြီးသော မိန်းကလေးတစ်ယောက် လုံးချင်းဝတ္ထုလောကတွင် နေရာတစ်နေရာ မတော်တဆ ရရှိသွားနိုင်၏။ ကောင်းကင်က နက္ခတ်တာရာတွေ ရွေ့လျား မှုနှင့် သူမ၏ ကျော်ကြားမှုတို့ သက်ဆိုင် ပတ်သက်နေသည်ဟု နက္ခတ်ပညာရှင်က ပြောပြ ၏။ ကျွန်တော်ကတော့ နောက်ကျပြီ ထင်၏။ မော်တော်ကားတွေ ပွမ်ပွမ်မြည်အောင် ဟွန်းတီးသွားကြသည်။ ရှပ်အင်္ကျီအပြာ ပွပွကြီးတွေ ဝတ်ထားသော ကောင်မလေးတွေက ရာလေးစပုတ်စက်ဘီးကို ပျော်ပျော်ပါးပါး တအားနင်းသွားကြသည်။ မိန်းကလေးများ၏ ခြေသလုံးသားကို ထင်ရှားစွာ မြင်နေရ၏။ မိတ်ကပ်ရောင်။ မန္တလေးမြို့၏ ဆင်ယင်ထုံးဖွဲ့ မှုမှာ ဟိုတုန်းကလို မဟုတ်တော့။ ပြောင်းသွားပြီ။ သင် ဘယ်လို ခံစားရပါသနည်း။ ကျွန်တော့် အဖို့တော့ ဒီညနေမှာ ကြည့်လို့ကောင်းနေ၏။ မိတ်ကပ်ရောင်။ ဒီညနေဟာ မိတ်ကပ်ရောင်။

## (၅)

ယခုတစ်လော နေ့လယ် နေ့ခင်းတွေမှာ ကျွန်တော်သည် ဘူးသီးကြော်ဆိုင်၌ ကောင်မလေး တွေနှင့်အတူ အထိုင်များနေသည်။ ညမှာလည်း အပေါင်းအသင်းနှင့် လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ပြန်သည်။ လက်ဖက်ရည်ဆိုင်က ပြန်လျှင် အိပ်ရာထဲဝင်၍ ထိုးအိပ်ပစ်လိုက်တတ် သည်။ ကျွန်တော့်စိတ်ကို လွှတ်ပေးထားသည့် ကာလများ။ ကျွန်တော့်ဇာတာခွင်၏ လမ်း ပေါ်မှာ ရာဟု စီးနင်းနေပါသည်လော။ ကျွန်တော်က ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဖြစ်နေပြန်ပြီ။ ကျွန်တော်တို့ အလုပ်တွေ၊ ကျွန်တော်တို့ အလုပ်တွေ။ အလင်းရောင်၊ အလင်းရောင်။ အချစ်၊ အချစ်။ လူသား အများထုအတွက် ကိုယ် အနစ်နာခံ၍ ပေးဆပ်ခြင်း။ ပုဂ္ဂလိကဆိုင်ရာ အတ္တတွေ၊ မာနတွေ၊ ခံစားမှုတွေကို လျှော့ပစ်လိုက်စမ်းပါ။ ကျွန်တော် ချောက်ချားနေသည်။ တုန်လှုပ်၏။ အစ်ကို၊ အစ်ကို။ အစ်ကို အခု ဘယ်မှာလဲ။ အစ်ကိုက အမှန်တရားရဲ့ လမ်းပေါ် မှာ လျှောက်ဆဲလား၊ ဆင်းရဲလို့ ချမ်းသာလို့ လမ်းချော် တိမ်းစောင်းသွားပြီလား။ အစ်ကို ရေးတဲ့ ကဗျာတွေ ကျွန်တော် ဖတ်ဖူးတယ် အစ်ကို။ ကျွန်တော်ကတော့ နောက်ကျပြီ ထင်ပါ၏။ ဆည်းဆာ၏ ကောက်ကြောင်းမျဉ်းလေးကို ကျွန်တော် စတင်တွေ့ဆုံရတော့မည်။

မန္တလေးမြို့၏ လက်ဖက်ရည်ကို ရန်ကုန်မြို့ရှိ ကျွန်တော် သောက်ဖူးသော လက်ဖက် ရည်ထက် ပို၍ နှစ်သက်၏။ သို့သော် ရန်ကုန်မြို့တော်မှာလည်း ကျွန်တော့်အတွက် အလွှမ်း
mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ဖို့ကောင်းသော မိတ်ဆွေတွေ နေထိုင်ရှင်သန်လျက်ရှိ၏။ ဒါကို ကျွန်တော် လုံးဝမငြင်းဆို။ ကဗျာဆရာ မောင်လေးအောင်သည် အရက်ကို စွဲလမ်းခဲ့မင်သည်ဟု လူအချို့က ကျွန်တော့်ကို ပြောပြဖူး၏။ သူ ဘာကြောင့် အရက်ကို စွဲလမ်းခဲ့ရပါသနည်း။ သူ့ဘဝမှာ...။ သူ့ကို ကျွန်တော် မမြင်ဖူး။ သူ့ဘဝမှာ...။ သူ့ကို ကျွန်တော် မမြင်ဖူး။ မဆုံစည်းဖူး။ ယခု သူ မရှိတော့။ သို့သော် သူ ရှိနေ၏။ သူ့ကို ကျွန်တော်တို့ ချစ်ကြဆဲပင်။ ရန်ကုန်မြို့က လူငယ်ပင်ဖြစ်စေ၊ မန္တလေးမြို့က လူငယ်ပင်ဖြစ်စေ၊ ကမ္ဘာကြီး၏ ရင်ခုန်သံကို တစ်ချိန်တည်း အတူတူ နားထောင်နေကြ၏။ ကမ္ဘာကြီးအတွက် တစ်ချိန်တည်း အတူတူ ရင်ခုန်နေကြရ၏။ မြို့မငြိမ်းရော၊ စိုင်းထီးဆိုင်ရော၊ ခင်ဝမ်းရော၊ ခင်မောင်တိုးရော ကျွန်တော် ချစ်ပါသည်။ ဂျပန်ပြည်မှ အသက် ဆယ့်နှစ်နှစ်အရွယ် ကျောင်းသူမလေးတစ်ဦးသည် နိုင်ငံရပ်ခြားမှ မည်သည့်ပုဂ္ဂိုလ်တစ်ဦးထံ ခရစ္စမတ်အကြို စာလွှာတစ်စောင် ရေးသားခဲ့ဖူးလိမ့်။ ကမ္ဘာကြီးကို ချစ်တတ်သည့် အနာဂတ်ကမ္ဘာ၏ ငြိမ်းချမ်းမှုကို လိုလားမြတ်နိုးသည့် ကလေးမကလေး၏ နှလုံးသား နုနုကလေးအား ကျွန်တော် ဦးညွတ်ဂုဏ်ပြုမိပါသည်။ မြမြင့်မိုရ်ရည်ရေ... စိတ်ကောင်း၊ စေတနာကောင်းတွေ ဆက်လက်မွေးမြူပါ။ ကျွန်တော်တစ်ယောက် နောက်ကျပြီထင်ပါသည်။ သရီးရိုင်ဖယ် ရုပ်အင်္ကျီ တစ်ထည်ကို ကျွန်တော် ဝယ်ချင်ပါလျက် ဝယ် မဝတ်နိုင်ခဲ့ပါ။ မြောက်ဥက္ကလာပက ကျွန်တော့် ချစ်မိတ်ဆွေ ကဗျာဆရာတစ်ဦးထံ ကျွန်တော် စာရေးရန် အကြွေးတင်ရှိနေသေး၏။

ကျွန်တော်က အလုပ်လုပ်ရာတွင် နှေးကွေးသည်။ မန္တလေးနှင့် အနေတော်ပင်။ အံကျဖြစ်၏။ သို့သော် မန္တလေး၏ ဘာသာစကား၌ အလေးချိန် ရှိ၏။ အနှစ်အဓိပ္ပာယ် ရှိ၏။ ပတ်ဝန်းကျင်မှာ အလွန့်အလွန် မဆူညံလွန်း၊ မမြန်ဆန်လွန်း၊ မရှုပ်ထွေးလွန်းသဖြင့် အနုပညာဘာသာရပ်ကို တဖြည်းဖြည်းချင်း ခိုင်မာအောင် လေ့လာနိုင်၏။ မန္တလေးမြို့ကို ကျွန်တော့်အချစ် မပြယ်သေး။ ချစ်၍ မဝသေးပါ။ တစ်နည်း ပြောရလျှင် မန္တလေးမြို့မှ ကျွန်တော် ရရှိစရာ မကုန်ခန်းသေးပါ။ တစ်ခုခု ရလျှင် တစ်ခုခု ပြန်လည်ပေးဆပ်ရကြောင်းလည်း ကျွန်တော့်ဘဝ အတွေ့အကြုံအရ နားလည်မိပါသည်။

မန္တလေးကို ချစ်တာနှင့် ကဗျာဆရာ 'နှောင်' ၏ ကဗျာတွေကို ချစ်တာ မည်သို့ ကွာခြားပါလိမ့်။ ရန်ကုန်မြို့ လှည်းတန်းမှာနေထိုင်ဖူးသော ကဗျာဆရာမ ကြည်အေးက အခုအထေးကြီးမှာ။

## (၆)

လန်ဒန်မြို့၌ နှင်းတွေ ဝေနေပေရော့မည်။ တောင်သမန်တံတားပေါ်မှာ ချစ်သူ စုံတွဲတစ်တွဲ လမ်းလျှောက်နေကြသည်။ ရတ်တရက်ပင် ညနေခင်း၏ ဆည်းဆာသည် ကျရောက်လာ၏။ ကျွန်တော့် အသည်းနှလုံးလေးသည် အဆွေးတစ်မျိုးကို ခံယူ ခံစားလိုက်ရ၏။ ဟိုတစ်ချိန်က ဟောဒီ ၈၄ လမ်းမပေါ်မှာ အဆွေးလေး တစ်မျိုးဖြင့် အဖော်မဲ့စွာ၊ အထီးကျန်ဖြစ်စွာ တစ်ယောက်တည်း လမ်းလျှောက်နေဖူးပါသည်။ စိတ်ရော၊ ရုပ်ရော အထီးကျန် ဖြစ်လျက် ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ဖက်ရည်ဆိုင်မှ ကျွန်တော် ထလိုက်ပါပြီ။ လက်ဖက်ရည် မှာသောက်မထား၍ ပိုက်ဆံရှင်းဖို့ မလိုတော့ပါ။ ၈၄ လမ်းမပေါ်မှာ ကျွန်တော် လမ်းလျှောက်လာသည်။ ကျွန်တော့်အတွက် ကျွန်တော့်မြို့သို့ပြန်မည့် နောက်ဆုံးဘတ်စ်ကားသည် ကားဂိတ်သို့ မလာသေးပါ။ မြမြင့်မိုရ်ရည်သည် ကျွန်တော့်ကို ဘယ်တော့မှ ချစ်မည် မဟုတ်ပါ။ ကျွန်တော် လေလွင့်စွာလမ်းလျှောက်နေခွင့် ရသေး၏။ ခပ်ဝေးဝေးမှ မီးရထားဥသြဆွဲသံကို ရှည်လျားစွာ ကြားနေရ၏။ နောက်ထပ် မီးရထားတစ်စီး ဖြစ်ပါလိမ့်မည်။ သူ သွားလိုရာ သွားပါစေ။ ခရီးဆုံးဘူတာ၌ သူ ရပ်တန့်သွားမည်။ သူ အိပ်ပျော်သွားမည်။

သိပ်မှောင်လာလျှင် ကျွန်တော့်အမေက ကျွန်တော့်အတွက် စိတ်ပူပန်စွာဖြင့် ဝင်းတံခါးပေါက်မှ စောင့်မျှော်နေမည်မှာ အလွန်သေချာသည့်ကိစ္စ ဖြစ်၏။

ကျွန်တော်က အစစအရာရာ နောက်ကျချင် ကျသွားနိုင်၏။

အမေက ကျွန်တော့်ကို စောင့်ကြိုနေမှုမှာတော့ မည်သည့်ည၊ မည်သည့်အချိန်မှ နောက်ကျမည် မဟုတ်ပါချေ။

*စံပယ်ဖြူမဂ္ဂဇင်း၊ ဧပြီလ၊ ၁၉၈၇ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# အိပ်မက်

## (၁)

မြို့လယ်ကောင်နှင့် ခပ်ဝေးဝေး တိုက်ခန်းတစ်ခု၏ မျက်နှာစာပိုင်းကို တိုက်ခန်းပိုင်ရှင်က အခန်းဖွဲ့ပေးထားသည်။ ထိုအခန်းတွင် ကျွန်တော် နေထိုင်ပါသည်။ အိမ်ရှင်မိသားစုနှင့် သီးခြားကင်းလွတ်စွာ နေထိုင်ခွင့်ရသည့်အတွက် တစ်လလျှင် တစ်ထောင့်ငါးရာ ပေးရတာကို ကျွန်တော် ကျေနပ်ပါသည်။

ယခုရက်ပိုင်းတွင် ကျွန်တော်သည် ဘာအလုပ်ကိုမျှ မလုပ်ချင်ပါ။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှလည်း ကျွန်တော် စကားမပြောချင်ပါ။ ကျွန်တော် စီးကရက်ကိုပဲ သောက်ချင်နေပါ၏။

I don't want to work.

I want to smoke.

အဲဒီ့ အပိုလီနယ်၏ ကဗျာလေးထဲကလို ကျွန်တော် ဖြစ်ပါသည်။ ကျွန်တော် မှုတ်ထုတ်လိုက်သည့် စီးကရက်မီးခိုးငွေ့တွေထဲ ကျွန်တော် လွင့်မျောလို့ နေချင်မိပါ၏။

ကျွန်တော့် စီးကရက် မီးခိုးငွေ့တွေထဲမှာ ကျွန်တော်သည် တစ်ခါတစ်ရံ၌ သင်္ဘောကြီးတစ်စင်း ဖြစ်နေပါ၏။ တစ်ခါတလေမှာတော့ ကျွန်တော်သည် ရွက်လှေတစ်စင်း ဖြစ်နေပြန်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သဘော်ပင်ဖြစ်စေ၊ ရွက်လှေပင်ဖြစ်စေ၊ ပင်လယ်ထဲမှာဖြစ်စေ၊ မြစ်ပြင်တစ်ကြောမှာ ဖြစ်စေ ကျွန်တော့်သဘော်သည် လျင်မြန်စွာ မခုတ်မောင်းပါ။

ကျွန်တော့်ရွက်လှေသည်လည်း ဖြည်းဆေးညင်သာစွာ လွင့်မျောနေတတ်ပါ၏။

ယခင် ရက်ပိုင်းအတွင်းက ကျွန်တော်သည် အမြန်ဆုံး မော်တော်ဆိုင်ကယ်တစ်စီးလို ဤကမ္ဘာမြေထဲ၌ လှုပ်ရှားနေခဲ့ပါ၏။ တစ်လမ်းဝင်၊ တစ်လမ်းထွက်ခဲ့သည်။ တစ်တိုက်ဝင်၊ တစ်တိုက်ထွက်ခဲ့ပါသည်။ မန်နေဂျင်း ဒါရိုက်တာများ၏ အခန်းများမှာ မှန်လုံခန်းများ ဖြစ်ပါသည်။ လေအေးစက် တပ်ဆင်ထားပါသည်။ ထိုပုဂ္ဂိုလ်များ၏ လေအေးစက်များသည် အသံဆူညံလေ့ မရှိပါ။ အရောင် ပြန်လည်ထင်ဟပ်သော မှန်ခန်းဆီးနံရံများမှာ အလွန်လှပနေတတ်ပါသည်။ သူတို့၏ ဆုံလည်ကုလားထိုင်များမှာ အမြင့်စားများ ဖြစ်ပါသည်။ သူတို့က မျက်နှာချင်းဆိုင်မှ လူအပေါ် လွှမ်းမိုးရန် ရည်ရွယ်လိုကြသည်။ သို့ရာတွင် ကျွန်တော်နှင့် သူတို့သည် မိတ်ဆွေဆန်စွာ စကားပြောခဲ့ ကြပါသည်။

ဟော...ကနေ့လိုနေ့မျိုးမှာတော့ ထိုလူပုဂ္ဂိုလ်များ၊ ထိုအသံဆိတ် လေအေးစက်များ၊ ထိုကျယ်ပြောသော မှန်စားပွဲများ၊ ထိုမှန်လုံခန်းများ၊ ထိုဆိုဖာကုလားထိုင်များ၊ ထိုကမ္ဘာလောကအပေါ် လွှမ်းမိုးလိုမှုများသည် ကျွန်တော်နှင့် မည်သို့မျှမသက်ဆိုင်တော့ပါ။ ကျွန်တော်ချစ်တဲ့ အခန်းကလေးထဲမှာ ကျွန်တော်ဟာ ခိုအောင်းခွင့် ရရှိနေပြန်ပါပြီ။

ကျွန်တော့်ပြတင်းပေါက်ကနေ တည့်တည့်ကြည့်လိုက်သောအခါ ဟင်းလင်းပြင်ထဲမှာ ဝါယာကြိုးများစွာကို ကျွန်တော် တွေ့နေရပါသည်။

ကျွန်တော်နေထိုင်သည့်ကမ္ဘာဟာဖြင့်ဝါယာကြိုးများနဲ့ ဖွဲ့စည်းခဲ့တာပါလားကွယ်။

ကျွန်တော့်အမြင်ထဲမှာ လှပနေတာကတော့ ထိုဝါယာကြိုးတစ်ချောင်းပေါ်တွင် ငှက်ဝါကျားလေး တစ်ကောင် နားနေခြင်းပင် ဖြစ်ပါသည်။ ထိုငှက်ကလေးသည် သီချင်းမသီဆိုသလို၊ ဆူညံသံကိုလည်း မပြုလုပ်ပါချေ။

ကျွန်တော့်ပြတင်းပေါက်ရှေ့က ဝါယာကြိုးဆီ ကြည့်နေရာမှ ကျွန်တော့်အကြည့်ကို အောက်သို့ ရွှေ့လျားယူခဲ့သည်။ မျက်နှာချင်းဆိုင်မှာ ရေနံ့အဝသုတ်ထားသည့် အိမ်အကြီးကြီးတစ်လုံး ဖြစ်ပါ၏။ အိမ်အကြီးကြီး၏ ရှည်လျားသော ဝရန်တာမှာ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ဖြစ်ပါသည်။

ထိုအိမ်အကြီးကြီး၏ ဝရန်တာသို့ ထွက်ရာတံခါးကို အစဉ်အမြဲလိုလို ပိတ်ထားတာ ကျွန်တော် သတိထားမိသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း တစ်နေကုန် အပြင်ထွက်ကာ အခန်းသို့ ပြန်ရောက်သောအခါ အိပ်ရာပေါ်မှာ တုံးခနဲ အိပ်ပျော်သွားတာ များခဲ့သည်။ ကျွန်တော် မရှိတုန်းမှာ ထိုဝရန်တာတံခါးကို ဖွင့်ကောင်း ဖွင့်ပါလိမ့်မည်။ ဝရန်တာ၏ ထောင့်တစ်နေရာမှာ ပျဉ်ပြားတစ်ချပ် တင်ထားခဲ့ ပြီး ထိုပျဉ်ပြားပေါ်၌ အင်ဒိုနီးရှား တရုတ်စံကားပန်းပင် တစ်ပင် ရှိနေတာကိုမှ ကျွန်တော် မလေ့လာခဲ့မှုမှာတော့ ကျွန်တော်၏ ညံ့ဖျင်းမှုပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟော... ယခုတံခါးကို ဘယ်သူ ဖွင့်လိုက်ပါသလဲ။

တံခါးရွက်တစ်ချပ် ပွင့်သွားသည်။

ဟော...နောက်ထပ် တံခါးရွက်တစ်ချပ် ပွင့်သွားပြန်ပြီ။ ဝရန်တာဆီသို့ အမျိုးသမီး တစ်ယောက် ထွက်လာ၏။

သူမ၏အသားအရေမှာ အနီဘက်သို့လုသော အဖြူ ဖြစ်ပါ၏ ။ သူမ၏ ဆံပင်ပုံစံ က ဒိုင်ယာနာ၏ ဆံပင်ပုံစံမျိုး ဖြစ်သည်။ သို့သော် လှိုင်းများ မပါဝင်ပါချေ။ သူမရဲ့ နဖူးက လေးထောင့် ဖြစ်ပါလိမ့်မည်။ မျက်လုံးအကြည့်က စူးရှသည်။ မျက်လုံးများသည် စိမ်းမှောင် နေပါလိမ့်မည်။ သူမ၏နှာတံမှာ ပေါ်ပေါ်လေး ဖြစ်ပါ၏ ။ နှာသီးဖျားမှာ အနည်းငယ်ပင် ချွန်နေသေးသည်။ သူမ၏ အရပ်အမောင်းသည် အနေတော်ပင် ဖြစ်ပါ၏ ။ သူမ၏ ခါးမှာ မတုတ်ခိုင်ပါချေ။ သူမသည် အဖွံ့ဖြိုးကြီး မဟုတ်သလို သေးသေးသွယ်သွယ်လေးလည်း မဟုတ်ပါချေ။

သူမ၏လက်ထဲ၌ လျှော်ဖွပ်ပြီးစအဝတ် နှစ်ထည်၊ သုံးထည် ပါလာသည်။ သူမ သည် ဝရန်တာမှာ ထွက်ပြီး အဝတ်များကို ရှေ့ညှစ်နေသည်။ ပြီးတော့ ဝရန်တာ၏ အပေါ် ပိုင်းဆီမှာ သွယ်တန်းထားသည့် ကြိုးတန်းတွင် သူမ၏ အဝတ်များကို တစ်ထည်ချင်း လှန်းနေပါသည်။

သူမသည် ကြိုးတန်းပေါ်၌ အဝတ်တစ်ထည် မလှန်းမီ ဖြန်းခနဲ ဖြန်းခနဲ ခါလိုက် ပါသေးသည်။ ထိုသို့ ဖြန်းခနဲ ဖြန်းခနဲ အဝတ်ခါလိုက်ချိန်မှာပင် သူမ၏ အကြည့်တွေက ကျွန်တော့်ပြတင်းပေါက်ဆီ တည့်တည့်ရောက်လာ၏ ။

ကျွန်တော့်ပြတင်းပေါက်မှာ အတော်ကလေး ကျယ်ဝန်းသည်။ ကျွန်တော်က ပြတင်းပေါက်နှင့်တည့်တည့် အိပ်ရာခင်းမဲ့၊ ခေါင်းအုံးမဲ့ ခုတင်တစ်လုံးပေါ်မှာ ထိုင်နေပါ သည်။ သူမ၏အကြည့်သည် ပြတင်းပေါက်ကို ဖြတ်သန်းရာမှ အခန်းထဲသို့ ထိုးထွင်းကြည့် သည့်အကြည့်မျိုး ဖြစ်ပါသည်။ ခုတင်ပေါ်မှာ လူတစ်ယောက် ထိုင်နေတာကို သူမ အသေ အချာ မြင်သွားပေမည်။

သို့သော် သူမ၏ နောက်ထပ် အဝတ်တစ်ထည်ကို ဖြန်းခနဲ ဖြန်းခနဲ ခါလိုက်တိုင်း ကျွန်တော် ထိုင်နေရာ တည့်တည့်ကို ဘာကြောင့် ကြည့်နေရတာပါလိမ့်။

သူမ၏ အဝတ်ကို ခါလိုက်စဉ် အဝတ်ရေစိုမှာ တွယ်ကပ်နေသော ရေမှုန်ရေမွှား များ လွင့်စဉ်ကာ ကျွန်တော့်ကို ထိမှန်သွားသလို ကျွန်တော် ခံစားရသည်။ ကြက်သီး ဖြန်းခနဲ ထကာ အေးစိမ့်သွားခဲ့၏ ။

နေပါဦး။ ကျွန်တော့်အခန်းတွင် ယခင်က တစ်စုံတစ်ယောက် နေထိုင်သွားမှာ တော့ သေချာသည်။ ထိုလူသည် သူမနှင့် ပတ်သက်ခဲ့ဖူးပါသလား။ အခန်းထဲမှာ သူမနှင့် ပတ်သက်ခဲ့ဖူးသူ ရှိမည်အထင်နှင့် ရှာဖွေနေတာများလား။ သို့မဟုတ်လျှင်တော့ မိန်းမသဘာဝ ဆိုတာထဲမှာ မျက်နှာချင်းဆိုင် အခန်းကို စူးစမ်းလေ့လာမှုတစ်ခု ပါဝင်နေပါသလား။

mgyoe.com

mgyoe.com
SAMPLE BOOK

ခုတင် သေးသေးလေးတစ်လုံးပေါ်မှာ အိပ်လိုက်၊ ထိုင်လိုက်လုပ်ကာ စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်လျက် မီးခိုးငွေ့တွေထဲ လွင့်မျောနေချင်သော ကျွန်တော့် အတွက် အံကျဖြစ်သွားပါသည်။ ကစားစရာအသစ်တစ်ခု လက်ဆောင်ရသော ကလေး တစ်ယောက်လိုပါပဲ။ အာကာသဟင်းလင်းပြင်ထဲမှာ တောက်ပတဲ့ ကြယ်ပွင့်လေးတစ်ပွင့် လားကွယ်။ ကိုယ် တွေ့ရှိထားတဲ့ အရာဟာလေ။

ထိုနေ့မှစတင်၍ ကျွန်တော်သည် နေ့တိုင်းလိုပင် ကျွန်တော့်ခုတင်ပေါ်၌ ခပ်ငူငူ ထိုင်နေမိတတ်ပါသည်။ ရေနံ အဝသုတ်ထားသော ပျဉ်ထောင်အိမ်အကြီးကြီး၏ ဝရန်တာဆီ ထွက်သွားပြီး အဝတ် လာလှန်းသည့် သူမကို ကျွန်တော် စောင့်ကြိုနေတတ်ခဲ့ပါ၏။ ဆန့်ကျင် ဘက်လိင် ဖြစ်သော မိန်းမသားတစ်ဦးကို ကျွန်တော် ခံစားလို၍ ကြည့်ခြင်းပေလား။ သို့မဟုတ်လျှင် ဆန့်ကျင်ဘက်လိင်ဖြစ်သော မိန်းမသားတစ်ဦး၏ စရိုက်သဘာဝတွေကို ကျွန်တော့်အခန်းမှ လှမ်း၍ သုတေသနလုပ်ခြင်းပေလား။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်မှာ ဆုံးဖြတ်ချက် ရှိခဲ့ပေပြီ။ ထိုဆုံးဖြတ်ချက်မှာ သူမကို ကျွန်တော် ထိုင်ကြည့်နေဖို့ပဲ ဖြစ်ပါသည်။

ထိုအိမ်ကြီးအတွင်းထဲမှ အခြားသူများ ဤဝရန်တာဆီသို့ ဘာပြုလို့ ထွက်မလာ ကြတာလဲ။ ထိုအိမ်ကြီးမှာ အိမ်ဖော်မိန်းကလေး တစ်ယောက်တလေမျှ မရှိဘူးလား။

သူမ အဝတ်လှန်းလျှင် တစ်ထည်ချင်း၊ နှစ်ထည်ချင်းပဲ လှန်းတတ်ပါသည်။ သူမ ဟာ ဘာလို့ တစ်နေ့တည်းမှာ မကြာခဏ အဝတ်လျှော်တတ်ပြီး မကြာခဏ ဝရန်တာဆီ ထွက်လာတတ်တာပါလဲ။

သူမသည် ဖြန်းခနဲ ဖြန်းခနဲ အဝတ်ကို အသံမြည်အောင် ခါလိုက်ပြီး ကြိုးတန်း ကလေးပေါ်မှာ စန့်စန့်ရန့်ရန့် ဖြစ်အောင် အချိန်ကြာကြာယူပြီး လှန်းနေတာကို ကျွန်တော် သတိထားမိပါသည်။

အဲဒီလို ကြိုးတန်းပေါ်မှာ အဝတ်လှန်းနေတာဟာ သူမရဲ့ အနုပညာဖန်တီးမှု လား။ ဒါဟာ ပန်းချီကားတစ်ကား ဆွဲသလိုလား။ ကဗျာတစ်ပုဒ် ရေးသလိုလား။ သီချင်းတစ်ပုဒ် ကို သီဆိုသလိုလား။

သူမကတော့ အသေအချာ အကျအနကိုပဲ အဝတ်လှန်းနေပါသည်။ အဝတ်လှန်း ခြင်း အနုပညာထက် ပိုမိုပြီး အနုပညာဆန်တာက သူမသည် ကျွန်တော့်ကို စူးခနဲ တစ်ချက် ရဲရဲကြည့်လိုက်ပြီး သူမ၏အဝတ်ကို စေ့စေ့စပ်စပ် ပြန်လည်ကြည့်တတ်ခြင်းပင် ဖြစ်ပါ သည်။ အဲဒီအကြည့်များ၊ အဲဒီမျက်လုံးများ၏ ရွေ့လျားမှုမှာ တကယ်ပင် အနုပညာဆန်လို့ နေပါသည်။

သူမသည် လှန်းပြီးသား အဝတ်ကိုလည်း ခြောက်သွေ့၊ မခြောက်သွေ့ သိလိုဟန် ဖြင့် ဝရန်တာသို့ မကြာခဏထွက်လာပြီး အဝတ်ကို ကိုင်တွယ်ကြည့်တတ်ပါသည်။ သူမ၏ လက်ကလေးများဖြင့် လှန်းထားသည့် အဝတ်ကို တစ်ချက် ဆုပ်ကိုင်လိုက်ပါသည်။ ထိုအချိန် မှာ ကျွန်တော့်လက်မောင်းကို သူမ၏ လက်ကလေးတွေနှင့် ကိုင်တွယ် ဖမ်းဆုပ်လိုက်သလို

mgyoe.com

mgyoe.com SAMPLE BOOK
ပါပဲ။ သူမ ကိုင်တွယ်ပုံက ပိုင်ပိုင်နိုင်နိုင်ရှိသည်။ သူမ၏ လက်ချောင်းလေးသည် သေးသေး လှီလှီလေးမျိုး မဟုတ်ဘဲ လုံးလုံးဝန်းဝန်း ရှည်ရှည်လေးသာ ဖြစ်ပေလိမ့်မည်။ အဲဒီလို အဝတ်တွေကို လာရောက် စမ်းသပ်ချိန်မှာလည်း သူမမျက်လုံးတွေက ကျွန်တော့်ဘက်သို့ တစ်ချက် စူးခနဲကြည့်တတ်ပါသည်။ ပြီးတော့ သူမက အိမ်ကြီးထဲသို့ လှစ်ခနဲ ပြေးဝင် ပျောက်ကွယ်သွားပါသည်။

သူမ၏ အပြုအမူများသည် ထုံထုံထိုင်းထိုင်း မဟုတ်ဘဲ သွက်သွက်လက်လက်နှင့် ပိုင်ပိုင်နိုင်နိုင်ရှိမှုကို ကျွန်တော် သူမထံ၌ တွေ့ရ၏။ သူမကိုယ်ပေါ်မှာ ကျွန်တော် အမြဲတွေ့ရ သည့် ဘလောက်(စ်)အင်္ကျီမှာ အနက်ရောင် ဖြစ်ပါ၏။

သူမသည် တစ်ခါတစ်ရံတွင်လည်း ဝရန်တာသို့ ထွက်ပြီး တံမြက်စည်းလှည်းနေ တတ်ပါသည်။ သူမ တံမြက်စည်းလှည်းလျှင်လည်း စိမ်ပြေနပြေ စနစ်တကျ အချိန်ယူ၍ လှည်းကျင်းတတ်ပါသည်။ သူမ တံမြက်စည်းလှည်းသည့် အချိန်မှာတော့ ကျွန်တော့်ကို စူးခနဲ မကြည့်ပါ။ သို့ရာတွင် သည်ဘက်ခန်းမှာ ကျွန်တော် ရှိနေတာကို သူမ မကြည့်ဘဲ သိနေ သလိုပါပဲ။ မိန်းမသားများ၏ မျက်လုံးများသည် မကြည့်ဘဲနှင့် မြင်တတ်ကြပါ၏။

တစ်ခါတလေတော့လည်း ဝရန်တာပေါ်မှ ပန်းပင်ကို သူမ ရေထွက်လောင်းတတ် သည်။ အဲဒီပန်းပင်ဟာ ရေ သိပ်မလောင်းရဘူးလေ။

ကျွန်တော်က လှမ်းပြီး ပြောလိုက်ချင်ပါသည်။ ပန်းရောင် ပွင့်ဖတ်ကလေးများကို သူမ အနီးကပ် ကိုင်ကြည့်နေတတ်ပြီး ပန်းအိုးထဲမှ မြေကြီးကို တူးဆွခြင်း၊ မြေဆွေး ဖြည့်ဆည်း ခြင်းများလည်း သူမ ပြုလုပ်တတ်ပါ၏။

ကျွန်တော့်ကိုယ်ခန္ဓာ၏ သွေးသားများကို ယားကျိကျိ ဖြစ်စေတာကတော့ သူမ၏ အတွင်းခံအင်္ကျီ အဖြူရောင်ကို ကြိုးတန်းမှာ ထွက်လှန်းသည့်အခါ ဖြစ်ပါသည်။ သူမသည် ရင်ပိုင်းမှ ခါးအထိ ပါဝင်သော အတွင်းခံအင်္ကျီကို ဝတ်လေ့ရှိဟန်တူပါသည်။ သူမသည် အတွင်းခံအင်္ကျီကို မကြာခဏလည်း လျှော်ဖွပ်လေ့ရှိဟန် တူပါသည်။ ယခုရက်ပိုင်းမှာ သူမသည် အတွင်းခံအင်္ကျီကို ပိုမိုပြီး ခပ်စိပ်စိပ် လျှော်လှန်းတာကို ကျွန်တော် တွေ့မြင်နေရပါသည်။

သူမသည် အတွင်းခံအင်္ကျီကို ကြိုးတန်းပေါ်တွင် ဖြစ်သလို ပစ်တင်လှန်းခြင်း မပြုဘဲ တကယ့်ကို စန့်စန့်ရန့်ရန့် ဖြစ်အောင် ဖောင်းသည့်နေရာတွင် ဖောင်းဖောင်းလေး ဖြစ်အောင် ကျကျနန ပြုပြင်နေတတ်ပါသည်။ ညှော်ခန်းများတွင် ထားဖို့ ပန်းအလှပြုပြင်သလို အချိန်လည်း ယူတတ်၏။ နောက်ပြီး ကျွန်တော့်ဘက်ကို မျက်နှာလှည့်ပြီး မတ်တတ်ရပ် နေသည့် ပုံသဏ္ဌာန်မျိုးဖြစ်အောင် လှန်းတတ်ပါသည်။ သူမ၏ ရင်ညွန့်မှ ခါးအထိ ကျွန်တော် မြင်နေရသလို ခံစားရပါ၏။

ဝရန်တာမှာသူမမရှိသော်လည်း ထိုအတွင်းခံအင်္ကျီလေးက တစ်နေကုန်ရှိနေကာ သူမက တစ်နေကုန် ကျွန်တော့်ဘက်လှည့် ပြီး မတ်တတ်ကလေး ရပ်ပြနေဟန် ရှိပါသည်။ လေတိုက်ခတ်သည့်အခါ သူမ၏ ကိုယ်အပေါ်ပိုင်းမှာ ဝေ့ဝဲလှုပ်ရှားနေပါသေးသည်။ သူမ

mgyoe.com

mgyoe.com SAMPLE BOOK
သည် သာမန်ကိုယ်လုံးကိုယ်ထည် အနေအထားဖြစ်ကြောင်း ကျွန်တော် တကယ် ယုံကြည်လက်ခံသွားမိပါ၏။

(၂)

ကနေ့ဆိုလျှင် ကျွန်တော် သူမကို ထိုင်စောင့်ကြည့်နေတာ ဆယ်ရက် ရှိသွားပါပြီ။ တစ်လလုံးလုံး အလုပ်မလုပ်ဘဲနှင့်တော့ ကျွန်တော် စောင့်ကြည့်နေနိုင်မည် မဟုတ်ပါ။ အခုတော့ ကျွန်တော့်မှာ ပိုက်ဆံတွေ ကျန်ရှိပါသေးသည်။

ထိုဆယ်ရက်မြောက်သောနေ့မှာသူမသည် ဝရန်တာကို အထွက်ဆုံး ဖြစ်ပါသည်။ အဝတ်လှန်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ပန်းပင် ရေလောင်းခြင်းများအပြင် ဝရန်တာမှာ ထွက်ပြီး မတ်တတ်ရပ်ကာ ကျွန်တော့်ဘက် မျက်နှာမူပြီး သီချင်းလေး တစ်ပုဒ်ကိုပင်ပြီးဆုံးအောင် သီဆိုနေပါသေး၏။ သူမ သီဆိုသည့် သီချင်းမှာ ခင်ဝမ်း၏ သီချင်းဟောင်း တစ်ပုဒ်ဖြစ်ပါသည်။

*"နှုတ်ဆက်ခဲ့ပါတယ်...*
*ကျွန်တော် သွားတော့မယ်*
*လမ်းရဲ့သယ်ဆောင်ရာ... ဟိုအဝေး..."*

ဆယ့်တစ်ရက်မြောက်နေ့ မနက်ခင်းမှာတော့ သူမ ဈေးသွားချိန်တွင် ဈေးရှေ့လက်ဖက်ရည်ဆိုင်မှ သူမကို ကျွန်တော် စောင့်နေခဲ့ပါ၏။ ဈေးထဲသို့ သူမ ဝင်သွားသောအခါ ကျွန်တော်က မယောင်မလည် ကပ်လိုက်သွားပါသည်။

ထိုဈေးထဲမှာ လမ်းကြိုလမ်းကြားတွေ များသည်။ ဈေးရောင်းသူတွေက ဆိုင်အခင်းတွေပေါ်မှာရော၊ မြေကြီးပေါ်မှာရော ထိုင်ရောင်းနေကြပါသည်။ ဈေးဝယ်တွေကလည်း အမျိုးသားတွေရော၊ အမျိုးသမီးတွေပါ ပလတ်စတစ်ခြင်းတောင်းတွေ၊ ကြွပ်ကြွပ်အိတ်တွေ ဆွဲကိုင်လျက် လူအစုံပါပဲ။ ရှုပ်ထွေးလို့။ နှင်းဆီပန်းများ၊ ဂန္ဓမာပန်းများ၊ သစ္စာပန်းများ၊ ငှက်ပျောသီး အခိုင်လိုက် အဖီးလိုက်များ၊ ပန်းသီးများ၊ ကြက်ဥများ၊ သားငါးများ၊ ကုန်ခြောက်များ၊ အချိုရည်ဘူးများ၊ အသီးအရွက်များ စုံနေအောင် ကျွန်တော် တွေ့ရပါသည်။

သူမ သားငါးဈေးဆိုင်တွေ ဘက်သို့ ဝင်သွားသည်။ သူမ ငါးအကြီးကြီး တစ်ကောင်ဝယ်ပြီး ထွက်အလာမှာ ကျွန်တော်က ဟင်းသီးဟင်းရွက်တွေ ထိုင်ရောင်းနေသည့် ဈေးသည်တွေရဲ့အကြားမှ ထွက်လာခဲ့ပါသည်။သူမနှင့် ကျွန်တော် မျက်နှာချင်းဆိုင် ဖြစ်အောင် ကျွန်တော်ကြိုတင်ဖန်တီးခဲ့ ခြင်း ဖြစ်ပါသည်။

သူမသည် ရှေ့တည့်တည့်သို့ မကြည့်ဘဲ ဘေးဘီဝဲယာ အသီးအရွက်များကို ကြည့်ရင်းလမ်းလျှောက်လာနေသည်။ အနီအနက်ကွက်တုံး ချည်သားအင်္ကျီလက်တိုလေးကို သူမဝတ်ထားပါ၏။ သူမ၏ ထဘီမှာ ပန်းဆီရောင် တစ်ပတ်နွမ်း ပါတိတ်ထဘီလေး ဖြစ်ပါသည်။

သူမသည် သိပ်ကိုလှပသော အမျိုးသမီးတစ်ဦးတော့ မဟုတ်ပါ။ သို့သော်ငြားမဲ့ ကိုယ်ပိုင်စတိုင်လ် ရှိသည်။ သူမက ရက်အင်ဒီယန်းမလေးနှင့် တူနေ၏။
mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အနားသို့ သူမ ရောက်လာသည်။

ကျွန်တော့်ကို သူမ မမြင်သေးပါ။

သူမ၏မျက်နှာနှင့် ကျွန်တော့်မျက်နှာ နီးနီးကပ်ကပ် ဖြစ်သွားချိန်တွင်...

"ဈေးလာဝယ်တာလား"

ကျွန်တော်က သူမ နားထဲသို့ တိုက်ရိုက်ရောက်သွားမည့် အသံကို အသာလေး ပစ်ထည့်လိုက်ပါ၏။

ထိုအသံသည် သူမကို ပြောတာမှလွဲပြီး အခြား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပြောတာ မဟုတ်ကြောင်း သူမရဲ့ နှင်းဆီရောင် နားရွက်ကလေးက သိနိုင်ပါ၏။

သူမက ကျွန်တော့်ကို ရုတ်တရက် မော်ကြည့်လိုက်ပါသည်။ ဝရန်တာပေါ်မှာ အဝတ်လှန်းစဉ်က ကြည့်သည့် အကြည့်စူးစူးလေး ဖြစ်ပါ၏။

သူမက အံ့သြသွားဟန် ရှိသည်။

ပြီးတော့မှ သူမက နှုတ်ခမ်းပန်းနုရောင်ကို ညွတ်ကွေး၍ လှပစွာ ပြုံးလိုက်ပါ၏။

"ဟုတ်တယ်၊ ဈေးဝယ်လာတာလေ။ သူကော ဈေးဝယ်တာပဲလား"

သူမ၏အသံက အေးအေးလေး ဖြစ်ပါသည်။

"မဟုတ်ဘူး၊ ဈေးဝယ်လာတဲ့ မိန်းကလေးတစ်ယောက်ကို လာကြည့်တာလေ၊ ဒါနဲ့ သူ ဒီနေ့ အဝတ်လျှော်ဦးမလား"

ကျွန်တော့်စကားကို သူမ သေချာစွာ နားထောင်ပြီးသောအခါ သူမက ရှက်ပြုံး လေး တစ်ချက် ပြုံးလိုက်ပါ၏။ ပြီးတော့ သူမမျက်နှာမှာ ငြိမ်ငြိမ်အေးအေး တွေးတွေးဆဆ လေး ဖြစ်သွားပါသည်။

ကျွန်တော့်မျက်နှာကို သူမ ငဲ့စောင်းကြည့်လိုက်သည်။ အားနာတဲ့ အကြည့်လား။ ပစ္စည်းတစ်ခု မေ့ကျန်ရစ်ခဲ့ပြီးမှပြန်ယူလို့လည်း မရတော့တာကိုသိသိချင်း ထိုပစ္စည်းအပေါ် အနည်းငယ် နှမြောသွားမိသည့် ခံစားမှုမျိုးနှင့်လား။

"ဟင့်အင်း... ဒီနေ့ အဝတ်မလျှော်ဘူးလေ၊ ဟင်းတွေ အများကြီး ရှိနေအောင် ချက်ရမှာ၊ သြော်... သွားမယ်နော်"

ခုနကသူမ၏မျက်နှာတွင်ထွေပြားသောခံစားမှုအချို့ဖြတ်သန်းနေခဲ့သော်လည်း "သွားမယ်နော်" ဟု ပြောလိုက်ချိန်မှာတော့ တကယ့်ကို လက်တွေ့ကျကျ ပြုမူလုပ်ကိုင် တတ်ခြင်း၏ ရုပ်ပုံကို သူမမျက်နှာ၌ ကျွန်တော် တွေ့လိုက်ရ၏။

ကျွန်တော်က သူမ ထွက်သွားတာကို မျက်စိတစ်ဆုံး ရပ်ပြီး ကြည့်နေခဲ့မိသော် လည်း သူမကတော့ တစ်ချက်ကလေးမျှ နောက်ပြန်လှည့်မကြည့်ခဲ့ပါချေ။

ဟောဒီ ဈေးထဲကို မဝင်မီ ကော်ဖီဆိုင်မှာ ကျွန်တော် သောက်ခဲ့သော ဘလက်ခ် ကော်ဖီခွက်ထဲမှ အရက်ပြင်းတွေ ပါဝင်နေခဲ့ပါသလား။ ကျွန်တော် ရုတ်တရက်ပင် မူးယစ် ရီဝေလို့ သွားခဲ့ရပါ၏။

ကျွန်တော်သည် အခန်းသို့ပြန်လာခဲ့ကာ အိပ်ရာထဲမှာ ထိုးအိပ်နေလိုက်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

(၃)

ကျွန်တော် နေ့ခင်းဆယ့်နှစ်နာရီမှာ အိပ်ရာမှ နိုးလာခဲ့ပါသည်။ ကျွန်တော့် ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေပါ၏။ ဘာသံမျှ မကြားရ၊ ငှက်ကလေးတစ်ကောင်၏ သီချင်းဆိုသံကို ကျွန်တော်မကြားရပါ။ လမ်းမဆီမှ ဝါယာကြိုးတန်းပေါ်မှာလည်း ငှက်ကလေး တစ်ကောင် တလေမျှ မရှိပါ။

လူဟာ အလေ့အကျင့်ကို ချက်ချင်းဖြတ်ချပစ်လို့ ရနိုင်မလား။ အစွဲအလမ်း တစ်ခု ဖြစ်သွားခဲ့ရင် ပိုဆိုးတော့တာပေါ့။ ကိုယ့်ရဲ့ရုပ်ဟာ တစ်စုံတစ်ရာကြောင့် ပျော်ဝင်ပြီးခါမှ ပြန်လည်ပြီး အစိုင်အခဲ ဖြစ်တည်ဖို့ မြန်ဆန်လွယ်ကူပါ့မည်လားကွယ်။

ကျွန်တော်သည် မျက်နှာချင်းဆိုင် အိမ်ကြီး၏ ဝရန်တာဆီသို့ ကြည့်မိသွားပါ၏။ အဝတ်လှန်းကြိုးတန်းဆီ ကျွန်တော် ကြည့်မိပြန်ပါသည်။ ဟာလာဟင်းလင်း။ ဘာဆို ဘာမျှ မရှိပါချေ။ ဝရန်တာသို့ ထွက်ရာတံခါးလည်း ပိတ်ထားပါသည်။

ကျွန်တော်က တံခါးဆီသို့ မမှိတ်မသုန် ကြည့်နေမိသည်။

ဟော... တံခါးပွင့်သွားပြီ။ သူမလား။

ကျွန်တော့်စိတ်ဝိညာဉ်ရဲ့ ဆွဲဆောင်ညို့ငင်မှုနဲ့ ပတ်သက်ပါသလား။ တံခါး ခုလို ပွင့်သွားတာဟာလေ။

သူမဟာကျွန်တော့်ရဲ့သူမ မဟုတ်စေဦးတော့သူမရဲ့သူမတော့ဖြစ်နေပေလိမ့်မည်။ သူမရဲ့ သူမအဖြစ် ရှင်သန်နေပေလိမ့်မည်။

တံခါးပေါက်မှ ထွက်လာသူမှာ သူမ မဟုတ်ခဲ့ပါ။ အရပ်မြင့်မြင့်၊ ထွားထွားကျိုင်းကျိုင်း လူတစ်ယောက်ဖြစ်နေပါသည်။ သူက ဝရန်တာသို့ထွက်လာပြီး သူ့အိမ်က နံရံတွေကို မမှိတ်မသုန် ကြည့်နေပါသည်။ နှစ်အကြာကြီး ခွဲခွာထားရစ်ခဲ့ရသော ကိုယ့်ကိုယ်ပိုင် ပစ္စည်းများဆီ ပြန်လည် ရောက်ရှိလာကာ စစ်ဆေးကြည့်ရှုနေသလိုမျိုး ဖြစ်ပါသည်။

ထို့နောက် ဝရန်တာ လက်ရန်းများကို သူ စေ့စေ့စပ်စပ် သေသေချာချာ ကြည့်နေပြန်ပါသည်။ သူ့မျက်လုံးများက အလွန်စူးရှ၏။ သူ့နှုတ်ခမ်းမွေးကလည်း ကော့ပြီး ကားထွက်နေသည်။ သူ့ဂျင်းဘောင်းဘီအပြာတစ်ပတ်နွမ်းကိုဝတ်ထား၏။ သူ့အင်္ကျီမှာကာကီရောင်လိုလို ဘာလိုလို။ သူ့အင်္ကျီရဲ့ကော်လာများက ရှည်လျားပြန့်ကားနေသည်။ သူ ပန်းပင်ကို ကိုင်တွယ် ကြည့်နေပါသည်။

သူသည် အဝတ်လျှော်ကြိုးတန်းလေးကို အနီးကပ် ကြည့်ရှုနေပြန်ပါ၏။

ကြိုးတန်းတစ်လျှောက်လုံး အစအဆုံးကို သူသည် မျက်စိတစ်ဆုံး လိုက်ကြည့် နေပါသည်။

ကြိုးတန်းသေးသေးလေးကို သူ့လက်ချောင်း တုတ်တုတ်ခိုင်ခိုင်ကြီးများဖြင့် ကိုင်တွယ် ပွတ်သပ်ကြည့်နေပြန်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကြိုးတန်းလေးဟာ ဘာများ မှားယွင်းနေခဲ့ပါသလဲ။

ဤအိမ်ကြီး၏ သက်ရှိ၊သက်မဲ့အရာအားလုံးမှာနဂိုနေမူလအတိုင်း ဟုတ်ပါရဲ့လား။ လွဲချော်မှားယွင်းမှု တစ်စုံတစ်ရာ ရှိ၊ မရှိ သူ သိချင်နေပုံရသည်။

သူ့လက်မနှင့် လက်ညှိုး ထိပ်ပိုင်းများကြားမှာ ကြိုးတန်း သေးသေးလေးသည် ပျောက်ဆုံး ပျော်ဝင်နေခဲ့၏။

ကျွန်တော့်အသည်းနှလုံးမှာလည်း သူ့လက်မနှင့် လက်ညှိုးနှစ်ခုကြားမှာ ကိုင်တွယ်ပွတ်သပ် ခြေမွခံနေရသလိုပင် ဖြစ်နေပါသည်။ ကျွန်တော့်အသည်းနှလုံးမှာ သူ့လက်မနှင့် လက်ညှိုးအကြားမှာ ပျောက်ဆုံး ပျော်ဝင်တော့မည်လား။

သူ့လက်များက အဝတ်လျှော်ကြိုးတန်း သေးသေးမျှင်မျှင်လေးကို လွှတ်ပေးလိုက်သည်။

သူသည် ဝရန်တာ၏ လက်တန်းပေါ်မှာ သူ့လက်ဖဝါးကြီးတွေ တင်ထားလိုက်သည်။ ပြီးတော့မှ ပတ်ဝန်းကျင်ကို သူ လေ့လာအကဲခတ်သည်။ နောက်ဆုံးမှာတော့ သူနှင့် တည့်တည့် အခန်းတစ်ခုထဲက ခုတင်တစ်လုံးပေါ်မှာ ခပ်ငေါင်ငေါင် ထိုင်နေသည့် ကျွန်တော့်ကို သူ တွေ့မြင်သွားပုံရပါ၏။ ကျွန်တော့်အခန်းဆီ သူ တည့်တည့်ကြီး စူးစိုက်ကြည့်နေပါတော့သည်။

ကျွန်တော်ကလည်း သူ့ကို ပြန်ပြီး စူးစူးစိုက်စိုက် ကြည့်နေမိပါ၏။

ကြိုးတန်းလေးကို သူ ကိုင်လိုက်ပြန်ပါသည်။

သူ ပိုင်ဆိုင်သည့် အရာတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ယုံယုံကြည်ကြည် ဆုပ်ကိုင်ထားသလိုမျိုး ဖြစ်ပါသည်။ ဤအနေအထားတွင် သူ့မျက်လုံးများက ကျွန်တော့်မျက်လုံးများထက် ပိုမိုပြီး စွမ်းအားကောင်းနေခဲ့ပါ၏။

ကျွန်တော့်အတွင်းစိတ်က ချက်ချင်း သိမြင် နားလည်သွားပါသည်။

ကျွန်တော့်ပြတင်းပေါက်ကို ကျွန်တော် ပိတ်ပစ်လိုက်ပါသည်။ ထိုညက ကျွန်တော် သောက်သည့် အရက်သည် အလွန်ချို၏။

နောက်တစ်နေ့ နံနက်မှာပင် ကျွန်တော် အိမ်ပြောင်းရွှေ့ခဲ့ပါသည်။

ထိုဝရန်တာအိပ်မက်ကို ကျွန်တော် အပြီးအပိုင် ချိုးဖျက်လိုက်တာကို သူမ သိလား၊ မသိလားတော့ဖြင့် ကျွန်တော်ကိုယ်တိုင် မသိပါချေ။

အိပ်မက်တို့မည်သည် ပျက်ပြယ်မြဲ ဖြစ်ပါသည်လား။

ကျွန်တော့်ကို အဖြေပေးကြစမ်းပါဗျာ။

*မဟေသီမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၁၉၉၆ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ဖွဲ့စည်းမှု

မေမေကြူ ဤခြံဝင်းထဲသို့ ပထမဦးဆုံး ရောက်ခဲ့သည်မှာ တစ်ခုသော နိဝင်ဘာ ညနေခင်းမှာ ဖြစ်ပါသည်။ အဲဒီတုန်းက နှင်းမြူပြာပြာများသည် စိမ်းရွှေစူးရှသော ရနံ့များဖြင့် ဖွဲ့စည်းထားခဲ့၏။ စိမ်းရွှေစူးရှသင်းရနံ့တွေကဖြင့် မေမေကြူရဲ့ နှာသီးဖျားချွန်ချွန်လေးနဲ့ နှာဝကို တို့ထိပွတ်သပ်နေတာပါပဲကွယ်။ အိုး...ကျွန်မ မှားသွားပြီလား။ ဒီခြံထဲကို ဝင်ရောက်လာခဲ့မိတာ။ မေမေကြူ၏ ကိုယ်လုံး သေးသေးသွယ်သွယ်လေးမှာ တစ်ချက် တွန့်ခနဲ ဖြစ်သွားသည်။ ဘာပဲဖြစ်ဖြစ် မေမေကြူက ရနံ့ပြင်းသည့် နှင်းများကို တိုးဝှေ့ဖြတ်သန်းခဲ့ပါ၏။

ထိုညနေခင်းက မေမေကြူ ဝတ်ဆင်ခဲ့သည့် သိုးမွေးဆွယ်တာမှာ အဖြူပွပွဖြစ်ပြီး ပါတိတ်ထဘီမှာ အဖြူခံပေါ်တွင် လိမ္မော်ရောင် ကနုတ်ပန်းများ ရိုက်ထားတာကို မေမေကြူက အခုထိအောင် ကောင်းကောင်းမှတ်မိနေပါ၏။

သုံးနှစ်အတွင်းမှာ အဲဒီပါတိတ်ထဘီလေးဟာ စုတ်ပြတ်သွားတာ မြန်ဆန်လိုက်တာကွယ်။ လွန်ခဲ့လေပြီးသော နိုဝင်ဘာလရဲ့ မေမေကြူကတော့ အသစ် တစ်စုံတစ်ရာကို ရှာဖွေတွေ့ချင်နေမိခဲ့ပါသည်။

အင်ဂိုလာ လား၊ အင်ဂိုရာလား...။ မေမေကြူ ကွဲပြားစွာ မခေါ်ဝေါ်တတ်ပါချေ။ မေမေကြူ ယုန်ကလေးတွေနှင့် တွေ့ဆုံချင်သည်။ မေမေကြူသည် အမွေးပွပွ ယုန်ကလေး

mgyoe.com

mgyoe.com SAMPLE BOOK
တစ်ကောင်ကို ဆွဲကိုင်မွေ့ယမ်းကာ ရင်ခွင်ထဲ၌ ထည့်ထားချင်ပါသည်။ အဲဒါ ကျွန်မရဲ့ ခံစားမှုပေါ့နော်။

"အဲ့ဒီခြံထဲမှာ နိုင်ငံခြား ယုန်ကလေးတွေ အများကြီး ရှိတယ်ကွ၊ သိလား မေမေကြို"

သူငယ်ချင်း စူဇန်က ပြောလိုက်ကတည်းကပင် ယုန်ကလေးများစွာက ခုန်ဆွ ခုန်ဆွ ပြေးလာကြကာ မေမေကြိုရဲ့ အသည်းနှလုံးကို ဝန်းရံလွှမ်းမိုးတော့သည်ပင်။ မေမေကြို သည် ယုန်ကလေးတွေကို ချစ်၏။ ထိုခြံက ပတ်ပတ်လည်မှာ အုတ်ထရံပါးပါးဖြင့် လုံခြုံစွာ ကာရံထားပါသည်။

စူဇန် ပြောအပြီး နောက်တစ်နေ့မှာပင် သစ်သားဖြင့် ပြုလုပ်ထားသော ခြံတံခါးကို မေမေကြို တွန်းဖွင့် ဝင်ရောက်လာခဲ့တော့သည်။

ယုန်ကလေးများနှင့် တွေ့ဆုံလိုစိတ်ကို မေမေကြို ချိုးနှိမ်ထားဆီးလို့မှ မရတာ ဘဲကွယ်နော်။ ဖြူဖြူ ပါးပါးလျားလျား မေမေကြိုဟာ အဲဒီအုတ်ထရံကာ ခြံကျယ်ထဲမှာ ဘယ်ကို သွားလို့ သွားရမယ်ဆိုတာ မသိတတ်အောင် ယောင်နနဖြစ်နေခဲ့သေးသည်။

ငှက်ကလေးတွေ၏ ကျည်ကျည်ကျာကျာ စူးစူးရှည်ရှည် အသံကလေးများကို မေမေကြို ကြားနေရပါသည်။ ထိုအသံများသည် အဘယ်အရပ်ဒေသက စတင်စီးဆင်းလာ ခဲ့သည်ကို မေမေကြို မသိပါချေ။ ယုဇနပန်းရနံ့ကို ပြင်းထန်စူးရှ ခံစားလိုက်ရပြန်ပါသည်။ သူမ၏ ခေါင်းပေါ်ကို မော့ကြည့်လိုက်တော့ အရွက်စိမ်းစိမ်းလေးတွေနှင့် သီးသီးပင် တစ်ပင်ပါလား။ အလို...ခေါင်းပေါ်ကို သီးသီးကြွေကျခဲ့လျှင် ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ။

မေမေကြိုသည် သီးသီးပင်နှင့် လွတ်ရာ အရပ်သို့ ရွေ့လျားလို့ သွားနေပါ၏။ ဘာအကောင်ရဲ့အသံရယ်လို့ ခွဲခြားမရသော အသံတစ်သံကို မေမေကြို ကြားရပြန်ပါသည်။

ဟောဒီခြံထဲမှာ မေမေကြို ပထမဦးဆုံး တွေ့လိုက်ရသည့် တိရစ္ဆာန်ကတော့ မြေကြီးပြောင်ပြောင်ပေါ်မှာ ဟိုလျှောက်သွား၊ သည်လျှောက်သွား လုပ်နေသော မျောက် ကလေးတစ်ကောင် ဖြစ်ပါ၏။ မျောက်ကလေးက မေမေကြို့ကို မြင်သွားသည့်အခါ ခွီးဟု အသံပြု၏။ သူ့လက်ဖဝါးလေးကို ထောင်ပြနေပြန်ပါသည်။ မေမေကြိုက မျက်နှာထားကို အသေအချာ တင်းမာပစ်လိုက်သည်။ မျောက်ကလေးက မေမေကြို့ရဲ့ မလိုလားဟန်ကို သိလိုက်သည်ထင့်။ မလှမ်းမကမ်းက သီးသီးပင်ပေါ်သို့ တက်လို့ ပြေးသွား၏။ မေမေကြို က မျောက်ကလေးတွေကို မချစ်တတ်ပါ။ ပုပ္ပားတောင်ကလပ်သို့ တက်စဉ်ကလည်း မေမေ ကြိုသည် မျောက်ကလေးတွေကို အစာမကျွေးခဲ့ပါ။ သို့သော် သူမတို့တစ်တွေ တောင်ထိပ် ပေါ်မှာ စားဖို့ ဝယ်လာသည့် ဗယာကြော်များကို ပုပ္ပားတောင်၏ မျောက်ကြီးတစ်ကောင်က ပလတ်စတစ်ခြင်းတောင်းထဲမှ ဆွဲယူပြီး သွပ်မိုးပေါ်သို့ တက်ပြေးသွား၏။ အဲသည် ကတည်းကပင် မေမေကြိုသည် မျောက်တွေကို မုန်းတီးနေခဲ့ပါ၏။

သူမ ထိုခြံထဲမှာ ဒုတိယတွေ့ရသည့် တိရစ္ဆာန်ကတော့ ရွှေတစ်ဆုပ် ကြက်ဖလေး တစ်ကောင်နှင့် ရွှေတစ်ဆုပ် ကြက်မလေး နှစ်ကောင် ဖြစ်ပါသည်။ အို... ခြံထဲမှာ ချစ်ခင်
mgyoe.com

mgyoe.com SAMPLE BOOK
စုံမက်ဖွယ်ရာ တစ်ခုမက ကျွန်မ ကောက်ရပြီပေါ့ကွယ်။

ရွှေတစ်ဆုပ်ကြက်ဖလေးမှာ အနီရောင် ဖြစ်ပါ၏။ ကြက်မလေး တစ်ကောင်မှာ သခွားသီးမှည့်ရောင် ဖြစ်ပြီး အခြား ကြက်မလေးတစ်ကောင်မှာ ကြေးနီရောင် ဖြစ်ပါ၏။ ရွှေတစ်ဆုပ် ကြက်ဖလေးက အော်အီးအီးအွတ်ဟု တွန်ပြီး သခွားသီးရောင် ကြက်မလေးကို သူ့အတောင်တွေ ဖြန့်ကြက်လျက် ရစ်နေ၏။ သခွားသီးရောင် ကြက်မလေးက ရိုကျိုး သိမ်မွေ့ဟန် ပြုမူပြီး ရုတ်တရက် မြေကြီးပေါ် ဝပ်ချပေးလိုက်သည်။

ကြက်တွန်သံလေးဟာ တကယ့်ကို အသေးစား စူးစူးလေးပဲနော်။ တွန်သံကို အဆုံးသတ်ရာမှာလည်း သံရှည်မဟုတ်ဘဲ တိခနဲ ဖြတ်ချလိုက်ခြင်း ဖြစ်ပါသည်။ သူ့ခြေထောက်လေးတွေက တိုတိုလေး၊ မြေမှာ ကပ်နေသည်။ အတက်ကလေးက ချွန်ချွန်လေး ထွက်နေ၏။ သူ့အမြီး စိမ်းမှောင်မှောင်ကလည်း ထောင်နေလိုက်သည်မှာ ဦးခေါင်းနှင့် တစ်ညီတည်း ဖြစ်နေ၏။ အမောက်ကလေးကတော့ နီရဲလို့။

ခြံထဲမှာ မေမေကြူ တတိယတွေ့ရသည့်အရာမှာ သူမ တွေ့ချင်နေသော ယုန်ကလေးများ မဟုတ်ပါ။

သည်ခြံထဲက တိရစ္ဆာန်တွေရဲ့သခင် သူပင် ဖြစ်ပါ၏။

သူ့ကိုယ်လုံး အပေါ်ပိုင်းမှာ အဝတ်မဲ့ ဖြစ်၏။ သူ့ရင်အုပ်နှင့် လက်မောင်း ကြွက်သားများမှာ လွန်လွန်ကဲကဲ ဖွံ့ဖြိုးမို့မောက်ခြင်း မရှိသော်လည်း တောင့်တင်းကျစ်လျစ်၊ သန်မာမှုကို ပြသနေပါ၏။ သူသည် ချည်ပုဆိုးအဟောင်းတစ်ထည်ကို ခပ်တိုတိုပင် ဝတ်ထား၏။ မတ်တတ်ရပ်လျက် အနေအထားဖြင့် သစ်သားပြားတစ်ခုပေါ်တွင် ကန်စွန်းရိုးများကို ဓားနှင့် စဉ်းနေခြင်း ဖြစ်သည်။ သူ့လက်မောင်းနှင့် ကုပ်ပိုးပေါ်တွင် ချွေးသီး ချွေးပေါက်လေးတွေ တင်နေသည်။

မေမေကြူသည် သူ့ပခုံးပေါ်မှာ နားနေသည့် ကော့ခိုအဖြူလေးဆီ အကြည့်ရောက်ရင်း သူ့ကိုယ်လုံးကိုယ်ထည်ကို လွှမ်းလွှမ်းခြုံခြုံ ကြည့်လိုက်မိပြီး ဖြစ်သွား၏။ ကျွန်မအဖို့ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်လုံးကိုယ်ထည်ကို ပထမဆုံး ခံစားလိုက်မိခြင်း ပါပဲကွယ်။

သူမသည် ယောကျ်ားတစ်ဦး၏ အဝတ်မဲ့ ကိုယ်အပေါ်ပိုင်းကို တစ်ရံတစ်ဆစ်မှ အခုလို သတိထား၍ မကြည့်ခဲ့မိဖူးပေ။

သူ့ရင်ဘတ်ဆီက ခပ်ကြမ်းကြမ်း အမွေးအမှင်များကို မေမေကြူသည် စိတ်ဝင်စားစွာ ကြည့်လိုက်မိပြန်ပါပြီကွယ်။ အို... ဆေးမင်ကြောင်တွေနဲ့ပါလား။

သူ့လက်မောင်းမှာ၊ သူ့ရင်ဘတ်မှာ၊ သူ့လက်ဖျံမှာ ဘာအရုပ်တွေမှန်း မသိရသော ဆေးမင်ကြောင်များကို မေမေကြူ တွေ့နေရပါသည်။ သူ့ရင်ဘတ်က အမွေးအမှင် ကောက်ကောက် ကွေးကွေး ရှုပ်ရှုပ်ထွေးထွေးများနှင့် အဲဒီအပေါ်က ဆေးမင်ကြောင်ရုပ်တွေဟာ မေမေကြူရဲ့ အသည်းနှလုံးကို အတန်ငယ် လှုပ်ခတ်စေခဲ့ပါသည်။ သူ့အရုပ်အမောင်းက
mgyoe.com

mgyoe.com SAMPLE BOOK
တော့ အမြင့်မားကြီး မဟုတ်သလို ပုလည်း မပုလွန်းပါ။ သို့သော် နိုင်ငံခြားမှာဆိုလျှင် သူ့အရပ်ကို ခပ်ပျပ်ပျပ်ဟု ပြောရမည် ထင်ပါသည်။

သူ့ခြံထဲသို့ မိန်းကလေးတစ်ယောက် ဝင်ရောက်လာသည့်အတွက် မိန်းကလေး တစ်ယောက်နှင့် မျက်နှာချင်းဆိုင်နေရသည့်အတွက် သူ့မှာ တစ်စုံတစ်ရာ ပြောင်းလဲခြင်း အမူအရာကို အရိပ်အယောင်မျှပင် မတွေ့ရပါချေ။ သူ့အလုပ် သူ လုပ်မြဲအတိုင်း ဆက်လက် လုပ်ကိုင်နေပါ၏။ သူ့မျက်နှာက မှင်သေသေပင်။ မေမေကြူသည် သူ့ရင်အုပ်ဆီ ငေးမော နေမိရာမှ ရှက်သွားပြီး သူ့ဆံပင်များဆီ အကြည့်ရွှေ့လျှားလိုက်မိ၏။

သူ့ဆံပင်များက အနည်းငယ် ကွေးကောက် ကြမ်းတမ်းကာ အနည်းငယ်လည်း ရှည်လျားနေခဲ့သည်။ သူ့အသက်ကတော့ဖြင့် သုံးဆယ့်ငါးနှစ် ပတ်ဝန်းကျင်လောက်ပင် ရှိပေလိမ့်မည်။ ကျွန်မထက် ဆယ်နှစ်ကျော် ကြီးသူပဲနော်။

"ကျွန်မ ယုန်ကလေးတွေ ကြည့်ချင်လို့ပါရှင်၊ ကျေးဇူးပြုပြီး ကျွန်မကို ယုန်ကလေး တွေ ကြည့်ခွင့်ပေးပါနော်"

မေမေကြူ၏အသည်းနှလုံးကို ယုန်ရောင်စုံလေးများက ဝိုင်းထားမှုမှာ သူ့ကြောင့် မထိခိုက်ခဲ့ပါချေ။ ယုန်ကလေးတွေ ကြည့်ချင်လို့ ကျွန်မ သည်ခြံထဲကို ရောက်ခဲ့တာပဲကွယ်။ ကျွန်မဟာ သည်လောက် မထွေပြားတတ်သေးပါဘူး။

"ရတယ်၊ နေဦး၊ ကိုယ် ခွေးတစ်ကောင် လွှတ်ထားသေးတယ်"

သူ့အသံက စက်ရုပ်က ထွက်လာသည့် အသံလို အေးစက်စက်နိုင်လွန်းလှ၏။ သူ့ အလုပ်ကို ရပ်နားလိုက်၏။

"ဟေ့ကောင် ပီတာ၊ လာခဲ့စမ်း"

သူက တစ်ခွန်းပဲ အသံမာမာ အော်လိုက်သည်။ အရပ်ထွားထွား၊ အမွေးတိုတို၊ အမြီးတုံးတို၊ အရောင်မှိုင်းမှိုင်း ဒိုဘာမင်ခွေးကြီးတစ်ကောင် သူ့ဆီသို့ ပြေးချလာ၏။

သူက ခွေးကို လှောင်အိမ်ထဲ သွင်းလိုက်၏။

အခြားလှောင်အိမ်ထဲမှ ခွေးများကို မေမေကြူ တွေ့ရပြန်သည်။ အယ်လ်ဇေးရှင်း ကြီးတစ်ကောင်ကို လှောင်အိမ်ထဲမှာ လှောင်ထားသည်။ လှောင်အိမ်တွေက အများကြီး ပါလား။ အမွေးစုတ်ဖွား တယ်ရီယာ ခွေးကလေးတွေဟာလည်း လှောင်အိမ်ထဲမှာပဲ။ တယ်ရီယာ ခွေးလေးတွေကတော့ အဖြူရောင်တွေ ဖြစ်သည်။ သူမကို တွေ့တော့ တဝုတ်ဝုတ် ဟောင်နေကြ၏။

တယ်ရီယာခွေးလေးတွေရဲ့ စိန်ခေါ်မှုဟာ လှောင်အိမ်ထဲကနေ တဝုတ်ဝုတ် ဟောင်ခြင်းပဲလား။ လှောင်အိမ်ထဲမှာ သူတို့ ပင်ကိုသဘာဝတွေကို ဘယ်လို ပြမူတုံ့ပြန်နိုင် ပါမည်လဲ။ လူက သူတို့ကို အစာဝအောင်ကျွေးပြီး လှောင်အိမ်အပြင်ဘက်ကနေ ကြည့်ရှုဖို့ အခွင့်အရေး ရသည်။ လှောင်အိမ်ထဲက ခွေးလေးတွေ လိုချင်တဲ့ အခွင့်အရေးကကော ဘာတွေ များလဲကွယ်။
mgyoe.com

mgyoe.com SAMPLE BOOK

"လာ လိုက်ခဲ့လေ"

သူ့အသံနှင့် သူ့အကြည့်က မေမေကြူ၏ အသည်းနှလုံးထဲအထိ ထိုးဖောက်ရောက်ရှိလာခဲ့၏။ အို... ကျွန်မက ယုန်ကလေးတွေကို ကြည့်ချင်သူပဲကွယ်။ မေမေကြူ သူ့နောက်က လိုက်လာခဲ့ပါသည်။ အတောင်ပံဖြန့်ပြီး ကနေသည့် လှပသော ဒေါင်းများကို တွေ့ရသည်။ ဒေါင်းတွေကို လွှတ်ထားသည်။ ဒေါင်းတွေရဲ့ အနီးအနားမှာ ရစ်တွေကိုလည်း အများအပြား တွေ့ရသည်။

"ဟော့ကောင် ပီတာ၊ လာစမ်း"

"ဟော့ကောင် ပီတာ၊ လာစမ်း"

"ဟော့ကောင် ပီတာ၊ လာစမ်း"

အဲ့ဒီ အသံစူးစူး အောအောလေး လာရာကို မေမေကြူ လိုက်ရှာကြည့်သည်။ လှောင်အိမ်ထဲမှာ သာလိကာလေး တစ်ကောင်တည်းရယ်။ သာလိကာလေးက "ဟော့ကောင် ပီတာ၊ လာစမ်း" ဟု ဆက်တိုက် အော်နေသည်။ မေမေကြူ ပြုံးမိသွားသည်။ မေမေကြူ ပျော်ရွှင်သွား၏။

သူ့နောက်က မေမေကြူ ကပ်လို့လိုက်လာခဲ့ရာ လှောင်အိမ်သေးသေးလေးတွေနှင့် ထည့်ထားသော အမွေးရှည်ရှည်ပွပွ ယုန်ကလေးများစွာကို တွေ့ရပါတော့သည်။

"အို... ယုန်ကလေးတွေကို တွေ့ပြီ၊ ယုန်ကလေးတွေကို တွေ့ပြီ"

မေမေကြူ နှုတ်မှ အသံထွက်သွား၏။ သူ့နောက်ကနေ လိုက်နေရာမှ သူ့ကို ကျော်တက်သွားကာ ယုန်ကလေးများ၏ လှောင်အိမ်များဆီသို့ သူမ ရောက်ရှိသွားတော့၏။

ယုန်အဖြူ၊ ယုန်အနက်၊ ယုန်အဝါ၊ ယုန်မီးခိုးဖျော့၊ ယုန်ကောင်းကင်ပြာ၊ ယုန်ချောကလက်၊ ယုန်စပ်ကြား၊ ယုန်တွေရဲ့ အရောင်လေးတွေက စုံလင်လှပါသည်။ ယုန်အကြီးများကို လှောင်အိမ်ငယ်တစ်ခုလျှင် တစ်ကောင် ထည့်ထားသည်။ အို...ဟောသည်မှာ ယုန်သားပေါက်လေးတွေက လှောင်အိမ်တစ်ခုထဲမှာ စုပြုံလို့ပါလား။

ယုန်အကြီးကြီးတွေ လှောင်အိမ်သေးသေး တစ်ခုစီမှာ တစ်ကောင်စီ ထည့်ထားသည့်အတွက် မေမေကြူ မွန်းကျပ်သလို ခံစားရသည်။

"အင်ဂိုရာ ယုန်လို့ ခေါ်တယ်၊ သူတို့က ဂျုံ၊ ဖွဲနဲ့ အရွက်စိမ်းတွေ စားတယ်လေ၊ အခုလို ယုန်ကလေးတွေ အရောင်စုံစုံရလာအောင် ကိုယ် အရောင်စပ်ပေးခဲ့တာပေါ့၊ တောထဲက ယုန်တွေနဲ့လည်း ဒီအင်ဂိုရာ ယုန်တွေ ကိုယ် သားဖောက်ပေးဖူးတာပဲ။ အဲဒီတော့ ပိုပြီး အကြမ်းခံတဲ့ ယုန်ကို ရမှာလေ၊ အမွေးကတော့ မူလအင်ဂိုရာယုန်လောက် မရှည်လျားဘူးပေါ့"

"ကျွန်မ ကြည့်ပါရစေနော်"

သူက ယုန်သားပေါက်လေးနှစ်ကောင်ကို လှောင်အိမ်ထဲမှ ဖွင့်ကာ မေမေကြူ့ကို ပေးသည်။ သူမက ယုန်သားပေါက်လေးတွေကို ကိုင်ကြည့်သည်။ ပထမတော့ အူယားလာ

mgyoe.com

mgyoe.com SAMPLE BOOK

သလိုပင်။ နောက်တော့လည်း ရင်ခွင်ထဲမှာ ထည့်ထားလိုက်မိပါသည်။

"ယုန်တစ်ကောင်ကို ဘယ်လောက်လဲဟင်"

"ယုန်တစ်ကောင်ကို တစ်ထောင့်ငါးရာပါ"

တစ်ထောင့်ငါးရာ ဆိုသည့် စကားကို ကြားလိုက်တော့ တစ်ထောင့်ငါးရာ ဆိုတာ ကိလေသာပဲ။ မေမေကြူသည် သူ့မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ သူ့မျက်နှာကတော့ ခပ်တည်တည်ပင်။

"ကျွန်မအိမ်က လူကြီးတွေက တိရစ္ဆာန်မွေးတာကို မကြိုက်ဘူး၊ ကျွန်မကတော့ ယုန်ကလေးတွေကို အိမ်မှာ သိပ်မွေးထားချင်တာ။ ဘွားဘွားက အဆိုးဆုံးပဲ၊ ဘာအကောင်ပလောင်မှ မွေးတာ မကြိုက်ဘူးလေ၊ ကျွန်မ ဒီခြံထဲက ယုန်ကလေးတွေ မကြာခဏ လာကြည့်မယ်နော်"

မေမေကြူသည် အဲ့ဒီနောက်ပိုင်းကာလများ၌ သူ့ခြံထဲ တစ်ပတ်တစ်ခါ ရောက်လာရာမှ သုံးရက်တစ်ခါ ရောက်လာခဲ့သည်။ ယုန်ကလေးများကို သူမ ကြည့်လို့မဝ ဖြစ်နေသည်။ ပီတာခေါ်တဲ့ ဒိုဘာမင်ခွေး လွှတ်ထားသော်လည်း ပီတာနဲ့ မေမေကြူက မိတ်ဆွေဖြစ်ခဲ့ပါပြီ။

ယုန်ကလေးများရဲ့ သက်တမ်းဟာ ခုနစ်နှစ်ရှိတာ၊ ယုန်သားပေါက်လေးတွေကို သုံးလသားမှာ တစ်ကောင်နဲ့ တစ်ကောင် ခွဲထားရတာ၊ မခွဲထားရင် ကိုက်သတ်ကြတာ၊ ယုန်တွေရဲ့ အစာဟာ ကန်စွန်းရွက်တင် မဟုတ်ဘဲ ငှက်ပျောရွက်၊ ခါကြက်ဥ၊ ဂေါ်ဖီထုပ်၊ မြင်းခွာရွက်၊ မုန်လာဥတွေကိုလည်း ကျွေးလို့ရတာ၊ ယုန်မွေးခြစ်ရင် ယုန်ရဲ့ လည်ကုပ်သားကို ဆွဲကိုင်ပြီး အမွေးတွေကို လက်နဲ့ ဆွဲယူရတာ၊ ဒါတွေကို မေမေကြူ တဖြည်းဖြည်း သိနားလည်လာပြီး ဖြစ်ပါသည်။

ညနေခင်းတစ်ခုမှာ သူနှင့်အတူ ယုန်ကြည့်နေကြတော့ ဒါဟာ ဘယ်နှခေါက်မြောက် ဒီခြံထဲကို ရောက်ခဲ့သလဲဆိုတာ မေမေကြူ မမှတ်မိနိုင်တော့ပေ။

သူက မေမေကြူရဲ့ ဘေးမှာ ရပ်နေ၏။

သူက ထုံးစံအတိုင်း ကိုယ်ခန္ဓာအပေါ်ပိုင်းမှာ အဝတ်ဗလာ ဖြစ်ပါသည်။ ကြေးနီရောင် သူ့လက်မောင်းသားပေါ်မှာ၊ သူ့ရင်အုပ်က အမွေးအမှင်တွေပေါ်မှာ၊ ဆေးမင်ကြောင်တွေ တစ်ပိုက်မှာ ချွေးဥလေးတွေ တွဲခိုနေသည်။ သူမက သူ့ကိုယ်ပေါ်က ချွေးဥလေးတွေကို ဖယ်ရှားပေးလိုက်ချင်မိ၏။ စူးရှရှ အီတီတီ အနံ့ပြင်းပြင်းတွေဟာ ယုန်ကလေးတွေဆီကလား၊ တယ်ရီယာ ခွေးလေးတွေဆီကလား၊ သူ့ဆီကလား၊ မေမေကြူ ဘယ်လို စူးစမ်းခွဲခြားနားလည်ရမှာလဲကွယ်။ မေမေကြူရဲ့နှာဝမှာ ပွတ်သပ်တွေ့ထိနေသည့် အနံ့တွေဟာ

mgyoe.com

mgyoe.com SAMPLE BOOK
တကယ်ပြင်းထန်ပေါက်ကွဲတာ အမှန်ပါပဲကွယ်။ ဒါဟာ ဆန့်ကျင်ဘက်လိင် အဖိုတစ်ယောက်ရဲ့ အနံ့ပြင်းထန်မှုလား။ မေမေကြွေ ထိုအနံ့ပြင်းပြင်းများကို စွဲမက်ရမည်လား။ စက်ဆုပ်ရမည်လား။

သူက မေမေကြွေ့ကို လှောင်အိမ်ထဲက ယုန်မလေးတစ်ကောင် ယူပေးသည်။ သူမ ဝမ်းသာလို့ သွားသည်။ လက်ထဲမှာ ယုန်မလေး ရှိနေ၏။ ရင်ခွင်ဆီသို့ ဆွဲယူပွေ့ပိုက်ကာ သူမရဲ့ လက်ချောင်းသွယ်သွယ်များဖြင့် အမွေးပွပွတွေကို ထိုးဖွကစားနေမိ၏။ လှပသော လက်သည်းနီနီချွန်ချွန်များမှာ နူးညံ့အိပျောင်းထူထဲသော ယုန်မွေးဖြူဖြူများထဲတွင် တုန်ယင်လှုပ်ရှားနေ၏။ သည်နေ့ မေမေကြွေ၏ တီရှပ်အနက်အောက်မှ ချပ်ရပ်သော ဝမ်းဗိုက်ကြောလေးမှာ အနည်းငယ် တင်းမာကာ နာကျင်သလို ဖြစ်နေမိ၏။ စိတ်ကလည်း ပန်းနုရောင်နှင်းဆီပွင့်လေးထဲမှာလှုပ်ယမ်းနေသလိုပင်။ မေမေကြွေရဲ့ ကိုယ်ခန္ဓာမှာကော နှင်းဆီပန်းရဲ့ ရနံ့တွေ ရှိနေပါသလားကွယ်။ နှင်းဆီပန်းရဲ့ ရနံ့တွေဟာ ခုနက အနံ့ပြင်းပြင်းတွေနဲ့ လေထဲမှာ တွေ့ထိဆုံစည်းရသည့်အခါ ဆေးကပ်ဖွဲ့စည်းသွားကြမှာလား။ တွန်းကန်ပေါက်ကွဲ လွင့်စဉ်သွားကြမှာလား။ မေမေကြွေက အမွေးပွပွ ယုန်ဖြူဖြူလေးကို မချင့်မရဲ ပွေ့ပိုက်ဖျစ်ညှစ်နေမိသည်။ ဒီနေ့မှ မောဟိုက်လိုက်တာကွယ်။ မေမေကြွေသည် ခေါင်းကို အနည်းငယ်ပင့်၊ ရင်ကို မော့ပြီး အသက်ရှူလိုက်သည်။ နှင်းဆီပန်းရဲ့ ရနံ့ဟာ လေထုထဲမှာ မရှိဘဲ သူမရဲ့ ကိုယ်ခန္ဓာအတွင်းမှာပဲ ဖွဲ့စည်းနေပါသလား။ သူမက လေထုထဲက ရနံ့ပြင်းပြင်း စူးစူးများကို ရှူရှိုက်လိုက်ရသည်။ ဒါဟာ ဘာလဲကွယ်။ ရင်နည်းနည်း ခုန်နေပါတယ်။

သူက မေမေကြွေ့ကို ခေါင်းညိတ်ပြီး ခေါ်လာခဲ့သည်။

လှောင်အိမ်တစ်ခုရဲ့ရှေ့မှာသူတို့ကိုယ်ခန္ဓာနှစ်ခု နီးနီးကပ်ကပ် ရပ်နေမိကြပါ၏။

"အဲဒီလှောင်အိမ်ထဲက ယုန်မီးခိုးရောင်က အထီးလေ"

သူ့အသံထဲမှာ သံလိုက်ဓာတ် ပါဝင်နေသလိုပင်။

လှောင်အိမ်ထဲက ကိုယ်လုံးကြီးကြီး၊ ခေါင်းကြီးကြီး မီးခိုးရောင် ယုန်ထီးက မေမေကြွေရဲ့ ရင်ခွင်ထဲက ယုန်ဖြူမလေးကို လှမ်းကြည့်နေ၏။ ယုန်ရဲ့ မျက်လုံးတွေက တောက်ပစိုရွှန်းလိုက်တာကွယ်။ အို ဘုရားသခင်…ယုန်မလေးက သူမလက်ထဲမှ ရုန်းကန်ကာ အသံပြုနေပြီ။ လှောင်အိမ်ထဲက ယုန်ထီး ခေါင်းထောင်ထလာပြီး လှောင်အိမ်တံခါးဝဆီ ကပ်လာနေပြီ။ မေမေကြွေ့လက်ထဲမှ ယုန်ဖြူမလေးကို မြေပြင်ဆီ လွှတ်ချပေးလိုက်ပါက ဘယ်လိုနေမည်လဲ။ ယုန်မလေး ပြေးသွားမည်လား။ ဒါမှမဟုတ်…။

"ပေး… အဲဒီယုန်မလေး ကိုယ့်ကို ပေး"

သူက မေမေကြွေရဲ့လက်ထဲမှ ယုန်မလေးကို ဆွဲယူလိုက်သည်။

သူက လက်တစ်ဖက်ဖြင့် ယုန်မလေးကို ပွေ့ထား၏။ အခြားလက်တစ်ဖက်ဖြင့် ယုန်ထီးရဲ့ လှောင်အိမ်ကို ဖွင့်လှစ်ကာ ယုန်မလေးကို အဲဒီလှောင်အိမ်ထဲသို့ ထည့်ပေးလိုက်ပါသည်။
mgyoe.com

mgyoe.com SAMPLE BOOK

လှောင်အိမ်ကို သူ ပိတ်လိုက်သည်။

ယုန်ဖြူမလေး ငြိမ်သက်သွား၏။

မီးခိုးရောင်နှင့် အဖြူရောင်များ လှောင်အိမ်သေးသေးလေးထဲမှာ ပူးကပ် ရောထွေး လှုပ်ရှားသွားချိန်မှာ မေမေကြူက သူ့ရင်အုပ်က အမွေးအမှင် ရှုပ်ရှုပ်ထွေးထွေး ကောက်ကောက် ကွေးကွေးတွေကို အလိုလို လှည့်ကြည့်မိလျက်သား ဖြစ်သွားပါသည်။

သူနှင့် သူမ မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်နေမိကြ၏။ သူ့ရင်အုပ်ဆီက အမွေး လေးတွေ လှုပ်ရှားနေပါသလား။ မေမေကြူ သိမ်မွေ့စူးရှစွာ ကြည့်မိသည်။ သူကတော့ ငြိမ်ငြိမ်သက်သက်ပင် ဖြစ်ပါသည်။

သူ့ရင်အုပ်ထဲက အသည်းနှလုံးဟာ မလှုပ်ရှားဘူးလား။ ကျွန်မရဲ့ စိတ်တွေ လှုပ်ရှား နေတယ် ရှင်ရယ်။ မေမေကြူသည် သူ့ရင်အုပ်ဆီမှ အမွေးအမှင်များကတစ်ဆင့် သူ့ရင်ညွန့် တစ်ဝိုက်ရှိ ဆေးမင်ကြောင်ရုပ်ကို အသေအချာ ကြည့်နေမိပြန်ပါသည်။ ဘီလူးတစ်ကောင် လား။ ဘာကောင်လဲကွယ်။ ကျွန်မ မသိနိုင်အောင်ပါဘဲ။ အဲဒီဘီလူးဟာ သူ့ရင်အုပ်မှ ခုန်ကူး ကာ မေမေကြူရဲ့ အသည်းနှလုံးထဲသို့ ဝင်ရောက်လာပြီလား။

မေမေကြူသည် သူ့ရင်အုပ်မှတစ်ဆင့် သူ့ရဲ့လည်ပင်း၊ သူ့လည်ပင်းမှ သူ့ရဲ့ မေးရိုး ကားကား၊ သူ့မုတ်ဆိတ် ကျင်စွယ်များ၊ သူ့နှုတ်ခမ်းက ပိပိရိရိ၊ သူ့နှုတ်ခမ်းမွေးတွေက ထူထူထဲထဲ ကြမ်းရှရှ၊ သူ့ရဲ့နှာတံ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား။ သူ့မျက်လုံးတွေက ဒီနေ့မှ ပိုမိုစူးရှတောက်ပသလိုပင်။ ထိုမျက်လုံးတွေက မေမေကြူ့ကို စူးစိုက်ကြည့်နေသည်။ မျက်လုံးတွေဟာ မေမေကြူရဲ့ အသည်းနှလုံးကို ထုတ်နုတ်ယူဆောင်ပြီး သူ့ရင်အုပ်ထဲ ထည့်သွင်း သိမ်းပိုက်တော့မလိုမျိုး မေမေကြူ ခံစားရသည်။

သူမရဲ့ ကိုယ်ခန္ဓာတစ်ခုလုံး ယိမ်းယိုင်တုန်လှုပ်သွားသည်။ ဟင်းလင်းပြင်ထဲ လွင့်မျောကာ လစ်ဟာမှုကို ရုတ်တရက် ခံစားလိုက်ရပါသည်။ မေမေကြူ ဤကမ္ဘာမြေ ပေါ်မှာ ရပ်တည်လို့ မစွမ်းနိုင်တော့ မြေငလျင် လှုပ်နေပါပြီ။

မေမေကြူသည် သူ၏ အဝတ်မဲ့ ရင်ခွင်ထဲသို့ ပြေးဝင်ပူးကပ်၏။ သူမရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေအားလုံးကို လျှော့ချပစ်လိုက်မိသွားသည်။ သူ့ရင်ခွင်ရှိ အမွေးအမှင်များ နှင့် ထိတွေ့ရမှုမှာ မေမေကြူ အလွန်ထူးဆန်းသည့် ခံစားမှုကို ခံစားနေရ၏။

"ကိုရယ်"

သူက ညိုမောင်းသန်မာသည့် သူ့လက်ချောင်းများဖြင့် မေမေကြူ့ကိုယ်လုံး သေးသေးသွယ်သွယ် ဖြူဖြူနုနုလေးကို ပွေ့ဖက်ထွေးပိုက်ထားလိုက်၏။

ညနေခင်း၏ ထိုအချိန်လေးမှာ ယုန်ကလေးတွေရော၊ ခွေးကလေးတွေရော၊ မျောက် ကလေးတွေရော၊ စကားတတ်သည့် သာလိကာလေးတွေ ခြံထဲမှ အကောင်ပလောင်မှန်သမျှ အားလုံး ငြိမ်သက်နေခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK
သူ အိမ်ထောင် သုံးကြိမ်ကျခဲ့ဖူးတာ၊ ထိုမိန်းမသုံးယောက်နှင့် ကွဲကွာသွားခဲ့တာ၊ သူ့တိရစ္ဆာန်တွေကိုပဲ စူးစိုက်တတ်တာ၊ ညဥ့်သန်းခေါင်အချိန်တွေမှာ သူ့မိန်းမအပေါ်းမှ ထပြီး ဖယောင်းတိုင်တစ်တိုင်နှင့် တိရစ္ဆာန်တွေကို အကြာကြီး ထကြည့်တတ်တာ။ တစ်ခါတစ်ရံ သူ့ချစ်ရမ္မက်ခံစားလာပါက တိရစ္ဆာန်တစ်ကောင်လို ထက်သန်ပြင်းပြ ရိုင်းစိုင်း အသံမြည်တာ၊ နောက်တော့လည်း သူ့မိန်းမကို အခန်းထဲမှာ အတူတူရှိတယ်လို့ပင် မထင်မှတ်စွာ နေတတ်တာ၊ ဒါတွေကိုတော့ ထိုညနေခင်း၏ နောက်ပိုင်း အတော်လေး ကြာမြင့် နောက်ကျမှသာ မေမေကြူ သိခွင့်ရတော့၏ ။

သူ့ရင်အုပ်က ဆေးမင်ကြောင် ဘီလူးတစ်ကောင်မှာ အမှန်တကယ်ပင် အသက်ဝင်လွန်းလှပါသည်။

*ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ မေလ၊ ၁၉၉၆ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ပြတင်းပေါက်

အခန်းတစ်ခန်းထဲမှာ လူတစ်ယောက်တည်း နေထိုင်ခြင်းနှင့် နှစ်ယောက်ပေါင်း နေထိုင်ခြင်းသည် ဘယ်ဟာက ပိုမိုကောင်းမွန်ပါသလဲ။

ပြတင်းပေါက်ကို ကျွန်တော် ဖွင့်ထားပါသည်။

အတော်ကလေး ကျဉ်းမြောင်းသောအခန်း ဖြစ်ပါ၏။

အဲဒီအခန်းထဲမှာ ပြတင်းပေါက် ဆိုတာကလည်း ပြတင်းပေါက်၏ ရုပ်လက္ခဏာ အင်္ဂါရပ်တွေနှင့် မပြည့်စုံသော ပြတင်းပေါက် ဖြစ်နေပါသည်။ ပြတင်းပေါက်၏ ဂုဏ်ကျက်သရေဆိုတာ ဘာလဲ။ မည်သို့ပင်ဖြစ်စေ ဟင်းလင်းဖြစ်ခြင်းကို အစိတ်အပိုင်းအဖြစ် ကျွန်တော် ရှုမြင်ခွင့်ရခဲ့ပါသည်။ မနက် မိုးလင်းလျှင် အဲဒီ ပြတင်းပေါက်ကလေး တစ်ပေါက်တည်းကို ကျွန်တော် အားကိုးတကြီး ကမန်းကတန်း တွန်းဖွင့်လိုက်ရပါသည်။

ဤပြတင်းပေါက်ကလေးမှတစ်ဆင့် နှင်းကို ကျွန်တော် မြင်ဖူးခဲ့ပါသည်။ နေရောင်ကို မြင်ဖူးသည်။ လပြည့်ဝန်းကို ပြတင်းပေါက်မှ တိုးလျှိုပေါက် မြင်ဖူးခဲ့ပါ၏။

အိုး... နှစ်ပေ မီးချောင်းက ကျွန်တော်တို့ ခေါင်းပေါ်မှာ ဖြစ်သည်။ ကြပ်ခိုးတွေ၊ ပင့်ကူအိမ်တွေရဲ့အကြားမှာ ဖြစ်သည်။ နေ့ခင်းမှာ လျှပ်စစ်မီး မဖြတ်တောက်ထားသည့်အတွက် အိမ်ပိုင်ရှင်ကို ကျွန်တော်တို့ ကျေးဇူးတင်ရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြတင်းပေါက်ကလေးဟာလည်း အထူး ကျေးဇူးတင်စရာ ကောင်းသည်။

ပြတင်းပေါက်ကလေးမှတစ်ဆင့် (ပြတင်းပေါက် ပေါင်ကို မေးတင်ကာ) တစ်ဖက်အိမ်မှ တယ်လီဗွီးရှင်းကို ကျွန်တော်တို့ ငုံ့ကြည့်လို့ ရခဲ့ပါသည်။ ပြတင်းပေါက်အဝမှာ ငှက်ကလေးတစ်ကောင် လာနားဖူးသည်။ ကျွန်တော်က ထိုအချိန်မှာ ခုတင်ပေါ်တွင် အသာလေးထိုင်နေခဲ့သည်။ ငှက်ကလေးဟာ ကျွန်တော့်ကို မြင်မသွားပါစေနှင့်။ သို့ရာတွင် ငှက်ကလေးက ကျွန်တော့်ကို မြင်သွားခဲ့၏။ ငှက်ကလေး၏ ဦးခေါင်းက သူ့ဘေးအန္တရာယ်ကို စိုးရိမ်စွာ လှုပ်ရှားနေခဲ့ပါ၏။ ငှက်ကလေး ပျံသန်းသွားပါသည်။ ထိုအချိန်က ကျွန်တော့်မှာ တစ်စုံတစ်ရာ လပ်ဟာသွားသလို ခံစားလိုက်ရ၏။

ငှက်ကလေး၏ဦးခေါင်းမှာ သေးသည်။ ဦးခေါင်းကြီးသူနှင့် ဦးခေါင်းသေးသူ မည်သူက ပိုမိုကြောက်တတ်ပါသလဲ။ မည်သူက ပိုမိုကြောက်ဖို့ ကောင်းပါသလဲ။ တီဗွီဖန်သားပြင်ကို ပြတင်းပေါက် ပေါင်ပေါ်မှာ မေးတင်လို့ ကျွန်တော် ကြည့်ရှုနေပါသည်။ ကဲပါ... စိတ်ချမ်းသာသလိုသာ သွားလာ၊ လှုပ်ရှားကြပါ။ အခန်းကျဉ်းကျဉ်းကလေးထဲမှာဆိုတော့ အောက်က စာအုပ်ပုံ ဗရပွကိုလည်း ရှောင်ရှားရင်းနဲ့ ခလုတ်တိုက်မိသေးတော့ကာ ကျွန်တော့်ရဲ့ ပြတင်းပေါက်ဆီမှ ရွေ့လျားလာခဲ့မှုမှာ ပုံသဏ္ဍာန်အားဖြင့် ရယ်စရာ မကောင်းပေဘူးလားဗျာ။ ဝန်ခံပါတယ်လေ၊ ကျွန်တော်ဟာ ချစ်ရမ္မက်အတွက် ရယ်စရာ အကောင်ကြီး ဖြစ်ဖူးသည်။ Kim Basinger ရော၊ မက်ဒေါနားရော၊ ပန်းချီဆရာရော၊ သင်ကိုယ်တိုင်ရော ချစ်ရမ္မက်တော့ ရှိပေမပေါ့။ တချို့က လူပျိုဘော်ဝင်စမှာ မိန်းမလျာဖြစ်သွားမှာ စိုးရိမ်စိတ်လွန်ကဲပြီး သူ့ရဲကောင်း လုပ်ပြလုပ်ပြရင်းဖြင့် ချစ်ရမ္မက်တွေနှင့် အသားကျခဲ့ ပြန်ပါရော။ ပြိတ္တာဆိုတာ အဲ့ဟိုကောင်ပေါ့ဗျာ။ ခေါင်းသေးသေး၊ ပါးစပ်သေးသေး၊ ကိုယ်လုံးကြီးနှင့်လေ။ လမ်းလျှောက်ရင် လက်ကို ကားသေး။

သံထိးများ ပြုလုပ်နေသည့် အသံတွေကို ကျွန်တော် ကြားနေရပါသည်။ လော်စပီကာနှင့် အလှူခံသည့် အသံတွေကို ကျွန်တော် ကြားနေရပါသည်။ မြို့ပတ်ရထားရဲ့ ဥသြသံက အလန့်တကြားပါပဲဗျာ။ ဩော်... ကြည့် မြင်တိုင် အပေါ်လမ်းက ကော်ဖီဆိုင်မှာ ထိုင်နေတဲ့ တက္ကသိုလ်ကျောင်းသူဟာ နားပေါက်ကလေးမှာ ဘာရွှေမှ မရှိပါလားကွယ်။ ဘဝကို ခါးပိုက်နှိုက်တွေက သိပ်နှိုက်ပြီး ကတ်ကြေးကိုက်တွေကလည်း ဘဝကို သိပ်ကိုက်တာပါပဲကွယ်။ ဘဝကို ကိုက်တတ်တဲ့ ကတ်ကြေးကိုက်ဟာ ဘတ်စ်ကားထဲမှာလား၊ အိမ်ထဲမှာလား၊ မြင်ရသလိုလိုနဲ့ မမြင်ရဘူး။ မမြင်ရသလိုလိုနဲ့ မြင်နေရတယ်။

ဟော... ဒါဟာ နောက်ထပ် ရထားတစ်စီးပေါ့။ ဥသြသံနဲ့ ဘီးလိမ့်သံတွေ ကြားလာရပြန်ပြီ။ အင်္ဂလန်မှာကော ဘယ်လိုပါလိမ့်။ ဂျပန်မှာတော့ အင်္ဂလန်နိုင်ငံသားဟာ တနင်္ဂနွေနေ့မှာ လျှပ်စစ်ဂစ်တာတစ်လုံးကို တစ်ကိုယ်တော် တီးခတ်လို့ကွဲ့။ ပိုက်ဆံလား။ ပေးခဲ့ရင်တော့ ရတာပေါ့။ ကျွန်တော် ဂီတကို ချစ်သော်လည်း ကျွန်တော်တို့အားလုံး မည်သူမျှ ဂစ်တာ မတီးတတ်ကြပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျယ်လောင်သော အသံများက ကျွန်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်စေပါ၏။

ရန်ကုန်မြို့ရှိ မော်တော်ကားကြီးများ၏ အသံသည် ကျွန်တော့်ကို လန့်ဖျပ် တုန်လှုပ်စေခဲ့ပါ၏။

ကျွန်တော့်နှလုံးသားအပေါ်မှာ အဆီပြင်တွေ ရှိနေပြီလား။ ကျွန်တော် အရက်သောက်ဖြစ်သွားသည်။ နှစ်ပက်တည်းပါ။ နာမည်ပျက်ရုံပါ။ ကျွန်တော် နှလုံးရောဂါ ရရှိမှာ အလွန်ကြောက်သည်။ ကျွန်တော် တစ်နေ့မှာ ထမင်း တစ်နပ်တည်း စားတာဟာ ပိုက်ဆံချွေတာဖို့ရယ်၊ လူ ဝမလာဖို့ရယ် ဖြစ်ပါသည်။

ဩော်... ဆရာ မောင်သာရ၊ ဆရာ မောင်သာရ။ သူ့မှာ နှလုံးရောဂါရှိသလား။ ဟိုတစ်လောကတော့ ၃၃ လမ်းမှာ သူ ထိုင်လို့။ ခေါင်းကြီးက ပြောင်လို့။ လွန်လေပြီးသောနှစ်တွေထဲက နေ့တစ်နေ့မှာ စာဖတ်ဝါသနာပါတဲ့ ကောင်လေးတစ်ယောက်ဟာ ကုန်ဈေးတန်းက သူ့မြေညီထပ်ဆီ လာပြီး စာရေးဆရာ ဆိုတာကို လာကြည့်ခဲ့တာ သူ မမှတ်မိဘူးနော်။ ဒီတော့ ကျွန်တော်က ၃၃ လမ်းမှာ သူ့ရှေ့က ဖြတ်သွားတိုင်းလည်း သူ့ကို နှုတ်ဆက်ရုံမျှသာ တတ်နိုင်ခဲ့သည်။ ဟိုတုန်းကတော့ သူက ကားနဲ့ ဘာနဲ့ပေါ့လေ။ နေကြပါဦး။ မဂ္ဂဇင်းထဲမှာ ငြင်းခုံလို့ကို မပြီးနိုင်ကြဘူးလား။ စာရေးဆရာ မောင်သာရ ဝတ္ထုတွေ အများကြီး ရေးခဲ့ဖူးတာကို ဘယ်သူမျှ ငြင်းဆိုလို့ မရနိုင်။ စာရေးဆရာ မောင်သာရဟာ စာမူခတွေကို သုံးခဲ့ ဖြုန်းခဲ့တယ် ဆိုကြပြန်ရော။ နေကြပါဦး။ ဒေါ်လာသန်းပေါင်းများစွာ ကိုင်ပြီး သူ ဖြုန်းခဲ့တာလား။ သူဟာ ၃၃ လမ်းမှာ ငုတ်တုတ်ကြီးပါဗျာ။ ခေါင်းတုံးကြီးက ပြောင်လို့။ ဩော်... ဩော်... မက်ဒေါနားက ဒေါ်လာ သန်း ၆၀၊ ဂျက်နက်ဂျက်ဆင် ဒေါ်လာ သန်း ၈၀၊ ကျော့မိုက်ကယ်က ဒေါ်လာ ၅၂ သန်း ရသွားပြန်ပါပြီတဲ့။ ဝတ္ထုတွေ အများကြီး ရေးခဲ့တဲ့ မြန်မာစာရေးဆရာ မောင်သာရဟာ ဒေါ်လာ သန်းခြောက်ဆယ် တစ်နှစ်တည်း ဖြုန်းတီးပစ်ခဲ့ပါသလား။

လူတွေကို ချစ်ခဲ့ ပြီး လူတွေအတွက် အလုပ်လုပ်ခဲ့သူတွေဟာ လူတွေ နေထိုင်ခွင့်သေအထိ ရှိရမည် ဆိုတာ သင်ကော လက်မခံနိုင်ပေဘူးလား။

ကျွန်တော် အခုရက်ပိုင်းမှာ ဘာဆို ဘာမျှ မလုပ်ချင်။ လူတစ်ယောက်ဟာ ဘာမျှမလုပ်ဘဲ ဘယ်နှရက် နေထိုင်ခွင့် ရှိပါသလဲ။ ကျွန်တော်က သူ့ဆီက ပိုက်ဆံ ငါးရာ ချေးထားတယ်လေ။ ရှင်သန်လို့ ရသေးတယ်။ ဒါဟာ သုံးရက် အလွန်ဆုံးပေါ့လေ။

ရေအိမ်က အောက်ထပ်မှာ ရှိနေသည်။

ရေအိမ်ဆီသို့ ဆင်းသွားရသည့် လှေကား၏ ခြေနင်းပြားတွေက ကျွန်တော့်ခြေဖဝါးလောက်ပင် မရှိချေ။ နောက်ပြီး လှေကားကလည်း မတ်စောက်လိုက်ပုံများမျဉ်းမတ်ကို တည့်တည့်ထောင်ထားသလိုပါပဲ။ အဲဒီလှေကားလေးမှာ လက်ရန်းကလည်းမရှိပါချေ။ ကျွန်တော်သည် ဖင်ထိုင်လျက် တစ်ထစ်ချင်း သက်ဆင်းရပါသည်။ ရေအိမ်

mgyoe.com

mgyoe.com SAMPLE BOOK
ကျဉ်းကျဉ်းလေးထဲမှာ လေးဆယ်ဝပ် မီးသီးလုံးလေးက ခလုတ်လုံးလုံးလေးကို နှိပ်လိုက်ပါက မီးပွင့်သည်။ အဲသည် မီးလုံးလေးကိုကော ကျေးဇူးတင်ဖို့ မကောင်းဘူးလား။

ရေအိမ်ထဲမှာတော့ ကျွန်တော်ဟာ ပန်းဆိုးတန်းက သုံးဆယ့်ငါးကျပ်နဲ့ ရထားတဲ့ ဇာတ်သိမ်းခန်း ပါမလာတဲ့ ဟာရိုရော့ဘင်စ်ရဲ့ The Betsy ဝတ္ထုစာအုပ်အဟောင်းကို ဖတ်လို့ပေါ့လေ။ ဩော်... စယ်လီ စယ်လီ... ခပ်ပျော့ပျော့ ငနဲကို ကြိုက်လို့မရဘဲ၊ အမွေးအမှင်တွေ ထူထူ၊ အနံ့အသက်တွေ ပြင်းပြင်း၊ အတွေးအခေါ်တွေ များများ၊ အသက်ကြီးပေမယ့် သန်မာတဲ့ ပုဂ္ဂိုလ်ကိုမှ တစ်ဘဝစာအတွက် တစ်ည အချစ်ပုံပေးခဲ့၊ အချစ်ယူခဲ့ပေတယ်နော်။

အပေါ်သို့ ပြန်တက်လျှင် အပေါ်ဆုံး လှေကားထစ်ကလေးများကို လက်နှင့် ဆုပ်ကိုင်ပြီး ဖြည်းဖြည်းချင်း ကျွန်တော် တက်ရ၏။ ဂျပန်ပြည်ကို ကျွန်တော် သွားလိုက်ချင်လိုက်တာကွယ်။ တခြားတိုင်းပြည် ဆိုတာကို ကျွန်တော့်မှာဖြင့် ရောက်ဖူးချင်လိုက်တာ ရူးနေတာပါပဲ။ ပန်ကန်ဆေးချင် ဆေးရပါစေကွဲ့။ လဲလှယ်မှာပေါ့။ ကျွန်တော်က အဲဒီတိုင်းပြည်ကို ကြည့်ချင်တဲ့သူကိုး။ ဒါပေမဲ့ ဆယ့်ငါးသိန်း ဆိုတာ ကျွန်တော်က ဘယ့်နှယ် လုပ်ပြီး တတ်နိုင်မှာတုံး။ ဗွီဒီယိုကြိုက်တဲ့ ကျွန်တော်ဟာ အောက်စက်လေး တစ်လုံးတောင်မှ မရှိတာ။ The Lover ကို ကြည့်ချင်ရင် မန္တလေးကို ပြန်ပြီး ၂၂ လမ်းမှာ သွားကြည့်ရတဲ့ ငတိဟာ ကျွန်တော်ပေါ့။ အရက်မူးမူးနဲ့ ယောဒီလှေကားလေးကနေ ကျွန်တော် လိမ့်ကျခဲ့ဖူးသည်။ ကျွန်တော့်ဒူးနဲ့ တံတောင်ဆစ်များ ပွန်းသွားခဲ့သည်။ အိမ်ရှင်ကို အပြစ်တင်လို့ ဘယ်ဖြစ်မလဲ။ သူ့ခမျာ မုဆိုးမ၊ အသက်ကလည်း ရှစ်ဆယ်နား ကပ်နေပြီ။ ကိုယ် အရက်မူးလို့ အခုလို ဖြစ်ရတာပဲ။ ဩော်... မောင့်လပြည့်ဝန်း ကိုနေဝင်းက ဝလို့။ သူ ဆေးလိပ် မသောက်တော့ဘူးတဲ့။ ရှစ်လမ်းထဲမှာ တွေ့ခဲ့တာလေ။ ဦးထုပ်တစ်လုံး ဆောင်းလို့။

အခန်းထဲမှာ သင် အကြာကြီး နေထိုင်ဖူးပါသလား။ ဩော်... ခက်ပါဘိကွယ်။ အခန်းထဲ ဆိုတဲ့ စာလုံးလေးနဲ့ စလုံးရေ စကာ ရှိသေးတယ်။ အောင်ဘာလေရဲ့ ဖေဖေ ကျွန်တော့်သူငယ်ချင်း ဘိုညို့ကို ကျွန်တော် သတိရလာပြန်ပါပြီ။ ကိုယ်တို့တစ်တွေ သန့်စွမ်းကြပါသေးတယ်ကွာ။ စွမ်းအားတွေလည်း ရှိနေကြသေးတယ်။ ဟေ့ သူငယ်ချင်း၊ တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်ပြီး ၈၄ လမ်းနံဘေးက ဗာဒံပင်ရဲ့အောက်မှာ နှုတ်ဆက်ကြဦးမယ်ကွာ။ ကိုယ် ရန်ကုန်ကနေ မန္တလေးကို လာခဲ့မှာပေါ့။

အခန်းထဲမှာ အကြာကြီး အောင်းနေပြီး အပြင်ဘက် လမ်းမပေါ်သို့ သင် ထွက်ဖူးပါသလား။

ကျွန်တော်ကဖြင့် အဲဒီလိုအခါမှာဆို နေရောင်ထဲက လူတွေကို ကြောက်နေတတ်ပါသည်။ အပြင်ဘက်က လူတွေရဲ့ မြန်ဆန်တဲ့ လှုပ်ရှားမှုများကို ကျွန်တော် လိုက်လို့ မမီအောင် ဖြစ်ခဲ့တတ်သည်။ သူတို့နှင့် ကျွန်တော် ရစ်သမ် မကိုက်တော့။ သူတို့ Speed တွေက မြန်လွန်းနေသည်။ လှုပ်ရှားမှုအရှိန်ကို လိုက်လို့မမီတဲ့ ကျွန်တော်သည် သူတို့နှင့် လွဲချော်ခဲ့လေပြီဟု ရုတ်တရက် ခံစားလိုက်ရ၏။
mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုအခါမှာပေါ့။ ကျွန်တော်သည် နက်ပြောင်ပြောင် ကတ္တရာလမ်းမများကို အကြောက်ကြီး ကြောက်နေတတ်သည်။ အရှိန်နှင့် စီတန်းမောင်းလာကြသော ရန်ကုန်မြို့ရဲ့ မော်တော်ကားများကို ကျွန်တော် အလွန်ကြောက်နေပါသည်။ ကျွန်တော် နေတာက တောလမ်းမှာပါ။ အဲဒီ ကောလိပ်ရှေ့က ကတ္တရာလမ်းမကျယ်ကြီးကို ကျွန်တော် ဘယ်လို အလေ့အကျင့်မျိုးနဲ့ ကူးသန်းရပ့ါမလဲ။ မျဉ်းကျားက ကူးရတယ်။ မျဉ်းကျားက ကူးရတယ်။ အဲဒီအသိက ကျွန်တော့်ဦးနှောက်နှင့် အသည်းနှလုံးမှာ စွဲမြဲနေသည်။

သို့ရာတွင် ကျွန်တော်က အနက်ရောင် ကတ္တရာလမ်းမကြီးကို ကြောက်ရွံ့နေသလို အဝါရောင်မျဉ်းကျားကိုလည်း ကျွန်တော်က ကြောက်နေပြန်ပါသည်။ ကျွန်တော်သည် ကတ္တရာလမ်းမကို ကန့်လန့်ဖြတ် မကူးရဲပါသဖြင့် ကတ္တရာလမ်း နံဘေးက ပလက်ဖောင်းအတိုင်း မဆုံးနိုင်အောင် ကျွန်တော် လမ်းလျှောက်နေမိသည်။ ဒီလမ်းပေါ်မှာ ဟိုတစ်လောကပဲ လူနှစ်ယောက်ကို တိုက်ပြီး ကားက မောင်းပြေးသွား၏။ ကြက်သီးထမိပြန်ပါပြီ။

ဘတ်စ်မှတ်တိုင်သို့ ရောက်ပြီ။

ရန်ကုန်မြို့ရဲ့ ဘတ်စ်မှတ်တိုင်မှာ လူတော်တော်များများဟာ သိမ်ငယ်စိတ်တစ်ခုစီနဲ့ ဆိုတာ ကျွန်တော့်အသိစိတ်က သိထားပါသည်။ သို့ရာတွင် ကျွန်တော် ကြောက်စရာလူတွေ မဟုတ်ပါဘဲလျက် ဘတ်စ်ကားမှတ်တိုင်မှာ မတ်တတ်ရပ်နေရမှာကိုပဲ အလိုလိုကြောက်လို့ နေပြန်ပါသည်။ ကားကြီးတစ်စီး ထိုးဆိုက်လာသည်။ ဝူးခနဲ ပြန်ထွက်သွားသည်။ ခါးပိုက်နှိုက် ပါလာတယ်။ တံခါးတွေ အကုန်ပိတ်၊ ရဲစခန်းကို တန်းပြီး မောင်း။ အဲလို မြန်ဆန်တဲ့ အဟုန်ကို ကျွန်တော် ဘယ်လိုလိုက်လို့ မီပ့ါမလဲ။ အဲဒီလိုနဲ့ပဲ ကျွန်တော်က ပလက်ဖောင်း တစ်ဖက်တည်းမှာပဲ လမ်းဆက်လျှောက်နေသည်။ တစ်ခါ အဲဒီလို တွေ့ကြုံဖူး၊ ခံစားဖူးတာနဲ့ပဲ အပြင်ထွက်ရမှာကို ကျွန်တော် ကြောက်နေပါသည်။

ပြတင်းပေါက်ကလေးကို ကျွန်တော် ဖွင့်ထားပါသည်။ ခြင်ထောင်နဲ့ ခုတင်ရဲ့ ထောင့်ကလေးတွေမှာကြမ်းပိုးတွေက တင်းကျမ်းနဲ့ အားကြီးပါပဲကွယ်။ ကြမ်းပိုးများသော အိပ်ရာနဲ့ ဘာမှမသက်ဆိုင်တဲ့ ဒိုင်ယာနာရဲ့ ရုပ်ပုံတွေ အများကြီးကို ခုတင်အထက်က နံရံမှာ ကျွန်တော် ကပ်လို့ ထားသည်။ ဘယ်သူတွေက ဘယ်လို စကားတင်း ဆိုကြပါစေ၊ ကမ္ဘာပေါ်မှာ ကျွန်တော် ချစ်တာဆိုလို့ မင်းသမီး ဒိုင်ယာနာပဲ ရှိတော့တယ်။

တော်ဝင်နှင်းဆီမှ အနီရောင်နှင်းဆီပွင့် တစ်ပွင့်တည်းပွင့်သော နှင်းဆီပင် ပုပုလေး ပန်းအိုးနှင့်အတူ လိုချင်သည်။ မေရီခိုင် သစ်ခွခြံမှ ခရမ်းရောင် ဗန်ဒါသစ်ခွပန်းလေး လိုချင်သည်။ ပန်းရိုင်းမှ လိမ္မော်ရောင်၊ ကြက်သွေးရောင်၊ ပန်းဆီရောင် ရှားစောင်းပင် ပုပု လုံးလုံးလေးကို ကြွေဆေးလိပ်ခွက်လေးထဲမှာ ထည့်စိုက်ပြီး ကျွန်တော့်အခန်းထဲမှာ ထားချင်ပါသည်။ အခန်းကျဉ်းလေးထဲမှာ နှင်းဆီပန်းဟာ ပွင့်လို့။ အနီရဲလေး ဖြစ်ပါတယ်။

ပြတင်းပေါက်ရဲ့ ပေါင်ပေါ်မှာ ကြောင်အဝါတစ်ကောင် ထိုင်နေပါသည်။ ဟော... နောက်ထပ် ကြောင်အညိုတစ်ကောင် ရောက်လာပြန်ပြီ။ ကြောင်အဝါက ခပ်သေးသေး

mgyoe.com

mgyoe.com SAMPLE BOOK
ခပ်သွယ်သွယ်ဖြစ်ပြီး ကြောင်အညိုက ခပ်ကြီးကြီး ခပ်ထွားထွား ဖြစ်ပါသည်။ ဘယ့်နှယ်လဲ။ သဘောတူရဲ့လား။ ကြောင်အဝါကို စယ်လီလို့ ကိုယ် အမည်ပေးလိုက်ရင်လေ။

ကျွန်တော့်အခန်းထဲကို ကြောင်တွေ ဝင်လာတာကို ကျွန်တော် ကြိုက်သည်။

အကြောင်းမှာ ကျွန်တော့်အခန်းထဲတွင် သူတို့တစ်တွေ လာပြီး အရက်သောက်ကြစဉ်က အန်ဖတ်တွေကို ကျွန်တော် မသန့်ရှင်းဖြစ်ပါ။ အဲဒီအတွက် ကြောင်တွေကို ကျွန်တော်က လိုအပ်စွာ ကြိုဆိုနေခဲ့ ခြင်း ဖြစ်ပါသည်။

နောက်ပြီးတော့ စာအုပ်များ၊ ကြွပ်ကြွပ်အိတ်များ၊ ပုလင်းအလွတ်များ၊ ဘီယာဘူးခွံများ၊ စက္ကူစုတ်များ၊ ဆေးလိပ်တိုများ၊ ဆီးသီးအစေ့များ၊ ကျွဲကောသီးစေ့များ၊ ခြင်ဆေးခွေ အကျိုးအပဲ့ အပိုင်းအစများ၊ သွားတိုက်ဆေးဘူးခွံ ပြားကပ်ကပ်များ၊ ဆပ်ပြာခဲ လက်ကျန်များ၊ အတွင်းခံဘောင်းဘီများ၊ ခရီးဆောင်အိတ်များ၊ ခေါင်းလိမ်းဆီဘူးအလွတ်များ၊ ယခင်နှစ်က ပြက္ခဒိန်များ၊ မင်ကုန်သွားသော ဘောလ်ပင်များ၊ ကက်ဆက်တိပ်ခွေများဖြင့် ကျူပစ်ဇင် ပန်းချီကားဖြစ်နေသော ကျွန်တော့်အခန်းထဲမှာ ညဆိုလျှင် ကြွက်များ၏အသံက ဆူညံလွန်းလှပါသည်။ ကြွက်တွေက ကျွန်တော့်ကို မကြောက်ပါ။ လုံးဝ မကြောက်ပါ။ ကျွန်တော့် မျက်စိရှေ့မှာတင် ပြေးလွှားနေကြ၏။ ထို့ကြောင့် ကျွန်တော်က ကြောင်တွေကို မျှော်လင့်နေခဲ့သည်။

အိမ်နီးချင်းဘန်ကောက်မြို့ကိုမှ မရောက်ဖူးသေးတဲ့ သူပါကွယ်။ ဘန်ကောက်က လာတဲ့ တနင်္ဂနွေမဂ္ဂဇင်း အဟောင်းထဲမှာ ဘန်ကောက်ရဲ့ မြင်ကွင်းများကို ကြည့်နေရတဲ့ အခိုက်မှာပေါ့။ Faces of Bangkok ထဲကပဲကွဲ့။

No Money

No Sex

No AIDS

ဘန်ကောက်က တီရှပ်ပေါ်မှာလား။ အုတ်နံရံပေါ်မှာလား။ အဲဒီလို စာတန်းကို လက်ရေးစာလုံးနဲ့ ရေးသားလို့။ သွားစမ်းကွာ။ ဒီကက်ဆက်လား၊ ငါက မင်းကို ခိုင်းစားမလို့ဥစ္စာ၊ မင်းကပဲ ငါ့ကို ခိုင်းခိုင်းစားနေတော့တာပဲ။ ကျွန်တော်က ကက်ဆက်ကလေးကို နံရံဆီသို့ ပစ်ပေါက်လိုက်ပါသည်။ ကက်ဆက်က မကွဲပါ။ ဘာမှ မဖြစ်ပါ။ စာအုပ်ပုံတွေထဲမှာ ကက်ဆက်ကလေးက ခွေခွေကလေး လဲကျသွားလို့။ မဂ္ဂဇင်းတိုက်တွေဆီသို့ ကျွန်တော် မသွားရဲပါ။ ကျွန်တော့်ကို ဝိုင်းပြီး သူတို့တစ်တွေက အလုပ်အပ်နေကြသည်။ ကျွန်တော့်ကို စီးပွားရေးဆောင်းပါး ရေးသူဟု သူတို့တစ်တွေ တံဆိပ်ကပ်လိုက်ကြပြီလား။ သြော်... ပိုက်ဆံ ပိုက်ဆံ။ သင်းအတွက်နဲ့ တို့တစ်တွေမှာ ကျွမ်းထိုးမှောက်ခုံ လုပ်လိုက်ကြရ၊ ကင်းမြီးကောက် ထောင်ပြရနဲ့ပါလားကွယ်။ ထမင်းစားဖို့ စာရေးရတဲ့ ဘဝများကနေ သူဌေးဖြစ်ဖို့ စာရေးတဲ့ ဘဝများဆီ လေးဖက်ထောက်ပြီး ကူးဖို့ ကြိုးစားနေတာ ကျွန်တော်ပေါ့။ ဟာရီးရော်ဘင်စ် ကို ဖတ်လို့။ အိပ်ရာထဲမှာ ဝမ်းလျားမှောက်မိသွားပြန်ပါပြီ။ မုံရွာစောင်တွေ

mgyoe.com SAMPLE BOOK

ကို ပွေ့ပိုက်မိလာပြန်ပါပြီ။ စယ်လီရေ… မင်းကတော့ တကယ်ပဲကွယ်။ တကယ့်ကိုပဲ လူ မိန်းမပီသနေလိုက်တာကွယ်။ ဒါပေမဲ့မင်းကိုတော့ကိုယ်ကဒိုင်ယာနာ့ကို ချစ်တဲ့အချစ်မျိုးနဲ့ ဘယ်မှာ ချစ်နိုင်မှာလဲကွယ်။ မင်း လုပ်ပြုရက်တယ် စယ်လီရယ်။

ပြတင်းပေါက်ကလေးမှတစ်ဆင့် အုန်းပင်ထိပ်ဖျားကို မြင်ရသည်။ သွပ်မိုးများကို မြင်ရသည်။ အင်တန်နာများကို မြင်ရသည်။ မနက်ခင်းရဲ့ ရွှေရောင်တိမ်တိုက်များကို မြင်ခဲ့ဖူးသည်။ လေးဖြူရဲ့အသံတွေ ဟိုအရှေ့ လက်ဖက်ရည်ဆိုင်ဆီမှ ညညဆို ဝင်ရောက်လာခဲ့ဖူးသည်။ အဲဒီ ပြတင်းပေါက်ကလေးက တစ်ဆင့်ပါပဲ။

လပြည့်ည… ဒါဟာ လပြည့်ည

လပြည့်ညမှာ အသည်းခွဲသွားတာ

ဘဝဟာ စိတ်ညစ်သွားခဲ့။

အော်စမ်း။ အသေ အော်လိုက်စမ်း။ ငါ ကြိုက်တယ်။

သီချင်းရေးတဲ့ လူငယ်လေးဟာ ပျဉ်းမနားက ဆိုလားပဲ။ ကိုယ်ကတော့ အသည်းကွဲဖူးတာရယ်။ ဇော်ဝင်းထွဋ်ထက် လေးဖြူကို ပိုကြိုက်တာရယ်။ သီချင်းရေးတဲ့ မင်းကိုယ်တိုင်ကလည်း မော်ဒန်ဖြစ်နေတာရယ် ဆိုတော့ အဲဒီ ရှုးသွပ်နေတဲ့ လဟာ ကိုယ့် ပြတင်းပေါက်ကလေးမှတစ်ဆင့် ကိုယ့်အသည်းထဲကို ဝင်ချင်သလောက် ဝင်ပြီး၊ ဝင်ချင်သလို ဝင်လာပါ့စေကွယ်။

တစ်အိမ်လုံးမှာ ကျွန်တော် တစ်ယောက်တည်း ရှိနေသည်။ ကျွန်တော်က ဘောင်းဘီတို ဝတ်ထားသည်။ မစ်ဆူဘီရှီ အီလက်ထရစ်ရဲ့ ပြက္ခဒိန်ပေါ်က အဝတ်မဲ့ မိန်းကလေးက သူမရဲ့ ကိုယ်အောက်ပိုင်းကို ကြာပွင့်ထဲမှာ ပုန်းစေလို့။ မခို့တရိုဟန်နဲ့ ကျွန်တော့်ကို ဘေးစောင်းကြည့်လို့။

ဟော… ခြေသံ။

ဖြည်းဖြည်းချင်း တက်လာသည့် ခြေသံ ဖြစ်ပါသည်။ ကျွန်တော်တို့၏ ဒုန်းဒုန်း ဒိုင်းဒိုင်း ခြေသံမျိုး မဟုတ်ပါ။

စေ့ထားသည့် အခန်းတံခါးလေးကို တွန်းဖွင့်ပြီး ကျွန်တော့်အခန်းထဲကို ပိုင်ပိုင်နိုင်နိုင် ဝင်ရောက်လာသူကတော့ ကျွန်တော့်ရဲ့ 'သူမ' ပဲ ဖြစ်ပါတော့သည်။ သူမရဲ့နာမည်က မြသီတာ တဲ့။

ရှူး… တိုးတိုး။

သူမ၏အသံကလည်း မူလပင်ကိုကတည်းကိုက တိုးတိုးလေးပါပဲကွယ်။

"ကိုကိုရေ… အဝတ်လဲကွယ်၊ တိရစ္ဆာန်ရုံကို သွားကြရအောင်"

ကျွန်ေ ာ်က ဘာမှပြန်မပြောဘဲ ရုတ်တရက်ထပြီး အဝတ်လဲလိုက်သည်။

ကျွန်တော့်အခန်းထဲမှာ စာအုပ်တွေရယ်၊ ကြောင်နှစ်ကောင်ရယ်၊ ကြွက်တွေရယ်၊ အမှိုက်တွေရယ်ကို ရက်စက်စွာ ကျောခိုင်းလို့ထားပစ်ခဲ့သည်။ ပြတင်းပေါက် ကလေးလည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ဖြစ်တည်မှုနဲ့ကိုယ်၊ ကိုယ့်ကိုယ်ကိုယ် တာဝန်တွေနဲ့ကိုယ် ရပ်တည်ပေလေ့စေပေါ့ကွယ်။ ကိုယ့်ဖြစ်တည်မှုအပေါ်မှာ ကိုယ်ကိုယ်တိုင် တာဝန်ယူရတယ်ဆို။

ခြေသံပြင်းပြင်းနဲ့ ခြေသံနူးညံ့အသံနှစ်သံမှာကြမ်းပြင်ပေါ်မှာချစ်စရာကောင်းစွာရှန်းရင်းဆန်ခတ် ဖြစ်နေကြပါသည်။ ပြင်းထန်သော်လည်း၊ ပေါက်ကွဲသော်လည်း ဂီတဆန်သော အချစ်သီချင်း ဖြစ်နေသည်။

ကျွန်တော်သည် နေရောင်အောက်က လူများကို မကြောက်တော့ပါ။ ကျွန်တော်သည် နက်မှောင်ပြောင်ချောသော ကတ္တရာလမ်းမများ၊ အဝါရောင် မျဉ်းကျားများနှင့် အဖြူရောင် မော်တော်ကားများကို မကြောက်တော့ပါ။

အကြောင်းမှာ သွယ်ပျောင်းပြီး ဖယောင်းလို အိညက်နေသော၊ ရွှေလို ဝင်းဝါနေသော လက်ဖဝါးလေးများက ကျွန်တော့်လက်မောင်းကို တင်းတင်းကျပ်ကျပ် နွေးနွေးထွေးထွေး ဆုပ်ခဲထားခဲ့၏။

အရွတ္တစိတ်နှင့် ဖြစ်စေ၊ ဗဟိဒ္ဓစိတ်နှင့် ဖြစ်စေ ကျွန်တော်သည် အလိုက်သင့်စီးမျောခဲ့လေပြီ။

သည်တစ်နေ့မှာတော့ သူမ၏အကူအညီ အဖေးအမဖြင့် ကျွန်တော်သည် ဤကမ္ဘာလောကထဲမှာ၊ ဤမိုးကောင်းကင်အောက်မှာ စွန့်စားရဲဝံ့လို့ပါ။ ခြေသံတွေက ရွှေလိုအဖိုးတန်ခဲ့ပြီကွယ်။ ပြတင်းပေါက်ကလေးရဲ့ အဝေးကိုပေါ့။

*သရဖူမဂ္ဂဇင်း၊ အမှတ် ၂၂၊ ၁၉၉၆ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# အောင်ဘာလေနှင့် ရွှေငါးလေး ငါးကောင်

## (၁)

ဂျင်းဘောင်းဘီတစ်ထည်ဝတ်ပြီး အုတ်ရေကန်ပေါ် ထိုင်ကာ အုတ်ရေကန်ထဲက ရွှေငါးများစွာကို စောင့်ကြည့်စစ်ဆေးရသည့် အလုပ်ကို ကျွန်တော် သဘောကျပါ၏။ ကိုယ်တိုင်စိတ်ကူးယဉ်ဖို့လည်း ကောင်းပြီး ပိုက်ဆံလည်း ရသည့် အလုပ်မို့ ရွှေငါးမွေးပြီး သားဖောက်ရောင်းရတာ ပျော်စရာကောင်းပါသည်။

ကျွန်တော်သည် ၁၉၈၈ ခုနှစ်နှောက်ပိုင်းတွင် မန္တလေးမြို့၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်က လူထု စာအုပ်အရောင်းဆိုင်လေးသို့ မရောက်ပြန်တော့ပါ။ လူထု စာအုပ်ဆိုင်ကလေး၏ ရှေ့မှာ ဗာဒံပင် စိမ်းစိမ်းဝိုင်းဝိုင်းလေး ရှိပါသည်။ ထိုဗာဒံပင်ကလေး ရှိခြင်းကြောင့်ပင် ညနေခင်းတွေမှာ၊ မွန်းလွဲပိုင်းတွေမှာ ကျွန်တော်တို့တစ်တွေ အရိပ်ရရှိခဲ့ ကြဖူးပါသည်။ စာပေသမားဘဝဖြင့် ကမ္ဘာလောကကို ကျွန်တော်တို့ ရင်ဆိုင်ရာမှာ ဘဝအနေအထားပြိုကွဲဖွယ်ရာ ဒုက္ခများ၊ လူမှုရေး၊ စီးပွားရေး မလုံခြုံမှုအပေါ်မှာ ရုတ်တရက် ထိုးနှက်ကုတ်ခြစ်ခံလိုက်ရသော သွေးစိမ်းရှင်ရှင် ဒဏ်ရာများလည်း ရရှိလာတတ်ပါသည်။ သို့သော် ထိုဒဏ်ရာဒဏ်ချက်များ၊ သွေးစိမ်းရှင်ရှင်များ၊ အက်ကြောင်းများသည် ဗာဒံပင်လေးအောက်သို့

mgyoe.com SAMPLE BOOK

ရောက်သောအခါတွင် သွေးတိတ်ဆေးများ၊ အားဆေး ဘားပလက်များ၊ ဆေးဝါး ကုသသူများ နှင့် အလိုအလျောက် တွေ့ရတတ်ပါသည်။

"ဒီကမ္ဘာမြေမှာ ငါတို့တစ်တွေ တည်ရှိနေကြသည်။ ငါတို့တစ်တွေမှာ အင်အားများ ရှိသည်။ ငါတို့သည် ဆေးဝါးကုသခံယူဖို့ မဟုတ်ဘဲ ငါတို့က အမြဲကျန်းမာနေပြီး ငါတို့က အခြားလူများကို ဆေးဝါးကုသပေးရမည်။"

ထိုအတွေးအခေါ်များ ကျွန်တော် ရရှိခဲ့ပါသည်။ ဗာဒံပင်အောက်မှ ကျွန်တော့် မိတ်ဆွေများနှင့် ဝိုင်းဖွဲ့စကားပြောရသောအခါဖြစ်ပါသည်။ စိတ်ဓာတ်များလည်း အသစ်တစ်ဖန် လန်းဆတ် နုပျိုလို့။ အဲဒီဗာဒံပင်လေးအောက်မှာ ကိုညို ရှိမည်။ ပိုင်စိုးဝေ ရှိမည်။ ကိုပြေ ရှိမည်။ ကိုသိုက် ရှိမည်။ ဆရာဝင်းစည်သူ ရှိမည်။ ကိုညိုထွန်းလူ ရှိမည်။ ကျွန်တော်တို့ အမှန်တကယ် ပျော်စရာ ကောင်းခဲ့ ကြပါသည်။

၁၉၈၈ နောက်ပိုင်းမှာတော့ ဘဝလမ်းကြောင်း ကိုယ်စီက တစ်မျိုးတစ်ဖုံ ပြောင်းလဲလို့ လာခဲ့ကြသည်။

သူငယ်ချင်းတစ်ယောက်က ကုမ္ပဏီထောင်ပြီး သူငယ်ချင်းတစ်ယောက်က ကုမ္ပဏီ၏ မန်နေဂျာ ဖြစ်နေသည်။

မိတ်ဆွေတစ်ယောက်ဟာ နိုင်ငံခြား ရောက်သွားပြီး အခြားမိတ်ဆွေတစ်ဦးက ဘယ်ရောက်လို့ ရောက်နေမှန်း ကျွန်တော် မသိခဲ့ပါချေ။ သူငယ်ချင်းတစ်ယောက်က အေးဂျင့် ယူကာ အီလက်ထရောနစ်ပစ္စည်းတွေ ရောင်းနေသည်။

## ( ၂ )

ကျွန်တော့်ဘက်ကတော့ ရှင်းပါသည်။ ကျွန်တော့် ခြံထဲမှာ တစ်ပေသာသာ အမြင့် ရှိသည့် အုတ်ရေကန်တွေ တန်းစီပြီး တည်ဆောက်ခဲ့၏။ အဲဒီတုန်းက အုတ်ဈေးကလည်း မကြီးမြင့် လှချေ။ နောက်ပြီး မယ်ဇယ်တန်းဆောမှာ အုတ်ဖိုကြီးတွေ အများကြီး ရှိပါသည်။ ဦးပညာ ကတော့ အုတ်ဖိုတွေက အပူဓာတ်တွေဟာ၊ အုတ်ဖိုတွေက မီးခိုးတွေဟာ စိမ်းမှောင်တဲ့ မယ်ဇယ်ပင်တွေရဲ့အလှကို ဖျက်ဆီးပစ်မှာလား စိုးရိမ်သည်။ မည်သို့ပင်ဖြစ်စေ အုတ်ဖိုများ အောင်မြင်စွာ တည်ရှိခဲ့ပါ၏။ ကျွန်တော် လှည်းငှားကာ အုတ်ခဲများ ဝယ်ပါသည်။

ကျွန်တော်ရွှေငါးကန်တွေတည်ဆောက်နေချိန်မှာလူအချို့လာကြည့်ကြပါသည်။

"ဘာလုပ်မလို့လဲ၊ ရေချိုးကန်တွေ တည်ပြီး ရေရောင်းတော့မှာလား"

လူ့သဘာဝအတိုင်း စပ်စုကြပါသည်။

"မဟုတ်ပါဘူး၊ ငါးမွေးမလို့"

"ငါး ဟုတ်လား၊ မွေးမြူရေးငါးပေါ့နော်၊ ဆလားဗီးယားတွေလား၊ ကောင်းတယ် ကောင်းတယ်၊ နောက် ငါးဝယ်ရင် ဒီလာဝယ်မယ်၊ လတ်လတ်ဆတ်ဆတ် စားရတာပေါ့နော်"

mgyoe.com

mgyoe.com SAMPLE BOOK

"အို... မဟုတ်တာ၊ ကျွန်တော်က ရွှေငါး မွေးမယ့်ဥစ္စာ"

သူတို့တွေက တအံ့တသြ အလန့်တကြားဖြစ်လို့။

"ရွှေငါး ဟုတ်လား၊ ရွှေငါး၊ နေပါဦး ရွှေငါးက ဘာလုပ်ဖို့ရာတုံး"

"ရွက်လှပန်းပင်လေးတွေ စိုက်သလိုပေါ့၊ ဂမုန်းပင်တွေ၊ အင်ဒိုနီးရှား တရုတ် စံကားပန်းပင်တွေ၊ ဘွန်ဇိုင်းတွေ၊ ကက်တပ်စ်ခေါ်တဲ့ ရှားစောင်းပင်ပုလေးတွေ အလှစိုက် သလိုပေါ့၊ လူတွေဟာ ရွှေငါးကို အလှမွေးကြ၊ အလှကြည့်ကြမယ်၊ ကျွန်တော်တို့ နေထိုင်တဲ့ ကမ္ဘာမှာ လှပဖို့၊ အဲဒီအတွက် ကျွန်တော်က ရွှေငါးတွေ မွေးမြူထုတ်လုပ် ရောင်းချသွားမှာလေ"

"သြော်...တခြားဟာနဲ့ ကြောင်လို့ အားမရလို့ ရွှေငါးတွေနဲ့ ကြောင်ဦးမှာပေါ့နော်"

ကျွန်တော် ဘာမျှ မတတ်နိုင်ပါ။

ကျွန်တော်ကကော ဘာများ တတ်နိုင်ပါဦးမည်နည်း။ ကမ္ဘာကြီးကို ငြိမ်းချမ်း လိုသူတစ်ယောက်အပေါ်မှာ စွပ်စွဲချင်သလို စွပ်စွဲကြပါစေတော့။

(၃)

အုတ်ကန်များ တည်ဆောက်ပြီးခဲ့ပါပြီ။ ကျွန်တော့်လက်ထဲမှာ ရွှေငါးမွေးမြူနည်း စာအုပ် ကလေးလည်း တွန့်ကြေနေပါပြီ။

ကျွန်တော်သည် မန္တလေးမြို့၊ ၃၃ လမ်းသို့ မရောက်ဖြစ်တော့ဘူး။ ၃၅ လမ်း နံဘေးက မှန်ကန်တွေနှင့် ရွှေငါးအရောင်းဆိုင်သို့သာ ခပ်စိပ်စိပ် ရောက်ဖြစ်ပါတော့၏။ ကျွန်တော်ရောက်ဖူးချင်တာက ရွှေငါးမွေးမြူရေးခြံများသို့ဖြစ်ပါ၏။ မန္တလေးမြို့မှာအုတ်ကန် အကြီးကြီးတွေနှင့် ရွှေငါးတွေ အကြီးအကျယ် မွေးတယ်၊ သားဖောက်တယ် ဆိုတာ ကျွန်တော် သိထားပါသည်။ အဲဒီသတင်းအချက်အလက် ရထားပေမည့် အဲဒီနေရာကို ကျွန်တော် စုံစမ်းလို့ မရသေးချေ။ တစ်ဆင့်ယူရောင်းသည့် ၃၅ လမ်းတစ်ဝိုက်သို့သာ ရောက်နေ၏ ။

ရွှေငါးအရောင်းဆိုင်များက ရွှေငါး မွေးမြူသည့် ပင်ရင်းနေရာများသို့ ညွှန်ပြသည့် အလေ့အထ မရှိပါချေ။

"ဒီရွှေငါးတွေ အများကြီးရအောင် ဘယ်က ဝယ်တာလဲ"

ကျွန်တော်က မေးကြည့်ပါသည်။ စကားရော ဖောရောလုပ်ရင်း မေးကြည့်ခြင်း ဖြစ်ပါသည်။

"ဒီရွှေငါးတွေလား၊ ကိုယ်တို့ တစ်ပတ် တစ်ခါ ရန်ကုန် သွားဝယ်တာပေါ့ကွ"

အမျိုးသားကြီးက ပြောသည်။

"ကျွန်မတို့က အိမ်နောက်ဖေးမှာ သစ်သားကန်တွေ ရှိတယ်လေ၊ သစ်သားတွေနဲ့ ကန်ခပ်နိမ့်နိမ့် လုပ်ပြီး ပလတ်စတစ်စတွေ ခင်းရိုက်ထားတာပေါ့၊ ရေ လုံးဝ မယိုဘူး၊ တစ်ခုတော့ ရှိတယ်၊ အဲဒီ ပလတ်စတစ်သစ်သားကန်ကို နေရိပ်တဲ့နေရာမှာ ထားရတယ်

mgyoe.com

mgyoe.com SAMPLE BOOK
သိလား၊ သစ်ပင်ရိပ်မှာပေါ့လေ၊ မနက် နေလေးတော့ရမှ ကောင်းတာပေါ့၊ ကျွန်မတို့ ရွှေငါးသားဖောက်ရာမှာ နေရောင်ခြည်နုနုတော့ လိုအပ်တာပေါ့ရှင်"

အမျိုးသမီးက စကားအပြောအဆို ချောမွေ့သည်။

"အဲဒီ ရွှေငါးသားဖောက်တာလေးကိုကျွန်တော်ခဏတစ်ဖြုတ်ကြည့်လို့ရမလား ခင်ဗျား"

ရွှေငါးရောင်းသည့် အမျိုးသမီးက ပြုံးပါသည်။

"ကျွန်မတို့ ရွှေငါးသားဥတွေက မှော်ကလေးတွေမှာ ကပ်နေတာ၊ အဲဒီဥကလေးတွေက လူစိမ်းဝင်လာရင် ရွှေငါးကလေးတွေ မပေါက်တော့ဘူး"

ကျွန်တော် သူတို့ထံမှ ရွှေငါးအနည်းငယ်နှင့် ရေဂမုန်းပင်လေးတစ်ပင် ဝယ်ခဲ့ပါသည်။ ရေဂမုန်းပင်လေးတွေက မှန်ရေကန်ထဲမှာ ချထားလျှင် အလွန်လှပပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် မန္တလေးမြို့ရှိ ဆိုက်ကားဆရာ တော်တော်များများကို လက်ဖက်ရည်တိုက်ပြီး ရွှေငါးခြံတည်နေရာကို မေးမြန်းခဲ့ပါသည်။ ဆိုက်ကားဆရာ တော်တော်များများနှင့် တွေ့ဆုံ၊ လက်ဖက်ရည်တိုက်ပြီးနောက် နောက်ပိတ်ဆုံးမှ တွေ့ဆုံရသော လူငယ်ဆိုက်ကားဆရာလေး၏ ပို့ဆောင်ပေးမှုကြောင့် မန္တလေး အနောက်ပိုင်း ထင်းဝင်းရပ်မှ ရွှေငါးမွေးမြူရေး ခြံကြီးတစ်ခြံသို့ ကျွန်တော် ရောက်ရှိခဲ့ရပါသည်။ အဲဒီခြံ၏ အဝင်ဝမှာလေးခန်းအိမ်လောက်ကျယ်ပြီး ကျွန်တော့်တစ်ရပ်လောက် ရှိသည့်အုတ်ရေကန်ကြီးထဲမှာ ရေမှော်တွေရော၊ ဗေဒါတွေရော၊ ရွှေငါးတွေရော ရေကူးနေကြပါသည်။ တိုက်နောက်ဖေးမှာ ရွှေငါးကန်တွေကလည်း မွစာကျဲနေတာပဲ၊ မှန်ကန်တွေကလည်း အများကြီးပဲ။

Lion Head ခေါ် ခြင်္သေ့ခေါင်းငါးတွေ၊ ဘာသာအိုင်းတွေ၊ ဘလက်မော်လီတွေ၊ ဘလက်မိုးတွေ၊ အိန်ဂျယ်တွေ၊ ဒစ်စကတ်တွေ၊ အော်စကာတွေ၊ ဆိုတေးတွေ၊ ဂျိုင်းတွေ၊ ငါးကြင်းရွှေဝါတွေ၊ ဖားပြုတ်လိုလို လုံးလုံးဝိုင်းဝိုင်း ရွှေငါးတွေ အို... စုံလို့ပါပဲဗျာ။

"ကျွန်တော်က ဟောဒီတိုက်ကို ရွှေငါးမွေးပြီး ဆောက်ခဲ့တာဗျ"

သူ့နှစ်ထပ်တိုက်ကို ကြည့်ပြီး ကျွန်တော် အားကျသွားခဲ့သည်။ ကျွန်တော် ရွှေငါးမွေးပြီး မော်တော်ဆိုင်ကယ် ဝယ်စီးရမည်။

ကျွန်တော်သည် သူ့ဆီ မကြာခဏ ရောက်ခဲ့ကာ လက်တွေ့ ရွှေငါးမွေးနည်းကို လက်ဖက်ရည်သောက်ရင်း သူ့ထံမှ သင်ကြားရပါသည်။ အခုတော့ ကျွန်တော်က ရွှေငါးကို အထီး၊ အမလည်း ခွဲတတ်ပါပြီ။ မိတ်လိုက်ခိုင်းတတ်ပါပြီ။ သားဖောက်ပြီး ပေါက်လာတဲ့ ရွှေငါးရာထောင်ကို ရေတီလေးတွေ ဘလိတ်မားနှင့် တောက်တောက်စဉ်း ကျွေးကာ ရွှေငါး တစ်လသားအရွယ် ရောက်တော့ မန္တလေးမြို့၊ ၃၅ လမ်းမှာ ဖောက်သည် ပေးတတ်ပါပြီ။

## (၄)

တစ်နေ့မှာတော့ ကျွန်တော်သည် ၃၅ လမ်းမှာ ရွှေငါးအစာ ရေတီသွားဝယ်ရင်း ၃၃ လမ်းသို့ ဝင်ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းကလည်း ရွှေငါးဆိုင်သို့ လိုက်လာကာ ရွှေငါးကို
mgyoe.com

mgyoe.com SAMPLE BOOK
စိတ်ဝင်စားသွားပြီး ရွှေငါးလေး ငါးကောင် ဝယ်သွားပါသည်။ ကျွန်တော့်သူငယ်ချင်းတို့ တိုက်အပေါ်ထပ် လသာဆောင်မှာ မှန်ကန်ကလေးနှင့် အောက်စီဂျင် ပေးသွင်းကာ ရွှေငါးလေး ငါးကောင်ကို မွေးထားပါသည်။ အင်ဒိုနီးရှား တရုတ်စံကားပင်တွေရဲ့အကြားမှာ ရွှေငါး မှန်ကန်လေးက လှပနေပါသည်။

ကျွန်တော် သူနှင့်အတူ လသာဆောင်ပေါ် လိုက်ပြီး အင်ဒိုနီးရှား တရုတ်စံကား ပန်းပွင့်အနီများကို ကြည့်ခွင့်ရခဲ့ပါသည်။

နောက်တစ်ကြိမ် ကျွန်တော် အဲဒီ ၃၃ လမ်း ရောက်တော့ ကျွန်တော့်သူငယ်ချင်း က ခရီးတစ်ခုသို့ ခေတ္တထွက်သွားပါသည်။ သူ့ရဲ့သား အောင်ဘာလေက ရွှေငါးလေးတွေကို ဆက်လက်ထိန်းသိမ်း မွေးမြူထားပါသည်။

အောင်ဘာလေရဲ့ ဘွားဘွားက-

“ရွှေငါးလေးတွေကိုကြည့်ပေးပါဦးကွယ်၊လိုအပ်တာလေးတွေပြင်ဆင်စရာလေး တွေလည်း အောင်ဘာလေကို ပြောပြပေးသွားပါဦး၊ ရွှေငါးလေးတွေ အသက်ရှူ မဝဘူးကွဲ့၊ ရေကောဘယ်နှရက်မှ တစ်ခါ လဲရတာလဲ၊ လာပါကွယ်...အပေါ် လသာဆောင်ပေါ် တက်ကြည့် ပါဦး”

အဲဒီလိုနှင့် အောင်ဘာလေရယ်၊ အောင်ဘာလေရဲ့ ဘွားဘွားရယ်၊ ကျွန်တော်ရယ် လသာဆောင်ပေါ်တက်ပြီး ရွှေငါး ကြည့်ကြပြန်ပါသည်။

ကျွန်တော်ကတော့ အပေါ်ရောက်တိုင်း စဉ့်အင်တုံ အကြီးကြီးတွေနှင့် စိုက်ထား သော ပင်စည်တုတ်ခိုင်ပြီး အခက်အလက် ဝေဆာသော အပွင့် နီနီရဲရဲများ ပွင့်သော အင်ဒို နီးရှား တရုတ်စံကားပင်များကိုသာ တစိမ့်စိမ့် ကြည့်နေတတ်တာပါပဲ။

ရွှေငါးလေးတွေကို ထားပုံထားနည်း၊ အစာကို ခဏခဏ မကျွေးဘဲ မနက်စောစော တစ်ခါ၊ ညနေ တစ်ခါသာ နည်းနည်းစီ ကျွေးသင့်ကြောင်း ပြောပြပါသည်။

“ရေတီတော့ အမေက မကျွေးစေချင်ပါဘူးကွယ်၊ သူများအသက် မသတ်ချင် ပါဘူး၊ ငရဲကို ကြောက်ပါတယ်”

“ရပါတယ် အမေ၊ ကွေကာအုတ် ကျွေးလည်း ရတာပါပဲ၊ ဂျုံနဲ့ ကြက်ဥနဲ့ ရော နယ်ပြီး အလုံးလေးတွေ လုံးပြီး အခြောက်ခံကျွေးလည်း ရတာပါပဲ အမေ”

ကျွန်တော်တို့ လသာဆောင်ပေါ်က အတူတူ ဆင်းလာခဲ့ကြပါသည်။

(၅)

ကျွန်တော်သည် နောက်ထပ် တစ်လခန့် ကြာသောအခါ ရွှေငါးအစာ ဝယ်တာ သွားရင်း အောင်ဘာလေနှင့် အောင်ဘာလေတို့၏ ဘွားဘွားထံ ရောက်ခဲ့ပါသည်။ အောင်ဘာလေ
mgyoe.com

mgyoe.com SAMPLE BOOK

မွေးထားသည့် ရွှေငါးတွေ၏ ကျန်းမာရေးအခြေအနေ သိလို၍ ဖြစ်ပါသည်။ သူ့အဖေ ခရီးသွားနေဆဲ ကလေး၏ ရွှေငါးလေးတွေကို ကျွန်တော် စောင့်ရှောက်ပေးရမည်။

အောင်ဘာလေကို မတွေ့ရ။ အောင်ဘာလေ၏ ဘွားဘွားနှင့်ပဲ တွေ့ရပါသည်။

"အမေ၊ အောင်ဘာလေရဲ့ရွှေငါးလေးတွေ ကျန်းမာရေးအခြေအနေ ကောင်းရဲ့လား။ ရွှေငါးလေးတွေ ဘာလိုအပ်နေသလဲ သိရအောင်၊ လသာဆောင်ပေါ် ကျွန်တော် တက်ကြည့်ပေးမယ်လေ"

အောင်ဘာလေ၏ ဘွားဘွားက ပြုံးပါသည်။

ထိုအပြုံးများသည် အကြင်နာတရားလည်း ရှိ၊ မေတ္တာတရားလည်း ရှိ၊ နောက်ပြီး လေးနက်မှုလည်း ရှိကာ အဓိပ္ပာယ်တွေလည်း ရှိနေသည်ဟု ကျွန်တော် ခံစားရပါသည်။

"သားရယ်၊ အမေ့မြေးကလေး အောင်ဘာလေက ရွှေငါးလေးတွေကို မှန်ကန်ကျဉ်းကျဉ်းလေးထဲမှာ ထားရတာ အနေအထိုင် ဆင်းရဲရှာပါတယ်၊ သနားပါတယ် ဘွားဘွားရယ်လို့ လာပြောတယ်ကွဲ့၊ အဲဒါနဲ့ အမေရော အောင်ဘာလေရော ရွှေငါးလေးတွေကို ကြွပ်ကြွပ်အိတ်တစ်လုံးထဲ ထည့်လို့ ကားဆရာကို ကားမောင်းပို့ခိုင်းပြီး ဧရာဝတီမြစ်ထဲကို လွှတ်လိုက်ကြပြီကွဲ့ သားရဲ့"

ထိုနေ့က ကျွန်တော်သည် လသာဆောင် အပေါ်ထပ်သို့ မတက်ခဲ့ရ၍ အင်ဒိုနီးရှား တရုတ်စံကားပန်းပွင့် ရဲရဲများကို တွေ့ဆုံခွင့် မရခဲ့ပါ။

*ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ မေလ၊ ၁၉၉၅ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# သားကလေး

သားကလေးရေ...

မိုးတွေ တဝေါဝေါ ရွာသွန်းပြီးစ ညတစ်ညပေါ့ သားရေ...။ ဒီညမှာ သားကို အဖေ ဖျတ်ခနဲ သတိရလိုက်မိတယ်။ သတိရမှု စိတ်စီးကြောင်း ရေအလျဉ်ထဲမှာ အဖေ့ခန္ဓာကိုယ် မျောပါမသွားအောင်၊ ကြေကွဲမှု ဆိုတာဆီ မရောက်ရှိအောင် အဖေ့စိတ်ကို ပြန်လည် သိမ်းဆည်းတာပေါ့။ ဒါပေမဲ့ သတိရတတ်ပြီး သတိရမှုထဲမှာ မျောပါသွားတတ်တဲ့ စိတ်တွေ ကို လက်နဲ့ လိုက်လံဖမ်းဆွတ်ပြီး အဖေ့အဆောင်ခန်းလေးထဲက သေတ္တာထဲမှာ အဝတ်တွေ နဲ့အတူ သော့ခတ်ပိတ်ဖို့ ဆိုတာကလည်း ခက်ခဲတဲ့ အလုပ်ပဲပေါ့ သားရယ်။

နေ့ခင်းကတည်းက ၃၃ လမ်းမှာ စာမူအပ်ဖို့ အဖေ မြို့ထဲကို ထွက်ခဲ့တာပေါ့ ကွယ်။ လူသားဆိုတာ တာဝန်ယူမှု၊ တာဝန်သိတတ်မှု၊ အခြားလူက မပြောဘဲနဲ့ ကိုယ် ကိုယ်တိုင် ရှိနေရတာပေါ့ သားရေ။ လူသားတစ်ယောက်နဲ့ လူသားတစ်ယောက်ဟာ အသီးသီး အပြန်အလှန် တာဝန်ယူမှုတွေ ရှိကြရတာပေါ့။ အဲဒီလိုပဲ လူသားတစ်ယောက်နဲ့ သူ နေထိုင်တဲ့ လူ့အဖွဲ့အစည်းဟာလည်း အပြန်အလှန် တာဝန်သိကြရတာပေါ့ သားရေ။ လက်ထဲက စာမူကို တွက်ဆကြည့်တယ်။ ဒါလည်း လူသားအကျိုးပြုစာမူပဲ။ စာမျက်နှာက လေးဆယ့်ငါးမျက်နှာ ရှိတယ်။ ဆယ်ရက် တွေ့ဆုံတယ်။ သုံးရက်အတွင်းမှာ တိပ်ခွေထဲက

mgyoe.com

mgyoe.com SAMPLE BOOK
ထုတ်တယ်။ ထိုင် ရေးတယ်။ ညတွေမှာ နည်းနည်းပဲ အိပ်တယ်။ တစ်မျက်နှာကို ငွေတစ်ရာ၊ လေးဆယ့်ငါး မျက်နှာဆိုတော့...။ ကော်ပီသီချင်းတစ်ပုဒ်ဟာ တစ်သောင်းခွဲ။ ဆယ်ပုဒ်ဆို တစ်သိန်းခွဲ၊ တို့က ဆယ်ပုဒ်ကို ဆယ်လရေးမှ လေးသောင်းခွဲ၊ ငါးသောင်းပေါ့နော်။ အဲဒီလို တွေးခေါ်မိတာပဲပေါ့ သားရေ။ ကိုယ်က ကြွေးစား ဖြစ်နေပြီပဲ။ ကိုယ် ရတဲ့ ကြွေးကို တွက်ဆရတာပေါ့။

ညနေစောင်း အင်းစိန်ကားကြီးပေါ်မှာ အဖေ ရောက်ကတည်းက မိုးက တဝေါဝေါ ရွာချလိုက်တာပဲ သားရေ။ ဒီမိုးက ရန်ကုန်မြို့ထဲမှာ ရွာသလို အင်းစိန်မှာလည်း ရွာတာပဲ သားရဲ့။ အဖေ ဒီနေ့ ဒီကားကြီးစီးမိတာ ခပ်ကောင်းကောင်းရယ်။ အဖေ ဆင်းတဲ့ ကြို့ကုန်းလမ်းဆုံနဲ့ မြို့ထဲနဲ့က တစ်နာရီနီးပါး မောင်းတယ် သားရဲ့။ မိုးတွေ ရွာနေချိန်မှာ အဖေက ကားကြီးပေါ်မှာပေါ့။ မိုးရေတွေထဲမှာ ဘတ်စ်ကားကြီးဟာ ဖြတ်သန်းလို့ပေါ့။ လူတွေ တင်လိုက်၊ လူတွေ ချလိုက်နဲ့ပေါ့။ သားက ရန်ကုန်နဲ့ မိုင်လေးရာနီးပါး ဝေးကွာတဲ့ မြို့ငယ်လေးမှာ နေတယ် ဆိုတော့ ရန်ကုန်မြို့ကြီးမှာ သား ဘတ်စ်ကား လျှောက်လည်စီးချင်မှာ ဆိုတာ အဖေ သိတာပေါ့။ သားက ကားစီးချင်သူလေ။

"ဖေဖေ ကားမဝယ်သေးဘူးလား"

အဲဒီလို သားက ခဏခဏ အဖေ့ကို မေးခဲ့ဖူးတာပဲဥစ္စာ။ အဖေနဲ့ သား အတူတူ နေခဲ့ကြတုန်းက စနေ၊ တနင်္ဂနွေ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်တွေမှာ စူပါကပ် မော်တော်ဆိုင်ကယ် အဟောင်းလေးတစ်စီးနဲ့ လျှောက်လည်ကြတယ်နော်။ ဦးပိန်တံတားကို သွားကြတယ်။ ဦးပညာဆီ ဝင်တယ်။ စစ်ကိုင်းတံတားကြီးပေါ် ဆိုင်ကယ် စီးကြတယ်။ သားက အဖေနဲ့အတူ ဆိုင်ကယ်စီးရင် ဘယ်တော့မှ နောက်က မထိုင်ဘူး။ အဖေ့ရှေ့မှာ ခွပြီးထိုင်တာ။ အဖေ့ရှေ့က မြင်ကွင်းကျယ်ကြီးကို ကြည့်ချင်သူ။ သားနဲ့ အဖေဟာ အင်းဝ ကူးတို့ဆိပ်ကိုလည်း သွားကြတယ်။ ဆိုင်ကယ်ကို မော်တော်ပေါ် တင်ပြီး ဧရာဝတီမြစ်ကို ဖြတ်ကူးကြတယ်။ ဦးကြည်အောင်နဲ့ ဦးကိုလေးဆီ အလည်သွားကြတယ်။

ဦးကိုလေးကတော့ –

"ဟော့ကောင်၊ မင်း သားက ထက်မြက်ရဲ့လား၊ အိုင်ကျူ ကောင်းရဲ့လား၊ လွှတ်ထားကွနော်၊ ကလေးကို လွတ်လပ်စွာ ဖွံ့ဖြိုးပါစေ"

အဲဒီလို ပြောတတ်တယ်။ သားကလည်း ဦးကိုလေးရဲ့ ပုံနှိပ်စက်ခန်းထဲမှာ ပြေးဆန့်အောင် ဆော့တာပဲ။

"အေးကွ၊ ယောကျ်ားလေးဆိုတာ ဒီလိုမှပေါ့။ လာကွာ၊ လက်ဖက်ရည်ဆိုင် သွားကြဦးစို့"

ဦးကြည်အောင်ကတော့ လက်ဖက်ရည်ဆိုင်က အသင့်စောင့်နေလို့ပါလား။

"ကိုလေးရေ၊ မင်းရောက်လာတာ အတော်ပဲကွ။ ငါက ဒကာကို စောင့်နေတာ။ ဟော့ကောင် ကိုကို၊ ဒါက မင်း သားလားကွ။ အေးကွာ... ငါတို့လည်း မင်းလို သားလေး
mgyoe.com

mgyoe.com SAMPLE BOOK
တစ်ယောက်လောက်တော့ ရချင်ပါသေးတယ်။ ဖြစ်နိုင်ဦးမလား၊ မပြောတတ်တော့ပါဘူးကွာ"

ဦးကြည်အောင်ဟာ အဲဒီလို ခံစားတတ်တာ သားရဲ့။

အဖေကတော့ ဟီးနိုးကားကြီးပေါ်မှာ လူတွေ ပိတ်လှောင်မွန်းကျပ်နေပါလျက် မန္တလေး၊ အင်းဝ၊ အမရပူရ အငွေ့အသက်များကို သားရဲ့ ရုပ်ပုံလွှာနဲ့ ပေါင်းစပ်တွဲဖက်သတိရမိလျက်သားပေါ့ကွာ။ ဒီလို လူကျပ်ကျပ်ကားကြီးကို သား စီးရရင် ကားစီးချင်တဲ့သားလည်း ပျော်မှာ မဟုတ်ပါဘူးကွာ။ ခါတိုင်းရက်တွေမှာ အလျင်စလိုနဲ့ မဟာဗန္ဓုလပန်းခြံနားက နှစ်ဆယ်တန် အင်းစိန်ကားကို စီးတာ၊ ကနေ့တော့ စာမူလည်း အပ်ခဲ့ပြီ၊ အေးအေးဆေးဆေး ခွေတာရေးလုပ်မယ် ဆိုပြီး လေးကျပ်တန်ဘတ်စ်ကားကို စီးဖြစ်တာပေါ့ သားရေ...။

(၂)

ကြို့ကုန်းလမ်းဆုံ မှတ်တိုင်ကို အဖေရောက်တော့ မိုးက တိတ်သွားပြီ သားရဲ့။ အသွားတုန်းကလည်း စာမူကို ကွန်ပျူတာက စောင့်နေရလှပြီဆိုတာ သိတော့ မြန်ချင်တဲ့ စိတ်အလိုလိုက်ပြီး ဆိုက်ကားစီးမိပြန်ရော။ စာမူခငွေ လက်ငင်း ပေးချေပေမယ့် အဖေ့ဆီမှာ ငွေရှိရင် သုံးဖြစ်မယ်။ တစ်ယောက်တည်း နေတော့လည်း ပျင်းတဲ့အခါ အရက်သောက်ဖြစ်မယ်။ အဲဒါကြောင့် စာမူခငွေကို မယူသေးဘဲ တိုက်မှာပဲ စုထားလိုက်ဦး၊ နောက်မှ အတိုးနဲ့ ပေါင်းပေးလို့ ပြောဖြစ်ခဲ့တယ်။

အရက် ဆိုလို့ သားကို ပိုသတိရလာပြန်ပြီ။ အဖေနဲ့သား စူပါကပ်ဆိုင်ကယ်လေးနဲ့ အချို့သော ညနေစောင်းတွေမှာ ဦးပိန်တံတား မယ်ဖယ်တန်းဘားက ဆိုင်လေးတွေဆီ သွားကြတယ်နော်။

"အဖေ သားက ဘူးနဲ့နော်၊ ကျွဲရိုင်းနော်"

"ကျွဲရိုင်း မသောက်ပါနဲ့ သားရယ်၊ သားက ပက်ပ်စီ သောက်ပေါ့။ အဖေက အာလူးကြော်လည်း ကျွေးမှာပေါ့"

"အဖေကကော"

သားက ပြန်မေးတယ်။

ပြီးမှ "ဘီအီး တစ်ဆယ်ဖိုးလောက် ထည့်ပေးနော်" လို့ ဆိုင်ရှင်ကို တိုးတိုးပြောလိုက်ရတယ်။

ဖန်ခွက်ကလေးနဲ့ ရောက်လာတော့ ပက်ပ်စီနဲ့ ရောရတာပေါ့။

"အဖေ့ ဖန်ခွက်ထဲက ဘာတွေလဲ၊ အရက်လား၊ မေမေနဲ့ တိုင်ပြောမှာနော်၊ အဖေ အရက် မသောက်ရဘူး"

"မဟုတ်ပါဘူး သားရဲ့၊ ဒီဖန်ခွက်ထဲက ရေတွေပဲဥစ္စာ"
mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး၊ ခုနက သား ကြားလိုက်တယ်၊ ဘီအီးတဲ့၊ ဘီအီးဆိုတာ အရက်မဟုတ်လား"

"ဘီအီး ဆိုတာ ဘီလပ်ရည်ပေါ့ကွ"

"ခုနကပဲ အဖေ့ဖန်ခွက်ထဲကဟာ ရေဆို၊ ဘီလပ်ရည် ဆိုရင်လည်း သား သောက်မယ်၊ သားက ဘီလပ်ရည်ဆို ကြိုက်တယ်"

သားက ဖေဖေ့ဖန်ခွက်ကို ဆွဲလုတယ်။ အဖေက အမြန်မော့ချလိုက်ရတာပေါ့။

အဲဒီတော့ သားက အဖေ့ပါးစပ်ကို လာပြီး နမ်းပြန်ပါရော။

"အဖေ ညာတယ်၊ အဖေ ညာတယ်၊ အဖေ့ပါးစပ်က အရက်စော်နံတယ်၊ သား သိပြီ... သား သိပြီ၊ ဘီအီးဆိုတာ အရက်မှန်း သား သိသွားပြီ၊ အိမ်ပြန်ရောက်ရင် အမေနဲ့ တိုင်မယ်"

"သားကလည်းကွာ၊ သားကို ပက်ပ်စီတစ်လုံး ထပ်တိုက်မှာပေါ့"

အဲဒီလိုပဲ သားနဲ့အဖေနဲ့ ညီညွတ်မှု ရယူခဲ့ ကြတာတွေ ရှိခဲ့ဖူးတယ်နော်ကွ။

မန္တလေးက မိုးချုပ်ပြီးမှ အဖေ ပြန်လာရင်တော့ သားက အိမ်ထဲက ပြေးထွက်လာပြီး အဖေ့ဆိုင်ကယ်ခြင်းထဲက ရုံးအိတ်ကို ယူတယ်။

"အဖေ သားအတွက် ဘာပါခဲ့လဲ"

"ပါတာပေါ့ကွာ၊ အာလူးကြော်တစ်ထုပ်"

အိမ်ထဲ ရောက်တော့ သားက အဖေ့မျက်နှာကို လှမ်းပြီး နမ်းတယ်။

"အဖေ့ပါးစပ်က အရက်စော်နံတယ်။ ဟောဒီမှာ မေမေရေ... ဖေဖေ အရက်သောက်လာတယ်"

သားရေ... အခုတော့ ရန်ကုန်မှာ အဖေ အရက်မသောက်ဖြစ်သလောက်ပါပဲ။ အဖေ့မိတ်ဆွေကြီး ငသိုင်းချောင်း ကိုဝံသာကို သတိရမိတဲ့အခါတော့ မြေနီကုန်း ယာယီဈေးကို ရောက်တယ်။ ကိုဝံသာနဲ့ ပတ်သက်ပြီး ခင်မင်ခဲ့ ကြတဲ့ စာအုပ်ရောင်းတဲ့ ကိုထက်အေးရဲ့ ဆိုင်ပေါ်မှာ ဘီအီးသောက်ရင်း ကြက်သားသုပ်နဲ့ လက်ဖက်သုပ်ကို မြည်းကြတာပေါ့ သားရယ်။ တစ်ခါတလေပဲ ကိုင်တာပါကွ။

(၃)

"ရန်ကုန်နဲ့ အဝေးကြီးဖြစ်တဲ့ ကြို့ကုန်းမှာ အဖေ ဘာလို့ သွားနေတာလဲဟင်" လို့ သားလေးက မေးချင်မှာပါပဲ။

လှည်းတန်းမှာ အဖေ အဆောင် နေ့တိုင်း ရှာခဲ့တယ်။ နှစ်ရက် ရှာတယ်။ ဆိုက်ကားခ သုံးရာ ကုန်တယ်။ နောက်ရက်တွေမှာ ခြေကျင်လျှောက် ရှာတယ်။ အဲဒီမှာနေတဲ့ ကဗျာဆရာကို မေးတယ်။

"လူပြည့်ပြီ" တဲ့။ အားလုံးက အဲဒီလို တုံ့ပြန်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မြို့ထဲက ကိုးထပ်မြင့်တဲ့ တိုက်ခန်းမှာ မန္တလေးက အဖေ့မိတ်ဆွေ ဒီဇိုင်းဆရာ နှစ်ဦး နေထိုင်ကြတယ်။ လခက တစ်လ ခြောက်ထောင်တဲ့ သားရဲ့။ အဖေ စာရေးတာက တစ်လ ခြောက်ထောင်လောက်ပဲ မှန်းရိုက်တာပဲ။

ထမင်းစားတယ်။ ဘတ်စ်ကား စီးတယ်။ လက်ဖက်ရည် သောက်တယ်။ စာရေး နေတုန်းမှာတော့ လက်ကီးစထရိုက် တစ်လိပ်၊ နှစ်လိပ် သောက်တယ်။

အဆောင်ကနေ ကားမှတ်တိုင်ကို ငါးကျပ်ပေးပြီး ဆိုက်ကားစီးတယ်။ အဝတ် ကိုယ်တိုင် လျှော်တယ်။ မီးပူတိုက်တာတော့ ရပ်ကွက်ထဲမှာ အပ်လိုက်တယ်။ အဆောင်မှာ ရေသောက်စရာ ရှားတယ်။ လက်ဖက်ရည်ဆိုင် ရောက်ရင် ရေနွေးကြမ်း အဝ သောက်တယ်။ အဆောင်ပိုင်ရှင် အန်တီကြီးကတော့...

"ရေချိုးရင် ရေကို လျှော့ချိုးပါနော်" တဲ့။

မိုးတွေများများရွာမှ အဖေတို့အဆောင်က ရေကန်ထဲမှာ ရေပြည့်တယ်။ ဒါကြောင့် ကားပေါ်ကနေ မိုးတွေရွာတာမြင်ရတော့ ရေဝဝ ချိုးရပြီ ထင်ပြီး အဖေ ပျော်ခဲ့သေးတယ်ကွ။

ကြို့ကုန်းမှာရော၊ အင်းစိန်မှာရော၊ မြို့ထဲမှာရော ထမင်း တစ်ခါပြင် နှစ်ဆယ်၊ အစိတ် ဘယ်နားမှာ ရှိသလဲ၊ မျက်စိရှင်ရတာပေါ့ သားရယ်။ ထမင်းစားရင် ဘဲဥဟင်းနဲ့ စားတာပေါ့။ ဘဲဥဟင်းကမှ ဈေးသက်သာတာကွ သားကလေးရ။

အဖေ စာမူခတွေ တစ်ခါရတိုင်း သားအတွက် တီရှပ်တစ်ထည်ဖြစ်စေ၊ ဘောင်းဘီ တစ်ထည်ဖြစ်စေ အဖေ ဝယ်ရဦးမှာ မဟုတ်လား။ နောက်ပြီး အဖေယူထားတဲ့ အုပ်စိုးခိုင်တို့၊ ကျော်စွာအောင်တို့ ဆိုတာလည်း သားကို နာမည်ပေးမလို့ အဖေ ရွေးထားခဲ့တဲ့ နာမည်တွေ မဟုတ်လား။ ပြီးတော့ အဖေ့စာမူခဟာ သားနဲ့လည်း သက်ဆိုင်တာပေါ့ကွာ။ ဒါပေမဲ့ သားက တကယ်တမ်းမှာ အုပ်စိုးခိုင်လည်း ဖြစ်မလာ၊ ကျော်စွာအောင်လည်း ဖြစ်မလာဘဲ ဗေဒင်ဆရာ ပေးတဲ့ အောင်ကျော်ဟိန်းပဲ တွင်သွားတယ်နော်။ အဖေ့ကလောင်နာမည်တွေ ဟာ သားနာမည်တွေ မဟုတ်သလို အဖေ့နာမည်တွေလည်း မဟုတ်ပြန်ပါဘူး။ အဖေ့ရဲ့ တံဆိပ် ကလေးတွေပါ။ တံဆိပ်ခွဲလေးတွေပါပဲကွာ။ အဖေက ဒီတံဆိပ်ခွဲလေးတွေနဲ့ စာရေးခြင်း အလုပ်လုပ်မှ ရန်ကုန်မှာ ထမင်းစားလို့ ရမှာ၊ အသက်ရှင်လို့ ရမှာကွ။ မင်းမေမေကလည်း ငွေငါးပြားမှ ထည့်ပေးတာ မဟုတ်ဘူး။

"ကိုအုပ်စိုးခိုင်ရေ၊ ဒီနေ့ ကျွန်တော် တညင်းကုန်းက ထွက်လာတော့ အိတ်ကပ် ထဲမှာ နှစ်ရာတန်တစ်ချပ် ပါလာခဲ့တယ်၊ အခု ဒီမှာကြည့်စမ်း၊ နှစ်ဆယ်ပဲ ကျန်တော့တယ်ဗျ၊ အဲဒီတော့ ခင်ဗျားကို ကျွန်တော် လက်ဖက်ရည် မတိုက်နိုင်တော့ဘူးဗျာ၊ လာပါ...မီးရထားဝင်း ထဲက အိမ်သာမှာ ရှူး ရှူးသွားပေါက်မယ်၊ အဲဒီအတွက် ကျွန်တော် အကုန်အကျ ခံပါ့မယ်၊ ဒါဆိုရင်တောင် နှစ်ဆယ်တန် ဖျက်လိုက်ရရင် ဆယ့်ရှစ်ကျပ်ပဲ ကျန်တော့မှာဗျ သိလား"

ကုန်ဈေးနှုန်းအကြောင်း အပြောကောင်းတဲ့ ဆရာအောင်မောင်းကလည်း အဲဒီလို ခံစားရတာ သားရဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ကုန်ဈေးနှုန်းကို ခံစားရတာလေ။ နောက် အလုပ်တိုက်မှာ တစ်ခါတစ်ရံ ဆုံစည်းရတာက ကိုစိုးသိဏ်းပေါ့။

ကိုစိုးသိဏ်းနဲ့အတူ အင်တာဗျူးတစ်ခု သွားကြစဉ်မှာ အပြန်ကားပေါ် အဲဒီလို သူက ပြောပြရဲ့။

သူလည်း တိတိကျကျ ထိထိမိမိ ခံစားနေရပြီလေ။ Cost of Living ဆိုတဲ့ ရှင်သန်ခြင်း စရိတ်တွေပေါ့ သား ရယ်။

**( ၄ )**

သားကလေးရေ...

ဇူလိုင်လ ၃၀ ရက်ဟာ သားရဲ့မွေးနေ့နော်။ ဇူလိုင်လဆိုတာ သားမွေးတဲ့လမို့ သားကို အမှတ်ရခြင်း အထိမ်းအမှတ်နဲ့ 'ကလေးများ' ဆိုတဲ့ အက်ဆေးလေးကို ဓနမဂ္ဂဇင်းမှာ အဖေ ရေးခဲ့တယ်။

အဖေနဲ့ သားနဲ့ဟာ ဧရာဝတီမြစ်ကမ်းနံဘေးက သဲသောင်ပြင်ပေါ်မှာ လွတ်လပ်စွာ ပြေးခဲ့ ကြတယ်နော်။ သားက လွတ်လပ်လိုမှုကို သိပ်ခံစားချင်တယ်။ သားက အားကုန်အင်ကုန်လည်း လှုပ်ရှားရုန်းကန် ပြေးလွှားချင်တယ်။ ဧရာဝတီမြစ်ကြီးရယ်၊ မင်းဝံတောင်တန်းကြီးရယ် ကြည့်ပြီး သားက 'ဟေး...' လို့ လွတ်လပ် ပျော်ရွှင်စွာ အော်ဟစ်ခဲ့တယ်နော်။ မြစ်ကြီးဆီက အင်အားတွေကို အဖေတို့ ယူကြရမယ်။ တောင်တန်းကြီးဆီက အင်အားတွေကိုလည်း အဖေတို့၊ သားတို့ ယူဆောင်စားသုံးကြပေါ့ သားရယ်။

သားကလေးရေ...

နေ့လယ်နေ့ခင်းမှာ အဖေဟာ စာရေးရင်းနဲ့ စာရေးတာကို ခဏထားပြီး လမ်းမဆီမှာထမင်းထွက်စားတယ်။ လက်ဖက်ရည် ထွက်သောက်တယ်။ လက်ဖက်ရည်ဆိုင်ကနေ လှမ်းကြည့်တဲ့အခါ ဘောင်းဘီအစိမ်း၊ အင်္ကျီအဖြူနဲ့ ကျောင်းသားလေးတွေ၊ ဂါဝန်အစိမ်း၊ အင်္ကျီအဖြူနဲ့ ကျောင်းသူလေးတွေဟာ ထမင်းစားကျောင်းဆင်းလို့ အိမ်ပြန်လာကြ၊ ကျောင်းကို ပြန်သွားကြတာတွေကို အဖေ မြင်ရတတ်တာပေါ့ကွယ်။

တချို့ကလေးတွေဟာ ကျောပိုးအိတ်ကလေးတွေနဲ့ သားရဲ့။ သားရဲ့ ရုပ်ပုံလွှာလေး၊ သားမျက်နှာလေးကို အဖေ မြင်လာတယ်။

"အဖေ သားကို ကျောပိုးအိတ် ဝယ်ပေးဦးနော်၊ တခြား သားသူငယ်ချင်းတွေက ကျောပိုးအိတ်တွေနဲ့ဗျ၊ သိလား"

တစ်ခါက သားရဲ့အသံလေးကို အဖေ ပြန်ကြားမိပါတယ်။ သားကို အဖေ ကျောပိုးအိတ် ဝယ်မပေးရသေးပါကလား သားရယ်။ တခြား သားနဲ့ရွယ်တူကလေးတွေ ကျောပိုးအိတ် လွယ်တာမြင်မှ သား တောင်းဆိုချက်ကို ကြားယောင်မိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်မြို့လယ်က ကျောင်းပို့၊ ကျောင်းကြို မြင်ကွင်းတွေတော့ သားကို ပြန် မပြောပြချင်ပါဘူးကွယ်။ တော်ကြာ သားက ကားဝယ်ခိုင်းပြီး ကားနဲ့ ကျောင်းပို့ခိုင်းနေဦး မှာ မဟုတ်ဘူးလား။

နောက်ပြီး အဖေ နေတာကလည်း ဆင်ခြေဖုံးမှာ မဟုတ်ပါလား သားရယ်။ ဆင်ခြေ ဖုံးက သူငယ်တန်းကျောင်းသားလေးတွေ ကျောင်းသွား၊ ကျောင်းပြန် ရှုခင်းလေးကို တွေ့ တော့ သားကို လွမ်းဆွတ်ရင်း အဖေ ခံစားရတာပေါ့ကွာ။

တချို့မိဘတွေကတော့ ကလေးကို စက်ဘီးနဲ့တစ်မျိုး၊ ခြေကျင်တစ်မျိုး လိုက်ပို့ ကြတယ်။ သွားကြိုကြတယ်။ အဖေကတော့ သားအတွက် ကျောပိုးအိတ်တစ်လုံး ဝယ်ပေး ပါ့မယ်ကွာ။

"အဖေ သားကို ကျောင်းလိုက်ပို့နော်။ ဆိုင်ကယ်နဲ့ လိုက်ပို့"

သားအသံကို ပြန်ကြားမိတယ်။

သားကို ကျောင်းလိုက်ပို့ဖို့ လောလောဆယ်မှာ မပြန်နိုင်ပါဘူး သားကလေးရာ။ အဖေနဲ့သား စီးနေကျ ယူရုပ်(ပ်) (Europe) ဆိုင်ကယ်အဟောင်းလေးလည်း အဖေ ရန်ကုန် ကို ပြောင်းလိုက်တော့ သားမေမေက ကိုးသောင်းနဲ့ ရောင်းပြီးသွားခဲ့ ပြီနော်။

ကျောင်းကိုသွားရင် သားသူငယ်ချင်းတွေနဲ့ပဲ သွားပေါ့ကွာ။ လမ်းမှာ ရန်မဖြစ်ရ ဘူးနော်။ သူငယ်ချင်းချင်းဆိုတာ ရန်မဖြစ်ရဘူးကွ။

## (၅)

သားကလေးရေ...

သားက သားရဲ့သူငယ်ချင်းတွေနဲ့အတူ အဖေတို့အိမ်က လမ်းပေါ်မှာဆော့ကစား နေရရင်၊ ဆိုင်ကယ်တာယာကို ခွေလုပ်ပြီး လိမ့်နေရရင် အဖေ့ကို သတိရမှာ မဟုတ်ပါဘူးကွာ။

အိမ်ရှေ့က လမ်းဟာ ကတ္တရာလမ်းမကြီး မဟုတ်ပေမယ့် မယ်ဇယ်တန်းကို သွားတဲ့ လမ်းကွဲ့။ သားကလေး သိပါတယ်ကွာ။ မယ်ဇယ်တန်းကို ကားတွေ အသွား များတယ်။ ဟော...အခုဆို ရတနာ့ဂူ ပွဲတော်ရက်က ရောက်နေပြီ။ ကားတွေက အဲဒီ လမ်းပေါ်မှာ အသွား အလာ များတယ်။ အရမ်းအရမ်း ခွေမလိမ့်ပါနဲ့နော်။

ဟိုတစ်ပတ်က သားမေမေ လိုက်လာတယ်။

"သားက ဟိုဘက်တစ်အိမ်ကျော်က ဗွီဒီယိုရုံကိုပဲ ညတိုင်း သွားကြည့်နေတယ်၊ သားအတွက် အိမ်မှာ တီဗွီသေးသေးလေးတစ်လုံး ဝယ်ပေးချင်တယ်၊ ဗွီဒီယိုရုံကို သွားသွား နေတာ မကြိုက်ပါဘူး"

အဖေက အဲဒီတုန်းက နှုတ်ဆိတ်ပြီး နေခဲ့တယ်။ သားမေမေ လိုက်ခဲ့ပေမယ့် ဖေဖေက သားမေမေကို ဘယ်မှလိုက်မပို့နိုင်ဘူး။ သားက တီဗွီသေးသေးလေးတစ်လုံး လိုအပ်နေချိန်မှာ အဖေကတော့ ရန်ကုန်မြို့မှာ အီလက်ထရောနစ်ပစ္စည်းတွေ ဖြန့်ချိရောင်း ချတဲ့ ကုမ္ပဏီတွေရှိရာ သွားရောက်ပြီး တီဗွီ၊ ဗွီဒီယိုအောက်စက် ဈေးကွက်တွေကို အင်တာ

mgyoe.com SAMPLE BOOK
ဗျူး လုပ်နေရတယ်လေ။ အဲဒီတော့ အဖေမအားဘူး။ ညမှာလည်း အဖေက ဒါတွေကိုစုပြီး မျက်နှာဖုံးဆောင်းပါး ရေးရမှာကွဲ့။ ညမှာလည်း အဖေက မအားပြန်ဘူး။ ဒီရက်က ရက်ကျပ်ထဲမှာ ဆိုတော့ ညမှာ စာရေးရတယ်။ မင်းမေမေ တည်းတဲ့အိမ်က လူများတယ်။ တစ်ညလုံးလည်း ဗွီဒီယိုကြည့်လေ့ရှိတဲ့ အိမ်လေ။ ဒီမှာအဖေက စာရေးလို့မရဘူး။ အဲဒီတော့လည်း မင်းမေမေက သူတည်းတဲ့အိမ်မှာ အိပ်တယ်။ အဖေက ကြို့ကုန်း (၆) လမ်းက အဆောင်မှာ စာရေးနေတယ်။ အဖေ နေတာက (၆) လမ်းက အဆောင်မှာ၊ အခန်းနံပါတ်ကလည်း ဆန်းသားရဲ့။

(၆)ဂဏန်းဟာအနုပညာကို ကိုယ်စားပြုလို့ ဒီအဆောင်မှာ ရေရှားပေမယ့် အဖေ နေဦးမယ်ကွဲ့။ (၆) ဂဏန်းကို ကြိုက်သလို (၉) ဂဏန်းကိုလည်း ဖေဖေ ကြိုက်တာပဲ။ တိုက်ခိုက်ထိုးဖောက် အောင်မြင်ခြင်းကို ကိုယ်စားပြုလေရဲ့ သားကလေးရ။

သားကလေးအတွက် တီဗွီသေးသေးလေးတစ်လုံး အမှန်တကယ် လိုအပ်နေချိန်မှာ အဖေကတော့ သားနဲ့ အဝေးအဝေးကြီးက ဘော်ဒါဆောင် အခန်း(၆)ထဲမှာ တီဗွီ၊ ဗွီစီပီ၊ ရေခဲသေတ္တာ၊ လေအေးစက် စတဲ့ အီလက်ထရောနစ်ကမ္ဘာကြီးအကြောင်း မျက်နှာဖုံးဆောင်းပါး ရေးနေရတာတော့ တကယ်တမ်းမှာ တွေးကြည့်ရင်လည်း စိတ်မကောင်းစရာပဲ ပေါ့ကွယ်။

ပီမိုနင်းကို အဖေ သတိရတယ် သားရဲ့။

သူများတကာတွေအတွက် စီးပွားချမ်းသာဖို့ တက်ကျမ်းတွေ ရေးနေချိန်မှာ ပီမိုးနင်း ကိုယ်တိုင်ကတော့...။

မဖြစ်ဘူးကွဲ့။ ငြင်းပယ်တယ်ကွဲ့ သားကလေးရဲ့။ အဖေတို့ဟာ အရည်အသွေးတွေ တောက်ပအောင် ထပ်တလဲလဲ ကိုယ်ကိုယ်တိုင် သွေးနေရမယ်။

အဖေတို့နဲ့ ထိုက်တန်တဲ့ တကယ်လိုအပ်ချက် ရုပ်ဝတ္ထုပစ္စည်းတွေလည်း အဖေတို့မှာ ရှိနေရမယ်ကွဲ့။

## (၆)

ကမ္ဘာကြီးကို ရုပ်ဝတ္ထုတွေ၊ စိတ်ဓာတ်ကောင်းတွေ၊ အနုပညာတွေနဲ့ ပြည့်စုံလှပအောင် ကြိုးစားတည်ဆောက်နေတဲ့ အဖေတို့ ကိုယ်တိုင်မှာလည်း စိတ်ဓာတ်ကောင်းတွေ ရှိဖို့ လိုသလို ရုပ်ဝတ္ထုပစ္စည်းတွေလည်း ရှိကြရမှာပေါ့ သားရယ်။

လောလောဆယ်တော့ အဖေ့မှာ ဟိုင်းဖိုင်ကက်ဆက် မရှိ၊ လက်ဆွဲခရီးဆောင် ကက်ဆက်လည်း မရှိဘူးကွဲ့။ ရီကောဒင်းကက်ဆက် လက်ဝါးလောက် အသေးလေးတော့ လုပ်ငန်းခွင်သုံးဖို့ ရှိပါတယ်။

အဖေ မှတ်မိပါသေးတယ်။

သားနဲ့အဖေ ညညမှာ အဲဒီကက်ဆက်သေးသေးလေးထဲ သီချင်းတိပ်ခွေထည့်ပြီး နှစ်ယောက်အတူ နားထောင်ကြတယ်နော်။
mgyoe.com

mgyoe.com SAMPLE BOOK

သားက ဇော်ဝင်းထွဋ်ကို သိပ်ကြိုက်တယ်နော်။ အိမ်မှာ ကက်ဆက်ကြီးကြီး မရှိပါဘဲ သားက ဇော်ဝင်းထွဋ်ကို ကြိုက်ခဲ့တာ။

သားအသက် အခု ခြောက်နှစ်ရှိသွားပြီ။သား ပထမတန်း အောင်အောင်လုပ်နော်။ အဖေကတော့ ဇော်ဝင်းထွဋ်ကို သူများတွေ မသိခင်ကတည်းက 'လမ်းသစ်' ကတည်းက ရူးရူးမူးမူး ကြိုက်ခဲ့ဖူးတာပဲကွဲ့။ သားနဲ့ အဖေနဲ့ အကြိုက်ချင်း တူကြတယ်နော်။

အဖေနဲ့သား ဇော်ဝင်းထွဋ်ရဲ့ 'ကောင်းကင်မေမေ' ကို ညတိုင်း ထပ်တလဲလဲ ဖွင့်ပြီး နားထောင်ကြတယ်နော်။ အဖေ စာအုပ်ငှားလာရင်လည်း ရွှေအမြုတေတို့၊ ရုပ်ရှင်တေးကဗျာတို့မှာ သားက ဇော်ဝင်းထွဋ်ပုံကို ရှာဖွေတတ်တယ်။

ဇော်ဝင်းထွဋ်ကို စာအုပ်ထဲမှာ သား တွေ့ရင် "အဖေ... ဒီမှာ ဇော်ဝင်းထွဋ်၊ ဇော်ဝင်းထွဋ်၊ သားချစ်တဲ့ ဇော်ဝင်းထွဋ်ကို တွေ့ပြီ" လို့ သားက အော်ပြောတတ်တယ်။

သားကလေးရေ...ဇော်ဝင်းထွဋ်က အဖေတို့ရဲ့ အလုပ်တိုက်ရှေ့က လမ်းပေါ် မှာ ကားမောင်းပြီး သွားတတ်ပါတယ်ကွာ။ ခုံကလေးမှာ ကိုအောင်လွင် ထိုင်နေတဲ့အခါဆို ဇော်ဝင်းထွဋ်က ကားမောင်းရင်း လက်ပြပြုံးတတ်ပါတယ်။ သား ရန်ကုန်လာရင် အဖေက သားကို သားချစ်တဲ့ ဇော်ဝင်းထွဋ်ကို ကားရပ်ခိုင်းပြီး သားနဲ့ မိတ်ဆက်ပေးမှာပေါ့။ ဇော်ဝင်းထွဋ်က ကလေးချစ်တတ်ပါတယ်ကွာ။ သူ ကားကို ရပ်ပြီး သားကို လက်ဆွဲနှုတ်ဆက်မှာပေါ့။ အေးကွ။ ၃၃ လမ်းပေါ် ကားတွေ ကြာကြာရပ်ထားရင်တော့ နောက်ကားတွေက တပွမ်ပွမ် လုပ်မှာပေါ့ကွာ။

သားက ဇော်ဝင်းထွဋ်ကို ကြိုက်သလို လေးဖြူကိုလည်း ကြိုက်တာပဲနော်။ လေးဖြူ ရုပ်ပုံကိုတော့ သားက ဇော်ဝင်းထွဋ်လို မမှတ်မိဘူးနော်။ ဒါပေမဲ့ လေးဖြူရဲ့ သီချင်းတစ်ပုဒ်ကိုတော့ အဖေနဲ့သား ကက်ဆက်သေးသေးလေးနဲ့ မကြာခဏ ထပ်တလဲလဲရစ်ပြီး နားထောင်လို့ သားက အသေရနေပြီလေ။

"ပင်လယ်ပြင်ကို ဖြတ်ကျော်ချင်တယ်၊ နှလုံးသားများလည်း လေးလံနေဆဲ အချစ်ရေ၊ ဘဝတစ်ခု အသက်ရှင်နေထိုင် မြစ်တစ်ခုလို ငါ့ရဲ့အချိန်တွေ စီးတယ်"

သားက အဲဒီအပိုဒ်လေးကို အိမ်မှာ မကြာခဏ အော်ဆိုတတ်ပါတယ်ကွယ်။ လေးဖြူကလည်း ၃၃ လမ်းကို လာတတ်ပါတယ် သားရယ်။ ထောင်ထောင်မောင်းမောင်း နဲ့မို့ Dynamic Personality ကွဲ့ သားရဲ့။ သားကိုလည်း ဒိုင်းနမစ် ဖြစ်စေချင်ပါတယ်။

(၇)

သားမေမေ ပြီးခဲ့တဲ့အဂတ်ထဲက ရန်ကုန်ကို လိုက်လာတုန်းက ညနေခြောက်နာရီခွဲ ရထားမှာ ဘူတာရုံကို အဖေ လိုက်ပို့ပေးပါတယ်။ သားအတွက် ဂျင်းဘောင်းဘီလေး တစ်ထည်နဲ့ သကြားလုံးလေး တစ်ဘူးလည်း သားမေမေနဲ့ ဝယ်ထည့်ပေးလိုက်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘူတာရုံမှာ သားမေမေက–

"ပြန်လိုက်ခဲ့ပါတော့၊ ရန်ကုန်မှာ ပင်ပန်းပါတယ်" တဲ့။

အဖေက ခေါင်းခါလိုက်မိတယ်။

"ဘယ်တော့မှ ပြန်မလာတော့ဘူး၊ မိသားစုနဲ့ အတူနေချင်ရင် ရန်ကုန်ကိုပဲ အပြီး ပြောင်းရွှေ့ခဲ့ကြပါ"

သွေးအေးစွာ အဖေ ပြန်ပြောခဲ့ပါတယ်။

သားကို အဖေ ချစ်ပါတယ် သားရယ်။ ဒါပေမဲ့ အဖေ ပြတ်သားရတော့မယ်။ ပြတ်သားဖို့အတွက် ဆုံးဖြတ်ချက်ချရာမှာ အဖေ နည်းနည်းလေးတောင် နောက်ကျသွားခဲ့တယ်။ ဒါပေမဲ့ အခုတော့ အဖေ လုံးဝ နောက်မဆုတ်နိုင်တော့ဘူး။ အဖေ ယုံကြည်ရာ အရပ်မှာပဲ ရဲဝံ့စွာ နေထိုင်ရင်း ပျော်ရွှင်မယ်။ ဒီလမ်းကလွဲပြီး တခြားဘယ်လမ်းကိုမှ အဖေ လျှောက်မှာ မဟုတ်ဘူး။ ဒီလမ်းနဲ့အတူတူ မလိုက်နိုင်တဲ့ ကိစ္စမှန်သမျှကို အားလုံး အဖေ ဖယ်ရှားခဲ့ရမှာပဲ သားကလေးရေ။

အဖေ့ ဆုံးဖြတ်ချက်က မာတယ်။

အသည်းနှလုံးကတော့ သားကလေးကို ပျော့ပျောင်းစွာ သတိရလျက်ပါကွာ။

*မန္တလေးဂျာနယ်၊ နိုဝင်ဘာလ၊ ၁၉၉၅ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ပွဲတော်က ဝါးမျိုသွားတဲ့ ည

## (၁)

ရန်ကုန်-မန္တလေး နေ့အမြန်ရထားကြီးပေါ်မှာ ကျွန်တော်ဟာ နတ်ဒိုးသံတွေ၊ နတ်ဆိုင်းသံတွေ ကြားနေရတယ်။ ဗုံသံ၊ ပတ်မသံတွေကြားကနေ နတ်ချော့ သီချင်းသံတွေကိုလည်း ကြားနေရတယ်။ တကယ့်ကိုပဲ ချွဲချွဲပျစ်ပျစ် သီဆိုနေတာလေ။ သနပ်ခါး မိတ်ကပ် အဖွေးသား လိမ်းကာ မင်းညီမင်းသား ဝတ်စုံတွေ ဝတ်ပြီး ကနေတဲ့ နတ်ကတော်တွေရဲ့ ရုပ်ပုံလွှာကိုလည်း ကျွန်တော် မြင်နေမိရဲ့။

နောက်ပြီး ဖွန်ပန်းရနံ့တွေ၊ နှင်းဆီပန်းရနံ့တွေ၊ ဒေါနပန်းရနံ့တွေကလည်း ကျွန်တော် စီးတဲ့ ရထားပေါ်မှာ မွှေးအီသင်းထုံလို့။ ကိုကြီးကျော်နဲ့ မင်းနှစ်ပါးရဲ့ ရုပ်တုတွေကလည်း ရထားရဲ့ နံရံဆီမှာ ခပ်တည်တည် တွယ်ကပ်လို့ပါလား။

ကျွန်တော်ဟာ ရထားပေါ်မှာပဲ နှင်းဆီပန်းရောင်းသူဆီက နှင်းဆီနီတစ်ပွင့်ကို အမှတ်မထင် လှမ်းယူလိုက်တယ်။ အို… ကျွန်တော့်လက်ထဲမှာ ပါလာတာက နှင်းဆီနီ တစ်ပွင့် မဟုတ်ဘဲ ကြက်သားကြော် ဖြစ်နေပါပေါ့လား။

ရထားက ယိမ်းထိုးနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရထားခုတ်မောင်းသံတွေက ဂျိန်းဂျိန်း ဂျိန်းဂျိန်း ဆူညံလို့။

အဲဒီ ယိမ်းထိုးမှုဟာ ကနေတဲ့ နတ်ကတော် ဖြစ်သွားတယ်။ ရထားရဲ့ထိုင်ခုံတွေ နှစ်ဖက်အကြား လူသွားလမ်းပေါ်မှာ ပြေးလွှားနေတဲ့ ဈေးသည်တွေဟာလည်း ခေါင်းပေါ်မှာ အုန်းငှက်ပျောပွဲ တင်ဆောင်ပြီး ယိမ်းထိုး ကခုန်နေသလိုပါပဲ။

ရထားမောင်းနေတဲ့ အရှိန်ကြောင့် ခန္ဓာကိုယ်ကို မတ်မတ်မထိန်းနိုင်ဘဲ ဟိုဘက်သည်ဘက် ယိမ်းထိုးလှုပ်ရှားကာလမ်းလျှောက်နေတဲ့ ခပ်ချောချောမိန်းမတစ်ယောက်ဟာ မင်းကလေး အကောက်ခံရလို့ နတ်နန်းကြီးပေါ်မှာ မကတတ် ကတတ်နဲ့ နတ်မော်ဝင် ကနေသလိုပါပဲ။

ဈေးသည်တွေ ပြေးလွှားလာနေပြန်ပါပြီ။ နတ်ချော့သီချင်းတွေထဲမှာ အရက်မူးမူးနဲ့ ဝင်ကနေတဲ့ လူတွေလိုပါပဲ။ သူတို့လက်ထဲမှာ သပြေတွေ၊ နှင်းဆီတွေနဲ့လေ။

ရထားရဲ့ တဂျိန်းဂျိန်း အသံတွေဟာ နတ်ဒိုးသံတွေ ဖြစ်သွားပြန်ပါတယ်။ အသံချဲ့စက်ဆီက စူးစူးရှရှ ကျယ်ကျယ်လောင်လောင် သီချင်းသံကိုလည်း ကြားနေရတယ်။

"ထူးလည်း ထူးတယ်၊ မြူးလည်း မြူးတယ် တို့ ကိုကြီးကျော်"

ကျွန်တော့်မြို့၊ ကျွန်တော့်ပွဲတော်ဆီကို သတိရလွမ်းဆွတ်စွာ မှတ်မှတ်သားသားရှိစွာနဲ့ ကျွန်တော် ပြန်လာခဲ့ပါပြီ။

ဆိုင်းသံ၊ ဗုံသံ၊ ကခုန်မှု၊ သီချင်းဆိုသံ၊ "ဟေး" လို့ အော်ဟစ်သံတွေ လွှမ်းခြုံရစ်သိုင်းနေတဲ့ ရထားရဲ့အထက်တန်းတွဲ ထိုင်ခုံကြီးပေါ်မှာကျွန်တော်ဟာအာရုံတွေ ညောင်းညာပြီး အိပ်ပျော်သွားခဲ့ပါတယ်။

အိပ်မက်ထဲမှာ ကျွန်တော်ဟာ ဇာတ်မင်းသားလေး သိန်းဇော်ရဲ့ နှစ်ပါးသွား အကကို ကြည့်နေမိပါတယ်။ ဇာတ်ရုံကြီးရဲ့ ရှေ့ပိုင်းကျကျ ဖျာလေးနှစ်ချပ်ပေါ်မှာ ကတ္တီပါကော်ဇော မွေးပွပွကို ခင်းလို့ပေါ့။

"သီချင်းလေးနဲ့ ယပ်ခတ်ပေးပါ့မယ်၊ ယပ်တောင်သီချင်းလေးပေါ့ကွယ်"

ကျွန်တော့်ချစ်သူ သိင်္ဂီတင်က ကျွန်တော့်ကို စတီးချိုင့်ထဲက အရီးတောင်းလက်ဖက်သုပ်ကို ကျွေးနေတယ်လေ။ သိင်္ဂီတင်ရဲ့မျက်လုံးတွေက သိပ်လှတာပါပဲ။ ရွှန်းစိုညိုမှောင်လို့။ သိင်္ဂီတင်ရဲ့ မျက်ခုံးထူထူဟာ ရွှန်းစိုတဲ့မျက်လုံးတွေနဲ့ သိပ်ပြီးနီးကပ်စွာ တည်ရှိတယ်။ အရင်းပိုင်းက ပိုနီးကပ်တယ်။ အဲဒီမျက်ခုံးမွေးထူထူထဲထဲဟာ အပေါ်ကို ဖွေဖွေလေး လှပစွာ တက်သွားပါတယ်။

ကျွန်တော်ဟာ သူမရဲ့ မျက်ခုံးမွေးအဖျားဆီကနေ လျှောစီးလို့ ချလိုက်ရင် ဘယ်လိုဖြစ်လိမ့်မလဲ။ သူမရဲ့ ဖြောင့်ဖြူးချောမွတ်တဲ့ နှာတံပေါ်က တစ်ဖန် လိမ့်ဆင်းခဲ့ပြီးနောက် သူမရဲ့နှုတ်ခမ်းကွေးကွေး နီနီရဲရဲလေးဆီ ကျွန်တော်ရောက်ရှိသွားမှာပေါ့။ သူမရဲ့နှင်းဆီဖူးနှုတ်ခမ်းလေးဟာအသာအယာဖွင့်ဟပွင့်အာလာပြီး ကျွန်တော့်ခန္ဓာကိုယ်ကိုသူမရဲ့ အာခံတွင်းထဲ ငုံထားမှာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

"မောင့်ကိုလေ သိင်္ဂီ ငုံထားမတတ် ချစ်တယ် သိလား၊ မောင့်ခန္ဓာကိုယ်ကို သိင်္ဂီရဲ့ လျှာပေါ်မှာ တင်ပြီး အရသာခံချင်တယ်၊ ပြီးမှ မောင့်ကိုယ်ကို သိင်္ဂီရဲ့ လျှာနီနီရဲရဲနဲ့ လိပ်တင်ပြီး သိင်္ဂီ့အာခံတွင်းထဲမှာ သွင်းထားလိုက်ချင်တယ်၊ မောင့်ကို သိင်္ဂီ ဝါးမျိုချင်တယ် မောင်ရယ်၊ အဲဒီလို အဲဒီလောက် ချစ်တာပါ မောင်ရဲ့"

သိင်္ဂီတင်ရဲ့အချစ်၊ သိင်္ဂီတင်ရဲ့အသံ၊ သိင်္ဂီတင်ရဲ့ပွေ့ဖက်မှုမှာ ကျွန်တော် ပျော်ဝင်မိန်းမူးမိတာ ခဏခဏပါ။

အလွန်တရာ ချိုမြ၊ အလွန်တရာ အားကောင်း၊ အလွန်တရာ မှော်စွမ်းရည် ပြည့်ဝတဲ့ သူမရဲ့အသံဟာ ကမ္ဘာကြီးကို ကွေးကောက် တွန့်လိမ်သွားစေနိုင်ပါတယ်။

သူမရဲ့ တန်ခိုးစွမ်းရည်နဲ့ ကောင်းကင်က ကြယ်တွေကို သူမထံ တစ်ပွင့်ချင်း ခေါ်ယူနိုင်ခဲ့တယ်။

သူမရဲ့အသံတွေနဲ့ အမိန့်ပေးလိုက်တဲ့အခါမှာ ကောင်းကင်ပေါ်က ကြယ်တွေဟာ တစ်ပွင့်ချင်း ခုန်ဆင်းခဲ့ဖူးပါတယ်။ အဲဒီ ငွေကြယ်ပွင့်တွေကို သူမက ဒန်းပုခက်အဖြစ် ဖန်တီးပြြန်တယ်။ အဲဒီ ငွေကြယ်ပွင့်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဒန်းပုခက်ပေါ်မှာ သူမက ခြေတွဲလောင်း ချပြီး စီးခဲ့တယ်။

လေထဲမှာ သူမရဲ့ ကိုယ်ခန္ဓာလေး လွင့်မျောနေမှုကို ကြယ်တွေက ဝန်းရံ အနားသတ် ပေးထားတယ်။ သူမရဲ့ခြေသလုံးတွေဟာ လုံးလုံးသွယ်သွယ် ချောချောမွတ်မွတ်ကလေးတွေ ဖြစ်ကြောင်း ကြယ်ကလေးတွေက သတိထားမိသွားတယ်။ လမိုက်ညရဲ့ ကောင်းကင်ပေါ်မှာ လပြည့်ညတစ်စင်းကို သူမအသံတွေနဲ့ ဖန်တီးခဲ့ ပြန်တယ်။ အဲသည် လပြည့်ညကိုပဲ သူမရဲ့တန်ခိုးနဲ့ ရှုးသွပ်စေခဲ့ပါတယ်။

"ကောင်းကင်ပေါ်မှာ ရှုးသွပ်ကခုန်နေတဲ့ လပြည့်ညကို သိင်္ဂီရဲ့ တိုက်ဝရန်တာပေါ်ကနေ ထွက်ကြည့်ရတာ၊ လသာဆောင်ပေါ်ကနေ ထွက်ကြည့်ရတာ အဲဒါ တကယ် အရသာရှိတာပဲ မောင်ရယ်၊ မောင်ကော သိင်္ဂီနဲ့အတူတူ ငွေကြယ်ပွင့် ဒန်းပုခက်လေး စီးမှာလားဟင်၊ ကောင်းကင် ဟင်းလင်းပြင်ထဲမှာ ကြယ်ပွင့်တွေနဲ့ စီခြယ် ရက်လုပ်ထားတဲ့ ဒန်းပုခက်လေး စီးနေချိန်မှာ မောင်ဟာ သတ္တိကောင်းဖို့တော့ လိုတယ်ကွယ်"

သိင်္ဂီတင်ရဲ့ မျက်လုံးတွေဟာ အရမ်းအင်အားကောင်းတာပဲကွယ်၊ ဒီကမ္ဘာမှာ ဘယ်အရာကမှ သိင်္ဂီတင်ရဲ့ မျက်လုံးဆန္ဒတွေကို ဆန့်ကျင်လှုပ်ရှားခွင့် ရနိုင်မယ် မဟုတ်ပါဘူး။

ကျွန်တော်က သိင်္ဂီတင်ရဲ့ ရင်ခွင်ထဲကို ဖွတ်တိုးဝင်လိုက်တယ်။ သိင်္ဂီတင်ရဲ့ ရင်ခွင်ကို အလုံခြုံဆုံးကမ္ဘာလို သဘောထားပြီး ကျွန်တော်က ခဏလေး ခိုလှုံနေမိတယ်။ သိင်္ဂီတင်ရဲ့ ရင်အုံကိုကပ်ပြီး သိင်္ဂီတင်ရဲ့ နှလုံးခုန်သံကို ကျွန်တော် နားထောင်နေမိတယ်။

"သိင်္ဂီတင် ရင်ခုန်သလားဟင်"

"ဟင့်အင်းကွယ်"

mgyoe.com

mgyoe.com
SAMPLE BOOK

သိင်္ဂီတင်ရဲ့ ရင်ခုန်သံကို ကျွန်တော် ဘာကြောင့် မကြားရတာလဲဟင်။

သိင်္ဂီတင်ရဲ့အင်္ကျီလေးက မိတ်ကပ်ရောင် ဖြောင်လေးပါ။ သိင်္ဂီတင်ရဲ့အင်္ကျီလေးမှာ သိင်္ဂီတင်ရဲ့ကိုယ်ပိုင်ရနံ့တွေ ရှိနေတယ်။ အမြဲတမ်း ဒီရနံ့ပါပဲ။ အဲဒီရနံ့တွေကို ကျွန်တော် စွဲလမ်း ယစ်မူးတယ်။ အဲဒီရနံ့တွေက ကျွန်တော့်ကို အကောင်းဆုံး လုံခြုံမှုပေးတယ်။

သူမရဲ့ရင်ခွင်ထဲမှာ ကျွန်တော် ခေါင်းတိုးဝင်ခွင့် မရချိန်က စတင်လို့ သူမရဲ့ အဆိပ်ဆူးတွေက ကျွန်တော့် အသည်းနှလုံးဆီက နုတ်ယူလို့ မရနိုင်ခဲ့ပေ့ါ။

ရထားဟာ ခုတ်မောင်းနေတယ်။

မိုးရေတွေထဲကို ရထားက ဖွတ်အတင်း ထိုးခွဲဖြတ်သန်းသွားတယ်။ မိုးရေစက်တွေက ဘေးကို ဖွာခနဲ ဖွာခနဲ လွင့်စဉ်ကုန်တော့တယ်။ စပါးခင်းအစိမ်း၊ ကြံခင်းအစိမ်း၊ ကျွန်းပင်အစိမ်း၊ သစ်တောအစိမ်း၊ တောင်အစိမ်းတွေကို ရထားက ချန်ထားပစ်ခဲ့ ပြီ။ ဝဝဖိုးဖိုး ကျွဲကြီးတစ်ကောင်ပေါ် ခွစီးနေတဲ့ ဝါးခမောက်နဲ့ ကောင်လေးကို ရေအိုင်တစ်ခုမှာ ရထားက ချန်ထားပစ်ခဲ့ ပြီ။ နေအပူရောင်တွေ၊ လွင်တီးခေါင်တွေ၊ ဟင်းလင်းပြင်ဖြစ်မှုတွေကို ရထားက မပျင်းမရိဖြတ်သန်းနေပြန်ပါပြီ။ ဘူတာ တော်တော်များများကို ရထားက ရပ်ပေးခဲ့ ပြီး ဈေးသည်တော်တော်များများကလည်း ရထားပေါ် တက်ပြီး အော်ဟစ်ရောင်းချခဲ့သပေ့ါ။ ဈေးသည်တွေရဲ့ အသံတွေဟာ ရထားရဲ့ အင်ဂျင်ကို ပိုမို အားကောင်းမောင်းသန်ဖြစ်စေခဲ့သလား ကျွန်တော် မသိပါ။

ကျွန်တော် သိတာကတော့ ကျွန်တော့်မြို့က ပွဲတော်ဆီကို ကျွန်တော် ရောက်ချင်လှပေ့ါ။

## (၂)

ကြိုဆိုသူမရှိတဲ့ ဘူတာဟာ ကျွန်တော့်ကို ဘယ်တော့မှ စိတ်အနှောင့်အယှက် မပေးတတ်ခဲ့ပါ။ ဒါတွေဟာ ကျွန်တော့်အတွက် ဖြစ်ရိုးဖြစ်စဉ် ခပ်ရိုးရိုး ဖြတ်သန်းမှုလေးပါ။

တက္ကစီသမားတွေရဲ့ အော်သံတွေအကြားကနေ တက္ကစီတစ်စီးကို ကျွန်တော်ငှားခဲ့ ပေ့ါ။ လမ်းမှာလည်း ရတနာ့ဂူကို၊ တောင်မြို့ကို ဆိုက်တဲ့ ကြားကားတွေရဲ့အော်သံကို ကျွန်တော် ကြားနေရတယ်။ ကျွန်တော်ကတော့ ပွဲတော်ကို ရောက်ချင်လှပါပြီ။ ပွဲတော်အပြီးမှာ ကျွန်တော်တို့မြို့ကို အမှိုက်တွေရှုပ်ပြီး ကျန်ရစ်ခဲ့တာ၊ ကျွန်တော်တို့မြို့က လူငယ်လေးအချို့ ယောကျ်ားနတ်ကတော်အချို့နဲ့ လိုက်ပါပြီး အခြားပွဲစဉ်တွေ လှည့်လည်တတ်တာကို ကျွန်တော်ဖျတ်ခနဲ သတိရပြီး တစ်ချက်ပြုံးမိသေးတယ်။ သူတို့တွေရဲ့လက်တွေဟာ အလွန် လျင်မြန် ဖျတ်လတ်တတ်တာလို့ ကျွန်တော် တွေးမိကာ နောက်ထပ်အပြုံးတစ်ခု ပြုံးမိပြန်ပါရော။

mgyoe.com

mgyoe.com SAMPLE BOOK

"တောင်မြို့ ဘယ်နားကို ပို့ပေးရမလဲ"

"ရတနာ့ဂူပွဲတော်ထဲ ကားဝင်လို့ ရသမျှအထိပေါ့"

ကျွန်တော့်မှာ ခရီးဆောင် ကျောပိုးအိတ်တစ်လုံးသာ ကျွန်တော်နဲ့အတူ ပါတယ်။ ခံစားချက်တွေကတော့ ကျောပိုးအိတ်ထဲမှာရော၊ ရင်မှာရော ပြည့်ပြည့်ဝဝပါပဲ။ တက္ကစီပေါ်က ဆင်းလာတဲ့ ကျွန်တော်ဟာ ပွဲတော်ရဲ့ လူအုပ်ထဲ တိုးဝှေ့လို့နေပါတယ်။ ရေမွှေးနံ့တွေ၊ သနပ်ခါးနံ့တွေထက် ကျွန်တော် ပွဲတော်ထဲက ဖွန်ပန်းရနံ့တွေ၊ စံပယ်ပန်းရနံ့တွေကို ပိုကြိုက်ပါတယ်။ ဆိုင်းသံ၊ ဗုံသံ၊ လူကြီးသံ၊ ကလေးသံ၊ မိန်းမတွေအသံ၊ ဈေးသည်တွေအသံ၊ ကားဟွန်းသံ၊ ပီပီမှုတ်သံ၊ သီချင်းသံတွေဟာ လူတောထဲမှာ ပိတ်ကျပ်မိနေ၊ ကျွန်တော့်ရင်ထဲကို အလုအယက် တိုးဝင်နေပါတယ်။

အင်အားတွေနဲ့ ဖွဲ့စည်းထားတဲ့ ပွဲတော်ဟာ အင်အားကောင်းစွာပဲ ကျွန်တော့်ကို ဆွဲဆောင်လို့ နေခဲ့ပါပြီ။ အရင်ကတော့ ပွဲတော်ရဲ့ အဓိပ္ပာယ်ဆိုတာထဲမှာ ကျွန်တော့်အတွက် သီဂီတင်လည်း ပါဝင်ခဲ့တယ်ပေါ့။ ပွဲတော်ရဲ့ ရုပ်ပုံတွေ၊ ပွဲတော်ရဲ့ အသံတွေများစွာထဲမှာ သီဂီတင်ရဲ့ ရုပ်ပုံလေးနဲ့ အသံလေးဟာ ကျွန်တော့်နှလုံးသား အလင်းရောင်နဲ့ ဆလိုက်ထိုးထားသလို ကျွန်တော့်နှလုံးသားနဲ့ ရီကောဒင်းလည်း လုပ်ထားခဲ့ဖူးရဲ့။

အခုတော့ သီဂီတင်နဲ့ ကျွန်တော်ဟာ ပြန်မဆုံနိုင်တဲ့ ရထားသံလမ်းတစ်လမ်း အဆင့်အတန်းထက် ကျော်လွန်ကာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဝေးကွာ လွဲချော်ခဲ့ကြပြီလေ။

သီဂီတင်ဟာ သူမရဲ့ပါးစောင်ထဲမှာ ကျွန်တော့်ကို ထည့်ထားချင်ပါသေးသလား။ သူမရဲ့အာခံတွင်းထဲမှာ ကျွန်တော့်ကို ငုံထားချင်ပါသေးသလား။ ဒါမှမဟုတ် သီဂီတင်ရဲ့ ပါးစောင်ထဲမှာ ဘယ်သတ္တဝါကို ထည့်ထားပါသလဲ။ သီဂီတင်ကိုယ်တိုင် အခြားငနာတစ်ကောင်ရဲ့ ပါးစောင်ထဲမှာ ပျော့ပျောင်းခဲ့ပြီလား။

အံ့ဩစရာ ကောင်းလိုက်တာ။ ကျွန်တော့်အဖေ နောက်မိန်းမ ယူသွားတဲ့နေ့နဲ့ သီဂီတင် လက်ထပ်သွားတဲ့နေ့ဟာ ဘာကြောင့် တိုက်ဆိုင်နေတာလဲ။ သီဂီတင်ရဲ့ နှလုံးသားနဲ့ ကျွန်တော့်အဖေရဲ့ အပြုအမူများဟာ ဒီမြို့ကနေ ကျွန်တော့်ကို ပြည်နှင်ဒဏ် ပေးလိုက်ခဲ့တာပဲပေါ့။

သို့ပေမဲ့ကွယ်၊ ပွဲတော်ကို ပြန်လာတဲ့ ကျွန်တော်ဟာ ပွဲတော်ထဲမှာ လှည့်လည်ခွင့်သာ ရပါမယ်။ ပွဲတော်က ကျွန်တော့်ကို အိပ်စရာနေရာပေးမယ် မဟုတ်ပါဘူး။ လူတစ်ယောက်ဟာ ပြန်စရာ အိမ်တစ်အိမ်တော့ ရှိနေရမယ်လေ။ အဲဒီအိမ်ဟာ အဖေ့အိမ်ပေါ့။ ကျွန်တော့်အတွက်တော့ အဖေ့အိမ်ပဲပေါ့။

ကျွန်တော်ဟာ လူတွေထဲ တိုးဝှေ့ပြီး အဖေ့အိမ်ဆီ ထွက်လာခဲ့တယ်။ လူအုပ်ကြီးထဲက မလွတ်မြောက်နိုင်တော့ဘူး ဆိုတဲ့ အယူအဆ ဝင်သာနိုင်အောင်ပဲ ပွဲတော်ကြီးက ပြည့်ကျပ်အုံခဲလို့ပါ။ ဒီမြို့မှာ ပွဲတော်နဲ့ လွတ်ကင်းတဲ့ နေရာရယ်လို့ မရှိသလိုပါပဲလား။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နှစ်ထက်တစ်နှစ် လူတွေ ပိုများလာသလို ပွဲတော်ရဲ့ နေရာတွေဟာလည်း ချဲ့ထွင်ခဲ့တယ်။ အဖေ့အိမ်ကလည်း ယခင်က ပွဲတော်ရဲ့ ပြင်ပဘာဝကနေ အခုတော့ ပွဲတော်ရဲ့ ပရိဝုဏ်ထဲ ရောက်နေခဲ့ရပြီနော်။

အဖေ့ရဲ့ ခြံဝင်းတံခါးအရှေ့ကို ကျွန်တော် ရောက်လာပြီ။ ခြံဝင်းတံခါးရှေ့မှာလည်း ပွဲတော်က လူတွေက တိုးဝှေ့လို့ပါပဲ။ ခြံဝင်းတံခါးကို အတွင်းကနေ သော့ခတ်ထားတာ တွေ့ရတယ်။ အဖေ့ရဲ့ တစ်ထပ်တိုက်ဟာ ခြံရဲ့နောက်ပိုင်းကျကျမှာ ဆောက်လုပ်ထားတာမို့ ခြံဝင်းတံခါးနဲ့ နည်းနည်းလှမ်းနေပါတယ်။ အဖေ့တိုက်ပုလေးဆီ လှမ်းကြည့်လိုက်တော့ တိုက်ထဲမှာ မီးလင်းရောင်တွေနဲ့ ဝင်းပလို့ပါပဲ။

အဖေ့တိုက် အပေါက်ဝမှာလည်း သံပန်းတံခါးကို သော့ခတ်ထားတယ်။ ကျွန်တော် လှမ်းကြည့်လို့ မြင်နေရတယ်။ တိုက်အထဲမှာလည်း ကျွန်တော် မမြင်ဖူးတဲ့ လူတွေက လှုပ်ရှလှုပ်ရှနဲ့။ ဘုရားဖူးသွားတဲ့ ရွှေချည်ထိုးကားကြီးကိုတော့ ကျွန်းသားပေါင်နဲ့ ဧည့်ခန်းမှာ အရင်အတိုင်းပဲ၊ အရင်နေရာမှာပဲ ချိတ်ဆွဲထားတာ တွေ့ရတယ်။ ကျွန်တော့်အဖေနဲ့ ကျွန်တော့်အမေ တွဲရိုက်ထားတဲ့ ဓာတ်ပုံကြီးဟာ အရင်လိုပဲ ဧည့်ခန်းမှာ ချိတ်ထားသလား။ အဖေနဲ့ နောက်မိန်းမနဲ့ တွဲလျက်ရိုက်ပြီး အသစ် ချိတ်ဆွဲလိုက်ပြီလား။ ကျွန်တော်ဟာ ခြံဝင်းတံခါးမှာ အကြာကြီးရပ်နေမိတယ်။ ဘယ်သူမှလည်း ခြံတံခါးဆီ ရောက်မလာကြဘူး။ ကျွန်တော့်အိမ်က အိမ်စောင့်နတ်တွေဟာ ကျွန်တော့် ကို စိမ်းကားငြင်းဆန်လျက်ပါပဲ။

ခြံဝင်းတံခါးကနေ ကျွန်တော်ဟာ အဖေလို့ အော်ခေါ်ရမှာ ဝန်လေးနေမိတယ်။ ကျွန်တော် သည်အိမ်မှာရှိတုန်းက ထမင်းချက်တဲ့ မိန်းကလေးတစ်ယောက် ရှိပါသေးတယ်။ ဘယ်သူပါလိမ့်မလဲ။ ဩော်… ဟုတ်ပြီ၊ မထွေးကျင်။ မီးဖိုချောင်ပုပုလေးဟာလည်း အရင်အတိုင်းပါပဲ။ ဘာမှ မပြောင်းလဲဘူး။ မထွေးကျင်ကော မီးဖိုချောင်လေးလိုပဲ မပြောင်းမလဲ ရှိနေမလား။ သူမ အိမ်ပြောင်းသွားပြီလား။ တောဟန်ပန်ကနေ မြို့ဟန်ပန် ပေါက်နေပြီလား။ "မထွေးကျင်ရေ" လို့ ကျွန်တော် အော်ခေါ်ဖို့ ကြိုးစားကြည့်မိတယ်။ "ရှင်… လာပြီ အစ်ကို" လို့ အော်ထူးပြီး သူမ ပြေးထွက်လာမယ်။ "ဟောတော်…ကြည့်စမ်း၊ အစ်ကို ပြန်လာပြီတော့" ဆိုကာ ကျွန်တော့်အိတ်ကို သူမ ဆွဲယူချသွားမယ်။ ကျွန်တော့်ကို သူမက ပူနွေးတဲ့ ထမင်းဟင်းကို ခူးခပ်ကျွေးလိမ့်မယ်။ ဒါပေမဲ့ မထွေးကျင် သည်မှာ ဆက်ရှိနေမယ်ဆိုတာ မသေချာတဲ့ ကိစ္စတစ်ခုပဲ။ သူမရဲ့ အရိပ်အယောင်ကိုလည်း ကျွန်တော် မတွေ့ရဘူး။ ကျွန်တော် သူမကို အော်ခေါ်ဖို့ စိတ်ကူးကို စွန့်လွှတ်ချေဖျက်ပစ်လိုက်ပါတယ်။

## (၃)

ကျွန်တော့်အဖေအိမ်ရဲ့ ခြံဝင်းတံခါးဆီကနေ ကျွန်တော်ဟာ နောက်ကို တဖြည်းဖြည်းချင်း ဆုတ်ခွာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

လူအုပ်နဲ့အတူ စီးမျောလိုက်ပါရင်း ပွဲတော်ရဲ့ လမ်းမကြီးပေါ် ကျွန်တော် ရောက်လို့ သွားပြန်ပေါ့။

လမ်းမီးရောင်တွေက ပွဲတော်တွင်းမို့ ထိန်လင်းလို့။ လူတွေရဲ့ ဝတ်ကောင်းစားလှတွေပေါ်မှာလည်း မီးရောင်တွေဟာ ဖြာကျတောက်ပြောင်လို့။

မိန်းမသားတွေရဲ့ဆံကေသာထက်မှာလည်း ဖွန်ပန်းတွေ ဝေဆာမွှေးမြလို့။ တချို့တွေက လက်ထဲမှာ ပန်းကုံးအကြီးစားကြီးတွေ ကိုင်ဆွဲလို့။

စစ်ကိုင်း၊ မန္တလေး၊ အမရပူရမြို့တွေက ရှိသမျှ ဖွန်ပန်းပွင့်တွေ၊ နှင်းဆီပန်းပွင့်တွေ အားလုံးဟာ ရတနာ့ဂူပွဲတော်မှာ ပုံအောထားသလိုပါပဲ။ တစ်မြို့လုံးမှာ ပန်းတွေနဲ့ မွှေးနေတယ်။ ပုပ္ပားမယ်တော်ဟာ ပန်းတွေရဲ့အကြားမှာ၊ ဆိုင်းသံ ဗုံသံတွေရဲ့အကြားမှာ အပြုံးပန်းတဝေဝေနဲ့ ဂန္ထဝင်ဆန်စွာ လမ်းလျှောက်နေပါသလား။

ဆံပင်တိုတို မိန်းကလေးတွေကတော့ မျက်နှာပေါ်မှာ မိတ်ကပ်တွေဟာ ကြွေလိုတောက်ပြောင်ချောမွတ်လို့။ ဇာတ်ပွဲတွေဆီ သွားနေကြတဲ့ မိန်းမသားတွေဟာ လမ်းမပေါ်မှာ အလျင်စလို လျှောက်လှမ်းနေကြရဲ့။ သူတို့တွေဟာ ပွဲဈေးတန်းဆိုင်များကို မကြည့်အားဘဲ စတိတ်ချ်ရှိုး ထွက်ကတော့မယ့် မင်းသားရှိရာဆီသို့သာ ကသောကမျော ချီတက်နေကြပါရဲ့။ မလိုင်ကရေကရာ ဝယ်သူ၊ နံ့သာဖြူကရမက် ဝယ်သူ၊ ရှောက်ပန်းသီး ဝယ်သူ၊ ပန်းတနော်သင်ဖြူးဖျာ ဝယ်သူ၊ ပွဲတော်သင်္ကေတ ရွှေရောင်ဆွဲကြိုးများ ဝယ်သူ၊ ကလေးကစားစရာ ဝယ်သူ၊ အနုဆုပ် ဝယ်သူ၊ အညာသားကျောကုန်း ဝယ်သူတွေကတော့ ပွဲတော်လမ်းမပေါ်မှာ အေးအေးဆေးဆေးပါပဲ။

ဟိုတုန်းက သီဂီတင် ပွဲကြည့်တဲ့ညဆိုရင် ဟောဟိုလမ်းမကြီး ထောင့်ချိုးနားက ကွမ်းယာဆိုင်လေးမှာ ကျွန်တော်ဟာ ရင်ခုန်စွာ ထိုင်လို့ပေါ့။ သူမကို စောင့်ကြိုခဲ့တာလေ။ တစ်ခါတစ်ခါလည်း သီဂီတင် ကြည့်မယ့် ဇာတ်ရုံရဲ့အပေါက်ဝ မီးချောင်းရောင်အောက်မှာ ဇောချွေးပြန်စွာ သူမကို စောင့်ကြိုတတ်ပြန်ပါရော။ သီဂီတင် ပွဲကြည့်တဲ့အခါ ဇာတ်ရုံအတွင်းဘက် ရှေ့ဆုံးထောင့်ချိုးလေးကနေ မတ်တတ်ရပ်ကာ သီဂီတင်ရဲ့ လှပတဲ့ မျက်လုံးတစ်စုံကို ရှာဖွေရပြန်ပါရော။ သီဂီတင်ဟာ ဇာတ်မင်းသားလေးကို ကြည့်နေရာက မျက်လုံးလေး ထောင့်ကပ်ပြီး ကျွန်တော့်ဆီ ကြည့်လိုက်သောအခါ ကျွန်တော့် ရင်ခုန်သံတွေဟာ နတ်နန်းက ဗုံသံ၊ ဇာတ်ထဲက အီလက်ထရောနစ် ဂီတသံတွေထက် ပြင်းပြင်းထန်ထန် ခုန်ပေါက်ပြန်ပါရော။

ပွဲတော်ရဲ့ လူအုပ်တွေထဲမှာ၊ ဇာတ်ပွဲတွေဆီ သွားနေတဲ့ မိန်းမသားတွေထဲမှာ သီဂီတင်များ ပါဝင်လေမလားလို့ ကျွန်တော် ရှာဖွေမိရာက ဒါဟာ အဓိပ္ပာယ်မဲ့တာပဲလို့ အတွေးပေါက်ကာ ကျွန်တော်ဟာ အောက်နတ်နန်းသွားရာလမ်းဆီ ရွေ့လျားခဲ့ပါတော့တယ်။

"အလယ်နန်းကို လိုက်မလား အစ်ကို၊ အောက်နန်းကို လိုက်မလား အစ်ကို"

mgyoe.com

mgyoe.com SAMPLE BOOK

ငှက်ခတ်သမားတွေက ကျွန်တော့်ကို ဝိုင်းအုံထားကြတယ်။ ကျွန်တော်က သူတို့မေးတာ မဖြေသေးဘဲ အနီးဆုံးအရက်ဆိုင်မှာ အရက်တစ်ခွက် ဝင်သောက်ပြီးမှ အပြင်ကို ပြန်ထွက်လာခဲ့တယ်။ ပွဲတော်မှာ စားသောက်စရာ ရှားပေမယ့် အားပါးပါး အရက်ဆိုင်တွေက ပေါလိုက်တာ။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း အရက်ဆိုင်တွေပဲ ကျွန်တော် တွေ့နေရတယ်။

ငှက်သမွန်တစ်စင်းပေါ်မှာ ကျွန်တော် ရောက်သွားပါပြီ။

ကျွန်တော်က အရက်သောက်လိုက်၊ ငှက်သမွန်လေး စီးကာ ငှက်ခတ်သံ တကျွီကျွီနဲ့အတူ အမှောင်ထဲမှာ ညင်သာစွာ တိုးဝှေ့လိုက်၊ ကောင်းကင်ပေါ်က ကြယ်ပွင့်လေးတွေကို ကြည့်လိုက် လုပ်နေမိတယ်။

သိင်္ဂီတင်သာ ငှက်ပေါ်မှာ ကျွန်တော်နဲ့အတူတူ ပါလာခဲ့ရင် သူမ အမိန့်နဲ့ ကြယ်တွေကိုခေါ်ပြီး ဒန်းပုခက် ဆင်ယင် စီးမျှောကြဦးမှာလို့ ကျွန်တော် တွေးမိတဲ့အခါ နောက်ထပ် အရက်တစ်ခွက် ငှဲ့သောက်မိပြန်ရော။ နတ်နန်းမှာ နတ်ကရာတွေ ကြည့်မောပြီးတဲ့အခါ ကျွန်တော်ဟာ ပွဲတော်လမ်းမပေါ်ပဲ ပြန်ရောက်ခဲ့တာပါပဲ။ ပွဲတော်ထဲမှာ ကျွန်တော် မောနေပြီ။ အိမ်...အိမ်...အိမ်...။ အိမ် ဘယ်မှာလဲကွယ်။ နောက်ဆုံးမှာ ကျွန်တော်ဟာ ဟောဒီမြို့မှာ အဖေ့အိမ်အပြင် ဘယ်အိမ်ကိုများ သွားစရာ ရှိမှာပါလဲကွယ်။ အဖေ့ထံမှာ ကျွန်တော်ဟာ လက်နက်ချလိုက်တော့မယ်။

အဖေ့ ခြံတံခါးဝကနေ–

"အဖေရေ ကျွန်တော် ပြန်လာပြီ၊ တံခါးဖွင့်ပါဦးဗျ"

အဲဒီလို ကျွန်တော် အော်ခေါ်လိုက်တော့မယ်။

သည်ညအဖို့ နွေးထွေးတဲ့ အိပ်ရာလေးကို ကျွန်တော် မွတ်သိပ်လှပါပြီ။

"ခါးပိုက်နှိုက်... ခါးပိုက်နှိုက်၊ လိုက်ဟ လိုက်ဟ"

ကိုယ့်နောက်က ပြေးလာတဲ့ အသံတွေဟာ ကောင်းကင်က ကြယ်ကလေးတွေကို တောင် ထိမှန်သွားတယ်။

အော်ဟစ်သံတွေ၊ ဖိနပ်သံတွေ။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ရှေ့ဆုံးက တစ်ယောက်တည်း စွတ်ပြေးနေပြီး နောက်က လူအုပ်ကြီးက လိုက်လာနေတယ်။ အဲဒီရှေ့ဆုံးက လူဟာ ခါးပိုက်နှိုက်နေမှာပဲ။

ချက်ချင်းဆိုသလိုပဲ သူဟာ ကျွန်တော့်နားကို ရောက်လာပြီး သူ့ကိုယ်လုံးနဲ့ ကျွန်တော့်ကို တိုက်ချပစ်လိုက်ပါတယ်။ ကျွန်တော်က လွင့်စဉ်သွားတယ်။ သူက ဆက်ပြေးသွားတယ်။ တကယ့်ကို လျင်မြန်စွာ ပြေးသွားတယ်။

ကျွန်တော်ဟာ လမ်းပေါ်မှာ ဒယိမ်းဒယိုင် ဖြစ်သွားချိန်မှာ လူအုပ်ဟာ ကျွန်တော့်နား ရောက်လာကာ သူတို့တုတ်တွေ ဝှေ့ယမ်းပြီး-

"ခါးပိုက်နှိုက် ဒီမှာ၊ ခါးပိုက်နှိုက် ဒီမှာ၊ ရိုက်ဟ... ရိုက်ဟ"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု စွတ်အော်နေကြတယ်။ သူတို့တွေရဲ့ ရန်လိုသတ်ဖြတ်မှုဟာ ကျွန်တော့်ဆီကို စုပြုံဦးတည်လာပြီ။ ကျွန်တော်လည်း ဆုံးဖြတ်ချက်အသစ်တစ်ခု ချလိုက်ပြီး ကျောပိုးအိတ်လွယ်ပိုးလျက်နဲ့ စွတ်ပြီးပြေးတော့တာပဲ။

လူအုပ်ကြီးက ကျွန်တော့်နောက်က ဝိုင်းအုံအော်ဟစ်လို့။

"ခါးပိုက်နှိုက်... ခါးပိုက်နှိုက်၊ လိုက်ဟ လိုက်ဟ"

ကျွန်တော်က ကွေ့ကာ ဝိုက်ကာ ပတ်ကာ ပြေးပြီး လမ်းဘေးက အောက်ဘက်ဝါးရုံချုံထဲ ဖြတ်ဆင်းချလိုက်တယ်။ နောက်ပြီး အမှောင်ထုထဲ ဝင်တိုးကာ အခြားလမ်းကြားလေးတစ်ခုကနေ နတ်ကနားတဲလေးတွေဆီ အမောတကော ပြေးလာခဲ့မိတယ်။ နောက်ဆုံးမှာ အနီးဆုံးက ခပ်မှောင်မှောင် နတ်ကနားတဲလေးဆီ စွတ်ပြီး ဝင်ချလိုက်ပါတယ်။ ခြင်ထောင်ထဲကနေ ဖြူဖွေးတဲ့ လက်နှစ်ဖက် ထွက်လာပြီး ကျွန်တော့်ကို သူ့ခြင်ထောင်ထဲ ဆွဲခေါ်သွင်းယူ ပွေ့ပိုက်လိုက်တာကို ကျွန်တော် တင်းတင်းကျပ်ကျပ် ခံစားလိုက်ရတယ်။

အမေရေ... ကယ်ပါဦး။

ကျွန်တော့်ကို ခြင်ထောင်တစ်ခုထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားတဲ့ ဖြူဖွေးသန်မာတဲ့ လက်နှစ်ဖက်ဟာ မိန်းမဟန်နဲ့ ယောကျာ်း နတ်ကတော်တစ်ဦးရဲ့ လက်နှစ်ဖက်ဖြစ်နေပါပေါ့လား။ ဖြူဖွေး၊ သန်မာ...၊ သန်မာ၊ ဖြူဖွေး၊ တင်းကျပ်တဲ့ ပွေ့ဖက်မှု။

နတ်ဒိုးသံတွေ၊ နတ်သီချင်းသံတွေ ကျွန်တော် ကြားနေရတယ်။

မူးလည်း မူးတယ်၊ ထူးလည်း ထူးတယ် တို့ ကိုကြီးကျော်။

ကျွန်တော် သိပ်မောပန်းနေခဲ့ပါပြီ။

သူ့ကိုယ်က ရေမွှေးနံ့နဲ့ ချွေးနံ့တွေဟာ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး အနံ့တွေ စုပြုံနံစော်နေသလိုပါပဲ။ ကျွန်တော် ထိုးအန်ချင်လိုက်တာ။

ကျွန်တော့်နှုတ်ခမ်းကတော့ အသံထွက်မလာနိုင်ဘူး။ ကျွန်တော့်အသည်းနှလုံးကတော့ တစ်ကမ္ဘာလုံး ကြားအောင် အော်ထည့်လိုက်ပါတယ်။

"အဖေရေ"

ဒီအချိန်မှာ ကျွန်တော့်အဖေ ဘာများ လုပ်နေပါသလဲဗျာ။

*ကလျာမဂ္ဂဇင်း၊ အောက်တိုဘာလ၊ ၁၉၆၆ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ညီမလေး၏ ည

ဟုတ်ပြီ။ သူ ထွက်ပြေးပါပြီတဲ့။ ဘယ်မြို့ဆီသို့ ထွက်ပြေးမှာလဲ။ ရန်ကုန်ရွှေမြို့တော်ဆီသို့။ ဒါမှမဟုတ် သူနှင့် စာချင်း ရင်းနှီးကျွမ်းဝင်နေသော စာပေမိတ်ဆွေ မိန်းကလေးတစ်ယောက် ရှိရာ မြို့ကလေးသို့လား။ ထိုမြို့ကလေးသည် ရှမ်းပြည်၏ မြို့ကလေးတစ်မြို့ ဖြစ်သည်။ ရှမ်းပြည်ဆိုင်ရာ မြို့ကလေးများ၏ အရောင်အဆင်း၊ ရနံ့တွေကို သီချင်းတွေ၊ စာအုပ်တွေ ထဲမှာ သူ ကြားသိခဲ့ရဖူး၏။ အဲဒီကတည်းက ရှမ်းပြည်ကို သူ စိတ်ကူးယဉ်အချစ်ဖြင့် စွဲလမ်းချစ်ခင်နေခဲ့မိ၏။ ရှမ်းပြည်သို့ အလည်အပတ်အဖြစ် တစ်ခါ တစ်ခေါက် ရောက်ဖူး ချင်ခဲ့မိ၏ ။ သို့သော် စိတ်ကူးထဲက ချစ်ရသော ရှမ်းပြည်သို့ အခုထိ တစ်ခေါက်မျှ မရောက် ဖူးဖြစ်သေး။

အခုနေ သူ့မိတ်ဆွေမလေးရှိရာ ရှမ်းမြို့လေးသို့ ခေတ္တခဏ ထွက်ပြေးမလား။ ဟိုမှာ သူ့အတွက် နားခိုရာ အိမ်အဆင်သင့် ရှိနေသည်။ စားဖို့ အစာ ရှိ၏။ ယခုလို သူ၏ ငြီးငွေ့ဖွယ်ဘဝကို ပြောင်းလဲပစ်နိုင်သည့် ရသသစ်တွေလည်း အသေအချာ ရှိနေမည်ဟု ယုံကြည်သည်။ သို့သော် ခက်တာက လောလောဆယ်တွင် ရှမ်းပြည်သို့ သွားနိုင်အောင် လုံလောက်သည့် ခရီးစရိတ်ငွေသည် သူ့လက်ထဲမှာ မရှိ။ ငွေဆိုသည်မှာ သူ့လက်ထဲတွင် ဘယ်သောအခါမှ ကြာရှည်၊ ကြာမျော မနေတတ်။ ကြာရှည်မနေသော ငွေထဲမှ စာအုပ်၊

mgyoe.com

mgyoe.com
SAMPLE BOOK
သို့မဟုတ် အနုပညာ ပစ္စည်းတစ်ခုခုအဖြစ် အဖတ်တင် ကျန်ရစ်ခဲ့လျှင်တော့ သူ ကျေနပ်တတ်၏။ ငွေသည် အဓိပ္ပာယ်ရှိသွားပြီ ဟူ၍လည်း ယူဆတတ်သည်။

ရေဒီယို၏ အသံကိုကြားနေရသည်။ တစ်အိမ်ကျော်မှ ရေဒီယိုကို ကျယ်ကျယ်လောင်လောင် ဖွင့်ထားခြင်း ဖြစ်၏။ မြန်မာ့အသံ၊ မြန်မာပိုင်း အစီအစဉ်မှ ည ရှစ်နာရီသတင်း ကြေညာနေသံကို ပီပီသသ ကြားနေရသည်။ သူကတော့ သူ့အိမ်၏ တစ်ခုတည်းသော အခန်းထဲက ခွေးခြေလေး တစ်လုံးပေါ်မှာ တစ်ယောက်တည်း ခပ်ငူငူ ထိုင်နေ၏။ ခွေးခြေအဟောင်း တစ်လုံး၊ အရောင်တင်ဆီဖြင့် သစ်လွင်တောက်ပဆဲ ကျွန်းသား စာရေးစားပွဲငယ် တစ်လုံး၊ နေရှင်နယ် ပယ်နဆိုးနစ် အာရ်အိုက်စ် ၁၅၅၀ ရေဒီယိုကက်ဆက် တစ်လုံးနှင့် စာအုပ်အချို့ ရှိသော သူ့အခန်း။ အခန်းဆိုလို့ ထိုအခန်း တစ်ခုတည်းကိုသာ ပိုင်ဆိုင်သော သူ၏အိမ်။

သူ၏အိမ်သည် အိမ်နှင့်မတူ။ ဂိုဒေါင်တစ်လုံးနှင့် တူသည်ဟု စိတ်ထဲမှာ ခံစားရသည်။ ဂိုဒေါင်နှင့်တူသော အိမ်၏အရှေ့ဘက် အစိတ်အပိုင်းမှာ လှေကားငါးထစ် နင်းပြီး တက်ရသော နှစ်ခန်းစာ အမြင့်ကလေး ပြုလုပ်ထားသည်။ လှေကားမှ တက်တက်ချင်း အိမ်ဦးခန်းမှာဘုရားစင် ရှိ၏။ ဘုရားစင်ရှေ့ကြမ်းခင်းမျက်နှာစာလေးကို ကျော်ဖြတ်လိုက်လျှင် အခန်းတစ်ခန်း ဖွဲ့စည်းထားသည်ကို တွေ့ရမည်။ ထိုအခန်းထဲမှာ သူ နေသည်။ သူ အိပ်သည်။ သူ စာရေး၊ စာဖတ် လုပ်သည်။ သူ သီချင်း နားထောင်သည်။ (သူသည် ဖျားနာတတ်သော စိတ်ကူးများ ကျန်းမာ ကြည်လင်လာအောင် သီချင်းနားထောင်သည့် အလေ့အကျင့် ရှိ၏။ အများအားဖြင့် သူသည် ရော့ဒ်စတီးဝပ်၏ Sweet Surrender သီချင်းလေးကို ထပ်ခါထပ်ခါ ဖွင့်၍ နားထောင်တတ်သည်။)

အမေကမူ အမိုးနိမ့်ကာ ဇရိယာကျဉ်းမြောင်းသော အခန်းကလေး၏ မွန်းကျပ် လှောင်ပိတ်မှုကို မနှစ်မြို့။ သည်းမခံနိုင်။ ထို့ကြောင့် အပေါ်ထပ်က အခန်းကလေးထဲတွင် အမေ မနေထိုင်ပါ။ ဂိုဒေါင်နှင့်တူသော အိမ်၏ အလယ်ကောင်က ခုတင်ကြီး တစ်လုံးပေါ်မှာသာ အမေ အိပ်သည်။ နံနက်နှင့် ညပိုင်း ဘုရားဝတ်ပြုချိန် ရောက်မှသာ အမေသည် ဘုရားစင် တည်ရှိရာ အိမ်ဦးခန်းဆီသို့ လှေကား ငါးထစ်ကို နင်းပြီး တက်တက်လာတတ်၏။

အခုညမှာတော့ အပေါ်ထပ်ကလေးသို့ အမေ တက်၍ မလာသေး။ အဲဒါ ကောင်းသည်။ သူ၏ စိတ်ကူးငှက်ကလေးကား တေးဆိုညည်းချင်သေးသည်။ အမေ့ ဘုရားရှိခိုးသံကြားရလျှင် စိတ်ကူးငှက်ကလေး၏ တေးသည် ပျက်သုဉ်းသွားပေလိမ့်မည်။
mgyoe.com

mgyoe.com
SAMPLE BOOK

သူသည် ခွေးခြေကလေးပေါ်တွင် ထိုင်လျက် သူ နေထိုင်သော မြို့ငယ်လေး၏ အကြောင်းကို စဉ်းစားကြည့်မိပြန်သည်။ သူ့ကို ဤမြို့ကလေးထဲမှာ မွေးဖွားခဲ့သည်။ ဤမြို့ကလေးထဲမှာပင် ကြီးပြင်းအရွယ်ရောက်ခဲ့၏။ သို့သော် သူသည် ဤမြို့ကလေး ထဲမှာ သူစိမ်းတစ်ရံဆံ တစ်ဦးကဲ့သို့ ခံစားနေရတတ်သည်။ မင်း ဇာတိမြို့ကလေးကို မချစ် လို့လား။ အဲဒီလိုတော့ မဟုတ်။ မည်ကဲ့သို့ ပြောရမည်လဲ။ သူ၏ ရုပ်ပိုင်းဘဝသည် ဤမှာ ရှိ၏။ သူ၏ ကိုယ်ခန္ဓာအတွင်းထဲတွင် ဖွဲ့စည်းထားသည့် စိတ်ပိုင်းဘဝကမူ ဤမှာ မည်သို့မျှ နေရာချထား၍ မရ။ သူ၏ ရည်မှန်းချက် မြားတံကလေးသည်လည်း ဤမှာ မရှိ။ အဝေးသို့ ပြေးနေ၏။ ဟိုအဝေးသို့...၊ ရန်ကုန်ရွှေမြို့တော်သို့။ သူသည် သူ၏ ရည်မှန်းချက်ကို ချစ်မြတ်နိုးချင်သည်။ ဖြစ်နိုင်လျှင် ဦးထိပ်ထက်တွင် အမြဲပန်ဆင်ထားချင်သည်။

သူ လူတစ်ယောက်ကို စကားတွေ လှိုက်လှဲ ပူနွေးစွာ ပြောချင်သည်။ ဟိုတစ်နေ့က ဖတ်ခဲ့ရသော ဝတ္ထုတိုလေးအကြောင်း ပြောချင်သည်။ ဟိုတစ်လောဆီက ကြည့်ခဲ့ဖူးသော ဂျွန်ဗွိုင့်နှင့် ဂျိန်းဖောင်ဒါတို့ ပါဝင်သည့် နိုင်ငံရပ်ခြားရုပ်ရှင်ကားလေးအကြောင်း ပြောပြချင်သည်။ ဤမြို့ကလေးထဲတွင်မည်သူ့ကို သွား၍ပြောရမှာလဲ။ သူ့အသည်းနှလုံး၏ ဘာသာစကားကို နားမလည်သော လူတစ်ယောက်နှင့် စကားတွေ ပြောနေ၍ကော အဘယ် အကျိုးကျေးဇူး ထူးမည်နည်း။

ဂါစီယာ လော်ရကာ၏ လက်ရွေးစင် ကဗျာစာအုပ်ကလေး ဝယ်ချင်သည်။ ခရစ္စတိုဖာခရော့စ်၏ သီချင်းတွေ နားထောင်ချင်သည်။ နှစ်ဖောင်စာ ကဗျာစာအုပ်ကလေး တစ်အုပ် ထုတ်ချင်၏။ ဝမ်းနည်းပါသည်။ ထိုအရာလေးတွေကအစ ဤမြို့ကလေးထဲမှာ ဘာတစ်ခုမျှ မဖြစ်နိုင်ပါချေ။ သူ ဤမြို့ကလေးအတွင်းမှာ ဘာလုပ်နိုင်သလဲ။ သူ၏ ရင်ထဲက စိတ်ခံစားမှုတွေ ရှုန်းကြွလာသည့်အခါ မြို့ကလေး၏ အရှေ့ထိပ်က ရှေးဟောင်း တံတားကြီးပေါ်သို့ သူ သွားနိုင်သည်။ တံတားပေါ်မှနေ၍ ဟိုအဝေးက တောင်တန်းပြာ ကြီးတွေကို မျှော်ကြည့်နိုင်သည်။ ရင်ထဲက ခံစားမှုများကို ပေ့ါပါးသွားစေရန်အတွက် အသံ ကုန် အော်ဟစ်နိုင်သည်။ ထိုအသံများသည် တောင်တန်းကြီးတွေ၏ မာကျောသော နံရံကို ထိမှန်မည်။ အသံတွေ အစိတ်စိတ် အမြွှာမြွှာ လွင့်စဉ်ကာ ပဲ့တင်ထပ်လာမည်။ ထိုပဲ့တင်သံ များသည် သူ့ထံသို့ ပြန်လည်ရောက်ရှိလာမည်။ မြန်မာပြည်အနှံ့အပြားဆီက သူနှင့် အသည်းနှလုံး ဘာသာစကားချင်းတူသူ အချို့ထံသို့လည်း သူ၏ပဲ့တင်သံတွေ ရောက်ရှိ သွားမည်။ သူ့အသံကို သူတို့တွေက စာနာ နားလည်ကြမည်။ သို့သော် ဤ မြို့ကလေးထဲမှ နေ၍ အသံကုန် အော်ဟစ်ရသည်မှာ မောလှစွာ၏။ အသံလည်း အလွန်နာပါ၏။ မောသော ကြောင့်၊ အသံနာသောကြောင့် မြို့ကလေးထဲက လမ်းတွေပေါ်မှာ သူ လမ်းလျှောက်၏။ လမ်းလျှောက်နေသော သူ၏ ရင်ထဲက အသည်းနှလုံးတွင် ဒဏ်ရာရထားသည်။ ဒဏ်ရာသည် တစ်ချက်တစ်ချက်တွင် အလွန်နာလှ၏။ ဖေးမသူလည်း မရှိပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သူသည် ဒဏ်ရာရထားသော အသည်းနှလုံးကို ထွေးပိုက်လျက် လမ်းဆက်လျှောက်နေ၏။ မြို့ကလေးထဲမှာ နေထိုင်နေရသည့်အတွက် အသည်းနှလုံးတွင် ဒဏ်ရာရရှိနေခြင်း ဖြစ်သည်။ မြို့ကလေးထဲမှာ ကြာရှည်နေထိုင်လေ၊ သူ၏ အသည်းနှလုံးသည် ဒဏ်ရာ ပြင်းထန်လေ ဖြစ်မည်။ နာသည်။ နာလှသည်။

တော်ပြီ။ သူ့ဘဝကို ထူးခြားပြောင်းလဲစေမည် မဟုတ်သည့် သူ၏ မြို့ကလေးအကြောင်းကို တွေးရသည်မှာ အတွေးထဲမှာပင် နှင်းဆီ၏ အရိပ်အယောင် အစအနကိုမတွေ့ရပြီ။ သူက သူ့ဘဝ၏ လမ်းမပေါ်မှာ ရွှေရောင်နေခြည်ကို တွေ့မြင်ချင်သေးသည်။

ထို့ကြောင့် သူသည် အရွယ်ရှိဆဲမှာပင် ရန်ကုန်ရွှေမြို့တော်သို့ အပြီးအပိုင် ထွက်ပြေးချင်သည်။ ရန်ကုန်မြေပေါ်သို့ ခြေချခွင့် ကြုံသည့်အခါတိုင်း ထိုမြေအပေါ် ခင်တွယ်နှစ်လိုမှုကို သူ အမြဲခံစားရတတ်၏။ သည်နေရာဟာ ငါ နေသင့်သည့် နေရာဟုလည်း အမြဲသဘောပေါက်တတ်၏။ သူ့ဘဝ၏ တန်ဖိုးကို မြှင့်တင်ပေးမည့် မြို့။ မြို့ပြပီသသော မြို့။ သူ၏ သွေးသားထဲက အနုပညာချစ်ရမ္မက်ကို အစဉ်အမြဲ လှုံ့ဆော် နှိုးဆွနေတတ်သော မြို့။ ရန်ကုန်မှာသူဝယ်ယူသိမ်းဆည်းလိုသောအင်္ဂလိပ်ဘာသာနှင့်ဝတ္ထု၊ကဗျာစာအုပ်လေးတွေ အစဉ်ရှိနေတတ်သည်။ ထုတ်ဝေသူတွေ၊ စာအုပ်တိုက်ကြီးတွေ၊ မဂ္ဂဇင်းတိုက်တွေရှိသည်။ သူ စကားဆိုချင်နေသော၊ သူ လိုလားသော စာပေသမားတွေ ရှိ၏။ သူ၏ စိတ်ကူးရုပ်ပုံတွေကို အကောင်အထည် ဖော်ဆောင်ပေးနိုင်သည့် အခွင့်အရေးတွေလည်း ကြုံလာနိုင်သည်။ အဲဒီ ရန်ကုန်မြို့တော်သို့ သူ သွားလိုလှပါပြီ။ သူ ထွက်ပြေးချင်ပါပြီ။ မြို့ငယ်ကလေးကို စွန့်ခွာရမည်။

ထိုကဲ့သို့ မြို့ငယ်လေးကို စွန့်ခွာကာ အဝေးသို့ ထွက်ပြေးမည် ကြံရွယ်တိုင်း အမေ၏ ရုပ်ပုံလွှာက ရင်ထဲသို့ စီးဆင်းလာတတ်ပြန်သည်။ အမေ့အသက်က ခုနစ်ဆယ်အနီးသို့ပင် ချဉ်းကပ်နေပြီ။ အမေ့ကို ထားပစ်ခဲ့၍လည်း မသင့်လျော်။ ခေါ်ဆောင်သွားလို့လည်း မဖြစ်။ သည်လိုနှင့်ပင် သူ၏အသက်သည် ကြီးရင့်သွားပေတော့မည်။ ဟိုမှာ မလှုပ်ရှားသာတော့သော အရွယ်သို့ သူ ရောက်ရှိသွားပေတော့မည်။ မြို့ငယ်ကလေးအား မစွန့်ခွာဖြစ်ဘဲ၊ သူလည်း ဘာမျှ ဖြစ်မြောက်မလာဘဲ သူ၏ဘဝတစ်ခုသည် ဆုံးပါး ပျက်ကြွေသွားရတော့မည်လား။ ထိုသို့ဆိုလျှင် အင်မတန် ကြေကွဲဖွယ်ရာ ဖြစ်ရပ်ငယ်တစ်ခုသည် ဤကမ္ဘာမြေပေါ်တွင် တိုးပွားရှင်သန်ရပေပြီ။

မည်သို့ပင်ဖြစ်စေ အခုတော့ သူ စိတ်လျှော့ရ၏။

ဩော်... မည်သည့်မြို့ကိုမှ မသွားနိုင်သည့်အတူတူ အိမ်မှာ ညီ၊ ညီမလေးတွေနှင့် နေထိုင်ရလျှင် အဘယ်မျှ ကောင်းမည်နည်းဟု သူ တွေးမိပြန်သည်။ ညီ၊ ညီမလေးတွေရှိပါက သူတို့ဆီမှ ပျော်ရွှင်မှုနှင့် အင်အားကို မျှော်လင့်နိုင်သေး၏။

အမေသည် သူ့ကိုမွေးဖွားပြီးသူ့အတွက်ညီမငယ်တစ်ယောက်ကိုအဘယ့်ကြောင့် မွေးဖွားမပေးခဲ့ပါသနည်း။ ဤသည်မှာ အမေ မတရားဘူး ထင်၏။ အို...ဖန်ဆင်းနိုင်သော
mgyoe.com

mgyoe.com
SAMPLE BOOK

တန်ခိုးရှင်၊ အရှင်သည် သူ့အတွက် သူနှင့် မောင်နှမ တော်စပ်ရမည့် ဆယ့်ကိုးနှစ်အရွယ် လူမိန်းမငယ်တစ်ယောက် ဖန်ဆင်းပေးနိုင်အံ့လော။

သူသည် ညီမလေးတစ်ယောက်ကို အပြင်းအထန် အလိုရှိနေ၏။

'ညီမလေး' ဟူသော ဝေါဟာရလေးကို သူ့နှုတ်က တိုးတိုး ခေါ်ရွတ်ကြည့်သည်။ အလှဗေဒနှင့် ပြည့်ဝသည့် ကဗျာတစ်ပုဒ်၏ ခေါင်းစီးလေးကို ရွတ်ဆိုနေရသလိုပင်။ ရင်ထဲမှာ၊ လျှာပေါ်မှာ အရသာ ရှိလှစွာ၏။ အံ့ဖွယ်ချစ်ဖို့ကောင်းသော ညီမလေး။ စတီရီယို အဆိုတော်မလေး မေဆွိ၏ ဆံပင်ပုံစံမျိုးနှင့် ရုပ်အဆင်းအားဖြင့် လှပပြေပြစ်သူ ညီမလေး။

ညီမလေးက တက္ကသိုလ်ကျောင်းတော်မှာ ဓာတုဗေဒ တတိယနှစ် ကျောင်းသူကလေး။ စာတော်သည်။ အားကစား ခုံမင်သည်။ တေးဂီတ အနုပညာဘက်မှာ အထူးချွန်ဆုံး။

တက္ကသိုလ် ဂီတပွဲတော် ကျင်းပချိန်။

ဂီတပွဲအစီအစဉ်ကြေညာသူသည် ဓာတုဗေဒ တတိယနှစ် ကျောင်းသူလေး အေးမြွန်က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမည့်အကြောင်း ကြေညာလိုက်သည်။ ညီမလေးသည် စင်မြင့်ပေါ်သို့ တက်လာ၏။ ချိတ်ထဘီအဖြူ၊ အင်္ကျီအဖြူ။ ကြိုဆိုရေး လက်ခုပ်သံများ လျှံထွက်လာသည်။ နွေးထွေးဖွယ်။ ညီမလေးကိုယ်တိုင်ကလည်း မိမိကိုယ်မိမိ ယုံကြည်အားကိုးမှု ပြည့်ဝစုံလင်လျက်။ စင်မြင့်ပေါ်မှ ညီမလေးသည် စင်မြင့်ပေါ်မှ မေဆွိပေလား။

ညီမလေးသည် မိုက်ကရိုဖုန်းတိုင်ရှေ့သို့ ရောက်ရှိလာပြီ။ သီချင်း သီဆိုဖို့အဆင်သင့်ဖြစ်နေပြီ။ ညီမလေးသည် အပြုံးချိုချိုဖြင့် ဧည့်ပရိသတ်ကို ပထမ ဦးညွှတ်လိုက်သည်။

ရော့ခ်အင်ရိုးလ် တေးသွားသည် စိတ်လှုပ်ရှား ဆူဝေဖွယ်ပင်။ ညီမလေးသည် အိုလီဗီယာ၏ 'နွေချိန်ခါ ကြေကွဲမှု' သီချင်းကို စတင် သီဆိုနေသည်။ ညီမလေးမှာ ကိုယ်ဟန်လေးက ခပ်ကြော့ကြော့။ ခေါင်းကလေးက ခပ်မော့မော့။ ညီမလေးသည် ခေါင်းပေါ်က ဆံပင်စလေးတွေကို ဘယ်ညာ ဖြည်းညင်းစွာ ယမ်းခါလျက် သီချင်းကို သီဆိုနေသည်။ ဟောဒီလောကကြီးအတွင်းမှာ ညီမလေး ကြောက်ရွံ့တုန်လှုပ်ရမည့်သူ တစ်ယောက်မျှ ရှိပုံမရ။ ညီမလေးမှာ ပညာ ရှိသည်။ ပျို့ရွယ်လှပမှု ရှိသည်။ အနုပညာ ရှိသည်။ ရိုးသား စင်ကြယ်မှု ရှိသည်ပဲလေ။ ညီမလေး မည်သူ့ကို ကြောက်ရွံ့နေဖို့ လိုအပ်ပါမည်လဲ။

ညီမလေးသည် 'နွေချိန်ခါ ကြေကွဲမှု' သီချင်းလေးကို သီဆိုပြီးသွားသည်။ ဆက်တိုက်ပင် လင်ဒါရောစတက်ဒ်၏ 'ဘလူးဘိုင်ယူ' သီချင်းကို သီဆိုသည်။ တီးဝိုင်းမှ သံစဉ် ပြောင်းလဲသွား၏။ ညီမလေး၏အမူအရာ ပြောင်းလဲသွားသည်။ ညီမလေး အရမ်း တည်ငြိမ်သွား၏။ ကြည့်၊ ညီမလေးသည် 'ဘလူးဘိုင်ယူ' ကို လှိုက်လှဲ ကြေကွဲစွာ ဆိုနေသည်။ အာရုံယူပြီး ဆိုနေသည်။ စိတ်သွင်း ခံစားပြီး ဆိုနေသည်။ ဘဝအလွမ်း၏ အမှတ်

mgyoe.com

mgyoe.com SAMPLE BOOK
အသားဖြစ်သော နေရာဟောင်းလေးဆီသို့ အသေအချာ ပြန်လည် ရောက်ရှိရမည် ဟူသော ယုံကြည်မှုအင်အားသည် ညီမလေး၏ အသံထဲတွင် စီးဆင်း စိမ့်ဝင်နေ၏။

ဘလူးဘိုင်ယူ အပြီးမှာ လေဘာတီ မမြရင်၏သီချင်းကို ညီမလေး ဆက်ဆိုသည်။ 'ရွှေပြည်စိုး'။ ညီမလေး၏ အသံလေးကား ချိုလွင်စေးပိုင်လှချေ၏။ 'အစ်ကိုများက မြှောက်စားပေမယ့် ဟိုတုန်းကလောက် မပျော်တယ်' တဲ့။ ငယ်ဘဝ လွမ်းဆွတ်မှု။

သီချင်းသုံးပုဒ်ကို ဆက်တိုက် သီဆိုအပြီးမှာ ညီမလေးသည် ပရိသတ်ထံသို့ လက်အုပ်ကလေးချီ၍ ဂါရဝပြုလိုက်၏။ အထူး ကျေးဇူးတင်ရှိပါသည်ရှင်။ ရွှေပွဲလာ ဧည့်ပရိသတ်သည် အခုမှ လှုပ်ရှားဖို့ သတိရသွားကြသည်။ လက်ခုပ်သံများကား တက္ကသိုလ် အဆောက်အအုံတွေ အားလုံးကိုပင် ယိမ်းထိုးလှုပ်ခါသွားစေနိုင်သည်ဟု မှတ်ထင်ရ၏။

ထိုညက တက္ကသိုလ် ဂီတပွဲတော်သည် ညီမလေး၏ ပွဲတော်လေး အမှန်တကယ် ဖြစ်ခဲ့၏။

📄

တက္ကသိုလ်နယ်မြေတွင် ကောင်းမွန်မှုဖြင့် ကျော်ကြားသော ညီမလေး။ ထို ညီမလေးသည် အိမ်က အစ်ကို့အပေါ်မှာ ကြင်နာမှုအရှိဆုံး။ စာနာ နားလည်မှု အရှိဆုံး။ သူ၏ ကဗျာကို ညီမလေးက နားလည်သည်။ ချစ်သည်။ 'အမုန်း' ဆိုသော ကဗျာလေးကို အဘယ်နောက်ခံဖြင့် သူ ရေးဖွဲ့ခဲ့ကြောင်း ညီမလေးက သိ၏။ တစ်ချက်ချက် မြည်နေသော နာရီတစ်လုံး၏ ခြောက်လှန့်မှုထဲမှာ ငှက်ငယ်ကလေး စိုးထိတ်နေတတ်သော သဘောကို ရေးထားသည့် ကဗျာကိုလည်း ညီမလေးသည် နားလည်၏။

"ကိုကို့ကို ပျော်ရွှင်လွတ်လပ်တဲ့ ကမ္ဘာလေးထဲမှာ ကဗျာတွေ၊ စကားပြေတွေ၊ ပန်းချီကားတွေ၊ သီချင်းတွေ၊ ပန်းပွင့်တွေနဲ့အတူ ညီမလေး တွေ့မြင်ချင်လှပါပြီ၊ အဲဒီလို ကမ္ဘာကလေးထဲမှာ ကိုကို အေးအေးဆေးဆေး နေထိုင်ရအောင် ညီမလေးက ပညာတွေ ထူးချွန်စွာ သင်ယူထားရမယ်။ ညီမလေး မဟာသိပ္ပံ အောင်ပြီးရင် စိတ်ညစ်စရာ ငွေရှာမှုကို ကိုကို မလုပ်ရဘူးနော်၊ ကိုကို့ရဲ့ အခုနေရာမှာ ညီမလေး ဝင်လာမယ်လေ၊ ကိုကိုက အနုပညာ အလုပ်ပဲ လုပ်ရမယ်"

ညီမလေး၏ စကားလုံးလေးများသည် သူ့ရင်ထဲမှာ ပန်းပွင့်လေးတွေ ဖြစ်သွားကြသည်။ သူသည် ညီမလေး၏ ပျိုရွယ်သော မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေမိ၏။ သူ့ရင်ထဲမှာ အဘယ်အရာနှင့်မျှ မနှိုင်းယှဉ်သာသော ချမ်းမြေ့မှုကို ခံစားရသည်။ ညီမလေးသည် သူ့အတွက် ခရမ်းရောင်ပန်းပွင့်တွေ ပွင့်သော သုခသစ်ပင်ငယ်။ ညီမလေးသည် သူ့အတွက် ကဗျာ။ ညီမလေးသည် သူ့အသည်းနှလုံးအတွက် အလင်းရောင်။

📄
mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ရင်ထဲတွင်၊ သူ့အိမ်လေးထဲတွင် ပျော်ရွှင်မှုပန်းပွင့်တွေ ပွင့်စေသော ညီမလေး။ ပျော်ရွှင်မှု သစ်သီးတွေ ဝင်းမှည့်စေသော ညီမလေး။ ပျော်ရွှင်မှု ခေါင်းလောင်းလေးတွေ လှုပ်နိူးတတ်သော ညီမလေး။

မဂ္ဂဇင်းမှာပါလာတတ်သည့်သူ့ကဗျာတွေကို စောင့်မျှော်ဖတ်တတ်သောညီမလေး။ မဂ္ဂဇင်းတွင် စောင့်ရသည်မှာ ကြာမြင့်လာသည့်အခါ "ကိုကို့ လက်ရေးစာမူလေးတွေ ပေးဖတ်ပါဦး" ဆိုပြီး သူ၏ စာရေးစားပွဲအံဆွဲကို မွှေနှောက်ကာ ကဗျာ ရှာဖွေတတ်သော ညီမလေး။

နံနက်ခင်းတွင် အိပ်ရာက နိုးလျှင်ပဲ ခိုင်ထူး၏ 'တို့လာတယ်' သီချင်းလေးကို အော်ဆိုနေတတ်သော ညီမလေး။ ညအိပ်ရာဝင်ခါနီးမှာ အက်ဒီ ရက်တစ်၏ 'မိုးသည်းညလေး ငါ ချစ်သည်' သီချင်းလေးကို ညည်းဆိုနေတတ်သော ညီမလေး။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ ဂျင်းဘောင်းဘီနှင့် တီရှပ်ကို ကျနစွာ ဝတ်ဆင်ပြီး ကိတ်မုန့်ဖုတ်ကာ သူ့ကို ကျွေးမွေးတတ်သော ညီမလေး။

အလို... အဲဒီ ညီမလေးက အခု ဘယ်မှာလဲ။ ကဲ... ပြောစမ်းပါဦး။ ညီမလေး ဘယ်မှာလဲ။

တစ်အိမ်ကျော်မှ ရေဒီယို၏ အသံကို မကြားရတော့။ ဖွင့်ထားသော ပြတင်းပေါက်မှ လေအေးလေးတွေ တစ်သုတ်ပြီးတစ်သုတ် ဝင်လာသည်။ ကပ်လျက်အိမ်မှ ဂစ်တာသံ သဲ့သဲ့ကို သူ့အခန်းလေးထဲမှ ကြားနေရသည်။ 'ဟိုဘက်အိမ်မှ အဲလစ်' သီချင်းသွား။ ဂစ်တာသံသည် လေးအေးလေးတွေနှင့်အတူ လိုက်ပါလာခဲ့သည်လား။ ရုတ်တရက် သူ့ကိုယ်မှာ အေးမြလာသည်ကို သတိထားမိလိုက်၏။ ခွေးခြေအဟောင်းလေးပေါ်မှ သူ ထသည်။ ပြတင်းပေါက်ကို ပိတ်သည်။ အိပ်ရာဆီသို့ သူ ဖြည်းညင်းစွာ လျှောက်သွားသည်။ ရောက်သော် ခုတင်ပေါ်မှာ အသာ ပက်လက်လှန်လိုက်၏။ ဘာရယ် မဟုတ်ဘဲ အမိုး မျက်နှာကြက်ကို ငေးကြည့်နေမိသည်။ သူနှင့် နီးကပ်လွန်းလှ၏။ သူ့အပေါ် ပိကျတော့မည်လား အောက်မေ့ရသည်။

မကြာမီမှာပင် အိမ်ဦးခန်းဆီမှ အမေ၏ ဘုရားရှိခိုးသံကို ကြားလာရ၏။ ပြီးလျှင် အမေ၏ ခြေသံရှပ်ရှပ်ကို ကြားလာနိုင်ဖွယ် ရှိသည်။ သူကတော့ သည်ည အိပ်မက်ထဲမှာ ညီမလေးနှင့် တွေ့ချင်သည်။ ဒါပဲ သိ၏။ ဒါပဲ သူ သိချင်တော့၏။

*ရှုမဝ ရုပ်စုံမဂ္ဂဇင်း၊ မေလ၊ ၁၉၈၅ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ကဖေးဆိုင်လေးသို့

## (၁)

မှောင်ရီစပြုပြီ။ မီးခလုတ်များကို ဖွင့်နေကြပြီ။ အိမ်များအတွင်း၌ လျှပ်စစ်မီး၏ အလင်းရောင်များဖြင့် ကြည်လင်လာသည်။

အမေ့အိမ်တံခါးဝမှ အပြင်ဘက်သို့ ရဲထွဋ် ထွက်လိုက်သည်။ အိမ်ပေါက်ဝမှ အပြင်ဘက်သို့ ထွက်လျှင်ထွက်ချင်း၊ လမ်းမပေါ်သို့ တိုက်ရိုက် မရောက်နိုင်။ အမေ့ အိမ်ရှေ့တွင် အိမ်ကြီးတစ်အိမ်ကို ကျော်ဖြတ်ရ၏။ ထိုအိမ်ကြီးမှ လူတစ်ယောက်စ၊ နှစ်ယောက်စနှင့် မျက်နှာချင်း ဆုံတတ်ရသေး၏။ ဤအနေအထားကို ရဲထွဋ် မနှစ်သက်၊ မလိုလား။

ရဲထွဋ် နေထိုင်သော အိမ်ရှေ့တွင် မဟော်ဂနီ ရွက်လှပန်းပင်တွေ ရှိနေစေချင်သည်။ ဝေဆာရွှန်းစိုလျက်။ ရွက်လှပန်းပင်တွေကို ဆေးအဖြူသုတ်ထားသော ပန်းအိုးများထဲ၌ စနစ်တကျထည့်၍ စိုက်ပျိုးထားခဲ့ရမည်။ ရွက်လှပင်၏ သစ်ရွက် ညိုနီစိမ်းပြာတို့သည် လူသား၏ အမြင်အာရုံကို ကြည်လင်စေမည်။ လူသား လိုအပ်သော အောက်ဆီဂျင်ဓာတ်ကိုလည်း လုံလောက်စွာ ထုတ်လွှတ်ပေးမည်။ သန့်ရှင်းစင်ကြယ်သည့် လေကို လူသားရှူရှိုက်နိုင်ဖို့ ရွက်လှပင်တွေက ကူညီကြမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ရွက်လှပင်တွေကို ကျော်လွန်သောအခါ ခရမ်းရောင်၊ ပန်းနုရောင်၊ အဖြူရောင် အပွင့်များ ရောစပ်ပွင့်ဝေသည့် စက္ကူပန်းရုံထူထူထဲထဲလေး ရှိနေစေချင်သည်။

ထောင့်နား၌ ရေကန်လေးတစ်ကန်။ ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသည်။ ရေကန်ထဲသို့ အပေါ်ရေပိုက်ခေါင်းမှတစ်ဆင့် ရေပန်းတွေ ဖြာကျနေမည်။ ရေကန် အနီးတွင် ယူကလစ်ပင်ပျိုလေးတစ်ပင်။ ယူကလစ်ရနံ့ကား လူသား၏ ရင်ခုန်မှုကိစ္စအတွက် သင်းမြနေလိမ့်မည်။ ယူကလစ်ပင်၏ အနီးတစ်ဝိုက်၌ နှင်းဆီပန်းခင်း။ နှင်းဆီ၏ ထုံယစ် မွှေးမြရနံ့သည် လူ့နှလုံးသားကို ဆွတ်ချူနေလိမ့်မည်။

အိမ်ရှေ့ဥယျာဉ်ငယ် ဖွဲ့စည်းထားမှုကို မျဉ်းသားပိုင်းခြားထားသည့် အထိမ်းအမှတ်အဖြစ် ဝင်းကလေး၊ ခြံကလေးကို သပ်ရပ်စွာ ခတ်ထားရမည်။ ခြံဝင်းကို အပြာနုရောင် ဆေးပါးပါးဖြင့် ခြယ်သထားရမည်။ ခြံဝင်းရှေ့တွင် လူသူလေးပါး သွားလာသော လမ်း ရှိနေရမည်။ ကမ္ဘာကျော် ရိုးစ်ရှိုက်ကားများ ဥဒဟိုဖြတ်သန်းနေသော နိုင်လွန်ကတ္တရာ လမ်းမကျယ်ကြီး မဟုတ်ခဲ့လျှင်လည်း ရှိပါစေ။

လမ်းကလေးသည် ကျောက်စရစ်ခင်း လမ်းကလေး ဖြစ်နေရမည်။ သို့သော် ညက်ရမည်။ သိပ်သည်းမည်။ ပြန့်ပြူးညီညာရမည်။ အတန်အသင့် ကျယ်မည်။ ထိုလမ်းကလေးပေါ်၌ ကျောင်းကို သွားမည့် ကျောင်းသား၊ ကျောင်းသူလေးတွေ စက်ဘီးလေးတွေ ကိုယ်စီနင်းသွားကြသည်ကို တွေ့ချင်၏။ အဖြူနှင့် အစိမ်းကို ပျိုမျစ်သူတို့ ကိုယ်ပေါ်မှာ ဆင်ယင်ထားခြင်းသည် တင့်တယ်လှပ၏။ ဤသည်မှာ ရဲထွဋ်၏ ရင်ကို စိမ်းစို လန်းဆန်းစေ၏။ သည်ကိစ္စအတွက် တစ်စုံတစ်ယောက်ကို ကျေးဇူးတင်ချင်သည်။

နောက်ပြီး တောလက်ကျေးရွာတစ်ရွာမှ မိန်းကလေးတစ်ဦး။ အပြောအဆို၊ အမူအရာ၊ အဖွဲ့တွဲဆိုင်ရာလွန်စွာရိုးသားဖြူစင်သည်။ ထိုမိန်းကလေးသည် ရပ်ကွက်အတွင်းသို့ ပန်းရောင်းရန် လာလေသည်။

မိန်းကလေးသည်—

"ဟောဒီက ပန်းသည်ရှင့်၊ အောင်သပြေတွေ လှတယ်၊ စံပယ်တွေ မွှေးတယ်၊ နှင်းဆီတွေ အပွင့်ရဲတယ်၊ မြတ်လေးပန်းတွေလည်း ပါတယ်နော်"

ဟု အသံလွင်လွင် အော်ဟစ်လျက် ရဲထွဋ်တို့အိမ်ရှေ့ လမ်းမပေါ်မှာ ဖြတ်သန်းသွားမည်။ ထိုလမ်းမပေါ် ရှုခင်းလေးများအားလုံးကို ရဲထွဋ်သည် ယူကလစ်ပင်ပျိုအောက်မှာ ထိုင်လျက် ကြည့်နေချင်သည်။ အလွန်တရာ ကြည်နူးဖွယ်ရာကောင်းသော နံနက်ခင်းကလေး။ ဒါကို ရင်ထဲ ထည့်သွင်း သိမ်းဆည်းထားလိုက်ခြင်းဖြင့် တစ်နေ့တာလုံး အားရှိစွာ နေထိုင်သွားနိုင်မည်။

သို့သော် ယခုမူ ရဲထွဋ်သည် အိမ်ကြီးတစ်အိမ်ကို ကျော်ဖြတ်ပြီးမှသာ လမ်းမပေါ်သို့ ရောက်နိုင်၏။ နောက်ပြီး ရဲထွဋ် အခု မျက်မှောက်ပြုနေရသော အချိန်သည် နံနက်ခင်းလည်း မဟုတ်ပြီ။ ညဦး နွမ်းလျရီဝေစွာ ခံစားနေရသည့် မိတ်ဆွေမဆန်သော ညဦး။

mgyoe.com

mgyoe.com SAMPLE BOOK

ဖွဲ့တည်ဆဲ ရင်တွင်းခံစားမှုနှင့်သာ တိုင်းတာပြောဆိုရမည်ဆိုလျှင် စိမ်းကားသော ညဦး။ ရက်စက်ဖို့ အားယူနေသော ညဦး။

(၂)

စိတ်သဘောချင်း အတန်အသင့် ညီညွတ်နိုင်မည့် သူငယ်ချင်းတစ်ယောက်နှင့်အတူ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ သွားထိုင်ရလျှင် ကောင်းမည်။ ထိုအတွေးဖြင့် ရဲထွဋ် လမ်းပေါ်သို့ ရောက်လာ၏။ ပထမဦးစွာ သူငယ်ချင်းတစ်ယောက်အိမ်သို့ သွား၏။ မတွေ့။ နောက်တစ်လမ်းသို့ ချိုးကွေ့လိုက်သည်။ ဒုတိယ သူငယ်ချင်းတစ်ယောက်၏ အိမ်သို့ ရဲထွဋ် ဝင်ပြန်သည်။ မတွေ့ရပြန်။

"အခုလေးတင် အပြင်ထွက်သွားပြီ"

သူငယ်ချင်း၏ဖခင်က ပြောလိုက်သည်။

လမ်းမပေါ်တွင် ရဲထွဋ်တစ်ယောက်တည်း လမ်းလျှောက်နေ၏။ စိတ်ထဲ၌ မကျေမချမ်း ဖြစ်သွားသလို ခံစားရသည်။ သည်လူနှစ်ယောက်ကို မတွေ့ခဲ့ရ၍ ဖြစ်မည်။ အို... ကိုယ်တိုင်က မှားတာပဲ။ အဘယ်ကြောင့် ဝင်ခေါ်နေရသလဲ။ ယခုလို တကူးတက သွားခေါ်ပြီးမှ မတွေ့ရသောအခါ စိတ်ထဲမှာ ကသိကအောက် ဖြစ်ရပြီ မဟုတ်လား။ စိတ်သည် ခဏငယ်များအတွင်း၌ တစ်စုံတစ်ရာ ရှုံးနိမ့်သွားသည်။ အဘယ်ကြောင့် အဖော်လိုအပ်ရသနည်း။ စိတ်က အခြားလူသားတစ်ယောက်အပေါ် မှီခိုအားပြုချင်သည့် သဘောပင်လော။ အားပြုဖို့ မလို။ မည်သည့်အရာကိစ္စမဆို တစ်ကိုယ်ရည်အင်အားနှင့် ရင်ဆိုင်နိုင်ရမည်။ ဟော... အခု ရဲထွဋ် လမ်းမပေါ်မှာ တစ်ကိုယ်တော် လမ်းလျှောက်နေသည်။ တို့ ဘယ်ကို သွားကြမည်။ တို့ ဘယ်မှာ ထိုင်ကြမည်။ မည်သူနှင့်မျှ အဖော်ညှိရန် မလို။ ဗဟုဝစ်ကိန်းကို အသုံးပြုရန် မလို။ လွတ်လပ်သည်။ သူငယ်ချင်း၊ မိတ်ဆွေ၊ အပေါင်းအသင်း ဆိုသည်မှာ အနှောင်အဖွဲ့ တစ်မျိုးပင် ဖြစ်၏။ မိမိ၏ သီးခြားဆန်၊ တန်ဖိုးရှိအချိန်များကို သူတို့တွေက ပြန့်ကျဲ ပျက်စီးစေနိုင်သည်။ သေလွန်ပြီး ဝိညာဉ် ပျံသန်းထွက်ခွာသောအခါ သူငယ်ချင်း လိုက်ပါ၍ ရနိုင်မည်လား။

'သူငယ်ချင်း' ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ရဲထွဋ် စူးစမ်းကြည့်မိ၏။ သူငယ်ချင်းဟူသော ဝေါဟာရ၏အောက်တွင် အချက်အလက်တချို့ ရှိနေရမည်။ ငယ်စဉ်ကတည်းက ချစ်ခင်ရင်းနှီးစွာ ပေါင်းဖော်ခဲ့သူ။ ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေတစ်ယောက်၏ ကောင်းကျိုးကို တစ်ယောက်က လိုလားမည်။ တစ်ယောက်၏ ဒုက္ခကို တစ်ယောက်က ဖေးကူသက်သာစေမည်။ ထိုအချက်တွေ ခြုံငုံသက်ရောက်နေမှုကို သူငယ်ချင်းဟု ခေါ်သည် ဆိုပါစို့။ သို့ဖြစ်လျှင် ရဲထွဋ်၌ သူငယ်ချင်း ရှားပါးလှချေ၏။ ငယ်စဉ်က ကစားဖော်ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးသည် ယခု နွားလှည်း မောင်းနေ၏။ နောက်တစ်ဦး

mgyoe.com SAMPLE BOOK

က အဝေးပြေးကား မောင်းနေသည်။ ကောင်မလေးတစ်ယောက်က အိမ်ထောင်ကျကာ ချမ်းသာလျက် ရှိ၏။ ဘဝတွေ ဝေးကွာသွားကြပြီ။ လမ်းတွေ့ နှုတ်ဆက်ရုံမျှသာ။ ငယ်စဉ်ကတည်းက ယခုထိ ဆက်လက်ပေါင်းသင်းနေ ဖြစ်သော သူငယ်ချင်း ရဲထွဋ်၌ မရှိ။

သည်မြို့အတွင်းမှာ ရဲထွဋ်ရှ လောလောဆယ် ဆက်ဆံနေသော လူငယ်မိတ်ဆွေ အသင့်အတင့် ရှိပါ၏။ ပြန်လည်စဉ်းစားကြည့်သောအခါ ထိုမိတ်ဆွေများသည် ရဲထွဋ်နှင့် လမ်းပေါ်မှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ပွဲတော်တွေထဲမှာ မတော်တဆ တိုးတိုက် ခင်မင်ခဲ့ကြ သူများသာ ဖြစ်နေ၏။ တွေ့ကြစဉ်အခိုက်၊ တစ်ယောက်နှင့်တစ်ယောက် ပြေလည် သင့်မြတ်ရုံ အဆင့်မျှသာ ရည်ရွယ်ပေါင်းသင်းခဲ့ကြ၏။ ပေါ့ပါးသည်။ ရဲထွဋ်၏ အတွင်းကျကျခံစားမှုကို သူတို့အား ပြောမပြဖြစ်ခဲ့။ ပြောပြထိုက်သူလည်း မရှိ။ မရှိသည်ကို ရှာမနေချင်။ ခုလို သူငယ်ချင်းရယ်လို့ သိပ်ပီပီသသ မရှိလှဘဲ၊ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် နေထိုင်ရသည်ကိုက ကျေနပ်ဖွယ် ကောင်းနေ၏။ အနှောင်အဖွဲ့ မှ ကင်းလွတ်နေ၏။ သည်လိုပင် ဖြေသာအောင် ခံယူလိုက်သည်။

## (၃)

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀ အမြင့်ရှိသော မြို့ကလေးအတွင်းက လမ်းပေါ်မှာ ရဲထွဋ်ရှ လမ်းလျှောက်နေသည်။ တစ်ယောက်တည်း။ အဖော်မဲ့။ ဟိုစဉ်ကလည်း သည်လိုပင် သည်မြို့ထဲက လမ်းတွေပေါ်မှာ မကြာခဏ တစ်ယောက်တည်း ဖြစ်ခဲ့ရဖူး၏။ သို့သော် ထိုသို့ဖြစ်ခဲ့ရသည်မှာ အိပ်မက်ထဲမှာလား၊ တကယ်လား၊ ဇဝေဇဝါ တွေးကြည့်မိသည်။ အိပ်မက်ထဲမှာလိုလို၊ လက်တွေ့ရုပ်ကမ္ဘာထဲမှာလိုလို။ သည်လမ်းလေးပေါ်မှာ ယခင်ကလည်း သည်လိုခံစားမှုတွေနှင့် သည်အတိုင်း လမ်းလျှောက်ဖူးပါသည်။ အဲ့ဒါအိပ်မက်ထဲမှာလည်း ဖြစ်ဖူးမည်။ လက်တွေ့ရုပ်ကမ္ဘာထဲမှာလည်း ဖြစ်ဖူးမည်။ အိပ်မက်နှင့် ဖြစ်ရပ်မှန်များသည် ရဲထွဋ်၏ ဘဝခရီးထဲတွင် ရောထွေးနေသည်။ မည်သို့ပင်ဖြစ်စေ အထီးကျန်သော၊ အဖော်မဲ့သော ခံစားမှုတွေက ရဲထွဋ်၏ ဘဝကို အစဉ်စိုးမိုးနေတတ်သည်။

မင်းကသာ ပစ်မသွားခဲ့ရင်...၊

မင်းက ပစ်ခွာမသွားခဲ့ဘူး ဆိုလျှင် ယခုလို အထီးကျန် ဖြစ်ချင်၍ပင် ဖြစ်ရမည် မဟုတ်။

"အစဉ်အမြဲကို တစ်ယောက်တည်းကိုပဲ ချစ်ပါတယ် ကိုရယ်၊ တွေ့ခွင့်ရတဲ့ အခါတိုင်း မှာလည်း ကို့ကို အချစ်တွေ ပုံပေးပြီး ချစ်ခဲ့တယ် မဟုတ်လား"

ချစ်သူ မစု၏ စကားသံကို ပြန်လည် ကြားယောင်လာမိသည်။ အချစ်တွေကို ဦးသစ်သော ရွှေစင်ကို။ ဒါကို ကိုယ့်အတွက် ပေးအပ်လိုက်ပြီးသောအခါ မင်းက ကိုယ့်အပေါ် တစ်သက်စာ တာဝန်ကျေပွန်သွားပြီလား။ သည်လိုပဲ မင်း ယူဆသလား။

mgyoe.com

mgyoe.com SAMPLE BOOK

အချစ်ကို ပေးခြင်းသည် ဘဝကို ပေးခြင်း မမည်။

ရဲထွဋ်ကမူ လောကကြီးထဲမှာ ချစ်ရသူနှင့် နှစ်ယောက်အတူ နေချင်သည်။ ရှည်လျားသော ကာလများအထိ နေချင်သည်။ ဟောသည် လောကကြီးအတွင်းမှာ ကိုယ်တို့ နှစ်ဦးအတွက် ပျော်ရွှင်ဖွယ်ရာတွေ များစွာ ကျန်ရှိနေနိုင်သေးသည်။ ကိုယ့်အတွက်။ မင်းအတွက်။ အချစ်မေတ္တာအတွက်။ မွေးဖွားလာမည့် သမီးလေးအတွက်။ လောကကြီး၏ ကောင်းကျိုး တစ်စုံတစ်ရာအတွက်။ ကိုယ်တို့နှစ်ယောက် အတူလက်တွဲပြီး ဆောင်ရွက်ကြရမည်။

နှစ်ယောက်အတူ။ နှစ်ယောက်အတူဆိုလို့ ချစ်သူဘဝက တစ်ခါမျှ ရုပ်ရှင် အတူ မကြည့်ခဲ့ ကြဖူးသည်ကို သတိရမိ၏။ လူအများရှေ့တွင် ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာ မဖြစ်နိုင်သော ချစ်သူနှစ်ဦး။ ချစ်သူ၏လူကြီးမိဘတွေ မသိအောင် ချစ်ကြသော ချစ်သူ နှစ်ဦး။ လူတွေကို ရှောင်ကွင်းလျက်သာ ချစ်ခွင့်ဖန်တီးကြရ၏။ သို့ဖြင့် လုံခြုံစိတ်ချရသော အာဝါသမှာပင် နှစ်ယောက်အတူ ခိုလှုံတတ်လာကြရသည်။ တိမ်းမူး မှောက်မှားတတ်လာ ကြသည်။ အိမ်ကလေး တစ်လုံးထဲမှာ မကြာခဏ ချိန်းတွေ့ဖြစ်ကြသည်။

"သမီးလေး လိုချင်တယ် မစုရယ်၊ သမီးလေး အရွယ်ရောက်ရင် ကြည်အေး ကဗျာ တွေ ပေးဖတ်ရမယ်၊ ခုကတည်းက ကြည်အေးကဗျာတွေကို မဂ္ဂဇင်းအဟောင်းတွေထဲက ဖြတ်စုထားရမယ်၊ ကြည်အေးအပေါ် လူတစ်ယောက် နှစ်ယောက်က မလိုမလား စကားတွေ ပြောတတ်ကြပေမယ့် ကိုယ်တို့လူငယ်တွေအများကြီးက သူ့အနုပညာကို ချစ်ခင်လေးစားကြ တယ်"

ရဲထွဋ်က ပြောမိတတ်သည်။

"သမီးလေး တစ်ယောက်တည်း တော်ပြီလား ကိုရယ်၊ သားလေးကော…၊ ဒဂုန် တာရာရဲ့ကဗျာတွေ ချစ်မယ့် သားကလေးကော…"

ချစ်သူက ပြုံးမြအပြုံးဖြင့် ပြန်မေးတတ်၏။ ထိုအခါ ရဲထွဋ်က ချစ်သူ၏ လည်တိုင် ဖွေးဖွေးကို နမ်းမွှေးမိသွားသည်ချည်း ဖြစ်၏။ ရဲထွဋ်သည် ချစ်သူ၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။ ချစ်သူသည် ခင်သန်းနုနှင့် တူသလိုလိုပင်။ ချစ်သူသည် ခင်သန်းနုကို အလွန် ကြိုက်ခဲ့စဉ် ရဲထွဋ်ကလည်း ခင်သန်းနုကားတွေကို လိုက်ကြည့်ခဲ့ဖူး၏။ ပိတ်ကားပေါ်ရှိ ခင်သန်းနုကို ကြည့်ရင်း ချစ်သူကို မြင်နေမိတတ်သည်။ ခင်သန်းနု အရွယ်ရ ဝဖြိုးလာချိန် တွင် ချစ်သူသည် ခင်သီတာထွန်းကို ကြိုက်သည်ဟု ရဲထွဋ်ကို ပြောပြ၏။ ရဲထွဋ်သည် ခင်သီတာထွန်း ပါသည့် ကားတွေကို လိုက်ကြည့်တတ်ပြန်သည်။ ချစ်သူ မစု၊ ခင်သန်းနု။ ခင်သီတာထွန်း။ တွေ့ဆုံခဲ့ ကြရာ အိမ်ကလေး။ မြို့ကလေး၏ ပွဲတော်ညများ။ ရဲထွဋ်သည် အားလုံးကို သတိရနေမိတော့သည်။

မင်းကသာ ပစ်မသွားခဲ့ရင်…။

ဟုတ်သလား။ ပစ်သွားခဲ့သည်ဟု ပြောမည်လား။ ပစ်သွားသည်ဟု မစုကို စွပ်စွဲ၍ ရမည်လား။ သေချာစဉ်းစားကြည့်သည်။ သေချာစဉ်းစားကြည့်သောအခါ…။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်သူက ပစ်ခွာသွားခဲ့သည် မဟုတ်။

ချစ်သူက ရက်စက်စွာ ဆုံးဖြတ်သွားခဲ့သည် မဟုတ်။ ချစ်သူသည် သူတို့တစ်တွေ၏ ဖွတ်ဖန်တီးမှုကို ခံယူခဲ့ရခြင်းမျှသာ ဖြစ်၏။ မိန်းမသားဖြစ်သူ မစု အားနည်းတွေဝေချိန် မစုသည် လက်နက်ချ အညံ့ခံလိုက်ရခြင်း ဖြစ်၏။

"တစ်ဖက်က စေ့စပ်ဖို့ ကမ်းလှမ်းနေတဲ့ အချိန်အထိ ကို ချိန်းတဲ့နေရာတိုင်းမှာ မစု လာတွေ့နေတာပဲ၊ ဟိုဘက်ကို လက်မထပ်ဖြစ်မိအောင်လည်း မစု တဖြည်းဖြည်း အချိန်ဆွဲထားပါ့မယ်"

ချစ်သူ လက်ထပ်မသွားမီ တစ်လအလို။ ရဲထွဋ်မိတ်ဆွေတစ်ဦး၏ အိမ်ကလေးထဲမှာ ချစ်သူ ပြောခဲ့သော စကား။

တကယ်တမ်းတွင် ချစ်သူသည် အချိန်မဆွဲတော့။ သူတို့တစ်တွေသည် ချစ်သူကို မိုင်ပေါင်းငါးရာခန့် ဝေးကွာသော မြို့ကြီးတစ်မြို့သို့ ခေါ်ဆောင်သွားကြသည်။ ထိုမြို့ကြီးက ပြန်ရောက်လာတော့ ချစ်သူကို ရုတ်ခြည်း လက်ထပ်ပေးလိုက်ကြသည်။ ရဲထွဋ် သိခွင့် မရလိုက်။ မြို့ကလေးထဲက လူများလည်း မသိလိုက်ကြ။ တိုက်ထဲမှာပင် ကျိတ်ပြီး လက်ထပ်ပေးလိုက်ကြသည်။ နောက်မှ ဟိုတယ်ခန်းမ၌ ဧည့်ခံပွဲ ကျင်းပ၏။

ချစ်သူ မြို့ကြီးမှ ပြန်လာချိန်၌ ချစ်သူ၏ ဗီရိုထဲ ရဲထွဋ်ပေးထားသော လက်ဆောင်ပစ္စည်းများ မရှိတော့ပြီ။ သူတို့တစ်တွေလည်း ရဲထွဋ်နှင့်ပတ်သက်သည့် အရာအားလုံးကို ဖျောက်ဖျက်ပြီးနှင့် ပြီ။ ရဲထွဋ် ပုဂံက ပြန်စဉ်က ချစ်သူအတွက် အမှတ်တရ ဝယ်လာသော ယွန်းထည်ကွမ်းအစ်လေး။ ချစ်သူအတွက် မွေးနေ့လက်ဆောင် ကျောက်ဖြူသား ဆင်ရုပ်ကလေး။ အားလုံး ကုန်ပြီ။ ဘယ်ဆီမှာ ဖျောက်ဖျက်ပစ်လိုက်ကြသနည်း။ လက်ဆောင်ပစ္စည်းတွေထဲမှာ အသည်းနှလုံး၏ အစိတ်အပိုင်းတွေ ကိန်းအောင်းနေသည်ကို သူတို့ မသိကြဘူးလား။ ကချင်လွယ်အိတ်အနီလေး ကျန်ရစ်ခဲ့သည်ကို နောင်လေးနှစ်ကြာမှ သိရ၏။ ချစ်သူသည် နောက်ဆုံး စာသင်နှစ် ထိုလွယ်အိတ် အနီလေးကို နေ့စဉ် လွယ်ခဲ့၏။ လွယ်အိတ်ကလေးတွင် အမှတ်တရစာတန်း မထိုး၍လား။ ထို့ကြောင့်သာ ဖျောက်ဖျက်သည့် စာရင်းမှ ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ 'ရဲထွဋ်မှ ချစ်သူသို့ အမှတ်တရ' ဟူသော စာတန်းပါသည့် လက်ဆောင်မှန်သမျှကို သူတို့ ဖျောက်ဖျက်ပစ်ကြသည်။

ချစ်သူ၏ အသည်းနှလုံးထဲမှာ၊ ချစ်သူ၏ ရာဇဝင်ထဲမှာ ရဲထွဋ် ကျန်ရှိမနေရစ်အောင်ကော သူတို့ မည်ပုံ ဖျက်ဆီးကြမည်နည်း။

(၄)

တူရူမှ ခုံဖိနပ်သံလေးတွေ ရဲထွဋ်ရှိရာသို့ စုပြုံဝေ့လာနေကြသည်။ အသက် ဆယ်နှစ် ကျော်စ ကလေးမလေးတွေ။ အဝတ်လေးတွေက ခပ်နွမ်းနွမ်း။ ထောင်ကျော်တန် ပိုးအချိတ်လုံချည်

mgyoe.com

mgyoe.com SAMPLE BOOK

ရက်ရာမှ ညစာစားရန်အလို့ငှာ အိမ်သို့ပြန်လာကြခြင်း ဖြစ်သည်။ ထမင်းစားပြီးလျှင် ရက်ကန်းရုံသို့ သူတို့ သွားကြရပေဦးမည်။ ကလေးတွေ အသက်အားဖြင့် အတော် ငယ်သေးတာပဲနော်။ ငွေကို အလုပ်နှင့် ဖလှယ်နေတတ်ကြပြီ။ ခါးသီးမှု ဆိုသည့် ဝေါဟာရကို သူတို့လေးတွေ နားရည်ဝအောင်ပင် ကြားဖူးကြဦးမည် မဟုတ်။ ဘဝလေးတွေက ဦးစွာ ခါးသီးနေပြီလား။

ကလေးများနှင့် ရဲထွဋ်သည် မျက်နှာချင်းဆိုင် ဆုံစည်းလာကြ၏။ ကလေးတို့၏ စကားသံတွေက စည်စည်ဝေဝေ။ သူတို့မှာ အနေဆင်းရဲသည်။ သို့သော် ဘဝကို ရဲထွဋ်လို စဉ်းစားဆင်ခြင်နေကြမည် မဟုတ်။ ဘဝအပေါ် မစဉ်းစားဘဲ နေခြင်းသည် စိတ်ဆင်းရဲမှု ကင်းလေစွ။ ကိုယ့်ဘဝအကြောင်း ကိုယ် စဉ်းစားလေလေ ကိုယ်ပဲ စိတ်ဆင်းရဲလေလေ ဖြစ်မည်။ သို့သော် ရဲထွဋ်ကား ဘဝကို စဉ်းစားချင်သူ။ ကလေးများသည် ရဲထွဋ်ကို လွန်မြောက်သွားကြပြီ။ ရဲထွဋ် ဘယ်အရပ်သို့ လျှောက်မည်နည်း။ ပျော်ရွှင်မှုများရှိရာ အရပ်ဒေသသို့ ရဲထွဋ် သွားလို၏။

"အမေတို့ ငယ်တုန်းက သိပ်ပျော်တာပဲ သားရယ်"

ဟူသော အမေ့ စကားသံကို ရုံဖန် ပြန်လည် ကြားယောင်မိတတ်သည်။ အမေ့စားပွဲတင် နာရီလေးကား ဟောင်းနေပြီ။ သား၏ လက်ပတ်နာရီသည် 'အယ်လ်ဘာ' တံဆိပ်ခဲနာရီ အသစ်။ ဘယ်တူပါ့မလဲ။ ပျော်ရွှင်မှု။ ထိုဝေါဟာရသည် ကမ္ဘာပေါ်မှာအစဉ်တည်ရှိပါသလား။ ဤမြို့လေး အတွင်းမှာကော ရှိသလား။ အမေ ပျော်ရွှင်ခဲ့ဖူးသော မြို့ကလေးအတွင်းမှာ ရဲထွဋ်သည် ဘာကြောင့် မပျော်ရွှင်နိုင်ရသလဲ။ ဤမြို့ကလေးအတွင်းမှာ ရဲထွဋ် ဘယ်နှကြိမ် ဘယ်နှခါ ပျော်ရွှင်ဖူးပါသလဲ။ အနီးကပ်ဆုံးပျော်ရွှင်မှုကို ပြန်လည် ခေါ်ယူ ကြည့်မိ၏။

မြို့ကလေး၏ တစ်ခုသော ကထိန်ပွဲတော်ည။ 'ကောင်းကင်ငှက်များ' တီးဝိုင်း။ ရဲထွဋ်သည် ထိုကထိန်ည၏ တီးဝိုင်းကလေးသို့ ရောက်ရှိသွားခဲ့ဖူး၏။ ပျော်ရွှင်မှုဆိုသည်မှာ မူးလို့မှုပင် ရှုစရာမရှိအောင် ဖြစ်နေသော ရဲထွဋ်။ ထိုညက ပျော်ရွှင်မှုကို အမှန်တကယ် ခံစားခဲ့ရ၏။ အမှတ်ရသည်။ မျက်နှာအမူအရာ မှင်ကောင်းသော ဘေ့စ်ဂစ်တာ တီးသူ၏ ဂစ်တာတီးဟန်ကို ကြိုက်၏။ အမျိုးသမီး အဆိုတော်တစ်ဦး၏ သီချင်းဆိုသံကို နှစ်သက်လှ၏။ ကောင်းကင်ငှက်များ တီးဝိုင်းတစ်ဖွဲ့လုံး၏ စည်းလုံး ညီညွတ်မှု၊ ပျော်ရွှင် တက်ကြွမှုတို့သည် ဂစ်တာသံ၊ ဒရမ်သံ၊ အော်ဂင်သံ၊ သီချင်းသံတွေနှင့်အတူ ရဲထွဋ် ရင်ထဲသို့ ဖြတ်သန်းစီးဆင်းလာနေ၏။ ထိုညက တီးဝိုင်းတစ်ဖွဲ့လုံးလည်း ပျော်နေကြသည်။ ရဲထွဋ်အပါအဝင် ပွဲကြည့်ပရိသတ်အားလုံးလည်း ပျော်နေကြသည်။

ရင်ထဲမှာ ဂစ်တာသံ၊ ဒရမ်သံ၊ အော်ဂင်သံ၊ သီချင်းသံ၊ ပျော်ရွှင်မှုအသံ၊ လူငယ်တွေအသံ၊ လူငယ်တွေအားလုံး သန့်ရှင်းစွာ ပျော်ရွှင်ကြပါစေ။ အပြစ်ကင်းစွာ ပျော်ရွှင်ကြပါစေ။ ခိုက်ရန်ဒေါသကင်းသော၊ ငြိမ်းချမ်းသော ပျော်ရွှင်ခြင်းတို့ဖြင့် ပျော်ရွှင်ကြပါစေ။

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုညကုန်လွန်သွားပြီးနောက်ညတွေမှာလည်းကောင်းကင်ငှက်များတီးဝိုင်းရှိသည့် နေရာဒေသတွေသို့ ရဲထွဋ်လိုက်ကြည့်သည်။ ပျော်ရွှင်မှုကို ထပ်မံအလိုရှိလို့ပါ။ ကောင်းကင် ငှက်များ တီးဝိုင်းသည် ရဲထွဋ်တို့ မြို့ကလေးထံသို့ တစ်နှစ်မှ တစ်ခေါက်သာ အနိုင်နိုင် ရောက်လာတတ်၏။ ထို့ကြောင့် ရှစ်မိုင်ခန့်ဝေးသော၊ ပို၍မြို့ပြဆန်သော မြို့တစ်မြို့ကိုတီးဝိုင်း အနံ့ခံ၍ လိုက်ကြည့်သည်။ အသွားတွင် ရထားနှင့်လိုက်သွား၏။ ပြန်ချိန်သည် သန်းခေါင်ကျော် ပြီ။ ခြေကျင်လျှောက်ကာ ပြန်ရ၏။ သို့သော် ကထိန်ညတုန်းက ပျော်ရွှင်မှုမျိုးကို ကောင်းကင် ငှက်များ တီးဝိုင်းထံမှ နောက်တစ်ကြိမ် ထပ်မံ မရရှိတော့။ အဲဒါ ဘာကြောင့်မှန်း မသိ။

"မင်းကဗျာလေးတွေက ပျော်ရွှင်မှု နည်းတယ်၊ နာကျင်မှု ကဲနေတယ်"

ဟု အစ်ကိုအရွယ် မိတ်ဆွေတစ်ယောက်က ဝေဖန်ဖူးသည်။ နာကျင်မှုက ရင်ထဲ မှာအခံ ရှိနေပြီလေ။ ကဗျာထဲ၌ နာကျင်ခြင်းတွေ အလိုလို ပါဝင်သွားတတ်၏။ ခွင့်လွှတ်ပါ။ အသက်သုံးဆယ်ကျော် လူတစ်ယောက်၏ ရင်ထဲ၌ နာကျင်မှုတွေ ရှိနေသည်။

အချစ်အတွက် သက်သက်မဟုတ်သော နာကျင်မှု။ အချစ်သည် အရာအားလုံး ထဲမှ အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ အချစ်လည်း နာ။ အားလုံး နာ။ အတ္တဆီမှာ ဒဏ်ရာ ဖြင့် နာကျင်နေသူသည် ရဲထွဋ် ဖြစ်နေရ၏။ ရဲထွဋ်သည် နာကျင်လျက်ပင် လမ်းလျှောက်နေ ရ၏။ သီချင်း။ သီချင်းကိုသတိရသည်။ သီချင်း ဆိုချင်သည်။ ခါးသီးမှုတွေထဲမှ အင်အားအသစ် ဖြစ်ထွန်းလာစေသော သီချင်းမျိုးကို ဆိုချင်သည်။ ခရစ္စတိုဖာခရော့စ်၏ Ride Like the Wind အမည်ရှိ သီချင်းလေးကို သတိရ၏။ ခက်တာက ထိုသီချင်း၏ စာသားတွေကို ရဲထွဋ် အလွတ်မရ။ နောက်ဆို ကျက်ထားရမည်။ နောက် တစ်ပုဒ်။ ဟုတ်ပြီ။ 'လမ်းဆက်လျှောက် မယ်'။ 'တံခါးများ' အဖွဲ့၏ 'ဝိညာဉ်မီးဖို' သီချင်းသံစဉ်လေးအတိုင်း မြန်မာစာသား သွင်း ထားသည့် 'လမ်း ဆက်လျှောက်မယ်' သီချင်း။ ရဲထွဋ် အလွန်ကြိုက်၏။ ခါးသီးမှုတွေကို သတိရစွာဖြင့် လမ်းမအနက်ပေါ် ရောက်တိုင်း ထိုသီချင်းကို စိတ်ထဲက ဆိုတတ်၏။

အခုည။ စိတ်ဓာတ် ပေါက်ကွဲည။ ရင်ထဲမှ သွေးများက လှိုက်လှဲဆူဝေစွာဖြင့် သီချင်းဆိုနေသည်။

'ငါ့ကို မုန်းတာ ဘယ်သူတွေလဲ သီချင်စမ်း၊ သွေးတွေ ဆူပြီ သိကြလား၊ မိုးတိမ်နံရံ ဆုတ်ဖြဲပစ်ပြီး မြန်မြန်ဆန်ဆန် ပြေးမယ်... အဝေး...'

## (၅)

ညကောင်းကင်သည် မှောင်၏။ ခြေထောက်တွေအောက်က မြေကြီးသည် ညည်းတွားနေ သလား။ ကိစ္စမရှိ။ ဘာမျှ ကိစ္စမရှိ။ ဈေးတိုးမြင့်လာမည့် စာမူခတွေ စုဆောင်းပြီး ဟွန်ဒါ

mgyoe.com

mgyoe.com SAMPLE BOOK
စီအိကျ်စ် ၄၀၀ တစ်စီး ဝယ်စီးလို့ဖြစ်သည်။ မောင့်လပြည့်ဝန်းလို သီချင်းမျိုး ရေးသားခဲ့သူသည် အနည်းဆုံး သိန်းကျော်တန်တိုက်တစ်လုံး ပိုင်ဆိုင်နေသင့်၏။ ရဲထွဋ်ကား လမ်းပေါ်၌ လမ်းလျှောက်နေဆဲ။ ဝန်းကျင် လူသံဆိတ်၏။ သည်လိုညမျိုးမှာ ခံစားမှုနှင့်အတူ နေလိုသည်။ သို့သော် သည်လိုချည်း လမ်းပေါ်မှာ လမ်းလျှောက်နေ၍လည်း မဖြစ်။ တစ်နာရီ၊ နှစ်နာရီ ခိုလှုံ၍ ရသော နေရာတစ်နေရာသို့ သွားချင်သည်။ သွားရမည်။ သည်မြို့လေးထဲမှာ နားခိုရာဆိုလို့ အိမ်ကလွဲလျှင် လက်ဖက်ရည်ဆိုင်ပဲ ရှိ၏။ ဟိုတုန်းက ညစဉ် ထိုင်နေကျ 'တီထွင်သူသုံးဦး ကဖေးဆိုင်' လေးကို ရုတ်တရက် သတိရလိုက်မိ၏။

တစ်ချိန်တုန်းက ထိုကဖေးဆိုင်လေးတွင် ညစဉ် ထိုင်သည်။ ဆိုင်အပေါက်ဝက ခုံလေးတစ်ခုံပေါ်မှာ အမြဲသစ္စာရှိစွာ ထိုင်သည်။ တစ်စုံတစ်ယောက်၊ သို့မဟုတ် တစ်စုံတစ်ခု အပေါ်မှာ သစ္စာရှိနေခြင်းကို ရဲထွဋ် လိုလား ကျေနပ်၏။ ကဖေးဆိုင်ပိုင်ရှင်၏ သားအငယ်သည် အလွမ်းသီချင်းတွေကို ညစဉ် ဖွင့်တတ်သော အလေ့ ရှိသည်။

ရဲထွဋ်သည် ထိုသီချင်းတွေကို နားထောင်လျက် နေရာတစ်နေရာဆီသို့ လွမ်းဆွတ်နေတတ်သည်။ ညရှစ်နာရီခွဲကျော်လျှင် ချစ်သူသည် တာဝန်ချိန်မှ ပြန်လာတတ်သည်။ ရဲထွဋ်သည် ကဖေးဆိုင်လေး၏ ထိုင်နေကျ ထိုင်ခုံလေးမှာ ထိုင်လျက် ချစ်သူကို လွမ်းမောစွာ စောင့်ကြိုရ၏။ ချစ်သူက ကိုယ်ပိုင်ကားနှင့် ပြန်သည်။ ရဲထွဋ်သည် ကဖေးဆိုင် ထိုင်ခုံလေးပေါ်ကနေ ဟိုအဝေးက ကားမီးရောင်တွေကို ကြည့်ရသည်။ ရင် အလွန်ခုန်၏။ ညအမှောင်ထဲမှာ ဟိုအဝေးကြီးမှ ကားတွေ များစွာ လာနေပါစေ။ ကားမီးရောင်မြင်ရုံနှင့် မည်သည့်ကားသည် ချစ်သူကားဖြစ်ကြောင်း ရဲထွဋ် ချက်ချင်း သိ၏။ ချစ်သူကား၏ ဝါသော ရှေ့မီးရောင်ကို ရဲထွဋ် လုံးဝမှတ်မိ၏။ အို… ကားမီးရောင် မြင်ရုံနှင့်ပင် ရင်တွေ ခုန်နေတတ်သည်။ ချစ်သူ ပြန်လာပြီ။ ကောင်ဆယ်လ်ကား အပြာသည် ကဖေးဆိုင်လေး အနီးသို့ ရောက်လာပြီ။ ချစ်သူ ဘေးရန်ကင်းခဲ့ပါတယ်နော်။ ဟိုမှာ ဘာမှ မဖြစ်ပျက်ခဲ့ပါဘူးနော်။ ကိုယ်ဟာ မစုကို စိုးရိမ်ကြောင့်ကြစွာ ချစ်ရသူပါ။ ကိုယ့်ဘဝအနေအထားက…။

ချစ်သူသည် ကား၏ လက်ယာဘက်တံခါးနားမှာ ကပ်လျက် အစဉ်ထိုင်သည်။ ချစ်သူ စီးလာသည့် ကား၏ လက်ယာဘက်မှာ ကဖေးဆိုင်လေး ရှိသည်။ ဆိုင်အပေါက်ဝက စားပွဲမှာ ရဲထွဋ်။

ချစ်သူသည် ရဲထွဋ် သိသာရုံမျှ လှည့်ကြည့်သွား၏။ လူတွေ သတိ မထားမိလိုက်နိုင်သော အပြုံးမြမြဖြင့် ရဲထွဋ်ကို လှစ်ခနဲ ပြုံးပြသွား၏။ ကောင်းသောညပါ ချစ်သူရယ်။

ကားကလေးသည် တဖြည်းဖြည်း ဝေးကွာ၍ သွားပြီ။ ရဲထွဋ်သည် ရင်ခုန်လှိုက်မောလျက် ကဖေးဆိုင်၏ ကုလားထိုင်လေးအပေါ်မှာ ကျန်ရစ်ခဲ့သည်။ ဘဝအလွမ်းဆန်သော သီချင်းတွေက ဆိုင်ကလေး၏အပြင်ဘက်သို့တိုင် ပျံသန်းနေသည်။ တစ်ချိန်တုန်းကမူ ဤဝေဒနာသည် ညစဉ် ညစဉ်…။
mgyoe.com

mgyoe.com
SAMPLE BOOK

## (၆)

ထိုတီထွင်သူသုံးဦး ကဖေးဆိုင်လေးသည် လမ်းမကြီးပေါ်၌ တည်ရှိ၏။ သည်အတိုင်း တည့်တည့်လျှောက်သွားလျှင် ကဖေးဆိုင်လေးကို ရဲထွဋ် ရောက်သွားပေလိမ့်မည်။ သို့သော် ဆိုင်သို့ မရောက်မီ ချစ်သူ၏ အိမ်ရှေ့သို့ ဖြတ်သန်းရဦးမည်။ ချစ်သူ၏ အိမ်ကလည်း ထိုလမ်းမကြီးပေါ်မှာပင်။ ချစ်သူဟု ပြောရသော်လည်း ချစ်သူက လင်နှင့် သားနှင့် ဖြစ်နေပါပြီ။ မည်သို့ပင်ဖြစ်စေ၊ ချစ်သူသည် ချစ်သူသာလျှင် ဖြစ်ပါ၏။ အဲဒီချစ်သူ၏ အိမ်ရှေ့ကို ယခုလို အလင်းရောင်တွေထဲမှာ ရဲထွဋ် မဖြတ်သန်းလိုပါ။ လူခြေတိတ်သော ညအမှောင်ရိပ် စိုးမိုးမှသာလျှင် ချစ်သူ၏ အိမ်ရှေ့၌ ချစ်သူ၏ အငွေ့အသက်တွေကို ခံစားရင်း ရင်ခုန်စွာ လမ်းလျှောက်ပြန်ချင်သည်။

ထို့ကြောင့် ရဲထွဋ်သည် ကဖေးဆိုင်လေးသို့ လမ်းမကြီးအတိုင်း မသွား။ မြို့တွင်း လမ်းတစ်လမ်းမှသာ ကွေ့ကာဝိုက်ကာ သွားနေသည်။ ထိုလမ်းသည် အတော်လေး မှောင်၏။ ကောင်း၏။ မှောင်ခြင်းသည် စိတ်ကူးကို ထက်သန်အားကောင်းစေ၏။ အသိအကျွမ်းတို့အား နှုတ်ခွန်းတုံ့ပြန်ရခြင်းမှ ကင်းဝေးစေ၏။ ချစ်သူနှင့် တခြားလူ အတူရှိနေမှုကို မျက်ဝါးထင်ထင် တွေ့မြင်ရခြင်းမှ လွတ်ငြိမ်းစေ၏။

## (၇)

ရဲထွဋ်သည် ကဖေးဆိုင်လေးရှိရာအရပ်သို့ မှောင်ရိပ်ကို ဖြတ်သန်းလျက် လမ်းလျှောက်လျက် ရှိပါ၏။ ဟော... ဟိုအလင်းရောင်များသည့် အခြားတစ်နေရာ၌မူ ခမ်းနားလုံခြုံသော တိုက်တစ်လုံး။ သံတံခါး၊ သစ်သားတံခါး အထပ်ထပ်။ အတွင်းမှ သော့ခတ်ထားပေလိမ့်မည်။ ထိုတိုက်အတွင်းထဲမှာ ကျွန်းသားအိပ်ခန်းတစ်ခန်း။ အလွန် ကောင်းမွန်ပေလိမ့်မည်။ ထိုအိပ်ခန်းထဲမှာကား ...။ ချစ်သူနှင့် သူမ၏ ...။

## (၈)

ငြိမ်းချမ်းနှစ်ခြိုက်စွာ အိပ်ပျော်နိုင်သော အချိန်ကာလသည် ချစ်သူထံသို့ ရောက်ရှိပါစေ။ ။

*ရှုမဝ ရုပ်စုံမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၈၅ ခုနှစ်။*

mgyoe.com

mgyoe.com SAMPLE BOOK

# ဘ၀အမောနှင့် ကျောက်စက်ရေ

တစ်သားတည်း ဖြစ်လုမတတ် ရစ်လိမ်တွယ်ပတ်နေကြသော ဝါယာကြိုးလေး နှစ်ပင်။ အမှတ်မဲ့ မော့ကြည့်လိုက်မည် ဆိုပါက နှစ်ပင်ပူး ဝါ၊ာကြိုးကလေးသည် တစ်ပင်တည်းသော ဝါယာကြိုးကလေးနှင့် တူနေ၏။ ထို့ကြောင့် ဝါယာကြိုးလေးဟုပင် လွယ်လွယ် ခေါ်လိုက်ကြပါစို့။

ဝါယာကြိုးကလေးသည် အမိုးမျက်နှာကြက်ဆီမှ အောက်ဘက် လေဟာနယ်ထဲသို့ ရှည်လျားစွာ တွဲလောင်းခိုဆင်းနေ၏။ ဝါယာကြိုး၏ ထိပ်ဖျားမှာ မီးသီးခေါင်း။ မီးသီးခေါင်းသည် ၆၀ ဝပ် မီးသီးတစ်လုံး၏ လျှပ်စစ်ဓာတ် ကူးစက်နိုင်သော အောက်ခြေကြေးဝါပိုင်းကို ငုံခဲထားသည်။ မီးခလုတ်ကို နှိပ်လိုက်လျှင် နန်းကြိုးမျှင်လေးတွေထဲသို့ လျှပ်စစ်ဓာတ် စီးဆင်းလာမည်။ ဖိုဓာတ်နှင့် မဓာတ်သည် ထိခတ်လျက် တုန်ခါ ပြိုးပြက်သွားမည်။ အဲဒီမှာပင်လျှင် လျှပ်စစ်၏အလင်းရောင် ဆိုတာကို ကျွန်တော်တို့ တွေ့မြင်ကြရမည်။ သင်သည် သောမတ်အက်ဒီဆင်ကို ကျေးဇူးစကား ဆိုမလား။ ရသည်။ သို့သော်မည်သူကမျှ မီးခလုတ်ကို ဖွင့်မထား။ ထို့ကြောင့် ဝါယာကြိုးအတွင်းသားထဲ၌ လျှပ်စစ်ဓာတ် စီးဆင်း၍ မနေ။ ၆၀ ဝပ် မီးလုံးသည် အလင်း၏တန်ခိုးကို ပြသခွင့် မရှိ။ သဘာဝအတိုင်းပင် အပြင်ဘက်က နေ့အလင်းရောင်သည် တိုက်အဆောက်အအုံအတွင်းသို့

mgyoe.com

mgyoe.com SAMPLE BOOK

လုံလောက်စွာ ဝင်ရောက် နေရာယူထားကြသည်။ ကျွန်တော်သည် မီးသီးလုံးကို မော့ကြည့်နေမိ၏။ မီးသီးလုံးမှတစ်ဆင့် ဝါယာကြိုး။ တောက်လျှောက်ပင် အထက်သို့ တရွေ့ရွေ့မော့ကြည့်သွားမိသည်။ မျက်လုံးအကြည့်သည် အမိုးမျက်နှာကြက်ဆီ၌ ရောက်ရှိရပ်တန့်သွား၏။

ထိုစဉ် ကျွန်တော့်ရှေ့ ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးပေါ်မှ တယ်လီဖုန်းသည် ကလင်ကလင်အသံ မြည်လာ၏။ ကုလားထိုင်မှ ကျွန်တော် ထသည်။ တယ်လီဖုန်း ရှိရာသို့ မသွား။ တိုက်အဆောက်အအုံ၏ အပေါက်ဝသို့ လျှောက်လာခဲ့သည်။ လုံးဝ ဟင်းလင်းပွင့်နေသော သံဆွဲတံခါး။ သံတံခါးရှေ့မှာ ကွန်ကရစ်ခင်းလှေကား။ လေးထစ်လား၊ ငါးထစ်လား မသိ။ ထိုလှေကားမှ ကျွန်တော် ဆင်းသည်။ ချက်ချင်းလိုပင် လူသွားစင်္ကြံလမ်းပေါ်သို့ ကျွန်တော် ရောက်ရှိလာ၏။ တယ်လီဖုန်းကို လူတစ်ယောက်ယောက်က ကောက်ကိုင်ပြီးလောက်ပြီ။

(၁)

လူသွားစင်္ကြံလမ်းအတိုင်း ကျွန်တော် လျှောက်လာသည်။ ဘတ်စ်ကားမှတ်တိုင် တစ်ခု၊ ကားစောင့်နေသော လူအုပ်စု။ ပြီးတော့ ဓာတ်ဆီဆိုင်။ ငယ်ငယ်တုန်းက မော်တော်ကားကို ကြောက်တတ်၏။ ဓာတ်ဆီဆိုင်ကို ကြောက်တတ်၏။ အခု ဓာတ်ဆီထည့် ရော်ဘာပိုက်ကို ခြေထောက်ဖြင့် ကျော်ဖြတ်လာ၏။ ဟိုမှာပိုစတာတွေ ရောင်းသောဆိုင်။ ဘရုခ်ရှီးလ်နံဘေးမှ အိုလီဗီယာနူတန်ဂျွန်သည် ကျွန်တော့်ကို လှိုက်လှိုက်လှဲလှဲ ပြုံးပြနေပါ၏။ ဆံပင်ညှပ်ဆိုင်။ ကျွန်တော် ဆံပင်တွေ မရှည်သေးဘူး။ တေးသံသွင်းဆိုင်။ ကိုနေဝင်း၏ 'ခတ္တာ'ကို ဖွင့်ထားသည်။ ကြွပ်ကြွပ်အိတ်တွေ၊ ဆီးသီးတွေ ရောင်းသော မိန်းမဝဝကြီးက တိုက်ရှေ့တံစက်မြိတ် အရိပ်မှာထိုင်လို့။ ကုန်တိုက်ရှေ့ တစ်လမ်းကျော်မှာ ဈေးသည်တွေ၊ ဈေးဝယ်တွေ။ အသံဗလံတွေ။ ငြင်းခုံနေကြပါသလား။ တစ်ဦးဦးက အလျှော့ပေးလိုက်ပါ။ ပြဿနာ ပြေငြိမ်းသွားလိမ့်မည်။ သို့သော် အလျှော့ပေးလိုက်သူက ငွေသုံးလေးကျပ် နစ်နာသွားနိုင်၏။ ထိုကိစ္စအတွက်မူ ကျွန်တော် တာဝန်မယူနိုင်။

မန္တလေးရောက် ဧည့်သည် ရှမ်းအမျိုးသမီးလေးတွေ ရယ်ကာ ပြုံးကာ လာနေကြသည်။ ကျွန်တော် ပြုံး၍ နှုတ်ဆက်လိုက်ချင်ပါ၏။ ရှမ်းပြည်ကို အလွန်ချစ်တတ်သူ တစ်ဦးပါ။ မီးပွိုင့်အနီး။ ကျွန်တော့်ဝဲဘက် ကတ္တရာလမ်းမပေါ်၌ စီတန်းရပ်တန့်နေသော ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ။ လူအဖြစ်၏ စောင့်ရခြင်းများစွာမှ စောင့်ရခြင်း တစ်ခုဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များက တွေးခေါ်မိပါစ။ ဟော...စိမ်းသွားပြီ။ မောင်းထွက်သွားကြပြီ။ ရှေ့မှာ ဈေးချိုတော် နာရီစင်ကြီး။ နာရီစင်ကြီးမှာ မဟာဆန်သည်။ ၁၁ နာရီထိုးသံ။ မည်သူသည် ဂီတသင်္ကေတဖြင့် လိုက်လံမှတ်သားမည်နည်း။ ၈၄ လမ်းကို ကန့်လန့်ဖြတ်ကူးလိုက်သည်။ တိုက်တန်းပေါ်သို့ ကျွန်တော် ရောက်ရှိလာပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

(၂)

ဖောင်တိန် မပြင်ချင်ဘူး။ ရမ်အရက်လည်း မဝယ်ဘူး။ မီးခြစ်လည်း ဓာတ်ငွေ့ မထည့်ဘူး။ ဖောင်တိန်က ကောင်းနေသေးသည်။ အရက် မသောက်။ ဆေးလိပ် မသောက်။ အရက်နှင့် ဆေးလိပ်ကို ဖြတ်ပစ်ခဲ့သည်မှာ ငါးနှစ်ကျော် ရှိခဲ့ပေါ့။

ရာသီမှာ ဆောင်းနှောင်းစ။ ကောင်မလေးတွေက အမျိုးသားဝတ် ရှပ်လက်တိုလေးတွေ၊ တီရှပ်လေးတွေနှင့် ကော့ကော့ ကော့ကော့ လမ်းသလားနေကြသည်။ ဂါးဝုဒ် ဂျင်းဂျာကင် နက်ပြာလေးနှင့် ကျွန်တော်။ တိုက်တန်းပေါ်တွင် တိုးတိုးဝှေ့ဝှေ့ လမ်းလျှောက်လျက်။ တိုက်တန်းပေါ်တွင်...။ စီတီဇင်နာရီ။ ဂျိုကြူမေးလ်စပို့ရှပ်။ လမ်းလျှောက် ရှူးဖိနပ်။ ရန်ကုန်ချုပ် စတီဗင်ရှပ်။ လူထွားလေး ယောဟန်ဟု တံဆိပ်တပ်ထားသည့် အင်္ကျီ။ ဂဏန်းပေါင်းစက်။ စတီရီယို ကက်ဆက်။ ထင်းရှူးသား ဂစ်တာ။ ဘာမှ မလိုချင်တော့။ ဂျာကင် အင်္ကျီ တစ်ထည် ရှိထားပြီ။ ဂျာကင်အင်္ကျီ အေးအိတ်နှစ်ဖက်ထဲ လက်နှစ်ဖက် ထိုးသွင်းပြီး တိုက်တန်းပေါ်မှာအခုလိုလမ်းလျှောက်နိုင်ပြီ။ကျောင်းဆရာမလေး မသီတာ၏ကျောင်းသို့ သွားရမည်။ ကျောင်းဆရာမလေး မသီတာ၏ ကျောင်းသို့ ကျွန်တော် သွားနေသည်။

(၃)

၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပြီး အလုပ်နားရက်မှအပ ဟောသည် တိုက်တန်းပေါ်မှာ ကျွန်တော် နေ့စဉ်ဖြတ်သန်းဖြစ်သည်။ ပုံမှန်အားဖြင့် နံနက် ၉ နာရီသာသာမှာ တိုက်တန်းကို အသွားလမ်းအဖြစ် အသုံးပြုပြီး ညနေ လေးနာရီခွဲမှာ အပြန်လမ်းအဖြစ် အသုံးပြုသည်။ သို့သော် တစ်ခါတစ်ရံတွင် ကျွန်တော်သည် အိပ်ရာထသည်နှင့် ကျွန်တော့် ကိုယ်ခန္ဓာ၏ အာရုံတံခါးများ ဟင်းလင်းပွင့်နေတတ်သည်။ အရောင်၊ အလင်း၊ အသံ၊ ရုပ်ပုံ၊ စုံလင်ထွေပြားသော ကမ္ဘာလောက၏ အစိတ်အပိုင်းတချို့ကို ဟင်းလင်းပွင့်နေသော အာရုံတံခါးပေါက်များမှတစ်ဆင့် ကိုယ်ခန္ဓာအတွင်းထဲသို့ ဝင်ရောက်စေချင်၏။ ထိုအာဟာရကို ကျွန်တော့်သွေးတွေက အရသာရှိစွာ စားသုံးချင်၏။ ထိုအခါ တိတ်ဆိတ်သော ကျွန်တော်၏ မြို့ကလေးမှ တိတ်ဆိတ်စွာပင် ထွက်ခွာလာခဲ့တတ်ပါသည်။

မိနစ် နှစ်ဆယ်လောက်သာ ကြာသင့်သော ခရီးကို ကျွန်တော် စီးလာသော ဘတ်စ်ကားက တစ်နာရီနီးပါးကြာအောင် မောင်းနှင်နေတတ်၏။ ဘတ်စ်ကားပေါ်မှ ဆင်းသောအခါ တိုက်တန်းပေါ်မှာ ဖြတ်သန်းသည်။ ဆိုင်ခန်းတံခါးတွေက သော့ပိတ်လျက်။ တိုက်တန်း၏ လူသွားလမ်းပေါ်မှာလည်း အသွားအလာ ရှင်းလင်းလျက်။ အဲဒီလို နံနက်ခင်းလေးတစ်ခုမှာ ကျောင်းဆရာမလေး မသီတာနှင့် ကျွန်တော် ဟောဒီတိုက်တန်းပေါ်မှာ စတင် ဆုံစည်းခဲ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မသီတာကို ကျောင်းဆရာမလေးအဖြစ်ဖြင့် တိုက်တန်းပေါ်တွင် ဆုံစည်းရခြင်းသည် ယခုအကြိမ်မှာ ပထမဦးဆုံး ဖြစ်ပါ၏။ အမှန်တော့ မသီတာကို ကျောင်းဆရာမ မဖြစ်မီကပင် ကျွန်တော် သိကျွမ်းပြီး ဖြစ်ပါသည်။ သိကျွမ်းပြီး ဆိုသည်ထက် စိတ်အာရုံမှာ စွဲလမ်းစွာ မှတ်တမ်းတင်ပြီး ဆိုပါက ပို၍ မှန်ကန်ပါမည်။

အစက မသီတာသည် ဌာနတစ်ခုမှာ။ ကျွန်တော့်သူငယ်ချင်း၏ အလုပ်ဖော်။ သူငယ်ချင်းက မိတ်ဆက်ပေး၍ မသီတာနှင့် သိခွင့်ရခဲ့သည်။ မသီတာက အရပ်ရှည်သည်။ ဆံပင်ရှည်သည်။ အရပ်ရှည်သည် ဆိုပေမယ့် အရှည်ကြီးမဟုတ်။ ဒီဘက်ခေတ် ခပ်ငယ်ငယ် တချို့တို့လို အရပ်ပုပု၊ ဆံပင်တိုတို၊ ထဘီတိုတိုပုံစံမျိုး မဟုတ်ခြင်းကို ဆိုလိုပါသည်။

မသီတာ၏ မျက်နှာမှာ ဖြူဝင်းသည်။ ရှင်းလင်း ချောမွေ့သည်။ အာရုံခံစားမှု ထက်ရှမည့် မျက်နှာပိုင်ရှင်။ သို့သော် ခံစားမှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်မည့် မျက်နှာမျိုးလည်း မဟုတ်။ ဘဝကို စနစ်ဇယားဆွဲကာ ထားသိုထိန်းသိမ်းတတ်မည့် မျက်နှာမျိုး။ ဤလောကထဲမှာ ကိုယ်ပိုင်အတွေးအခေါ်နှင့် ရှင်သန်နေထိုင်မည့် မျက်နှာမျိုး။ တစ်ခါ တစ်ခါတော့မသီတာ၏ မျက်နှာသည် ရုပ်ရှင်မင်းသမီး ဖေးဒန်းနဝေ၏ မျက်နှာအသွင်အပြင်နှင့် တူသလို ကျွန်တော့်စိတ်မှာ ခံစားရသည်။ မသီတာ မပြုံးမရယ်နှင့် မျက်နှာတည်တည် နေသည့်အခါမျိုးတွင် အိုကလာ ဟိုးမားခရစ် ရုပ်ရှင်ကားမှ ဖေးဒန်းနဝေကို ကျွန်တော် သတိရမိတတ်သည်။

သို့သော် အများအားဖြင့် မသီတာ၏ မျက်နှာလေးသည် ကြည်လင်ဝင်းပနေတတ်၏။ မြင်ရသူကို ချမ်းမြေ့စေတတ်၏။ ထို့ပြင် ပုရိသတို့၏ ပြစ်မှားတပ်မက်လိုခြင်း စိတ်ဆည်းဆာ မှောင်ရီရီကိုလည်း ဖယ်ခွာ ရှင်းလင်းပစ်တတ်၏။

"သူငယ်ချင်း၊ သူက မသီတာတဲ့၊ စာဖတ် ဝါသနာပါတယ်၊ မသီတာ...သူက ကျွန်တော့် သူငယ်ချင်း ဆိုးဝေလှိုင်၊ တစ်ချိန်မှာ နာမည်ကျော် စာရေးဆရာဖြစ်မယ့် လူတစ်ယောက် ပေါ့ဗျာ"

ကျွန်တော့်သူငယ်ချင်းက အရယ်အသောလေးဖြင့် မသီတာနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့ပါသည်။

"ဟုတ်ကဲ့၊ အခြေအနေပေးရင် နာမည်ကျော် လူကြိုက်များ၊ ပိုက်ဆံရ စာရေးဆရာ တစ်ယောက်ရဲ့ ဘဝအရသာကို မြည်းစမ်းကြည့်ချင်ပါသေးတယ်၊ အဲဒီအခါ မှာ မသီတာတို့ ကြိုက်နှစ်သက်တဲ့ အနုပညာရှင်စာရင်းမှာတော့ ကျွန်တော် ပါဝင်ခွင့်ရမယ် မဟုတ်ပါဘူး"

ကျွန်တော့်ရင်အတွင်းထဲက ရည်ရွယ်ချက်ကို ဖော်ကျူးသည့် စကားလား၊ ဟာသ စကားလား။ ကျွန်တော် မစဉ်းစား မတွေးခေါ်ဘဲ ပါးစပ်ထဲ တွေ့ရာ ပြောလိုက်မိသည်။ လောက၏ မရေရာမှုများစွာအနက်မှ မရေရာသော စကားတချို့ပင် ဖြစ်ပါလိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော့်စကား ဆုံးသောအခါ မသီတာ ပြုံးပါသည်။ ထိုအပြုံး သည် အလွန်လှပသိမ်မွေ့၏။ ထို့ပြင် အရာရာကို သိမြင်နားလည်ပေးနိုင်စွမ်းတွေ စိမ့်ယို

mgyoe.com

mgyoe.com SAMPLE BOOK
ပျော်ဝင်နေသောအပြုံး။ ဟောဒီကမ္ဘာကြီးထဲမှာ ကျွန်တော် ချစ်သောအပြုံး။ အပြုံးလေးကို ချက်ချင်း ချစ်သွားပြီ မသီတာ။

အခု အချိန်လေးအတွင်းမှာပဲ မသီတာရဲ့အပြုံးလေးကို ကျွန်တော် ချစ်သွားပြီ...။

အဲဒါ မသီတာ သိလိုက်ရဲ့လား။

ထိုရက် နောက်ပိုင်းတွင် ကျွန်တော်သည် သူငယ်ချင်း၏ အလုပ်ဌာနသို့ မကြာခဏ ရောက်ဖြစ်သည်။ သူငယ်ချင်းကို တွေ့ချင်လွန်းလှ၍ မဟုတ်။ မသီတာ၏ အပြုံးကို မြင်လို လွန်းလှ၍ ဖြစ်ပါသည်။ ကျွန်တော် နေ့တိုင်း သွားပေမယ့် မသီတာနှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ သိသိသာသာ တိုးတက်၍ မလာခဲ့ပါ။ မသီတာက ဣန္ဒြေကြီးမားသည်။ ပညာတတ် အမျိုးသမီးတစ်ယောက်၏ အနေအထိုင်၊ အမူအကျင့်လည်း အပြည့် ရှိသည်။ ကျွန်တော် စကားရော ဖောရောဖြင့် မသီတာကို ဝင်မပူးရဲ။ အဝင် တစ်ချက်မှားလျှင် အားလုံး မှားသွားနိုင်သည်။ ဖြည်းဖြည်းချင်းပေါ့လေ။ သံယောဇဉ် ဆိုသည်မှာလည်း အစာအာဟာရ ကျွေးပြီး မွေးမြူကြီးထွားစေလို့ ရတာပဲ မဟုတ်လား။ ထိုအယူအဆဖြင့် မသီတာတို့ အလုပ်ဌာနသို့ ကျွန်တော် နေ့တိုင်း သွားသည်။ မသီတာကို ကျွန်တော် နေ့စဉ် တစ်ခါ ပြုံးပြသည်။ မသီတာက ကျွန်တော့်ကို တစ်ခါ ပြန်လည်ပြုံးပြသည်။ ဒီလိုနှင့်ပင် သံယောဇဉ်အမျှင်တန်းလေးတွေ ကျွန်တော်တို့နှစ်ဦးကြား ရက်ရှယ်ရမည်။

သူငယ်ချင်းသည် ဗန်းပြ။ မသီတာက အဓိက။

အလုပ်ခွင်ထဲမှာ ကျွန်တော့်သူငယ်ချင်း မရှိသည့်အခါမှာတော့ ကျွန်တော့် သူငယ်ချင်း ဘယ်လက်ဖက်ရည်ဆိုင် သွားသည်၊ ဘယ်စာအုပ်ဆိုင် သွားသည် စသည်ဖြင့် မသီတာက ညွှန်ပြပေးတတ်၏။

"သူ့သူငယ်ချင်း စာနယ်ဇင်းကို စာအုပ် သွားဝယ်တယ်။ စာအုပ်ဝယ်ပြီးရင် ကိုင်းတန်းဈေးက ငွေမင်း လက်ဖက်ရည်ဆိုင်ကို သွားလိမ့်မယ်၊ သူ့ကို လိုက်လာဖို့ မှာသွားပါတယ်"

မသီတာက ကျွန်တော့်ကို 'သူ' တဲ့။ မသီတာ၏ အသံလေးသည် ကျွန်တော့် အသည်းနှလုံးထဲတွင် ချိုဆိမ့်နေ၏။

မျက်နှာသာလျှင် ကြည်လင်သည် မဟုတ်။ အသံတွေပါ ကြည်လင်လှပနေသည့် မသီတာ။ မသီတာ၏ မျက်နှာ၊ မသီတာ၏ အသံတို့သည် ဘယ်ဆီက စတင်ဖွဲ့စည်းထားခဲ့သည် မသိရသော ကျွန်တော့်ရင်အတွင်းထဲက ဘဝအမောတွေကို တစ်စတစ်စ ဖယ်ရှားပစ်နေသည်ဟု ကျွန်တော် ခံစားရ၏။

နောက်ရက်တွေမှာ ကျွန်တော်သည် သူငယ်ချင်း အပြင်ထွက်တတ်သည့် အချိန်များကို ရွေးချယ်ကာ မသီတာတို့ဌာနသို့ သွားသည်။ မသီတာ၏ အသံလေးကို တစ်ရက် တစ်ခါ ကြားလိုပါသည်။ သို့သော် ထိုကာလလေးသည် တစ်လပင် မပြည့်လိုက်။
mgyoe.com

mgyoe.com SAMPLE BOOK

တစ်ရက်။ မသီတာတို့ ဌာနသို့ သွားသည်။ သူငယ်ချင်းကိုပဲ တွေ့သည်။ မသီတာကို မတွေ့။ မသီတာ ထိုင်နေကျ ကုလားထိုင်လေးသည် သခင်မ မဲ့ကာ လပ်ဟာလျက်။ မသီတာ နေမကောင်းလို့ အလုပ် မလာတာများလား။ ဒါမှမဟုတ် အပြင် ခဏ ထွက်လေသည်လား။ ကျွန်တော့်သူငယ်ချင်း၏ မျက်နှာကို ကြည့်မိသည်။ ကျွန်တော့် မျက်လုံးထဲမှာ မေးခွန်းတွေ ရှိနေ၏။ ဒါကို သူ... ချက်ချင်း သိ၏။

"မသီတာ အလုပ် ပြောင်းရွှေ့သွားပြီကွ၊ ပိုပြီး ဝါသနာပါလို့တဲ့ကွာ၊ ကျောင်းဆရာမ အလုပ် လုပ်သွားပြီ"

'အလုပ်' ဆိုသော စကားကို ထည့်ပြောရ၍လား မသိ။ သူငယ်ချင်း၏ အသံက အလုပ်သဘော ဆန်နေသလိုပင်။ ကျွန်တော့်အဖို့တော့ မသီတာအကြောင်း ပြောရာမှာ 'ခံစားမှု အဖွဲ့အနွဲ့ကလေး' ပါဝင်စေချင်သည်။ အို... ကျွန်တော့်သူငယ်ချင်းက သူ့အိမ်ထောင်၊ သူ့ သားရေး သမီးရေးအတွက်သာ ခံစားချက် ရှိမှာပေါ့လေ။ ကျွန်တော့်အတွက်တော့...။

ကျွန်တော်သည် မသီတာ နေ့စဉ် ထိုင်သွားခဲ့ဖူးသော ကုလားထိုင်လေးကို ငေးမော ကြည့်နေမိသည်။ အဓိပ္ပာယ်မဲ့ ကြည့်တာ မဟုတ်ဘူး မသီတာ။ အဓိပ္ပာယ်ရှိစွာ ကြည့်နေမိတာ။ အဲဒီရဲ့ အဓိပ္ပာယ်က 'အလွမ်း' တဲ့ သိလား။ ကျွန်တော့်ရင်ထဲမှာ မသီတာဟာ အသေအချာ အကျအန နေရာယူသွားခဲ့ပါပြီလား မသီတာရယ်...။

ထိုညက လက်ဖက်ရည်ဆိုင်မှာလက်ဖက်ရည် သွားသောက်စဉ် အယ်လ်ခွန်းရီ၏ သီချင်းတစ်ပုဒ်ကို စွဲလမ်းယစ်မူးစွာ နားထောင်ရပါသည်။ သီချင်းလေး ဆုံးသည့်အခါ ဆိုင်ပိုင်ရှင်ကို တစ်ကျော့ထပ်ပြီး ဖွင့်ခိုင်းမိသည်။

သီချင်းအမည်က 'သံယောဇဉ် ဆရာမလေး' တဲ့။

တိုက်တိုက်ဆိုင်ဆိုင်ပဲ မသီတာရယ်။ ဒီသီချင်းလေးဟာ မသီတာ ဆရာမဖြစ်တဲ့ ရက်ပိုင်းမှာမှ ထွက်ပေါ်လာတာနော်။ အစိမ်းလေး ဝတ်လို့...တဲ့။ ကျွန်တော့်အဖို့ရာတော့ မသီတာကို ပိုလွမ်းစရာ ဝေဒနာပစ္စည်းတစ်ခု တိုးရတာပါပဲ။

မသီတာ ဆရာမ ဖြစ်သွားသည်ကို ကျွန်တော် သိရသော်လည်း ဘယ်ကျောင်း၊ ဘယ်နေရာဆိုတာ ကျွန်တော် မသိ။ ကျွန်တော့်သူငယ်ချင်းလည်း မသိ။ နောက်ထပ် ရက်သတ္တပတ်အကြာမှာ သူငယ်ချင်းအိမ်သို့ တစ်ည သွားအိပ်ဖြစ်၏။ သူငယ်ချင်းတို့ ဇနီးမောင်နှံက မသီတာအကြောင်းများ ပြောကြမလားဆိုပြီး ကျွန်တော် ရင်တခုန်ခုန်နှင့် စောင့်မျှော်ငံ့လင့်ခဲ့ရပါသည်။ သို့သော် ညမိုးချုပ်၍ သူငယ်ချင်းတို့ ဇနီးမောင်နှံသည် အိပ်ရာသို့သာ ဝင်သွားကြသည်။ မသီတာအကြောင်း တစ်ခွန်းတစ်ပါဒမျှပင် မဟလေကြ။ ကျွန်တော်ဟာ 'မသီတာ ရင်ခုန်မှု' နဲ့ ဒီအိမ်ကို တစ်ည လာအိပ်တယ်ဆိုတာ သူတို့ မသိကြဘူးလား။

ကျွန်တော်သည် အပြင်ဘက်ဧည့်ခန်းက ယာယီအိပ်ရာလေးပေါ်တွင် တစ်ယောက်တည်း ထိုင်နေမိသည်။ မသီတာအကြောင်းလေးတွေ တွေးနေမိသည်။ အိပ်မပျော်တော့ဘူး မသီတာရယ်။ ဘယ့်နှယ်လုပ်မလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

(၄)

ဆောင်းရာသီ၏ နံနက်အဦး အစောလေးတစ်ခု။

ကျွန်တော် အိပ်ရာမှ ထလိုက်သည်နှင့် ကျွန်တော့်အာရုံသည် တစ်စုံတစ်ခု၊ သို့မဟုတ် တစ်စုံတစ်ယောက်ကို မွှတ်သိပ်တောင့်တနေကြောင်း ကျွန်တော့်ဘာသာ သတိထားလိုက်မိသည်။ ကျွန်တော် မွှတ်သိပ်နေသော တစ်စုံတစ်ခု၊ သို့မဟုတ် တစ်စုံတစ်ယောက်ကကော ကျွန်တော့်ကို ပြန်ပြီး မွှတ်သိပ်နေမည်လော။ အမြန်အမြန် ကိုယ်လက်သန့်စင်သည်။ ရှပ်အင်္ကျီ ဝတ်သည်။ ချမ်းနေသည်။ နောက်ထပ် အပေါ်အင်္ကျီတစ်ထည် ထပ်ဝတ်မှ ဖြစ်မည်။ အနွေးထည်၊ အနွေးထည်။ ကျွန်တော့်မှာ အနွေးထည် မရှိခဲ့သည်မှာ ဆယ်နှစ်ပင်ကျော်ပါပကော။ တိုက်ပုံအင်္ကျီလေး တစ်ထည်တော့ ရှိသည်။ သို့သော် ဘာကြောင့်ရယ် မသိ။ သည်ရက်ပိုင်းမှာမှ ကျွန်တော့်တိုက်ပုံအင်္ကျီကို ကျွန်တော် မုန်းနေမိ၏။ မဝတ်ချင်။ ရှပ်အင်္ကျီနှင့်ပင် လမ်းမပေါ်သို့ ထွက်လာခဲ့သည်။ လမ်းမပေါ်မှာ လေတဟူးဟူးနှင့်။ နှင်းတွေကလည်း တဖွဲဖွဲကျဆင်းလျက်။ ကျွန်တော် ပိုချမ်းလာသည်။

မန္တလေးသို့ သွားသည့် ဘတ်စ်ကားတစ်စီးပေါ်သို့ ကျွန်တော် တက်လာခဲ့သည်။ ချက်ဗလက် ကားဟောင်းကြီးသည် ထုံးစံအတိုင်းပင်။ ဖြည်းဖြည်းနှေးနှေး ပြေးလိုက်၊ ရပ်လိုက်။ လူတင်လိုက်၊ လူချလိုက်။ ကားပေါ်မှာ ဈေးသည်မိန်းမတွေက အများဆုံး။ သူတို့အားလုံးလိုလိုပင် အိမ်တော်ရာ ဘုရားပရိဝုဏ်ထဲတွင် ရောင်းသော လေဘောအနွေးထည် ကိုယ်စီနှင့်။ လေဘောအင်္ကျီကို ကျွန်တော် လုံးဝမကြိုက်။ မည်သို့ပင်ဖြစ်စေ လက်ရှိ အခြေအနေတွင် ကျွန်တော်သည် အနွေးထည်မဲ့လျက်။ သူတို့ မျက်လုံးအကြည့်တွေက ကျွန်တော့်ကိုယ်ခန္ဓာပေါ် ကျရောက်လာကြပြီ ထင်သည်။ သူတို့ကို ကျွန်တော် မကြည့်ရဲတော့။ ကိုယ်ခန္ဓာမှာ ချမ်းအေးနေသော ခံစားမှုကို ကျွန်တော် မေ့ပျောက်သွား၏။ ကျွန်တော် အနွေးထည်မဲ့လျက် ချမ်းအေးနေကြောင်း သူတို့ သိရှိအကဲခတ်နေကြမှာ၊ ကရုဏာ သက်နေကြမှာကိုသာ ကျွန်တော် မလိုမလား ခံစားနေရပါသည်။ ခင်ဗျားတို့ ကျွန်တော့်ကို မသနားကြနဲ့။ ခင်ဗျားတို့ သနားကြင်နာမှုကို ကျွန်တော် အလိုမရှိဘူး။ ကျွန်တော့်ဘာသာ ကျွန်တော် အနွေးထည် မဲ့တာ ဘာဖြစ်သလဲ။ နေရောင်၊ နေရောင်။ သဘာဝနေရောင်ခြည်ကို ချစ်မြတ်နိုးစွာ လိုချင်သည်။ နေရောင်ခြည် ဘာကြောင့် မကျရောက်သေးသနည်း။

ထိုနံနက် တိုက်တန်းပေါ်ရောက်တော့ တိုက်တန်း၏ ဆိုင်ခန်းတွေ မဖွင့်လှစ်ကြသေး။

ခါတိုင်း နံနက်တွေဆိုလျှင် ကျွန်တော်သည် တိုက်တန်း၏ ဆိုင်ခန်းအပေါက်ဝတွေမှာ ချိတ်ဆွဲပြသထားသည့် အင်္ကျီတွေကို ငေးမောလျက် တိုက်တန်း၏ လူသွားလမ်းပေါ် ဖြတ်သန်းသွားလေ့ရှိ၏။ နှစ်ရာဝန်းကျင်လောက် ငွေကြေးတန်ဖိုးရှိမည့် စပို့ရှပ်လေး တစ်ထည် ဝယ်ဝတ်ဦးမှပဲဟု စိတ်ကူးအိပ်မက်မက်စဉ်။ ယောဒီတိုက်တန်းပေါ်မှာ စပို့ရှပ်တွေကို နေ့စဉ်

mgyoe.com

mgyoe.com
SAMPLE BOOK
ကြည့်လျက် ဖြတ်သန်းခဲ့ဖူးသည်။ သုံးလလောက် ကြာသောအခါ စပို့ရှပ် ဝတ်တာ 'လူရည်သန့်' ဆန်နေပေ့မယ်။ ဂျင်းရှပ်တစ်ထည်ပဲ ဝယ်ဝတ်တော့မယ်။ ဂျင်းရှပ်အိပ်မက်ဖြင့် ဂျင်းရှပ် အပြာလေးတွေကို ကြည့်ကာ တိုက်တန်းပေါ်မှာ ဖြတ်သန်းပြန်သည်။ ပီရျေ ဂျင်းရှပ်လေး။ ပီရျေ ဂျင်းရှပ်လေး။ ပီရျေ ဂျင်းရှပ်လေး။ ပီရျေ ဂျင်းရှပ်လေး။ စိတ်ထဲက တိုးတိုး ဆိုကြည့်ကာ လမ်းလျှောက်သည်။ နောက်ထပ် နှစ်လ၊ သုံးလ ကြာမြင့်သွားသောအခါ ဘာကြောင့်ရယ် မသိ။ ဂျင်းရှပ် လိုချင်စိတ် ကုန်ခန်းသွားပြန်၏။

ယောဒီတိုက်တန်းပေါ်မှာကျွန်တော်တကယ်ဝယ်ဖြစ်ခဲ့သည်ကတော့ဆယ်လူလာစ ဖြင့် ချုပ်ထားသော ပခုံးဒေါက် နှစ်ဖက်ပါ၊ အိတ်ဖုံး နှစ်ဖက်ပါ ရှပ်အင်္ကျီပွပွ တစ်ထည်။ တိုက်တန်း လူသွားလမ်း၏ နောက်အစွန်းနားမှာ ချည်အိပ်ရာခင်းတစ်ထည်အပေါ် စစ်အင်္ကျီတွေနှင့်အတူ တင်ရောင်းနေသော အင်္ကျီ။ ကောက်ကြည့်လိုက်သည်။ ငါးဆယ့်ငါးကျပ်တည်း။ မရနိုင်ဘူး ထင်၍ သုံးဆယ့်ငါးကျပ် ဆစ်ကြည့်လိုက်သည်။ ယူသွား ... ဒါ ဈေးဦးပေါက်တဲ့။ မယူလျှင် ကျိန်းသေ ပြဿနာ ဖြစ်ရတော့မည်။ သို့နှင့်ပင် မရည်ရွယ်ပါဘဲလျက် ဆယ်လူလာ မီးခိုးနုရောင် ရှပ်အင်္ကျီလေးတစ်ထည်ကို ဝယ်ဝတ်ဖြစ်ခဲ့ဖူးပါသည်။

နောက်တစ်မျိုးက ဂျင်းဘောင်းဘီ။ မိတ်ဆွေတစ်ယောက်က တိုက်တန်းပေါ်မှာ အသိရှိလားဟု မေးသည်။ ရှိတယ်လို့ ခပ်တည်တည် ဖြေလိုက်သည်။ အမှန်တော့ သွားရင်း လာရင်း မျက်မှန်းတန်းမိနေသော တိုက်တန်းပေါ်က ဆိုင်ရှင်ပါ။ သူနှင့် မျက်မှန်း တန်းမိနေ သော်လည်း သူ့ဆိုင်မှ ဘာတစ်ခုမျှ မဝယ်ဖူးဘူးချေ။ သည်အတွက် ကျွန်တော်ကပင် အားနာ နေမိပါသည်။ အခု မိတ်ဆွေက အင်္ကျီဝယ်ချင်သည်တဲ့။ ထိုဆိုင်သို့ ခေါ်သွားသည်။ မိတ်ဆွေ က 'လူထွားလေး ယောဟန်' တံဆိပ်ကပ်ထားသည့် အင်္ကျီတွေကို ကိုင်လျက် တစ်ထည်ချင်း အဆင်ရွေးချယ်နေချိန်။ ကျွန်တော်က ဂျင်း ဘောင်းဘီတစ်ထည်ကို အပျင်းပြေ ကောက်စွပ် ကြည့်နေမိသည်။

မိတ်ဆွေက အင်္ကျီဖိုး ငွေချေပြီးသောအခါ ကျွန်တော်က ဂျင်းဘောင်းဘီကို မချွတ်ရသေး။ ဆိုင်ရှင်က ကျွန်တော့်ဘက် မျက်နှာလှည့်လာသည်။

"ဂျင်းဘောင်းဘီကတော့ အံကျဖြစ်နေပြီဗျို့"

ကျွန်တော်က လှမ်းပြောသည်။

"ဟုတ်တယ်၊ အတော်ပဲ၊ တစ်ခါတည်း ဝတ်သွားပေါ့"

ဆိုင်ရှင်က ပြန်ပြောသည်။

"ကျွန်တော့်မှာ ပိုက်ဆံ မရှိသေးပါဘူးဗျာ၊ အလကား ဆတ်ဆော့ပြီး ဝတ်ကြည့် တာပါ"

"အို ...အလကား ဝတ်မနေပါနဲ့၊ တကယ် အတည်ဝတ်သွားပါ၊ နောင် အဆင်ပြေမှ ငွေချေပေါ့၊ တိုက်တန်းပေါ်မှာ နေ့တိုင်း မြင်နေကျလူပဲဗျာ"
mgyoe.com